
7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၃၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် ၊ ဗုဒ္ဓဟူး ၊ (အောက်တိုဘာ ၂၃ ၊ ၂၀၁၃)


ရှမ်းပြည်နယ် အောင်ပန်းရှိ ဂေါ်ဖီစိုက်ခင်းတစ်ခင်းတွင် စိုက်ပျိုးရန်ပြင်ဆင်နေသည့် တောင်သူများအား တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဆေးလိပ်သောက်ခွင့်မရှိသည့် နေရာများ ထုတ်ပြန်ကြေညာ
စာမျက်နှာ ၄ ››

ပျောက်ဆုံးမှုအန္တရာယ် ကြုံတွေ့လာနိုင်တဲ့ နိုင်ငံတော်ရဲ့ သဘာဝအမွေတစ်ခု
စာမျက်နှာ ၁၄ ››

ရှင်သန်နေဆဲလာဘ်လာဘယဉ်ကျေးမှု
အချပ်ပို H ››

ရွာသစ်ကြီးမှ ရွာဟောင်းသို့မျှော်
စာမျက်နှာ ၇ ››

အင်တာဗျူး

## “နောက်ထပ်ဝမ်းနည်းစရာ အဖြစ်မျိုး မဖြစ်ရအောင် တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားပါမယ်”

ကေအင်န်ယူဗဟိုအလုပ်အမှုဆောင် ဖဒိုမန်းငြိမ်းမောင်

စာမျက်နှာ ၂၀ ››



# စိတ်ချစွာစားသုံးနိုင်ပါစေ

**ဝတ်ရည်အောင်၊နိုင်နိုင်စိုး၊ အိမွန်ကျော်**

ရန်ကုန်မြို့အချက်အချာကျသည့် နေရာတွင်ရှိသည့် သန့်ရှင်းသပ်ရပ်သော ဂျပန်စားသောက်ဆိုင် တစ်ဆိုင်ရှေ့တွင် အဖြူရောင်စာရွက်ဖြင့် “ဤဆိုင်တွင် အထူးသီးသန့်စာချုပ် ချုပ်ထားသည့် ကြက်ခြံများမှ ကြက်များ၊ သဘာဝမြေသြဇာဖြင့် စိုက်ထားသည့် အသီးအရွက်များဖြင့် စီမံချက်ပြုတ်ထားသည်”ဆိုသည့် စာတန်းကို ချိတ်ဆွဲထားသည်။

အချပ်ပို I ››

# ပုံးစီးရီးတွေက သံသယများ လျော့ကျသွားသလား

**နိုင်ထွန်း၊ မင်းဟိန်းကျော်**

နိုင်ငံအနှံ့ဖြစ်ပွားခဲ့သည့် ပဋိပက္ခများက အစိုးရနှင့်ပြည်သူအကြား တည်ဆောက်ဆဲ ယုံကြည်မှုတို့ ကျိုးပြတ်ကာ မယုံကြည်မှုသံသယများကို တိုးပွားစေခဲ့သည်။ ယခုရက်ပိုင်းအတွင်း ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကို ကေအင်န်ယူနှင့်ပတ်သက်ကြောင်း အစိုးရက ထုတ်ဖော်ပြောကြားပြီးနောက်တစ်ချိန်က ဗျူဟာများ ပြန်သုံးနေပြီလားဟု အစိုးရအပေါ် သံသယပိုမြင့်မားစေခဲ့သည်။ သို့သော် စွပ်စွဲခံရသည့် ကေအင်န်ယူတာဝန်ရှိသူများက မြန်မာအစိုးရနှင့် လာရောက်စကားပြောခြင်းဖြင့် ထိုသံသယများ လျော့ပါးသွားစေခဲ့သည်။ ထို့ကြောင့် ဗုံးပေါက်ကွဲမှုများမှထိုအမြတ်ရလိုက်သည်ဟု နိုင်ငံရေးသုံးသပ်သူတို့ကဆိုကြသည်။

အချပ်ပို J ››

# ရိက္ခာသင်္ဘောများမလာ၍ ကိုကိုးကျွန်းနေသူများ စားသောက်ရေး အခက်ကြုံ

**သန်းဌေး**
**ရန်ကုန်၊ အောက်တိုဘာ-၂၁**

ကိုကိုးကျွန်းသို့ ရန်ကုန်မှ ပို့ပေးနေကျ ရိက္ခာသင်္ဘောများရောက်မလာသောကြောင့် ကျွန်းသူကျွန်းသားများရိက္ခာအခက်အခဲကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်သို့ ရိက္ခာပို့သည့် သင်္ဘောများ ရောက်မလာသည်မှာ ခြောက်လခန့်ရှိနေသောကြောင့် အစားအသောက် အခက်အခဲများ ဖြေရှင်းပေးနိုင်ရန် ပွင့်လင်းရာသီချိန်မှစတင်ကာတစ်လတစ်ကြိမ်နှုန်းဖြင့် ရေယာဉ်တစ်မျိုးမျိုးက ပြေးဆွဲပေးသင့်ကြောင်း ကိုကိုးကျွန်းမြို့မရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မင်းဟန်ကပြောသည်။

“ကျွန်တော်တို့ဝန်ထမ်းတွေအတွက် ရိက္ခာက ထွေအုပ်ရုံးကတာဝန်ယူပြီး ဆန်ငါးလစာ စုပုံဆိုပြီး ပေးထားလို့ရှိပေမယ့် ကျွန်းသူကျွန်းသားတွေအတွက် ဈေးနှုန်းနှစ်ဆမကဖြစ်နေတယ်။

စာမျက်နှာ ၃ ››



7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# အာဆီယံနိုင်ငံများနှင့် ဗီဇာမလိုဘဲ သီတင်းလေးပတ်ကြာသွားလာခွင့် နှစ်ကုန်တွင်လက်မှတ်ထိုးရန် မြန်မာကမ်းလှမ်း

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၂၁**

အာဆီယံနိုင်ငံငါးနိုင်ငံနှင့် ဗီဇာမလိုဘဲ သီတင်းလေးပတ်ကြာ အပြန်အလှန်သွားလာခွင့်ကိုယခုနှစ်ကုန်ပိုင်းတွင် လက်မှတ်ရေးထိုးနိုင်ရန် မြန်မာအစိုးရက ကမ်းလှမ်းထားကြောင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှသတင်းရရှိသည်။

မြန်မာနိုင်ငံက စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ ထိုင်းနိုင်ငံတို့ထံ ဗီဇာမလိုဘဲ ကင်းလွတ်ခွင့်ဖြင့်အပြန်အလှန်သွားလာနိုင်ရန် ကမ်းလှမ်းထားခြင်းဖြစ်သည်။

မြန်မာသည် ဗီယက်နမ်နိုင်ငံနှင့်လည်း ပြီးခဲ့သည့် စက်တင်ဘာ ၂၇ရက်က ဗီဇာမလိုဘဲ သာ မန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများလေးပတ်ကြာ သွားရောက်ခွင့်ကို လက်မှတ်ရေးထိုးပြီးဖြစ်သည်။

“အခု ကမ်းလှမ်းထားတဲ့နိုင်ငံတွေအားလုံးက သူတို့နိုင်ငံတွင်းက လုပ်ကိုင်စရာအဆင့်ဆင့်တွေကို ဖြတ်သန်းနေပြီဖြစ်ပါတယ်။ အချို့နိုင်ငံတွေကျတော့ သူတို့နိုင်ငံထဲမှာ အစိုးရအဖွဲ့ကိုဖြတ်သန်းရတယ်။ လွှတ်တော်ကိုဖြတ်ရတာရှိတယ်။ ဒါပေမဲ့ မြန်မာအတွက်တော့ ရလဒ်ကောင်းတွေမျှော်လင့်နိုင်ပါတယ်။ သူတို့ဘက်က တုံ့ပြန်မှုတွေကလည်း အားရစရာကောင်းတယ်။ မြန်မာဥက္ကဋ္ဌဖြစ်ချိန်မှာတော့ ဒီနိုင်ငံတွေအားလုံးနဲ့ လက်မှတ်ရေးထိုးနိုင်ဖို့အများကြီးနီးစပ်သွားပါပြီ”ဟုနိုင်ငံခြားရေးဝန်ကြီးဌာနအာဆီယံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းကပြောကြားသည်။



*ရန်ကုန်လေဆိပ်တွင် ဆိုက်ရောက်လာသူများနှင့် ထွက်ခွာမည့်သူများကို မြင်ရစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထိုင်းနိုင်ငံကမူ ဗီဇာမလိုဘဲ နှစ်နိုင်ငံအပြန်အလှန်သွားလာခွင့် အတွက် အဆင်သင့် မဖြစ်သေးဟု ပထမအကြိမ်ကမ်းလှမ်းမှုတွင်အကြောင်းပြန်ထားပြီး မြန်မာအစိုးရကထပ်မံကမ်းလှမ်းထားခြင်းဖြစ်ကြောင်း ဦးအောင်လင်းကပြောကြားသည်။

ဖိလစ်ပိုင်နှင့်လာအိုနိုင်ငံတို့နှင့်လည်း ဗီဇာကြေးကင်းလွတ်ခွင့်ဖြင့် အပြန်အလှန်သွားလာခွင့်ကို ရရှိထားပြီးဖြစ်ပြီး ဖိလစ်ပိုင်နှင့်မူ နှစ်ဖက်အစိုးရအရာရှိများတရားဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းအနေဖြင့် ဖိလစ်ပိုင်က ဗီဇာကြေးကင်းလွတ်ခွင့်ပြုထားကြောင်း ၎င်းကပြောသည်။

“ဗီဇာကြေးကင်းလွတ်ခွင့်ဆိုတာထက် အာဆီယံတစ်နိုင်ငံက ပတ်စ်ပို့ကိုင်ထားတာနဲ့ အခြားကျန်တဲ့အာဆီယံနိုင်ငံ ကိုးခုကိုဝင်ထွက်လို့ရတဲ့ ပတ်စ်ပို့အဖြစ်အသိအမှတ်ပြုထားမျိုးကိုလိုချင်ပါတယ်။ EU (ဥရောပသမဂ္ဂ)ဆိုရင် တစ်နိုင်ငံပတ်စ်ပို့ကိုင်ထားတာနဲ့ရောက်တဲ့ဥရောပနိုင်ငံတိုင်းက ဒီပတ်စ်ပို့ကို အသိအမှတ်ပြုပါတယ်။ ဒါမျိုးက အာဆီယံအသိုက်အဝန်းဖော်ဆောင်မယ့် အာဆီယံရဲ့ ရည်ရွယ်ချက်အရနိုင်ငံအချင်းချင်းပြည်သူတွေပိုပြီးနီးစပ်နိုင်စေတယ်”ဟု နိုင်ငံတကာစာသင်ကျောင်းမှ အင်္ဂလိပ်ဘာသာသင်ကြားသူဆရာတစ်ဦးကပြောကြားသည်။

# Needအဖွဲ့ ပြုပြင်ပြောင်းလဲရေးများ ကူညီရန် UNA နှင့်တွေ့ဆုံ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ- ၂၁**

မြန်မာနိုင်ငံ၏ ဒီမိုကရေ စီနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ထောက်ခံအကူအညီပေးရေးနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုအခြေစိုက်Needအဖွဲ့က ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ UNAနှင့် လာရောက်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်ပြည်ထောင်စုအခြေစိုက်Need အဖွဲ့သည်ကမ္ဘာတစ်ဝန်းပညာရေးနှင့်ဒီမိုကရေစီရေးတို့တိုးတက်ထွန်းကားရန် ထောက်ပံ့ အကူအညီပေးနေသည့်အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် ပညာတော်သင်ဆုများစီစဉ်ချိတ်ဆက်ပေးနေသည့်အဖွဲ့လည်းဖြစ်သည်။

ယခင်ကလည်း Need အဖွဲ့သည် UNA နှင့်လာရောက်တွေ့ဆုံခဲ့ဖူးပြီး ယခုအစိုးရသစ်လက်ထက် အပြောင်းအလဲများဖြစ်ပေါ်ပြီးနောက် ၂နှစ်ခွဲနီးပါးအကြာတွင် ပထမဆုံးအကြိမ်ပြန်လည်တွေ့ဆုံရန် ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း UNA တွင်ပါဝင်သည့် ရခိုင်တိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအေးသာအောင်ကပြောကြားသည်။

“Need အဖွဲ့က ဒီမိုကရေစီစနစ်ထွန်းကားဖို့အတွက် ဘယ်လိုကိစ္စတွေကိုပဲဖြစ်ဖြစ်ထောက်ခံအားပေးမယ်၊ အကူအညီပေးမယ်လို့ အရင်တွေ့ခဲ့တုန်းကပြောခဲ့တာတွေရှိတယ်။ ကျွန်တော်တို့ကလည်း မြန်မာ့ဒီမိုကရေစီရေးမှာ နိုင်ငံရေးမှာ လူငယ်တွေကိုပြုစုပျိုးထောင်ပေးဖို့၊ တိုင်းရင်းသားဒေသတွေမှာ ပညာရေးနဲ့ပတ်သက်ပြီး အကူအညီလိုတဲ့ အကြောင်း ဒါတွေကိုပြောပြထားတယ်။ ဘယ်နေရာတွေမှာ သူတို့အကူအညီပေးမယ်ဆိုတာတော့ အခုထိတိတိကျကျမပြောသေးပါဘူး”ဟု ဦးအေးသာအောင်ကပြောကြားသည်။Need အဖွဲ့သည် UNAတွင်ပါဝင်ထားသောတိုင်းရင်းသားပါတီခြောက်ခုတို့အောက်တိုဘာ ၂၆နှင့် ၂၇ရက်တို့တွင် ရန်ကုန်မြို့၊ ဇမိုင်ရှိရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ တွေ့ဆုံမည်ဖြစ်ကြောင်းသိရသည်။

ယင်းတွေ့ဆုံမှုတွင် ဆွေးနွေးမည့်အကြောင်းအရာအသေးစိတ်ကို တွေ့ဆုံပွဲအပြီး ထုတ်ပြန်မည်ဖြစ်ကြောင်း ဦးအေးသာအောင်ကပြောကြားသည်။



မျက်နှာဖုံးမှ

# ရိက္ခာသင်္ဘောများမလာ၍ ကိုကိုးကျွန်းနေသူများ စားသောက်ရေး အခက်ကြုံ

နောက်တစ်ခုက ဟင်းချက်စရာငါးကလွဲလို့ အကုန်ရှားတယ်။ ရာသီဥတုက မကောင်းတော့ ကျွန်းကနေ သူတို့တွေလှေမထွက်နိုင်ဘဲ ဟိုင်းကြီးကျွန်းမှာလည်း စားစရာသွား မဝယ်နိုင်ဘူး။ အသီးအရွက်၊ ခရမ်းချဉ်သီး ကုန်ကုန်ပြောရင် ကြက်ဥတောင် ရှာဝယ်လို့ မရတော့ဘူးဖြစ်ကုန်ပြီ”ဟု ရဲအုပ်မင်းဟန်က ပြောသည်။

ရာသီဥတုကောင်းမွန်ပါက ကျွန်းသူကျွန်းသားများသည် ၎င်းတို့ပိုင်လှေများဖြင့် လှော်ခတ်ကာ ဟိုင်းကြီးကျွန်းမှတစ်ဆင့် ပုသိမ်နှင့် ရန်ကုန်သို့ သွားကာ စားနပ်ရိက္ခာများ ဝယ်ယူကြသော်လည်း လက်နက်ကိုင် အဖွဲ့အစည်းများမှ လိုက်ပါဝယ်ယူခွင့် မရှိသောကြောင့် ၎င်းတို့အတွက် ဆန်မှလွဲ၍ ဟင်းချက်စရာ အခက်အခဲရှိနေကြောင်း ရဲအုပ်မင်းဟန်က ပြောကြားသည်။

ကိုကိုးကျွန်းအနီး ရေပြင်တွင် အောက်တိုဘာ ဒုတိယအပတ်က မြန်မာ့ကမ်းရိုးတန်းသို့ ဖြတ်သန်းခဲ့သည့် မုန်တိုင်းကြောင့် ပင်လယ်ပြင်တွင် လှေပျက်၍ မျောပါသူ ရေလုပ်သားများကို မြန်မာ့ရေတပ်က ကယ်တင်ပေးခဲ့ရပြီး အဆိုပါ ဖြစ်စဉ်ကြောင့် ရေလုပ်သားအချို့ ကြောက်လန့်နေကြဆဲဖြစ်၍ ကျွန်းမှဝေးဝေးသို့ ငါးဖမ်းမထွက်ရဲကြသေးကြောင်း ရေလုပ်သားတစ်ဦးကပြောသည်။

ထိုအခါ ကိုကိုးကျွန်းအတွင်း အိမ်များတွင် မွေးမြူထားကြသည့် ကြက်၊ ဆိတ်နှင့် ဝက်များအားသတ်ကာ ရောင်းချမှသာ အခြားသူများဝယ်စားရကြောင်း ၎င်းက ပြောသည်။

အစိုးရအဖွဲ့သစ် မတိုင်မီအထိ မြန်မာ့ ကြယ်ငါးပွင့်ပိုင် သင်္ဘောများမှ တစ်လလျှင် တစ်ကြိမ်နှုန်း (သို့မဟုတ်) အရေးပေါ် ပြေးဆွဲပေးသကဲ့သို့ စစ်ရေယာဉ်နှင့် ရဟတ်ယာဉ်များလည်း လာရောက်ခြင်းကြောင့် အရေးပေါ် ရိက္ခာနှင့် ကျန်းမာရေးအတွက် ကိုကိုးကျွန်းသူကျွန်းသားများ မပူပင်ခဲ့ရဟုဆိုသည်။

အစိုးရသစ်တက်ပြီး အဆိုပါ သင်္ဘောများအား ဦးပိုင်ကို လွှဲပေးပြီးနောက်ပိုင်း ကိုကိုးကျွန်းသို့ ပြေးဆွဲပေးခြင်း မရှိတော့ဘဲ ကော့သောင်း၊ စစ်တွေ၊ ကျောက်ဖြူ သွား ကျွန်းပတ် သင်္ဘောများပါ ရောက်မလာတော့၍ ရိက္ခာသာမက ကျန်းမာရေးကိစ္စများပါ အခက်အခဲကြုံတွေ့ရကြောင်း ရဲအုပ်မင်းဟန်က ပြောသည်။ ကိုကိုးကျွန်းတွင် တွင်းရေချိုမထွက်ဘဲ ဆန်စပါးနှင့် အခြားသီးနှံများ စီးပွားဖြစ် မစိုက်နိုင်သကဲ့သို့ မွေးမြူရေးလည်းမဖြစ်ကြောင်း သိရှိရသည်။

ကိုကိုးကျွန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်အတွင်းရှိ သီးခြားမြို့နယ် တစ်ခုအဖြစ် တည်ရှိနေပြီး တောင်ဘက်မှ မြောက်ဘက်သို့ ခုနစ်မိုင်ရှည်ကာ အရှေ့အနောက် သုံးမိုင်ကျယ်သည့် ကျွန်းကြီးတစ်ခုဖြစ်သည်။ မြန်မာရေတပ်၊ မြို့နယ်ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ မြဝတီ ထပ်ဆင့်အသံလွှင့်ရုံ၊ လေယာဉ်ကွင်း၊ ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းတို့ အစုံအလင်ရှိသည်။

သို့ရာတွင် ရေချိုမထွက်သောကြောင့် မိုးရေလှောင်ကန်မှ ရေကို သောက်ရပြီး စစ်တပ်ပိုင်



စပါးစိုက်ခင်းရှိသော်လည်း စီးပွားဖြစ်စိုက်မရသေးကြောင်း သိရှိရသည်။

၂၀၁၀ နှစ်ဆန်းပိုင်းတွင် ရေနက်ဆိပ်ကမ်း တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲများ၏ စီမံမှုဖြင့် စီးပွားရေးလုပ်ငန်းရှင်များက သွားရောက်လေ့လာခဲ့သော်လည်း စိတ်ဝင်စားသူမရှိခဲ့ကြောင်း သိရသည်။

ယခု မိုးကာလသည် ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်သကဲ့သို့ ရှိနေသောကြောင့် ကျွန်းသူကျွန်းသားများ အတွက် စားနပ်ရိက္ခာသာမက ကျန်းမာရေး ကိစ္စအရေးပေါ် ကြုံတွေ့နေသူများအတွက် ဒုက္ခရောက်နေကြောင်း ကျွန်းပေါ်နေသူ တစ်ဦးက ပြောကြားသည်။

“ကိုကိုးကျွန်းရဲ့ လွှတ်တော်အမတ်က ဒီဒေသခံကိုအောင်နိုင်ပါ။ အခုတော့ ရန်ကုန်မှာပဲနေတယ်။ စက်တင်ဘာ ၄ ရက်နေ့တုန်းက တိုင်းမှူးခရီးစဉ်နဲ့ လိုက်လာဖူးတယ်။ မြို့နယ်ခန်းမမှာတော့ သူက ရိက္ခာကိစ္စ စီစဉ်ပေးမယ်ပြောသွားတယ်။ ဟိုတုန်းကလည်း ပြောတာပဲ၊ ဘာတစ်ခုမှ မရဘူး။ အခုဆို ကြက်ဥတောင် မရှိတော့ဘူး” ဟု ရဲအုပ်မင်းဟန်က ပြောကြားသည်။



7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

CRIME မှုခင်း သတင်း CORNER

## နှစ်လုံးထိရောင်းသည့် ဒုအရာခံဗိုလ်တစ်ဦးကိုဖမ်းဆီး

**သန်းဌေး ရန်ကုန်၊ အောက်တိုဘာ-၁၉**

ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ဝအနီးရှိ ကန်တော်မင်္ဂလာပန်းခြံဝင်းအတွင်းဖွင့်လှစ်ထားသည့် Ray Studioအဆောက်အအုံဘေးအုတ်ခုံအနီး၌အမှတ်(၂)စစ်ဆေးရုံမှ ဒုတိယအရာခံဗိုလ်တစ်ဦး နှစ်လုံးထိရောင်းနေစဉ်ဖမ်းမိခဲ့ကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၁၈ရက်က ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်းရှိအမှတ်(၂)စစ်ဆေးရုံလိုင်းခန်းတွင်နေထိုင်သူ ဒုတိယအရာခံဗိုလ်တစ်ဦးသည် ကန်တော်မင်ပန်းခြံအတွင်း နှစ်လုံးထိရောင်းနေစဉ် ဒဂုံမြို့မရဲစခန်းမှ ဒုတိယရဲအုပ်အောင်ကျော်ဆန်းနှင့်အဖွဲ့က သတင်းအရဖမ်းဆီးမိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းမှတ်တမ်းတွင်ဖော်ပြထားသည်။

"ဒီအမှုက စခန်းမှူးကိုယ်တိုင် အထက်ကိုရေးတင်ထားတာမို့မှန်ပါတယ်"ဟု ဒဂုံမြို့မရဲစခန်းမှတာဝန်ကျရဲအရာရှိတစ်ဦးက ပြောသည်။

ယင်းအရာခံဗိုလ်ကို ဖမ်းဆီးစဉ် နှစ်လုံးထိဂဏန်းနှင့် ငွေတန်ဖိုးများရေးသားထားသော ဘောက်ချာစာအုပ်သုံးအုပ်၊ စာရွက်ပိုင်း ၅၀၊ ဗလာစာအုပ်နှစ်အုပ်၊ ကာဗွန်အပိုင်း ၁၀ရွက်၊ ဘောပင်နှစ်ချောင်း၊ ဂဏန်းပေါင်းစက်တစ်လုံး၊ ကျပ်ငွေ ၅၅,၀၀၀နှင့် အနက်ရောင်ပိုက်ဆံအိတ်တစ်လုံးတို့ကိုတွေ့ရှိ၍ သိမ်းဆည်းကာ လောင်းကစားပြုလုပ်သူ ဒုတိယအရာခံဗိုလ်ကို အရေးယူပေးရန် ဒုတိယရဲအုပ်အောင်ကျော်ဆန်းက တရားလိုအဖြစ်တိုင်ကြားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းမှတ်တမ်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် အဆိုပါဒုအရာခံဗိုလ်အား လောင်းကစားပုဒ်မ ၁၅ (က)/၁၆(က)ဖြင့် အမှုဖွင့်ပြီး အမှုစစ်ဒုတိယရဲအုပ်သိန်းထိုက်ကစစ်ဆေးလျက်ရှိကာ တပ်ထိန်းသို့လွှဲအပ်ရန် တပ်မတော်တပ်ထိန်း အမှတ်(၁)သို့အကြောင်းကြားထားရာ တပ်ကြပ်မျိုးကျော်က လက်ခံပြီးလာရောက်ခေါ် ယူရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

# ဆေးလိပ်သောက်ခွင့်မရှိသည့် နေရာများ ထုတ်ပြန်ကြေညာ

**ဝတ်ရည်အောင်**
**ရန်ကုန်၊ အောက်တိုဘာ-၂၀**

ဆေးလိပ်လုံးဝ သောက်ခွင့်မရှိသော နေရာများအား လူထုသိရှိခြင်းမရှိသည့်အတွက် ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ပါဝင်သည့်ဆေးလိပ်သောက်ခွင့်မရှိသော နေရာများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများမှ ဆေးရုံအဆောက်အအုံနှင့် ပတ်ဝန်းကျင်၊ ဆေးကုသဂေဟာနှင့် ဆေးခန်းများ၊ ကလေးကစားကွင်းများအပါအဝင် အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊ စာသင်ကျောင်းများနှင့် ပတ်ဝန်းကျင်နေရာများ၊ တက္ကသိုလ် ဒီဂရီကောလိပ်စသည်တို့၏ စာသင်ခန်းနှင့်ရုံးခန်းနေရာများ ပါဝင်သည်။

ထို့အပြင် လူအများစုဝေးပြီး အမိုးအကာရှိသည့် ရုပ်ရှင်ရုံများ၊ ဇာတ်ရုံများ၊ ဈေးဝယ်စင်တာများ၊ ဈေးရုံများ၊ စာဖတ်ခန်းများ၊ ပြတိုက်၊ မော်ကွန်းတိုက်များ၊ အများပြည်သူသုံး စာကြည့်တိုက်များ၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊ မော်တော်ယာဉ်နှင့် လေယာဉ်များ၊ လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံး အခန်းများ၊ ခန်းမများ၊ ကိုယ်ပိုင်ဘာသာရပ်သင်တန်းကျောင်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် အများပြည်သူနှင့်ဆိုင်သည့် နေရာများအားလုံး ပါဝင်သည်။

ထိုနေရာများတွင် ဆေးလိပ်သောက်ပါကပြစ်ဒဏ်ချအရေးယူရန်ပြည်ထဲရေးကဲ့သို့အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေး စီမံချက်မန်နေဂျာ ဒေါက်တာနန်းနိုင်နိုင်ရှိန်က ပြောသည်။

"ဒီနေရာတွေမှာ ဆေးလိပ်မသောက်ဖို့ သတ်မှတ်ထားတာ လူတွေက မသိဘူးဆိုတဲ့အတွက် ထပ်ပြီးသတိပေးတာပါ။ လူထုအပြင် အဲဒီနေရာတွေရဲ့ တာဝန်ခံတွေလည်း သူတို့ရဲ့တာဝန်ကို သိလာအောင်လို့ပါ" ဟု ဒေါက်တာနန်းနိုင်နိုင်ရှိန်က ပြောသည်။

ဆေးလိပ်မသောက်ရနေရာများ သတ်မှတ်ထားသော်လည်း ဥပဒေအရ ထိရောက်စွာအရေးယူမှု အားနည်းခြင်းနှင့် လူထုပါဝင်မှုမရှိခြင်းတို့ကြောင့် ဥပဒေများပြဋ္ဌာန်းထားသော်လည်း အောင်မြင်မှုမရှိသေးခြင်းဖြစ်ကြောင်း ဆေးလိပ်ဆန့်ကျင်ရေးလုပ်ငန်းဆောင်ရွက်နေသူများက ထောက်ပြထားသည်။

လွန်ခဲ့သည့်နှစ်များကလည်း ကွမ်းတံတွေးမထွေးရ နေရာများ သတ်မှတ်၍ အရေးယူမှုများ ဆောင်ရွက်ခဲ့သော်လည်း ကာလတိုသာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ထိရောက်မှုမရှိခဲ့ပေ။

"အခုကတော့ ဆေးလိပ်ငွေ့လွှတ်တဲ့နေရာက တော်တော်ရှားနေပြီ။ ကားမှတ်တိုင်တွေမှာရော ကားပေါ်မှာလည်း ယာဉ်မောင်းရော၊ ယာဉ်နောက်လိုက်တွေရော သောက်နေကြတာ" ဟု အရောင်းမြှင့်တင်ရေးဝန်ထမ်းဖြစ်သည့် မစုက ပြောသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေပေါ် ပေါက်လာစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# အစွဲအလမ်းများအလွန်တွင် နေထိုင်ကြသူများ

မိုးညို

လွန်ခဲ့သည့် ၇နှစ်ကျော်က ခွန်ဂျာဆိုင်းတို့မိသားစု ရန်ကုန်တွင်အခြေချနေထိုင်ရန်အတွက် အိမ်လိုက်ရှာဝယ်ခဲ့စဉ်က ၎င်းတို့ဝယ်ယူလိုက်သည့်အိမ်မှာ ယခုလိုတော့မဟုတ်။ ပျဉ်ကာ သွပ်မိုးနှင့် ထိုအိမ်ကို ဝယ်ယူရန်ဆုံးဖြတ်လိုက်သည်။

"အဖေက အိမ်ကို တစ်လုံးလုံးဖြိုလိုက်တယ်။ ပြီးတော့အခုလိုနှစ်ထပ်တိုက်ပြန်ဆောက်တာ"ဟု အသက်(၂၅)နှစ်ဝန်းကျင်ရှိခွန်ဂျာဆိုင်းမိုင်က ပြောသည်။ ကချင်တိုင်းရင်းသူ ခွန်ဂျာဆိုင်းမိုင်တို့နေထိုင်သည့်အိမ်မှာ လွန်ခဲ့သည့်ရှစ်နှစ်ကျော်က လင်မယားနှစ်ဦး နေထိုင်ခဲ့ပြီးအမျိုးသားမှာ မူးယစ်ဆေးဝါးမှုဖြင့် နေအိမ်တွင်အဖမ်းခံရ၍ အမျိုးသမီးမှာလည်း အကြွေးများနစ်ကာ ယင်းအိမ်တွင်ပင် ဆွဲကြိုးချအဆုံးစီရင်ခဲ့သည့်အိမ်ဖြစ်သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယင်းအိမ်မှာ စမ်းချောင်းမြို့နယ်တွင် နာမည်အလွန်ကြီးပြီး ဝယ်ယူမည့်သူမရှိသည့်အိမ်ဖြစ်ကြောင်း ခွန်ဂျာဆိုင်းမိုင်တို့မိသားစု မသိရှိခဲ့ပေ။ "ဆေးမှုနဲ့ ထောင်ကျသွားတဲ့ယောက်ျားက ထောင်ထဲမှာဆုံးသွားတာ"ဟု စမ်းချောင်းမြို့နယ်မှ ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးမျိုးဝင်းကပြောသည်။

ထိုကဲ့သို့ နာမည်ကြီးပြီး တစ်ဦးမှ တစ်ဦးသာအဆင့်ဆင့်လက်လွှဲရောင်းချမှုအများဆုံးဖြစ်နေသည့် အိမ်ကို ခွန်ဂျာဆိုင်းမိုင်တို့ စတင်ဝယ်ယူချိန်မှစတင်ပြီး နေထိုင်သည်မှာငါးနှစ်ကျော်နေပြီဖြစ်သည်။

သို့သော် မြန်မာလူမျိုးတို့၏ ရိုးရာယုံကြည်မှုအရ မိမိကိုယ်ကိုယ်အဆုံးစီရင်မှု၊ လူသတ်မှု၊ လူသေမှုများဖြစ်ပေါ်ခဲ့သည့် အိမ်များတွင်နေထိုင်ရန်စိတ်မသန့်ကြသည့်အပြင် ခိုက်သည်၊ စီးပွားမတက်ဟုယူဆကြသည့်အတွက်အရောင်းအဝယ်လုပ်ရန်ခက်ခဲသည့်အိမ်များရှိသည်။

"လူသတ်မှုတွေဖြစ်တဲ့အိမ်တွေကို ရဲစခန်းက အမှုမပြီးမချင်း အရောင်းအဝယ်လုပ်ခွင့်ပေးဘူး"ဟု ကမာရွတ်မြို့နယ်မှ ဒုရဲအုပ်တစ်ဦးကပြောသည်။

၂၀၀၉ ခုနှစ်က နာမည်ကြီးလူသတ်မှုတစ်ခုဖြစ်ခဲ့သည့် ကမာရွတ်မြို့နယ်၊ စိမ်းလဲ့ကန်သာလမ်းမှ ငါးလောင်းပြိုင်လူသတ်မှုမှာ ယခုအထိပင်တရားခံမည်သူမည်ဝါမပေါ်သေးသောကြောင့် အစိုးရက နေအိမ်ကိုချိတ်ပိတ်ပြီးဆက်လက်ထိန်းသိမ်းထားသည်။

ယင်းအိမ်မှာကျပ်သိန်းပေါင်း ငါးသောင်းကျော်ဖြင့် အရောင်းအဝယ်ဖြစ်သွားသည်ဟု ပြီးခဲ့သည့်လများက သတင်းထွက်ပေါ်ခဲ့သော်လည်း ထိုသတင်းမှာ လုံးဝမမှန်ကြောင်း ယင်းအိမ်နှင့် နီးစပ်သူတစ်ဦးကပြောသည်။

"ဒီအိမ်ကြီးကနာမည်ကြီးတော့ အရောင်းအဝယ်လုပ်တဲ့အခါခက်မှာပေါ့"ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကဆိုသည်။

ထိုကဲ့သို့ လူသတ်မှု၊ မတော်တဆမှုများကြောင့် နာမည်ကြီးသည့်အိမ်များသာမဟုတ်။ နေအိမ်အောက်တွင် အင်းကွက်များမြှုပ်နှံခြင်း၊ အတိုက်အခိုက်အရုပ်များမြှုပ်နှံခြင်း၊ နေအိမ်နှင့်မတည့်သော အပင်များစိုက်ပျိုးခြင်း၊ နေအိမ်၏ မီးဖိုချောင်မှာမူလအိမ်ထက် မြင့်မားနေခြင်း၊ လှေကားထစ်အရေအတွက်မှာ စုံဂဏန်းသာရှိခြင်းများကနေအိမ်ကို ခိုက်စေပြီး စီးပွားလာဘ်လာဘမဝင်ကြောင်းယုံကြည်ကြသူများလည်းရှိသဖြင့် သတင်းစကားများဖြင့်တစ်ဆင့်တစ်ဆင့်ပြန့်ကာ အရောင်းအဝယ်ခက်နေသည့်အိမ်ကြီးအိမ်ကောင်းများစွာရန်ကုန်မြို့တွင်ရှိနေသည်။

"လမ်းဦးတိုက် လှေဦးတိုက် အိမ်တွေကျတော့ အဲဒီအိမ်တွေမှာနေတဲ့သူတွေဟာအရွယ်မတိုင်

**စာမျက်နှာ (၆)သို့**



စာမျက်နှာ (၅)မှ

## အစွဲအလမ်းများအလွန်တွင် နေထိုင်ကြသူများ

ခင် ကပ်ဘေးတစ်ခုခု သင့်တတ်တယ်" ဟု ဗေဒင်လက္ခဏာအင်းအိုင်ပညာရှင်ဦးဇေယျာညွန့်က ပြောသည်။

လွန်ခဲ့သည့် ငါးနှစ်ကျော်က တောင်ဥက္ကလာပမြို့နယ်တွင် အကြွေးမပေးနိုင်သဖြင့် လင်မယားနှစ်ဦးစလုံးအသတ်ခံရသည့် နေအိမ်တွင်မူမီးဖိုချောင်သည် မူလအိမ်မထက်မြင့်နေကြောင်း ယင်းအိမ်၌လက်ရှိနေထိုင်သူ ဦးစောမြင့်ဆွေ ကပြောပြသည်။

လူအချို့က ထိုအယူအဆကို ထောက်ပြပြောဆိုကြသော်လည်း ဘုရားသခင်၏အလိုတော်အတိုင်း ယင်းအိမ်ကိုမူလအတိုင်းမပြုပြင်ဘဲဆက်လက်နေထိုင်နေသည်ဟု ခရစ်ယာန်ဘာသာယုံကြည်သက်ဝင်သူဦးစောမြင့်ဆွေကပြောသည်။

"အယူအဆဆိုတာ ကိုယ်တိုင်ယုံကြည်မှုဖြစ်တာ"ဟု ၎င်းကဆိုသည်။

အဆိုပါ တောင်ဥက္ကလာပ နေအိမ်တွင် သူ၏မိသားစုဝင်များနှင့်အတူ ဦးစောမြင့်ဆွေတို့နေထိုင်နေသည်မှာ ငါးနှစ်ကျော်နေပြီဖြစ်သည်။ ယုံကြည်မှုအရအစွဲအလမ်းရှိသူများက မနေထိုင်ဝံ့သော်လည်း အယူမရှိသူများက ယင်းကဲ့သို့ အိမ်ကြီးများဝယ်ယူရန်တွန့်ဆုတ်မှုမရှိပေ။

တစ်ဖက်တွင်လည်း ယင်းကဲ့သို့ အမှုများဖြစ်ပေါ်ခဲ့ဖူးသည့် အိမ်ကြီးအိမ်ကောင်းအချို့အားဈေးပေါပေါနှင့် အလွယ်တကူရရှိနိုင်မည်ကိုသိ၍ လိုက်ဝယ်သူများရှိသော်လည်း ထင်သလောက်ဈေးမချိုကြောင်း ကြယ်စင်အိမ်ခြံမြေအကျိုးဆောင်ဦးစိုးနိုင်က ပြောသည်။

"တချို့ကဈေးပေါပေါနဲ့ဝယ်ပြီးနေနိုင်မယ်လို့ ယူဆကြတာ။ ဒါပေမဲ့ ဈေးကတခြား အိမ်တွေနဲ့အတူတူပါပဲ"ဟုအထက်ပါအကျိုးဆောင်က ဆိုသည်။

ထို့အတူအစွဲအလမ်းကြီးသူ ယုံကြည်သူအများစုကပြုလုပ်လေ့ရှိသော အိမ်အသစ်တက်မင်္ဂလာအလေ့အထအချို့မှာလည်းပျောက်ကွယ်လာပြီဟု ဂမ္ဘီရပညာကိုလေ့လာထားသူများကဆိုသည်။

အိမ်သစ်တက်သည့်နေ့တွင် ဆန်အပြည့်၊ ဆီအပြည့်၊ ရေအပြည့်ဖြင့် အိမ်သစ်တက်သည့် မင်္ဂလာကိုကျင်းပကြလေ့ရှိပြီးနောက်ပိုင်းတွင် ယင်းအယူအဆများလည်းပျောက်ကွယ်စပြုလာပြီဖြစ်ကြောင်း ဗေဒင်လက္ခဏာ အင်းအိုင်ပညာရှင် ဦးဇေယျာညွန့်က ပြောသည်။

ရှေးမင်းမျိုးမင်းနွယ်များ၊ မြင့်မြတ်သည့်ဆွေမျိုးအသိုင်းအဝိုင်းများနေထိုင်ခဲ့သည့် အိမ်များတွင် ဆက်လက်နေထိုင်သူများအနေဖြင့် ရိုးရာယုံကြည်မှုလက္ခဏာများကိုဖောက်ဖျက်ပါက အန္တရာယ်တစ်ခုခုနှင့်ကြုံတွေ့ရမည်ဟု ရိုးရာကိုယုံကြည်သူများကဆိုသည်။

ယင်းကဲ့သို့နာမည်ကြီးသည့် ရန်ကင်းမြို့နယ်မှ အိမ်ရာဝင်းတစ်ခုအတွင်း နေထိုင်သူများအနေဖြင့် သားသမီးမထွန်းကားခြင်း၊ အမှုအခင်းဖြင့်ရင်ဆိုင်ရခြင်း၊ မတော်တဆဘေးအန္တရာယ်တစ်ခုခုဖြင့် သေဆုံးခြင်း ကြုံတွေ့သည်ဟု ယင်းအိမ်ရာအနီးရပ်ကွက်တွင် နေထိုင်သူများက သူတို့၏ယုံကြည်မှုကိုပြောသည်။

"အရင်တုန်းက စစ်ပြေးဘုရင်တွေ လာနေသွားတဲ့နေရာလေ။ မြင့်မြတ်တဲ့သူတွေနေခဲ့တဲ့နေရာဆိုတော့ ကျိန်စာတွေဘာတွေရှိမှာပေါ့"ဟု အသက်(၇၀)အရွယ်ရှိ ဦးစိုးဝင်းကသူ၏ယုံကြည်ချက်ကိုပြောသည်။

အချို့သောမြို့နယ်များမှရွှေ့ပြောင်းလာရောက်နေထိုင်သူအချို့မှာ ရာထူးတက်ပြီး စီးပွားရေးအဆင်ပြေသွားသည့်မိသားစုများ ပင်ရှိကြောင်း ယင်းအိမ်ရာဝင်းအတွင်းမှ သာယာရေးကော်မတီဝင်များက ဆိုသည်။

အစွဲအလမ်း၊ အယူအဆများအလွန် မြို့တော်ရန်ကုန်တွင် အယူသီးသူ၊ မယုံကြည်သူများအကြား လွန်ဆွဲလျက်ရှိပြီး အမှုအခင်းများဖြစ်ပွားနေသည့်အိမ်ကြီးများတွင် ဆက်လက်နေထိုင်သူများကရှိနေဆဲဖြစ်သည်။

နေထိုင်သူများရှိနေသလို အယူသီးသူ၊ အစွဲအလမ်းကြီးသူများကလည်း ဝယ်ယူနေထိုင်ရန်လက်တွန့်နေဆဲဖြစ်သည်။




## အိုးလေး ချက်ကြရအောင်

ဝိုက်ဖီ



### ငါးရှဉ့်သံပရာ

ဒီတစ်ပတ်တော့ ဝိုက်ဖီကအစားမညီတဲ့ ဟင်းအမည်ဖြစ်တဲ့ ငါးရှဉ့်ကို အရသာရှိရှိလေးချက်ထားပါတယ်။ ဒီဟင်းချက်ဖို့ ၁၀ ကျပ်သားခန့်လောက်ရှိတဲ့ ငါးရှဉ့် အကောင်ချောချောနှစ်ကောင်၊ သံပရာသီးတစ်လုံး၊ ပင်စိမ်းတစ်ပင်နဲ့ ငရုတ်သီးစိမ်း နဲ့ မဆလာပဲလိုပါတယ်။

ငါးရှဉ့်ကို ခေါင်းဖြတ်။ ဗိုက်ခွဲပြီး အထဲက အကုန်ထုတ်။ ရေစင်အောင်ဆေးပါ။ မန်ကျည်းသီးမှည့်နဲ့နယ်ဆေးပါမယ်။ သေချာဆေးပြီးသွားရင် အတုံးသေးသေးလေးတွေဖြစ်အောင်လှီးပါမယ်။ ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်နဲ့ နယ်ပြီး နှပ်ထားပါ။ သံပရာသီးကိုလည်း ခပ်ပါးပါးကွင်းလှီးပါ။

ကြက်သွန်ဖြူ၊ နီ၊ ချင်းဆီသတ်ပါမယ်။ ပြီးရင်မဆလာထည့်ပြီး ငါးရှဉ့်ပါထည့်ပြီး ဆီထဲမှာ လှိမ့်ပါ။ ပြီးရင်ရေထည့်ပြီး ငါးမိနစ်လောက်အုပ်ပါ။ ဆီပြန်ခါနီးရင် ငရုတ်သီးစိမ်းထက်ခြမ်းခွဲထားတာနဲ့ သံပုရာသီးအကွင်းလေးတွေ ထည့်အုပ်ပါ။ နောက်ဆုံးမှာတော့ ပင်စိမ်းလေးအုပ်ပြီး ချလိုက်လို့ရပါပြီ။



# ရွာသစ်ကြီးမှ ရွာဟောင်းသို့မျှော်

**အောင်ခိုင်၊ မရန်**

မိသားစုဘဝတစ်လျှောက်တွင် စားဝတ်နေရေးအတွက် အခက်ခဲဆုံးအချိန်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု အောင်မြင်သာစံပြကျေးရွာမှအသက်(၅၀)အရွယ် ဦးနော်တန်(အမည်လွှဲ)ကဆိုသည်။

ဦးနော်တန်တို့မိသားစုသည် မြစ်ဆုံ(မလိဇွပ်)ကျေးရွာတွင် ဘိုးစဉ်ဘောင်ဆက်နေထိုင်ကြသူများဖြစ်ပြီး လွန်ခဲ့သည့် ၂ နှစ်ခန့်ကမှ အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့လာရခြင်းဖြစ်သည်။ ဦးနော်တန်တို့ရွာနှင့် တန်ဖဲကျေးရွာသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ပထမဦးဆုံး ဖယ်ရှားခံရသည့်ရွာများလည်းဖြစ်သည်။

မြစ်ဆုံစီမံကိန်းကြောင့် ရေဝပ်မည့်ဧရိယာတွင်ကျေးရွာပေါင်း ၄၉ ရွာနှင့် လူဦးရေ ၁၈,၀၀၀ ခန့် နေထိုင်လျက်ရှိသည်။ ယင်းထဲမှ မြစ်ဆုံ(မလိဇွပ်)တန်ဖဲနှင့်လဖဲ့ရွာတို့ကို ၂၀၁၁ ခုနှစ် မေလဆန်းက အောင်မြင်သာ စံပြကျေးရွာသို့ ပြောင်းရွှေ့နေရာချထားခဲ့ခြင်းဖြစ်သည်။


*အောင်မြေသာစံပြကျေးရွာကို အောက်တိုဘာ ၁၂ ရက်က မြင်တွေ့ရစဉ်* ဓာတ်ပုံ - အောင်ခိုင်

သူတို့ယခုနေထိုင်ရာ အောင်မြင်သာစံပြကျေးရွာသည် ၂၀၀၆ ခုနှစ် ကျိန်ခရန် ရေကာတာ ကျိုးပေါက်စဉ်က ရေတိုက်စားမှုကြောင့် ကျန်ရစ်ခဲ့သည့် လွင်ပြင်တစ်ခုဖြစ်သည်။ ကျောက်သားများ ဖုံးလွှမ်းနေပြီး ကျိန်ခရန်ချောင်းတောင်ကျရေ စီးဆင်းသည့် လမ်းကြောင်းပေါ်တွင်လည်း တည်ရှိနေသည့် နေရာတစ်ခုဖြစ်သည်။ အောက်ခြေကျောက်သားများကြောင့် မြေဆီလွှာ အခြေအနေမှာ မည်သည့်အပင်မဆို စိုက်ပျိုး၍ မရနိုင်ဟုလည်း အောင်မြင်သာ ရွာသားများက ဆိုပါသည်။

အောင်မြင်သာ ရွာဝန်းကျင်တွင်လည်း ကုမ္ပဏီကြီးများ၏ မြေနေရာများ၊ စီမံကိန်းနယ်မြေများသာ တည်ရှိသဖြင့် ယခင်ရွာဟောင်းမှာကဲ့သို့ လွတ်လပ်စွာ ရှာဖွေစားသောက်ရန် အခက်အခဲရှိသည်ဟု ဒေသခံများက ညည်းညူကြပါသည်။

"အခု နေနေရတာ လှောင်အိမ်ထဲမှာ ပိတ်မိနေသလိုပဲ လုပ်စားဖို့ အရမ်းခက်ခဲတယ်" ဟု ဦးနော်တန်က စိတ်ပျက်လက်ပျက်ဖြင့် ဆိုပါသည်။


ယင်းအခြေအနေများကြောင့် ပင်သားသမီးခုနစ်ဦး၏ ဖခင်ဦးနော်တန်တစ်ယောက်မိသားစုစားဝတ်နေရေး ဖြေရှင်းနိုင်ရန် မိုင် ၃၀ ခန့်ဝေးသည့် ဝိုင်းမော်မြို့နယ်ဘက်သို့နေ့စဉ်တောင်ယာသွားလုပ်နေရခြင်းဖြစ်သည်။

အချို့သောသူများမှာလည်း ရှာဖွေစားသောက်ရန် လွယ်ကူသည့် သူတို့ယခင်နေထိုင်ရာ ရွာဟောင်းများသို့နေ့စဉ်သွားရောက်၍ စိုက်ပျိုးခြင်း၊ သီးနှံရှာဖွေခြင်းနှင့် ငါးဖမ်းခြင်းတို့ကို ပြုလုပ်နေကြရသည်။

ယခင်ရွာဟောင်းများတွင်ပြန်လည်နေထိုင်ပြီး ရှာဖွေစားသောက်နေသူများလာသည့်အတွက်လည်း သူတို့သားသမီးများကို တန်ဖဲရွာဟောင်းမှ နေ့စဉ်သုံးဘီးဆိုင်ကယ်စုငှား၍ အောင်မြင်သာရွာသို့ ကျောင်းပို့ပေးနေရသည်ဟု ဒေသခံများက ဆိုပါသည်။

ရွာဟောင်းများသို့ပြန်၍ ရှာဖွေစားသောက်သူ ၂၂ ဦး ၂၀၁၂ ခုနှစ်အတွင်းက ဖမ်းဆီးအရေးယူခြင်း ခံခဲ့ရသည်။ သို့သော်လည်း ဒေသခံများစုပေါင်း၍ နိုင်ငံတော်သမ္မတအထိ တင်ပြပြီးသည့်နောက်တွင် ရွာဟောင်းများသို့ပြန်၍ ရှာဖွေစားသောက်ခြင်းကို အရေးယူခြင်း မပြုတော့ပါ။

**စာမျက်နှာ (၈)သို့**



7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

စာမျက်နှာ (၂၀) မှ

## ဖဒိုမန်းငြိမ်းမောင်နှင့် တွေ့ဆုံခြင်း

**ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး အစိုးရနဲ့ လက်ရှိဆောင်ရွက်ထားတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် စိုးရိမ်မှုတွေရှိကြပါတယ်။ ဒီလိုစိုးရိမ်တဲ့ လူတွေကို ဘာများပြောချင်ပါလဲ။**

ကျွန်တော်တို့လည်း စိုးရိမ်တယ်။ ကျွန်တော်တို့ ဒီဖြစ်စဉ်ကို လေ့လာပြီးတော့ ဗဟိုပိုင်းမှာရှိတဲ့ CEC တွေနဲ့ ခရီးလွန်နေတဲ့ CEC ကလွဲလို့ ကျွန်တော်တို့ ဥက္ကဋ္ဌရယ်၊ စစ်ဦးစီးချုပ်ရယ်၊ ငါးယောက်အရေးပေါ် အစည်းအဝေးလုပ်ပြီးတော့ ကျွန်တော် အကြံပြုတယ်။ ဒီအချိန်မှာ ဥက္ကဋ္ဌကြီးအနေနဲ့ အစိုးရနဲ့ တွေ့သင့်တယ်။ KNU ရဲ့ သဘောထားကို သွားရှင်းပြသင့်တယ်။ ဒါကို ဥက္ကဋ္ဌကြီးက လက်ခံတဲ့အတွက် နေပြည်တော်ကို ချက်ချင်းသွားပြီး အောက်တိုဘာ ၁၉ ရက် လပြည့်နေ့ကပေါ့။ လပြည့်နေ့ဆိုတော့ သမ္မတကြီးက ဥပုသ်စောင့်တယ်။ ကန်တော့ခံဖို့ရှိတာကြောင့် မလာအားဘူး။ သူက သတင်းစကားပါးလိုက်တယ်။ ငြိမ်းချမ်းရေးကို ထိခိုက်မခံဘူး။ ငြိမ်းချမ်းရေးကို မရရအောင် တည်ဆောက်မယ်လို့ သမ္မတကြီးက ပြောလိုက်တယ်။ တပ်မတော်ကလည်း ဒီဖြစ်စဉ်မှာ KNU ကို အမြင်ရှင်းတယ်။ KNU မလုပ်ဖူးဆိုတာကို ကျွန်တော်တို့ယုံကြည်တယ်လို့ သတင်းစကားပါးတယ်။ နှစ်ဦးနှစ်ဖက် ယုံကြည်မှုက ပိုပြီးရှင်းသွားတယ်လေ။ ကျွန်တော်တို့ရဲ့ သဘောထားကလည်း ငြိမ်းချမ်းရေးကို ဆက်ပြီးလုပ်ကြမယ်ဆိုတော့ အမြင်တူကြတယ်လေ။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တိုင်းပြည်ကို ပြောချင်တာက စိုးရိမ်ကြောင့်ကြမှုမရှိဖို့ပါ။ အစိုးရဘက်ကရော ကျွန်တော်တို့ဘက်ကပါ အမြင်ရှင်းတယ်လေ။

**ကျန်ရှိနေသေးတဲ့ တရားခံတွေ ဖမ်းဆီးရမိဖို့ နောက်နောင်ဒါမျိုး မဖြစ်အောင် ဘယ်လိုဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲ။**

ကျွန်တော်တို့အပိုင်းကကျတော့ ပြန်ပြီးစိစစ်ရမယ်။ အစိုးရထုတ်ပြောတဲ့ နာမည်တွေနဲ့ ပတ်သက်ပြီး ဥက္ကဋ္ဌကြီးပြန်သွားပြီလေ။ သူတို့လိုအပ်တဲ့ဆောင်ရွက်မှုတွေ လုပ်လိမ့်မယ်။ မကြာခင်ကာလမှာ အရေးပေါ် CEC (ဗဟိုအလုပ်အမှုဆောင်)အစည်းအဝေးထိုင်မယ်။ သုံးသပ်မယ်။ လက်တွေ့အရေးယူဆောင်ရွက်မှုတွေလုပ်မယ်။ နောက်မဖြစ်အောင် တင်းတင်းကျပ်ကျပ် ညွှန်ကြားမယ်လေ။ မနာခံရင် တင်းတင်းကျပ်ကျပ် အရေးယူမယ်။

**ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြည်သူလူထုကို ဘာများပြောချင်ပါသလဲ။**

ကျွန်တော်တို့ နောက်ထပ်ဝမ်းနည်းစရာအဖြစ်မျိုးမဖြစ်အောင်တင်းတင်းကျပ်ကျပ်ဆောင်ရွက်သွားမယ်။ အဓိကပြောချင်တာက ဒီနေ့ကာလမှာ အစွန်းရောက်တဲ့ နိုင်ငံရေးသဘောထားတွေ၊ အစွန်းရောက်တဲ့ ဘာသာရေးသဘောထားတွေ၊ အစွန်းရောက်တဲ့လူမျိုးရေးသဘောထားတွေနဲ့တိုင်းပြည်ကို ဘာမှလုပ်လို့မရဘူး။ ဆွေးနွေးလို့မရဘူး။ ဒါသိပ်အရေးကြီးတယ်။အပြုသဘောဆောင်တဲ့ သဘောထားနဲ့ သွားမှသွားလို့ ရမယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

စာမျက်နှာ (၇)မှ

## ရွာသစ်ကြီးမှ ရွာဟောင်းသို့မျှော်

အိမ်ထောင်စု ၃၁၇ စု၊ လူဦးရေ ၂၁၀၀ ကျော် နေထိုင်သည့် အောင်မြင်သာစံပြကျေးရွာတွင် လတ်တလော ရင်ဆိုင်နေရသည့် အခက်အခဲမှာ အိမ်သာအခြေအနေပင် ဖြစ်သည်ဟု ဒေသခံများက ရင်ဖွင့်သည်။

"ဒီမှာကြည့် တွင်းကပြည့်နေပြီ။ တူးစရာနေရာမရှိဘူး။ စကတည်းက အဖြစ် လုပ်ပေးထားတာ" ဟု ဦးနော်တန်က ခနော်ခနဲ့ အိမ်သာနှင့် ပြည့်လျှံနေသော တွင်းကို ညွှန်ပြရင်းက ညည်းတွားပါသည်။

မိုးတွင်းကာလတွင် ရေဝပ်သည့်အတွက် တစ်အိမ်မှ အညစ်အကြေးများ အခြားအိမ်ထဲသို့ စီးမျောလာသည်ဟုလည်း အောင်မြင်သာစံပြကျေးရွာသားများက ရင်ဖွင့်သည်။

ယင်းကဲ့သို့ အခြေအနေများကြောင့် ငှက်ဖျားနှင့် ဝမ်းရောဂါများ ဖြစ်ပွားမှုနှုန်းမှာ အောင်မြင်သာစံပြကျေးရွာတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာနေသည်။

မူလကပင် စားဝတ်နေရေးပြဿနာကို နေ့စဉ်ရင်ဆိုင်ဖြေရှင်းနေရသည့် အောင်မြင်သာစံပြရွာသားများအတွက်မူ ကျန်းမာရေးအခက်အခဲမှာ ဘူးလေးရာဖရုံ ဆင့် ခြင်းပင်ဖြစ်နေတော့သည်။ တိုက်နယ်ဆေးရုံတစ်ရုံ ရှိသော်လည်း စားဖို့ပင်အနိုင်နိုင်ဖြစ်နေသော ရွာသားများမှာ ရောဂါဖြစ်လျှင်ပင် ဆေးခန်းပြရန် အခက်အခဲကြုံနေခဲ့ရသည်။

"ဆေးခန်းက ဈေးကြီးလွန်းတယ်။ မတတ်နိုင်သူတွေက မှတ်ပုံတင်ထားခဲ့ရတယ်။ တစ်ပတ်အတွင်းသွားမရွေးရင် အိမ်အထိ လာတောင်းတာခံရတယ်" ဟု ဒေသခံတစ်ဦးက သူ့အတွေ့အကြုံကိုပြန်ပြောပြသည်။

၎င်းတို့အား ပြန်လည်နေရာချထားပေးသော နေအိမ်များမှာလည်း အဆင်ပြေခြင်းမရှိဟုလည်း အောင်မြင်သာစံပြကျေးရွာသားများက ဆိုသည်။

"လေတိုက်ရင် ယိုင်တယ်။ မျက်နှာကြက်မပါဘူး။ နေပူရင် မနေနိုင်ဘူး။ တိုင်တွေက မူလီမပါလို့ ကိုယ့်ဟာကိုယ် ပြန်လုပ်ရတယ်" ဟု အောင်မြင်သာရွာသားတစ်ဦးက နေအိမ်ကို ညွှန်ပြရင်း ပြောပြသည်။

အောင်မြင်သာရွာသားများသည် ယခင်က ၎င်းတို့နေထိုင်ရာ ရွာဟောင်းများတွင် နှစ်ရှည်ပင် ခြံများ၊ ရာသီပေါ် သီးနှံခြံများ၊ ဝါးပင်များ ပိုင်ဆိုင်ခဲ့ကြသည်။ ထို့အပြင် မြေဆီလွှာနှင့် ပတ်ဝန်းကျင် အနေအထားတို့မှာလည်း စိုက်ပျိုး၊ ရှာဖွေစားသောက်ရန် လွယ်ကူသည့်အတွက် စားဝတ်နေရေးမှာ ပူပန်စရာမရှိကြပေ။

ယခု အောင်မြင်သာ စံပြကျေးရွာသို့ ပြောင်းရွှေ့ပြီးမှသာ ယင်းအခက်အခဲများကို နေ့စဉ်ကြုံတွေ့နေရခြင်းကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်လာကြခြင်း ဖြစ်သည်။

"ကလေးတွေကို ကျောင်းမထားနိုင်တဲ့ မိသားစုတွေ များလာတယ်။ စားစရာဆန်မရှိတဲ့ မိသားစုတွေလည်း အများကြီး၊ ကောင်းကောင်းမစားနိုင်တော့ အားလည်း မရှိကြဘူး။ ဒီပြောင်းပြီးမှ စိတ်ညစ်လွန်းပြီး ဘာလုပ်ရမလဲ မသိတော့ဘူး" ဟု ဒေသခံတစ်ဦးက ဆိုသည်။

တရုတ်နိုင်ငံ CPI ကုမ္ပဏီမှ အောင်မြင်သာ ရွာသားများအား တစ်လလျှင် ခုနစ်ပြည်နှုန်းဖြင့် ဆန်ပေးဝေခြင်း၊ ညနေ ၆ နာရီမှ ၉ နာရီအထိ လျှပ်စစ်မီးထွန်းပေးခြင်းတို့ကို ပြုလုပ်ပေးထားသော်လည်း ၎င်းတို့ရွာဟောင်းတွင်သာ သူတို့ဘဝက ပိုအဆင်ပြေသည်ဟုလည်း ဒေသခံများက ရင်ဖွင့်ပါသည်။

"ရွာဟောင်းမှာ ကိုယ့်စိုက်ပျိုးခြံတွေရှိတယ်။ ချောင်းနဲ့နီးတော့ ငါးဖမ်းရလွယ်ကူတယ်။ တောထဲဝင်ပြီး ရှာစားမလား ရသေးတယ်" ဟု တန်ဖဲကျေးရွာမှ ပြောင်းရွှေ့လာသူတစ်ဦးက နေရာဟောင်းကို လွမ်းဆွတ်တမ်းတစွာဖြင့် ပြောသည်။

အောင်မြင်သာ စံပြကျေးရွာသို့ ပြောင်းရွှေ့လာရသည်မှာ သုံးနှစ်နီးပါးကြာလာချိန်တွင် ဒေသခံများ၏ အခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာပါသည်။ ယင်းအတွက်ကြောင့်ပင် သူတို့အများစု၏ဆန္ဒမှာ မူလရွာဟောင်းများတွင်ပြန်လည်နေထိုင်ပြီး ရှာဖွေစားသောက်လိုကြခြင်းပင် ဖြစ်ပါသည်။

မြစ်ဆုံ (မလိဇွပ်) ရွာသားကြီး ဦးနော်တန်တစ်ယောက်လည်း အများစုနည်းတူပင် ၎င်း၏ ဆန္ဒကို ယခုကဲ့သို့ ပြောပြလိုက်လေသည်။

"ဒီမှာနေတာ ဘာအရသာမှ မရှိဘူး။ မြေဩဇာ မကောင်းဘူး။ အားလုံးဝယ်စားရတယ်။ ရွာဟောင်းပဲပြန်ချင်တယ်" ဟု ဖြစ်လေသည်။

Maggie May
Pre - School (Age 3- 6)
English classes for all Levels
အမှတ်(၃၀)A- ဒုတိယထပ်၊ မွေ့ဝိဟာရလမ်း၊ကျောက်မြောင်း။
01- 541873, 09 - 420114907
E-mail : maggiemay.school@gmail.com

အိုဘီဒီစနစ်(OBD System) ပါသော မော်ဒယ်မြင့်ကားများအတွက်
ကွန်ပြူတာ ထိန်းချုပ်မှု့စနစ်သင်တန်း
- Sensors, Computer နှင့် Actuators များ ချိတ်ဆက်ဆောင်ရွက်ပုံ
- Mechanical, Electrical,Electronic နှင့် Computer အခြေခံများ
- Modern Automotive Technology (8th Edition) သင်ရိုး
- Scan Toolများနှင့် Software များအသုံးပြုပုံ၊Wiring Diagramဖတ်ရှုအသုံးပြုပုံနှင့်စစ်ဆေးပြုပြင်နည်းများ

အမှတ်စဉ်(၃၃) (၃၄) (၃၅)ကို
၂၀၁၃/နိုဝင်ဘာလ(၁)
ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

အပတ်စဉ် စနေနေ့တိုင်း အကြိုမိတ်ဆက်(အခမဲ့)သင်တန်းရှိသည်။ လစဉ်တန်းခွဲသစ်များရှိသည်။
အဆောင်စီစဉ်ပေးသည်။ Scan Tool အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းပေးသည်။

Engine Doctor Engineering
ဖုန်း-၀၉ ၄၂၁၀၄၄၄၉၅၊ ၉၆၊ ၉၇
အမှတ်(၁၀၂) မြေညီထပ်၊ (၅၂)လမ်း၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

Farmer Auto ၏မော်တော်ယာဉ်ဝယ်ယူသူများအတွက်သတင်းကောင်း
- မော်တော်ယာဉ်မျိုးစုံအစီး(၃၀၀)ကျော်ပါဝင်သောFarmerAuto၏ကားသင်္ဘောအောက်တိုဘာလလယ်တွင်ရောက်ရှိမည် ဖြစ်ပါသည်။
- မော်ဒယ်မြင့်၊ ဆီစားသက်သာပြီး၊ parking ထိုးရလွယ်သော Toyota Vitz, Passo, Belta,Ractis, Suzuki Swift, Honda Fit(GD1,GE6),Honda Accord, Honda Partner, Insight, Mazda Demio, Nissan Tiida Latio, Mitsubishi Colt ကားများနှင့် မိသားစုသုံး၊ လုပ်ငန်းသုံး Toyota Probox, Succeed, AD Van, Mazda Van များပါရှိပါသည်။
- လုပ်ငန်းသုံး Pick Up နှင့် Truck များဖြစ်သော Toyota Dyna, Town Ace, Lite Ace, Mazda Bongo, Vanette, Canter, Isuzu, Suzuki Carry, Hijet ကားများလည်းပါသည်။
- မိမိ၏ အမည်ပေါက်ဖြင့် 2008 Model အထက်ကား ရရှိ နိုင်ပါသည်။
- ကားအားလုံးအရစ်ကျစနစ်(၁၂)လ၊(၂၄)လဝယ်ယူနိုင်ပါသည်။

(1)-အမှတ်(၆၄)၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်။ဖုန်း-၅၄၂၅၄၄၊၅၄၆၃၅၅။
(2)-အမှတ်(၁၉)၊ပြည်လမ်း(Ocean Center ရှေ့)၊ရန်ကုန်။ဖုန်း-၆၆၁၅၈၈၊၀၉-၇၃၂၅၂၄၃၈။
(3)-အမှတ်(၅)၊အထက်ပုဇွန်တောင်လမ်းမ(မလွှကုန်းဘူတာရှေ့)၊ရန်ကုန်။ဖုန်း-၀၉-၇၃၄၉၁၀၁၇
နေပြည်တော်- အမှတ်(၄၁၁၂)၊ရာဇဌာနီလမ်း၊ပေါင်းလောင်း(၂)ရပ်ကွက်၊နေပြည်တော်။ဖုန်း-၀၉-၇၃၄၉၁၀၂၃။
မန္တလေး - အမှတ်(၅၁၆)က/၁၊ရန်ကုန်မန္တလေးလမ်းမကြီးကျွဲဆည်ကန်မီးပွိုင့်အနီး၊ပြည်ကြီးတံခွန်မြို့နယ်၊
ဖုန်း-၀၉၇၃၂၅၂၄၃၇၊၀၂-၅၉၅၉၂။ Website-www.farmerautos.com,Email-fpy.auto@gmail.com



# Health

7DAY NEWS JOURNAL

Vol.12, No.33 • OCTOBER 23 , 2013


## ရှမ်းနှင့် ကယားတွင် 3MDG က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

"ဝ"ဒေသအပါအဝင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖွဲ့ 3MDG မှ သတင်းရရှိသည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ အဆိုပါ ဒေသများ၏ မြို့နယ်ပေါင်း ၂၀ ကျော်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများအား အမြန်ဆုံးတိုးမြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"အဲဒီဒေသတွေမှာနေထိုင်နေတဲ့သူတွေကနေ့စဉ်အခက်အခဲတွေ ရင်ဆိုင်နေရတဲ့အထဲမှာ ကျန်းမာရေးစောင့်ရှောက်မှုလည်း ပါဝင်နေတယ်"ဟု3MDG၏အကြီးတန်း နိုင်ငံတကာအကြံပေးဖြစ်သူဒေါက်တာကျော်ညွှန့်စိန်က ပြောသည်။

နိုင်ငံအတွင်းရှိ ပဋိပက္ခဖြစ်ပွားခဲ့သည့် နေရာများတွင် ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေး အခက်အခဲနှင့် အချို့နေရာများတွင် သွားလာရန် အခက်အခဲများကြောင့် ထိုနေရာများတွင် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန် အားနည်းမှုများရှိနေကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

ထိုဒေသများတွင် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး၊ လုံခြုံစိတ်ချစွာဖြင့် ကျန်းမာရေးဌာနများသို့ ပို့ဆောင်ပေးနိုင်မည့် အရေးပေါ် ယာဉ်ဝန်ဆောင်မှုများ၊ ကလေးများအတွက် လိုအပ်သည့် ကာကွယ်ဆေးများအပြင် နမိုးနီးယားနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုပံ့ပိုးမှုများအတွက် နိုင်ငံတကာ အလှူရှင် ခုနစ်ဖွဲ့၏ လှူဒါန်းမှုဖြင့် 3MDG မှ ထိုဒေသရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကျန်းမာရေးဌာနများသို့ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

လက်ရှိတွင် 3MDG သည် ရောဂတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးရှိ လူဦးရေ နှစ်သန်းကျော်အား ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေးနှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်နေကြောင်း သိရသည်။

## ကျန်းမာရေး သုတေသန ညီလာခံ လာမည့် ဇန်နဝါရီတွင် ပြုလုပ်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံအား လာမည့်နှစ် ဇန်နဝါရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုညီလာခံတွင် တင်သွင်းမည့် သုတေသနစာတမ်းအကျဉ်းအား ယခုလနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး စာတမ်းအပြည့်အစုံကို နိုဝင်ဘာ ၂၉ ရက်နောက်ဆုံးထားကာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သို့ ပေးပို့နိုင်ကြောင်း သိရသည်။

ညီလာခံတွင် ကျန်းမာရေးသုတေသနစာတမ်းဖတ်ပွဲ၊ ကျန်းမာရေးသုတေသန ပိုစတာပြပွဲနှင့် ဟောပြောပွဲများ ပါဝင်မည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ တက်ရောက်နိုင်သည်။

ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာများ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများနှင့် ပြည်တွင်း၊ပြည်ပ ပုဂ္ဂလိကဓာတ်ခွဲခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများလည်း ဆေးပစ္စည်းကိရိယာပြခန်းများ၊ ပိုစတာပြခန်းများနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများတွင် ပါဝင်နိုင်ကြောင်း သိရသည်။

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး ဗြိတိန် အာရှမှသင်ယူသင့်

**လန်ဒန်၊အောက်တိုဘာ-၁၉**

ဗြိတိန်နိုင်ငံတွင် ထောင်သောင်းချီသော သက်ကြီးရွယ်အိုများကို လူ့အဖွဲ့အစည်းက လျစ်လျူရှုထားကြကြောင်းနှင့် လူအများအနေဖြင့် တစ်မျိုးသားလုံး အရှက်ရစရာဖြစ်နေသောကိစ္စကို ကိုင်တွယ်ဖြေရှင်းရေး ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ သင်ခန်းစာယူသင့်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီးကပြောကြားသည်။



စစ်တမ်းတစ်ခုအရ ဗြိတိန်နိုင်ငံတွင် လူပေါင်းရှစ်သိန်းမှာ အလွန်အမင်း အထီးကျန် နေကြကြောင်း တွေ့ရှိခဲ့ပြီး လူပေါင်းငါးသန်းကလည်း ရုပ်မြင်သံကြားစက်မှာ ၎င်းတို့၏ အဓိကအဖော်မွန်ဖြစ်သည်ဟု တွေ့ရှိခဲ့ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး ဂျယ်ရီမီဟန့်က ပြောကြားသည်။

"ကျွန်တော်တို့ကြားထဲမှာလူတစ်သန်းလောက် အမေ့ခံဖြစ်နေပြီး ဒါဟာ တစ်မျိုးသားလုံး အရှက်ရစရာ ဖြစ်နေပါတယ်"ဟု မစ္စတာဟန့်ကပြောသည်။ နိုင်ငံအများအပြားကဲ့သို့ပင်ဗြိတိန်မှာလည်းသက်ကြီးရွယ်အိုများပြားလာခြင်းကို ကိုင်တွယ်ရန် ရုန်းကန်နေရသည်။

ဘိုးဘွားစောင့်ရှောက်ရေးစင်တာများတွင် နှိပ်စက်ညှဉ်းပန်းမှု၊ လျစ်လျူရှုမှုသတင်းများ ထွက်ပေါ်လာပြီးနောက် ဗြိတိန်နိုင်ငံ၏ လူမှုစောင့်ရှောက်မှုများအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့သည်။ ယင်းစင်တာများတွင်လူပေါင်းလေးသိန်းခန့်အား စောင့်ရှောက်ထားသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ယင်းကိစ္စတွင်ဂျပန်၊တရုတ်နိုင်ငံများထံမှ လေ့လာသင့်ပြီး ယင်းနိုင်ငံများတွင်သက်ကြီးရွယ်အိုများသည်သားသမီးများ၊ ၎င်းတို့မိသားစုများနှင့် နေထိုင်ကြသည်မှာ ပုံမှန်ပင်ဖြစ်ကြောင်းဗြိတိန်ကျန်းမာရေးဝန်ကြီးကပြောသည်။ —*Ref: AFP*









27th SEA GAMES
MYANMAR 2013
NAY PYI TAW
The Official
Drinking Water Sponsor
of the 27th SEA GAMES
ALPINE
Purified Drinking Water
ALPINE PROMISES HEALTH
27th SEA GAMES
MYANMAR 2013
NAY PYI TAW
2013 official Water
Sponsor

Regional
7Day News Journal
Vol.12, No.33 • OCTOBER 23 , 2013

# မန္တလေးတွင် သန့်ရှင်းရေးနှင့်ပတ်သက်၍ အများဆုံးတိုင်ကြား

**အေးမွန်ရာပြည့်**

**မန္တလေး၊ အောက်တိုဘာ- ၁၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖွဲ့စည်းပေးထားသည့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အကြံပေး အဖွဲ့ထံသို့ ရောက်ရှိလာသည့် တိုင်ကြားစာများတွင် သန့်ရှင်းရေးနှင့် ပတ်သက်သည့်တိုင်ကြားစာများမှာ အများဆုံးဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ် ဇန်နဝါရီ ၁၀ ရက်မှစကာ ဝန်ကြီးချုပ်မှတိုက်ရိုက်ခန့်အပ်ခဲ့သည့် မြို့တော်စည်ပင်သာယာရေး ကော်မတီ အကြံပေးအဖွဲ့ထံသို့ မြို့ခံများထံမှ တိုင်ကြားလာသည့် စာများတွင် သန့်ရှင်းရေးနှင့် ပတ်သက်သည့်စာများ အများဆုံး ပါဝင်နေပြီး လမ်းတံတားဌာန၊ အဆောက်အအုံဌာန၊ မြေယာဌာနများနှင့်သက်ဆိုင်သည့် တိုင်ကြားစာများက အစဉ်လိုက်ဖြင့် အများဆုံး ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအကြံပေးအဖွဲ့ထံမှ သတင်းရရှိသည်။

မြို့ခံများမှ အကြံပေးအဖွဲ့ထံသို့ တင်ပြလာသည့်တိုင်ကြားစာများထဲတွင် မှန်ကန်သည့်တိုင်ကြားစာများပါသကဲ့သို့မှန်ကန်မှု မရှိသည့် တိုင်ကြားစာများလည်း တစ်ခါတစ်ရံပါလာတတ်ကြောင်း၊ မြို့ခံများ တင်ပြလာသည့်တိုင်ကြားစာအားလုံးကို စည်ပင်အကြံပေးအဖွဲ့ဝင်များက စိစစ်ရွေးချယ်ပြီးမြို့တော်ဝန်ထံသို့ တင်ပြခြင်းဖြစ်ကြောင်း၊ မြို့တော်ဝန်အနေဖြင့်လည်း အကြံပေးအဖွဲ့မှတင်ပြလာသည့် အကြံပြုချက်များ၏ ၇၅ ရာခိုင်နှုန်းကို ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ကြောင်း အကြံပေးအဖွဲ့ ဒုတိယခေါင်းဆောင် ဦးကျော်ဝင်းက ဆိုသည်။

"ပြည်သူတွေထဲမှာ ဖြစ်နေတဲ့ ပြဿနာတွေကို မြို့တော်ဝန်သိအောင် အကြံပေးတင်ပြတာပါ။ အရင်က မြို့တော်ဝန်ဆီရောက်ဖို့ အဆင့်ဆင့်ဖြတ်သန်းနေရတာ။ ခုအကြံပေးအဖွဲ့ကမြို့တော်ဝန်နဲ့လစဉ်တွေ့ပြီးတင်ပြနေတော့ပြည်သူ့အသံအနီးကပ်ပိုကြားနိုင်တာပေါ့" ဟုဎင်းကထည့်သွင်းပြောကြားသည်။



*မန္တလေးမြို့တွင် မိုးရွာသွန်းအပြီး လမ်းမပေါ်၌ ရေများ တင်ကျန်နေခဲ့သည့် မြို့တွင်းတစ်နေရာ*

ဓာတ်ပုံ- စိုင်းသာအောင်

အကြံပေးအဖွဲ့မှ တင်ပြသည့်အကြံပြုချက်များ၏ ၇၅ရာခိုင်နှုန်းကို မြို့တော်ဝန်၏ ခွင့်ပြုချက်ဖြင့်သက်ဆိုင်ရာဌာနမှူးများမှ ပြီးစီးအောင် ဆောင်ရွက်နေသည်ဟု အကြံပေးအဖွဲ့တာဝန်ရှိသူများကဆိုသော်လည်း မြို့တော်ဝန်ကိုယ်တိုင် အပတ်စဉ်ကွင်းဆင်းလေ့ရှိသည့် ရပ်ကွက်အချို့တွင် လက်အောက်စည်ပင်ဝန်ထမ်းအချို့၏ ဆောင်ရွက်မှုများ အားနည်းနေသေးကြောင်း နန်းရှေ့ဈေးအနီးတွင်နေထိုင်သူဆရာဝန်တစ်ဦးက ပြောသည်။

စည်ပင်သာယာရေး ကော်မတီက ဝန်ထမ်းများအရေးနှင့် ပတ်သက်၍ အကြံပေးအဖွဲ့မှ ဝင်ရောက်စွက်ဖက်ခြင်း မရှိသော်လည်း စည်ပင်ဝန်ထမ်းများအနေဖြင့် မြို့ခံများအပေါ် ညှဥ်းပန်းကာ မတရားအခွန်တောင်းခြင်း၊ မသမာမှုများပြုလုပ်ခြင်းများရှိသည်ဟု တိုင်ကြားလာပါက မြို့ခံများဘက်မှ ရပ်တည်ကာမြို့တော်ဝန်ထံ တင်ပြသွားမည်ဟုအဆိုပါအကြံပေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးအောင်သိန်းက ပြောကြားသည်။

စည်ပင်အကြံပေးအဖွဲ့ အနေဖြင့် မြို့တော်ဝန်ထံတိုက်ရိုက်အကြံပေးတင်ပြရန်သက်ဆိုင်ရာမြို့နယ်များအလိုက်တာဝန်ရှိသူဆယ်ဦးဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ အကြံပေးအဖွဲ့စတင်ဖွဲ့စည်းသည့်အချိန်မှယနေ့အချိန်ထိ ကိုးလကျော်သက်တမ်းကာလအတွင်း မြို့တော်ဝန်နှင့် (၁၃) ကြိမ် တွေ့ဆုံခဲ့ပြီး ဖြစ်ကြောင်းယင်းအကြံပေးအဖွဲ့ထံမှ သတင်းရရှိသည်။

# တနင်္သာရီဒေသမှ နေ့စားလပေးဆရာ ဆရာမများအတွက် စွမ်းရည်မြှင့်သင်တန်းဖွင့်

**စိုးမိုးအောင်**

**ထားဝယ်၊ အောက်တိုဘာ- ၁၈**

တနင်္သာရီတိုင်းဒေသကြီးအတွင်း နေ့စားလပေး ရာထူးဖြင့် ခန့်အပ်ထားသော ဆရာ၊ ဆရာမများ စွမ်းရည်ပိုမိုမြင့်မားစေရန် သင်တန်းပို့ချပေးမည် ဖြစ်ကြောင်း ထားဝယ်မြို့နယ်ပညာရေးမှူးရုံးမှ သတင်းရရှိသည်။

တိုင်းဒေသကြီးအတွင်း ဆရာအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် အနေဖြင့် ဩဂုတ်လမှ စတင်ခန့်အပ်ထားသော နေ့စားလပေးရာထူး မူလတန်းပြ ဆရာ၊ ဆရာမများနှင့် အထွေထွေ လုပ်သားများအား မူလတန်းအဆင့် လုပ်ငန်းသင်ဆရာ၊ ဆရာမများ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး ရက်တို သင်တန်းများပို့ချမည်ဖြစ်သည်။ ထားဝယ်ခရိုင်အတွင်း အောက်တိုဘာ ၂၁ ရက် မှ ၂၃ ရက်အထိ သက်ဆိုင်ရာမြို့နယ်များအထက်တန်းကျောင်းများ၌ ပို့ချပေးမည်ဖြစ်သည်။

စာမျက်နှာ(၁၄) သို့



7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# မီဇိုရမ်ဆိုင်ကယ်အဖွဲ့ မြန်မာနိုင်ငံကို ဖြတ်သန်းစီးနင်းမည်

**ရန်ကုန်၊ အောက်တိုဘာ- ၂၀**

အိန္ဒိယနိုင်ငံရှိပထမဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး ဆိုင်ကယ်စီးအဖွဲ့ The Aizawl Thunders သည် ခရီးကြမ်းဆိုင်ကယ်စီးခြင်းကို အောက်တိုဘာ ၂၁ မှ ၂၆ ရက်အထိပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံကိုလည်း ဖြတ်သန်းစီးနင်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Aizawl Thunders အဖွဲ့မှ ကြီးမှူး၍ ငါးကြိမ်မြောက် အနောက်အရှေ့ဆိုင်ကယ်သမားများတွေ့ဆုံပွဲကို ချန်ဖိုင်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ တွေ့ဆုံပွဲတွင် ရိုးရာဝါးတဲများ၊ မီဇိုရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲများစသည့်တို့ပါဝင်မည်ဟုဆိုသည်။ အဆိုပါဆိုင်ကယ်စီးအဖွဲ့သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ နယ်စပ်မြို့ဖြစ်သော ချန်ဖိုင်မြို့မှ အိန္ဒိယ- မြန်မာနယ်စပ် အမှတ်(၂) ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ရိဒ်ရေကန်နှင့် အနီးဝန်းကျင်ကျေးရွာများ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ရှိ



*The Aizawl Thunders ဆိုင်ကယ်စီးအဖွဲ့*

ဓာတ်ပုံ- Aizawl Thunders ဝက်ဘ်ဆိုက်

တာဟန်းမြို့အထိ အဖွဲ့ဝင်အင်အား ၃၀၀ ခန့် ဖြင့် လာရောက်လေ့လာကြမည်ဖြစ်သည်။

"အဖွဲ့ဝင်တွေအနေနဲ့ အိမ်နီးချင်းနိုင်ငံကိုလေ့လာခွင့်ရမှာဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုလည်း ပိုပြီးတိုးပွားစေမှာပါ"ဟု Aizawl Thunders အဖွဲ့မှတာဝန်ရှိသူတစ်ဦးကဆိုသည်။

Aizawal Thunders အဖွဲ့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာလှုပ်ရှားမှုများကို ဆိုင်ကယ်များဖြင့် စီတန်းလှည့်လည်ကာ နှိုးဆော်ဆောင်ရွက်သော အဖွဲ့အဖြစ်လည်း လူသိများသည်။

## သီတင်းကျွတ်မီးထွန်းရန် လျှပ်စစ်မီးကြိုးသွယ်တန်းရာမှ ဓာတ်လိုက်သေဆုံး

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၂၁**

စစ်ကိုင်းမြို့၊စိန်ကုန်းရပ်ကွက်တွင်နေထိုင်သူတစ်ဦးသည် သီတင်းကျွတ်မီးထွန်းရန် သွပ်နန်းကြိုးဖြင့် လျှပ်စစ်မီး ကြိုးသွယ်တန်းရာမှ အောက်တိုဘာလ ၁၉ ရက် ည ၉ နာရီတွင် ဓာတ်လိုက်သေဆုံးကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၁၉ ရက် ည ၉ နာရီက စစ်ကိုင်းမြို့၊စိန်ကုန်းရပ်ကွက်နေ အသက်(၇၂)နှစ်အရွယ် ဦးထွန်းဝင်းသည် သီတင်းကျွတ်မီးထွန်းရန်အတွက်သွပ်နန်းကြိုးဖြင့် လျှပ်စစ်မီးသွယ်တန်းရာမှ ဓာတ်လိုက်ကာခုံပေါ်မှ ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဓာတ်လိုက်သေဆုံးမှုနှင့်ပတ်သက်၍စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်း အမှတ်စဉ် ၁၅/၂၀၁၃ ရေးဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယနှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ ကမ္ဘာသဓမ္မနယူးဒေလီ အာဂရာ တပ်ချ်မဟာ နေရာများသို့ ( ၁၄ည / ၁၅ ရက် ) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-

သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ ည / ၈ ရက် ) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-

(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ် ပုံမှန် ထွက်ခွါနေပြီဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။)

ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့ဘစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း -09 402 64 8989, 09 5300305

"မိတ်ဆွေတို့၏ရောဂါများအားနိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

ရန်ကုန် ပိုလိုဆေးခန်းသည်ခေတ်မီသောနိုင်ငံတကာအဆင့်မြင့်နည်းပညာရပ်များဖြင့် လူနာများအားစိတ်ချမ်းမြေ့ဖွယ်ဝန်ဆောင်မှုဖြင့်ကုသပေးလျက်ရှိပါသည်။

အောက်ပါရောဂါများကိုပြည်တွင်း၌ပင်သက်တောင့်သက်သာဖြင့်ကုသပေးလျက်ရှိသည်။

အမျိုးသားရောဂါ

အမျိုးသားအင်္ဂါအရေပြားဖုံးအုပ်ရှည်လွန်းခြင်း၊လက်ပတ်နှံ့ နံခြင်း၊ဆီလီကွန်ခြစ်ထုတ်ပေးခြင်း၊ ပန်းသေပန်းညှိုးခြင်း၊သုတ်လွှတ်မြန်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းနှင့် လိင်အင်္ဂါပိုင်းဆိုင်ရာ ကူးဆက်ရောဂါ နှင့် ကာလသားရောဂါအမျိုးမျိုး..

လိပ်ခေါင်းရောဂါ

လိပ်ခေါင်းမျိုးစုံ၊ဂရင်ဂျီနာ၊စအိုအက်ကွဲခြင်း၊စအိုဝယားယံခြင်း၊အူအဆုံးပိုင်းတွင်ဖြစ်တတ်သောရောဂါများ၊စအိုပတ်လည်ရောင်ကိုင်းပြည်တည်ခြင်း၊သွေးဝမ်းပါခြင်း စသည်များ.....

နား / နှာခေါင်းရောဂါ

နှာခေါင်းရောင်ရမ်းခြင်း၊နှာခေါင်းပိတ်ဆို့ခြင်း၊နှာခေါင်းတွင်းအသားပိုထွက်ခြင်း၊ပသီရောင်ခြင်း၊ပကျိတ်ရောင်ခြင်း၊နှာသံပါခြင်း၊ အလယ်နားရောင်ရမ်းခြင်း၊နားပင်းခြင်း၊နားအူခြင်း၊နားချေးခြင်း၊ခေါင်းကိုက်ခြင်း၊အိပ်ရေးပျက်ခြင်း၊အာခေါင်ရောင်၍နာခြင်း၊ နှာခေါင်းသွေးယိုခြင်း စသည့်နား/နှာခေါင်း/လည်ချောင်းရောဂါများ......

ဝေဒနာရှင်၏ကိုယ်ရေးအချက်များကိုထိန်းသိမ်းကာကွယ်ပေးမည်။

Open Daily
AM - (8:00) to (8:00)

POLO ဆေးခန်း Hot Line - 09 421168222 , 09 421168000
အမှတ်(၁၂၉/၁၃၁)ဗားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။


7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# ဆုတောင်းပြည့် အောင်ချမ်းသာဘုရားကြီး နိဗ္ဗာန်ဈေးပွဲတော်သို့ လူဦးရေခုနစ်ထောင်ခန့် လာရောက်

**ဇော်မင်းထိုက်**

**ပြည်၊**
**အောက်တိုဘာ- ၂၀**

ပြည်မြို့၊ ခေတ္တရာနယ်မြေ (၂) လမ်းတွင် တည်ထားကိုးကွယ်သောဆုတောင်းပြည့် အောင်ချမ်းသာဘုရားကြီး၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပပြုလုပ်သော အဋ္ဌမအကြိမ်မြောက်နိဗ္ဗာန်ဈေးပွဲတော်ကြီးတွင် လှူဒါန်းသော စားသုံးကုန်ပစ္စည်းများ၊ စတုဒိသာကျွေးခြင်းများသို့ လူဦးရေခုနစ်ထောင်ကျော် လာရောက်ကြကြောင်း သတင်းရရှိသည်။



*နိဗ္ဗာန်ဈေးတွင် တန်းစီနေကြသူများ*
ဓာတ်ပုံ- ဇော်မင်းထိုက်

"နိဗ္ဗာန်ဈေးပွဲတော်ကိုလာတဲ့သူတွေကညနေ၄နာရီလောက်ကတည်းက လာစောင့်နေတာတွေ့တယ်။ ၆ နာရီလောက်မှာ လက်မှတ်တွေစပေးတာတွေ့ရတယ်။ လာရောက်စားသုံးကြတာကလေးတွေများပေမယ့် ဒီနှစ်မှာတော့ လူကြီးတွေလည်း တော်တော်များများတွေ့ရတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ဆုတောင်းပြည့်အောင်ချမ်းသာဘုရားကြီးတွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၌ နိဗ္ဗာန်ဈေးပွဲတော်ကိုနှစ်စဉ်ကျင်းပလာခဲ့ရာ ရှစ်ကြိမ်မြောက် ရှိပြီဖြစ်သည်။ ကုမ္ပဏီများ၊ လူမှုရေး ပရဟိတအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများက နိဗ္ဗာန်ဈေးပွဲတော်သို့ လာရောက်ပြီး စားသုံးကုန်ပစ္စည်းများ အခမဲ့လှူဒါန်းပေးဝေခြင်း၊ ကျွေးမွေးခြင်းများပြုလုပ်ခဲ့သည်။

"ဒီနှစ်မှာ ဆိုင်ခန်းခုနစ်ဆယ်ရှိတယ်။ တစ်ဆိုင်ကို မဲတစ်ရာစီလုပ်ထားတယ်။ စတုဒိသာကျွေးတဲ့ဆိုင်ခန်း သုံးခန်းပါတယ်။ အိမ်သုံးပစ္စည်း၊စားသုံးကုန်ပစ္စည်းတွေအများစုပါဝင်တယ်။ ဆန်၊ ဆီ၊ ဆားစတာတွေပေါ့။ တီဗီ၊ အီးဗီဒီနဲ့ လျှပ်စစ်သုံးပစ္စည်းတွေလည်းပါတယ်။ နောက်နှစ်တွေမှာလည်းဆက်လက်လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟုနိဗ္ဗာန်ဈေးပွဲတော်ဖြစ်မြောက်ရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဋ္ဌမကြိမ်မြောက် ဆုတောင်းပြည့်အောင်ချမ်းသာဘုရားကြီးနိဗ္ဗာန်ဈေးပွဲတော်သို့ လာရောက်လှူဒါန်းသော ဆိုင်အမှတ် ၅၅ မှ ဦးစိုင်းပီပီက "နိဗ္ဗာန်ဈေးမှာ လာလှူတာ သုံးနှစ်ရှိပြီ။ မနှစ်က စားစရာလှူတယ်။ ဒီနှစ်တော့ အင်္ကျီနဲ့ အချိုရည်လှူတယ်။ ရှိတဲ့ဆိုင်ခန်းနဲ့ လာတဲ့လူအင်အားက မမျှတော့ မဲစနစ်နဲ့လုပ်တာ စည်းကမ်းလည်း ရှိတယ်လို့ ထင်ပါတယ်" ဟု ဆိုသည်။

စာမျက်နှာ(၁၁) မှ

## တနင်္သာရီဒေသမှ နေ့စားလပေးဆရာ၊ ဆရာမများအတွက် စွမ်းရည်မြှင့်သင်တန်းဖွင့်

ထားဝယ်မြို့နယ်မှ လျှောက်ထားသူများအနက် ထားဝယ်မြို့နယ်အတွင်း ၆၂ ဦးခန့် ထားပေးထားပြီး ဒေသလိုအပ်ချက်အရ ရေဖြူမြို့နယ်တွင် ၇၇ ဦး၊ တနင်္သာရီမြို့နယ်အတွင်း တစ်ဦးခန့်ထားပေးထားသည်။ အဆိုပါဒေသများတွင် တာဝန်ကျသူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာမြို့နယ်၌ သင်တန်းတက်ရောက်နိုင်ကြောင်းသိရသည်။

"ဆရာတွေအပြင် အချို့မြို့နယ်တွေမှာ အထွေထွေလုပ်သားတွေက သင်ကြားရေးအပိုင်းမှာပါနေကြတယ်။ ဒီသင်တန်းမှာက သင်ကြားမှုပုံစံတွေနဲ့ ဆရာတစ်ယောက်ရဲ့လိုအပ်ချက်တွေကိုသင်ကြားပို့ချပေးသွားမယ်ဆိုတော့ အထွေထွေတွေပါ တက်ရောက်စေတာပါ။ ထားဝယ်မြို့ထဲမှာက အထွေထွေလုပ်သား အသစ်ခန့်ထားတာ မရှိပါဘူး"ဟု ထားဝယ်မြို့နယ် ပညာရေးမှူး ဦးမြင့်သိန်းကပြောသည်။ ထားဝယ်မြို့တွင် အ. ထ. က (၁) ၌ သင်တန်းပို့ချပေးမည်ပြီး သင်တန်းတက်ရောက်ကြရမည့်သူများသည် မိမိတက်ရောက်မည့်မြို့နယ် ပညာရေးမှူးရုံးများနှင့် ဆက်သွယ်ကြရမည်ဖြစ်သည်။

နေ့စားလပေးရာထူး ဆရာ၊ ဆရာမများအား သင်တန်းပေးသည်မှာ ပထမဆုံးဖြစ်ပြီး နွေရာသီကျောင်းပိတ်ကာလ၌ထားဝယ်ပညာရေးကောလိပ်တွင် စွမ်းရည်မြှင့်သင်တန်းတစ်လကြာပို့ချပေးရန် လျာထားကြောင်း သတင်းရရှိသည်။

# နတ်မြစ်အတွင်းမှငါးများ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ဝင်

**မောင်ကံ**

**မောင်တော၊**
**အောက်တိုဘာ- ၂၀**

ဈေးကောက် ကောက်ခံမှုများပြားနေသည့်အတွက် နတ်မြစ်အတွင်း ငါးဖမ်းသည့် ငါးဖမ်းလှေသမားများမှာ ဖမ်းဆီးရမိသည့် ငါးများကို မောင်တောနယ်စပ်ဈေးကွက်ထက် ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ရောင်းချနေကြကြောင်း ငါးအရောင်းအဝယ်လုပ်သည့် ပွဲစားများက ပြောသည်။

"မောင်တောဈေးမှာ ရောင်းလို့ရှိရင် ဈေးကောက်အဆမတန်ကောက်တာကြောင့် မြစ်ထဲမှာပဲ တစ်ဖက်နိုင်ငံကဝယ်တဲ့သူတွေကို ရောင်းလိုက်ကြတာများပါတယ်။ ငွေလည်း လက်ငင်းရတယ်။ ဘင်္ဂလားဒေ့ရှ်ငါးဝယ်သူတွေမဝယ်တဲ့ ငါးသေးသေးလေးတွေသာ မောင်တောဈေးကွက်ကိုရောက်လာတာပါ။ မြစ်ထဲမှာဆိုရင် ဈေးကောက်ခလည်း မပေးရဘူးလေ" ဟု မောင်နီကျေးရွာမှ ငါးဖမ်းလှေသမားတစ်ဦးက ပြောသည်။

မောင်တောနယ်စပ်ရှိ သားငါးဈေးများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ လေလံစနစ်ဖြင့် ရောင်းချထားခြင်းဖြစ်သည်။ ဈေးကောက်ခများကိုလည်း စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ဈေးနှုန်းအတိုင်း ကောက်ခံရန် သတ်မှတ်ထားသော်လည်း ဈေးကွက်အတွင်းသို့ ငါးရောက်ရှိမှုနည်းပါးလာခြင်းနှင့်အတူ ဈေးကောက်ခများလည်း မြင့်တက်လာသည်။

"ဈေးကောက်ခဈေးကြီးရင် ငါးရောင်းတဲ့သူက ငါးဈေးကို မြှင့်ပြီး ရောင်းပါတယ်။ တကယ်နစ်နာတာကစားသုံးသူတွေပါ။ မောင်တောနယ်စပ်မှာ သားငါးဈေးအခုလိုမြင့်တက်နေတာကို သက်ဆိုင်ရာစည်ပင်နဲ့ ဌာနဆိုင်ရာတွေအနေနဲ့ ထိန်းညှိပေးဖို့လိုနေပါပြီ" ဟု မြို့မိမြို့ဖတစ်ဦးက ပြောကြားသည်။

**TRADEMARK CAUTION NOTICE**

**Soekianto Sosrodjojo, Soewito Sosrodjojo, Soejani Sosrodjojo, Kuniarti Sosrodjojo and Sukowati Sosrodjojo** as Indonesian Citizens and having its principal office at Jl.Kintamani Raya/11, RT 002 RW 007, Kelurahan Kelapa Gading Barat, Kecamatan Kelapa Gading, Jakarta Utara – 14240, Indonesia is the owner and sole proprietor of the following Trademark:-

**TEA STATION**

Reg. No. 4/6302/2013

Used in respect of:-Tea, beverages made of tea; instant tea (other than for medical purposes), iced tea; fruit flavoured tea (other than medical); coffee, artifical coffee; cocoa, cocoa based beverages; coffee based beverages;herb tea-based beverages (not for medical purposes); edible ices; honey; cooling ice. (International Class 30)

Beers; mineral and aerated waters and other non-alcoholic drinks; non-alcoholic beverages containing fruit juices; fruit drinks and fruit juices; non-alcoholic fruit extracts used in the preparation of beverages; syrups; preparations for making beverages. (International Class 32)

Any unauthorised use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

**Tin Ohnmar Tun & The Law Chambers**
Ph: 0973150632
Email:law_chambers@seasiren.com.mm
(For.IP Hub Asia Pte Ltd, Singapore)
Dated.(23.10.2013)

**"ကဲ မြန်မြန်စီစဉ်ကြပေတော့" စင်ကာပူခရီးစဉ်**

အရမ်းစိတ်ဝင်စားဖို့ ကောင်းတဲ့ Sentosa နဲ့ Universal Studio ၊ ရေအောက်ငါးပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ လေဆာအလင်းတန်းနဲ့ ရေပန်းအလှ၊ မြို့ကိုအပေါ်စီးမြင်ရတဲ့ Sky Park နဲ့ Singapore Flyer ၊ ကုန်းရေသွားကား သဘော်အစရှိတာတွေကို သွားကြည့်ကြမယ်။ ခရီးစဉ်ထွက်ခွာမယ့်နေ့တွေကတော့ - နိုဝင်ဘာ (၈ ရက်၊ ၂၂ ရက်)၊ ဒီဇင်ဘာ (၆ ရက်၊ ၂၀ ရက်)

**ဆက်သွယ်ရန်-**
**ရန်ကုန် -** AVA Travel Services Co.,Ltd (01-527291), မဉမ္မာ (၀၉-၄၅၀၀၀၂၇၂၂)
**မန္တလေး -** ကိုမျိုးဝင်း (၀၂-၃၂၃၄၇)၊ မချိုချို (၀၉-၂၀၁၂၈၆၅)

**DRAFT**

**TRADEMARK CAUTION NOTICE**

**ESTRON INTERNATIONAL**, a company organized under the laws of **Singapore** and carrying on business as and having its principal office at 141 Woodlands Industrial Park, E5, E-Terrace, Singapore 757507 is the owner and sole proprietor of the following Trademark:-

ESTRON

Reg. Nos. 4/8116/2013

Used in respect of :
Door closers of metal; door closer [non-electric]; door openers [non-electric]; door springs [non-electric]; door fitting, of metal, door panels of metal; door handles of metal; door stops of metal; hinges for door; fittings of metal for window; locks, bolt [non-electric], for door and windows; fittings for toughened glass door and glass panel; articles of metal incorporating glass for use in buildings; runners of metal for sliding doors; single-panel or multiple-panel door or gate; folding doors or gates; sliding doors or gates; revolving doors; swing doors; all being made of metal; all included in Class 6.

Any unauthorised use, imitation, infringements or fraudulent intentions of the above mark will be dealt with according to law.

**Tin Ohnmar Tun & The Law Chambers**
Ph:0973150632
Email:law_chambers@seasiren.com.mm
(For. IPHub Asia Pte Ltd,Singapore)
Dated 23.10.2013

7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# ပျောက်ဆုံးဖို့ အန္တရာယ်ကြုံတွေ့လာနိုင်တဲ့ နိုင်ငံတော်ရဲ့ သဘာဝအမွေတစ်ခု

မောင်ထွန်းလွင်(မိုးလေဝသ)


**ပြက္ခဒိန်တစ်ခုမှစခဲ့တဲ့ သမိုင်းကြောင်းတစ်ခု**

၁၉၈၃ခုနှစ်တွင် ပန်းရိုးမနှင့်ရွှေမင်းဝံပြက္ခဒိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်ရှိ တွင်းတောင်အင်းရဲ့ဓာတ်ပုံပါရှိခဲ့ပါတယ်။ အဲဒီဓာတ်ပုံကို ထိုအချိန်က မော်လမြိုင်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနမှ ကထိကဒေါက်တာမင်းသိန်းကတွေ့မြင်ခဲ့ပါတယ်။ ဓာတ်ပုံမှာမြင်တွေ့ရတဲ့ အနေအထားအရတွင်းတောင်အင်းမှာ စပီရူလိုင်းနားစိမ်းပြာရေညှိများရရှိနိုင်ကြောင်းသုံးသပ်မိခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ဒေါက်တာမင်းသိန်းဦးဆောင်ပြီး မော်လမြိုင်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနမှ ကျောင်းသူကျောင်းသားတွေဟာ သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြပါတော့တယ်။ တစ်ဆက်တည်းမှာပဲ ထုတ်လုပ်မှုနဲ့အသုံးချမှုလုပ်ငန်းတွေကိုပါ သုတေသနပြု လုပ်ဆောင်ခဲ့ကြပါတော့တယ်။

၁၉၈၅ ခုနှစ် ဝန်ကြီးဌာနကိုယ်စားလှယ်များပါဝင်ပြီးထပ်မံသုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန် လေ့လာစိစစ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြန်ပါတယ်။

ဒီနောက် ၁၉၈၈ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်မှာ စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (BPI) မှာပဲ စပီရူလိုင်းနားဌာနခွဲတစ်ခုအဖြစ်စတင်ထူထောင်နိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ လက်တွေ့လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ တွင်းတောင်မှာပဲ စခန်းချပြီးစပီရူလိုင်းနား (Spiru-lina) များကိုတွင်းတောင်အတွင်းမှ စတင်ဆယ်ယူပြီး ထုတ်လုပ်ရေးကို ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလမှာ စပီရူလိုင်းနားအာဟာရဆေးပြားများကိုပရိုဗီမင်(Provimin) အမှတ်တံဆိပ်နဲ့ပြည်တွင်းဈေးကွက်များမှာ စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မှစတင်ပြီး ဂျာမနီနိုင်ငံ IGV GmbH ကုမ္ပဏီနဲ့နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အကျိုးအမြတ်အနေနဲ့တော့ အရည်အသွေးထိန်းသိမ်းမှုတွေနဲ့အာမခံနည်းစနစ်များ(QC&QA)ကို ၂၀၁၀ ခန့်မှစတင်ကာ နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီကျင့်သုံးနိုင်ခဲ့ပါတယ်၊ ဂျာမန် ပညာရှင်များကလည်း ယနေ့အချိန်အထိအကြံပေးများအဖြစ်ဆောင်ရွက်ပေးနေကြပါတယ်။




၁၉၈၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တွင်းတောင်မှ နှစ်စဉ် စပီရူလိုင်းနား ထုတ်လုပ်မှု (မက်ထရစ်တန်ပေါင်း)ပြဂရပ်ဖ်
Ref: www.junepharmaceticals.com

အဲဒီနောက်မှာတော့ နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ ထုတ်လုပ်လာနိုင်ပြီဖြစ်တဲ့ စပီရူလိုင်းနား (Spirulina) ရေညှိခြောက်နဲ့ဆေးပြားတွေကိုဂျာမနီ၊ကိုရီးယား၊ ဘယ်လ်ဂျီယမ်၊ အင်ဒိုနီးရှား၊စင်ကာပူ၊မလေးရှားနိုင်ငံများကို တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုရှာဖွေပေးနိုင်ခဲ့ပါတယ်။

လုပ်ငန်းများတွင်ကျယ်လာတာနဲ့အမျှ လုပ်ငန်းများကိုလည်း တိုးချဲ့လာနိုင်ပါတယ်။ ၂၀၀၃ ခုနှစ်၊ ဇွန်လ ၆ ရက်မှာတော့ စစ်ကိုင်းမြို့နယ်၊ခိုတောင်ကျေးရွာအနီးမှာ မြန်မာ့စပီရူလိုင်းနားစက်ရုံအမှတ်(၃)ဆေးဝါးစက်ရုံကို သီးခြားထပ်မံတည်ဆောက်နိုင်ခဲ့ပါတယ်။ ပရိုဗီမင်အပါအဝင် စပီရူလိုင်းနားထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါတယ်။

၂၀၀၆ ခုနှစ်မှာတော့မြန်မာ့စပီရူလိုင်းနားမျိုး (Strain)ဟာ ကမ္ဘာ့အရပ်ရပ်ရှိအခြားသောစပီရူလိုင်းနားမျိုးများထက် ဗိုင်းရပ်စ်ပိုးဟန့်တားနိုင်စွမ်းတွင် ပိုမိုသာလွန်အားကောင်းကြောင်း ဂျာမနီနိုင်ငံမှာပြုလုပ်တဲ့ သုတေသနစမ်းသပ်ချက်အရ တွေ့ရှိရမှုစာတမ်းကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ၂၀၀၇ခုနှစ်မှာတော့မလေးရှားနိုင်ငံ၊ကျန်းမာရေးဝန်ကြီးဌာနမှစစ်ကိုင်းဆေးဝါးစက်ရုံအမှတ်(၃)ကို နိုင်ငံတကာအသိအမှတ်ပြု (GMP) လက်မှတ်ကို အပ်နှင်းပေးခဲ့ပါတယ်။ ယခုအခါမှာတော့ ၂၀၁၂ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ကာစက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းနှင့် ဇွန်ဆေးဝါးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းကာ စစ်ကိုင်း၊ ဇွန်ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်အမည်နဲ့ဖက်စပ်ဆောင်ရွက်လျက်ရှိနေပါတယ်။

**ပတ်ဝန်းကျင်ထိခိုက်မှုရဲ့အကျိုးသက်ရောက်မှုတွေ**

တွင်းတောင်မှ နှစ်အလိုက် စပီရူလိုင်းနားထုတ်လုပ်မှု(မက်ထရစ်တန်ပေါင်း)ကိုစတင်ထုတ်လုပ်သည့် ၁၉၈၇-၈၈ မှစတင်ကာ လက်ရှိကာလ ၂၀၁၂-၁၃ဘဏ္ဍာရေးနှစ်ကုန်အထိ လေ့လာခဲ့ရာတွင် စပီရူလိုင်းနားထုတ်လုပ်မှုမှာ ၂၀၁၁-၁၂ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်ထုတ်လုပ်မှုများမှာ အံ့အားသင့်ဖွယ်ရာ ကျဆင်းလာခဲ့တာကို တွေ့ကြရပါတယ်။ ၂၀၀၉-၁၀ဘဏ္ဍာရေးနှစ်အတွက် ထုတ်လုပ်မှု မက်ထရစ်တန် ၁၄၀၊ ၂၀၁၀-၁၁ဘဏ္ဍာရေးနှစ်တွင်ထုတ်လုပ်မှု ၁၃၈ မက်ထရစ်တန်ခန့်ရှိနေခဲ့ရာမှ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှု ၇၈ မက်ထရစ်တန်ခန့်အထိကျဆင်းခဲ့ပြီး ၂၀၁၂-၁၃ဘဏ္ဍာရေးနှစ်မှာတော့ ပိုမိုဆိုးရွားလာကာ ထုတ်လုပ်မှု ၂၄မက်ထရစ်တန်ခန့်သာ ထုတ်လုပ်နိုင်တော့ကြောင်း တွေ့လာခဲ့ရပါတယ်။ ၂နှစ်ခန့်အတွင်းထုတ်လုပ်မှုစ၃ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာခဲ့တာကို တုန်လှုပ်ဖွယ်ရာတွေ့ရှိလာရပါတယ်။

**ပြဿနာကိုအဖြေရှာကြတဲ့အခါ**

အခုလို စပီရူလိုင်းနားတွေ ထုတ်လုပ်မှုကျဆင်းလာရတဲ့အကြောင်းကို သက်ဆိုင်ရာစက်ရုံမှ ပညာရှင်များကပဏာမလေ့လာမှုတွေ လေ့လာခဲ့ရာမှအကြောင်းရင်းတစ်ခုကို ရှာတွေ့ခဲ့ကြပါတယ်။ အဲဒါကတော့တွင်းတောင်အတွင်းမှာရှိနေတဲ့ရေမျက်နှာပြင်အမြင့်တွေနဲ့ တွင်းတောင်မှာရွာသွန်းခဲ့တဲ့မိုးရေချိန်တို့ကို လေ့လာခဲ့ကြတာပဲဖြစ်ပါတယ်။ တွေ့ရတာကတော့ ၂၀၀၇ခုနှစ်လောက်ကစပြီး တွင်းတောင်ရဲ့ရေမျက်နှာပြင်အမြင့်တွေဟာ ရွာသွန်းတဲ့မိုးရေချိန်တွေထက် ပိုများလာနေတာဖြစ်ပါတယ်။ အထူးသဖြင့် ၂၀၀၈ကစပြီး ၂၀၁၃အထိ ကာလဟာ အဆိုးဆုံးဖြစ်နေတာကိုတွေ့ရပါတယ်။ အထူးသဖြင့်လွန်ခဲ့တဲ့ ၂နှစ်တာကာလဖြစ်တဲ့ ၂၀၁၁-၁၂ နဲ့ ၂၀၁၂-၁၃နှစ်တွေဟာအဆိုးဆုံးဖြစ်နေတာကိုတွေ့ရပါတယ်။ ၂၀၁၁ခုနှစ်မှာမိုးရေချိန်ဟာ ၂၀ဒသမ ၈လက်ခန့်သာရှိခဲ့ပေမယ့် တွင်းတောင်ရေမျက်နှာပြင်အမြင့်ကတော့ ၆၅လက်မရှိနေခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာ မိုးရေချိန်ဟာ ၁၁ဒသမ ၂လက်မခန့်သာရှိခဲ့ပေမယ့် တွင်းတောင်ရေမျက်နှာပြင်အမြင့်ကတော့ ၅၄ဒသမ ၄ လက်မရှိနေခဲ့ပါတယ်။ ဒီအနေအထားဟာ တွင်းတောင်အတွင်းရှိစပီရူလိုင်းနားမွေးမြူရမယ့်ရေထဲမှာ pH တန်ဖိုးတွေကိုအပြောင်းအလဲဖြစ်လာ (ကျဆင်းလာ)စေပါတယ်။ ဒါဟာ စပီရူလိုင်းနားဖြစ်ထွန်းစေနိုင်တဲ့လိုအပ်တဲ့pH Level ကို ထိန်းမထားနိုင်တော့တဲ့အတွက် စပီရူလိုင်းနားပေါက်ပွားမှုနှုန်းတွေ ကျဆင်းလာရခြင်းဖြစ်တယ်လို့ စက်ရုံပညာရှင်များက သုံးသပ်ခဲ့ကြပါတယ်။

**ဒီရေတွေဘယ်ကလာသလဲ**

မိုးရွာသွန်းမှုတွေလျော့နည်းလာပါလျက်နဲ့ တွင်းတောင်အတွင်းက ရေမျက်နှာပြင်အမြင့်တွေမြင့်တက်လာနေခြင်းဟာ ရုပ်ဝတ္ထုသဘောအရတော့ ပုစ္ဆာဆန်နေပါတယ်။ ဒီရေတွေ ဘယ်ကရောက်လာသလဲဆိုတဲ့အမေးကို အဖြေရှာဖို့လိုအပ်လာပါတယ်။ သဲလွန်စတစ်ခုရလာတာကတော့ အဖြစ်နိုင်ဆုံးအကြောင်းတရားအနေနဲ့ စက်ရုံပညာရှင်များတွေ့ကြရတာကတော့ တွင်းတောင်အနီးမှာ တည်ဆောက်လာခဲ့တဲ့ မြစ်ရေတင်စီမံကိန်းကို သံသယတစ်ခုအဖြစ် တွေ့လာကြရပါတယ်။

**ချင်းတွင်းမြစ်ရေတင်စီမံကိန်း**

ချင်းတွင်းမြစ်ရေတင်စီမံကိန်းဟာချင်းတွင်းမြစ်ရေတွေကို Pump Station 2 ကနေတစ်ဆင့်ရေတွေပေးဝေနေတဲ့ စနစ်ဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေမျက်နှာပြင်ရဲ့ အမြင့်ဟာ ပင်လယ်ပြင်အထက်အမြင့်ပေ ၂၅၀ ရှိပြီးအဲဒီရေတွေကို ရေစုပ်စက်တွေနဲ့ ပင်လယ်ပြင်အထက်အမြင့်ပေ ၄၄၄ ရှိတဲ့ Pump Station 2 ကိုတင်ယူပါတယ်။ တစ်နေ့ကို ရေဂါလန်ပေါင်း ၄၃ သန်းခန့်တင်ယူပါတယ်။ အဲဒီကမှတစ်ဆင့် လယ်ယာမြေတွေကိုတစ်နေ့လျှင် 135 acre foot/day (43 million gallon /day) ပြန်လည်ဖြန့်ဝေပေးနေပါတယ်။အဲဒီဖြန့်ဝေပေးတဲ့ water distribution network area ဟာ တွင်းတောင်ရဲ့ အနီးပတ်ဝန်းကျင်မှာရှိနေတယ်။ ပိုဆိုးတာက တွင်းတောင်ရဲ့ ရေမျက်နှာပြင်အမြင့်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၅၅ပေသာမြင့်တော့ Pum-p Station 2 အမြင့်အောက်နိမ့်နေတယ်။ ဒီတော့ပညာရှင်တွေက ရေပေးဝေနေတဲ့ Canal Line နဲ့ တွင်းတောင်ကြားမှာအက်ကြောင်း Carck Line တစ်ခု(သို့မဟုတ်) နှစ်ခုလောက်ပေါ်လာပြီး အဲဒီအက်ကြောင်းများမှတစ်ဆင့် Gravity Flow နဲ့တူးမြောင်းမှ ရေတွေဟာ တွင်းတောင်ထဲကိုစီးဝင်နေတာဖြစ်မယ်လို့အဖြေထုတ်ကြပါတယ်။

**ဒီလို အက်ကြောင်းမျိုးရော ဖြစ်လာနိုင်သလား**

တွင်းတောင်ဟာ မီးတောင်သေဟောင်းတစ်ခုရဲ့တွင်းဝဖြစ်ပါတယ်။ ဒါကြောင့် မြေအမျိုးအစားတွေဟာ မီးသင့်ကျောက်(Igneo-us Rock) တွေဖြစ်နေတယ်။ မီးတောင်ဒေသတစ်ခုရဲ့ မီးသင့်ကျောက်တွေနဲ့ ပတ်သက်လို့အတိတ်က အဖြစ်အပျက်တစ်ခုကို သတိရမိတယ်။ ၁၉၉၈ခုနှစ်ဟာ ကမ္ဘာပေါ်မှာ ရာစုနှစ်အတွင်း အပြင်းထန်ဆုံးလို့ သတ်မှတ်ရတဲ့အလွန်ပူပြင်းတဲ့ အယ်နီညိုနှစ်ဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့သမိုင်းမှာ ၁၉၉၇နဲ့၁၉၉၈ခုနှစ်တွေဟာ အပူချိန်စံချိန်တင်လောက်အောင်မြင့်တက်ခဲ့ပြီး မိုးရေချိန်လည်း စံချိန်တင်အောင်နည်းခဲ့တယ်။ တစ်ပြည်လုံးအပူဒဏ်ကို အလူးအလဲကျောကော့ခံခဲ့ကြရတဲ့ အလွန်ပူပြင်းခြောက်သွေ့တဲ့နှစ်ဖြစ်တယ်။ ဒါနဲ့၁၉၉၉ခုနှစ်ရဲ့နွေလတွေ(မတ်လ၊ ဧပြီလနဲ့မေလတွေ)ဟာလည်း အရှိန်မသေသေးဘဲ အလွန်ပူနေခဲ့ပါတယ်။ ဒါနဲ့ ၂၀၀၉ခုနှစ်မိုးဦးကျလည်းရောက်ရော ပြန်ကျမိုးလေးတစ်ချက်ရွာလိုက်တာမိုးတိမ်တောင်ဆိုတော့ ရေတော်တော်ပါသွားခဲ့တယ်။ အဲဒီမှာ ပုပ္ပားတောင်စောင်းကြီးရဲ့ ကျောင်းတွေ၊ ဈေးဆိုင်တွေရှိတဲ့ အခြမ်းကတောင်စောင်းကြီးဟာ အပိုင်းလိုက်ကြီးပဲ့ပြီး မြေသားနိမ့်ဆင်းကျသွားလိုက်တာ ဘုန်းကြီးကျောင်းတစ်ကျောင်းနဲ့ ဈေးဆိုင်နှစ်ဆိုင်၊ သုံးဆိုင်တောင်ပါသွားခဲ့တယ်။ ဒီအကြောင်းကျွန်တော်ကြားသိရတော့ အလွန်စိတ်ဝင်စားသွားခဲ့ပါတယ်။

စာမျက်နှာ(၃၂)သို့

# Education

7 DAY NEWS JOURNAL

Vol.12, No.33 • OCTOBER 23 , 2013




## ဗြိတိန် – မြန်မာအဆင့်မြင့်ပညာရေး ပူးပေါင်းဆောင်ရွက်မှုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

ဗြိတိန်-မြန်မာအဆင့်မြင့်ပညာရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် "မူဝါဒအား အသက်ဝင်စေ" ခြင်း (Turning Policy into Action) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ နှင့် ၂၉ ရက်တို့တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဗြိတိသျှကောင်စီ(မြန်မာ)၊ လန်ဒန်တက္ကသိုလ်နှင့် ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်များ၊ မြန်မာနိုင်ငံ၊ ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်၊ ကောလိပ်များမှတာဝန်ရှိသူများအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးအနာဂတ်ဦးတည်ချက်များအား ဗြိတိန်နှင့် အရှေ့တောင်အာရှဒေသအမြင်ဖြင့် လေ့လာသုံးသပ်ရန် ဦးတည်ချက်နှင့် လိုအပ်ချက်များအပေါ် အခြေခံ၍ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်သောနည်းလမ်းများဖြင့် အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှုကို အထောက်အပံ့ပေးရန်၊ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲရေးတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဗြိတိန်အစိုးရနှင့် အဆင့်မြင့်ပညာရေးနယ်ပယ်အနေဖြင့် ပိုမိုသိရှိနားလည်၍ အကူအညီပေးနိုင်ရန်၊ ဗြိတိန်နှင့်မြန်မာတက္ကသိုလ်များ ပူးပေါင်း၍ မြန်မာ့အဆင့်မြင့်ပညာရေးမြှင့်တင်မှုတွင်ပါဝင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အဆင့်မြင့်ပညာရေးအလုပ်ရုံ ဆွေးနွေးခြင်းဖြစ်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ)က သတင်းထုတ်ပြန်ထားသည်။

အထက်ပါဆွေးနွေးပွဲသည် မြန်မာအစိုးရ၏ လက်ရှိပညာရေးပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံတကာ၏ အကူအညီများအားကြိုဆိုနေမှုအပေါ် ဗြိတိန်နိုင်ငံရှိ အဆင့်မြင့်ပညာရေးနှင့် တက္ကသိုလ်များက အပြုသဘောဆောင်၍ တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)အတွက် ထောက်ပံ့ကူညီခြင်း၊ အဆင့်မြင့်ပညာရေး ဥပဒေရေးဆွဲမှုကော်မတီအတွက် ဗြိတိန်နိုင်ငံမှ အကြံပေးပုဂ္ဂိုလ်များဖိတ်ခေါ်ပေးခြင်း၊ ဗြိတိန်တက္ကသိုလ်များနှင့် မြန်မာတက္ကသိုလ်များပူးပေါင်းဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်း၊ လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီနှင့် အဆင့်မြင့်ပညာရေးမှ အကြီးအကဲများကို ဗြိတိန်နိုင်ငံရှိတက္ကသိုလ်များသို့လေ့လာရေးခရီးဖိတ်ခေါ်ခြင်းနှင့် ပြီးခဲ့သည့် ဇွန်လကနေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် အဆင့်မြင့်ပညာရေး မြှင့်တင်မှုဆိုင်ရာဆွေးနွေးပွဲတစ်ရပ် ဦးစီးကျင်းပပေးခဲ့ပြီး ဖြစ်သည်။

## ပညာရေးအပေါ် စိတ်အားထက်သန်မှုက မျှော်လင့်ချက်ကောင်းဖြစ်စေဟု ဗြိတိန်သံအမတ်ဆို

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၇**

မြန်မာနိုင်ငံရှိ နိမ့်ကျနေသောပညာရေးစနစ်အား လူအများက အာရုံစိုက်အလေးထားပြောဆိုနေခြင်းသည် ပြုပြင်ပြောင်းလဲရေးအတွက် မျှော်လင့်ချက်ကောင်းဖြစ်နေကြောင်း ဗြိတိန်သံအမတ် အင်ထရူးပက်ထရစ်ကပြောသည်။

လွန်ခဲ့သည့်လက အသစ်ရောက်ရှိလာသည့် ဗြိတိန်သံအမတ်သည်မြန်မာနိုင်ငံအလယ်ပိုင်းရှိမန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုမြို့နှင့် ယင်းအနီးတစ်ဝိုက်ရှိကျေးရွာများသို့သွားရောက်လေ့လာခဲ့ချိန်တွင် ဒေသခံပြည်သူများ၏ ပညာရေးအပေါ် စိတ်အားထက်သန်မှုကို မြင်တွေ့ခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဒေသသို့ သွားရောက်လေ့လာခွင့်ရရှိသဖြင့်ပြည်သူများ၏ ဆင်းရဲမွဲတေမှုကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသော်လည်း ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ လူအများ၏ စိတ်အားထက်သန်မှုများက မျှော်လင့်ချက်ကောင်းဖြစ်စေကြောင်း ဗြိတိန်သံအမတ်ကဆိုသည်။

"တကယ်သေချာသွားကြည့်တဲ့အခါမှာ လူတွေဘယ်လောက်ဆင်းရဲမွဲတေမှုကြားမှာနေရတယ်ဆိုတာမြင်ရတယ်။ ဒါပေမဲ့ အားရတဲ့နှစ်ချက်က လူတွေက အရမ်းလှိုက်လှိုက်လှဲလှဲကြိုဆိုကြတယ်။ ဒုတိယအချက်အနေနဲ့ လူအများစုက ပညာရေးကို အထူးအာရုံပြုပြီး ပြောဆိုကြပါတယ်။ ဒီမှာပညာရေးစနစ်နဲ့ပတ်သက်ပြီး အကြီးအကျယ်ပြဿနာရှိနေပါတယ်။ လူတွေကလည်း ပညာရေးကိုစိတ်အားထက်သန်မှုနဲ့ ပြောကြတော့ ဒါကိုပြုပြင်နိုင်မယ်ဆိုရင် တော်တော်လေးမျှော်လင့်ချက်ရှိနေပါတယ်"ဟု ဗြိတိန်သံအမတ်က ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောသည်။

ဗြိတိန်နိုင်ငံသည် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် မူဝါဒအသစ်များချမှတ်နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပြင်ပမှပညာရှင်များအား ပံ့ပိုးကူညီထောက်ပံ့မှုများဆောင်ရွက်လျက်ရှိသည်။ ထို့အပြင်ဗြိတိန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (UK Aid နှင့် Australian Aid) တို့သည် ပြည်တွင်းရှိ အဆင်းရဲဆုံးနှင့် ဝေးလံခေါင်ဖျားသောဒေသများရှိ ဘုန်းတော်ကြီးသင်ပညာရေးနှင့် ရပ်ရွာအခြေပြုပညာရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၂ သန်း ထောက်ပံ့ကူညီမည်ဖြစ်သည်။

ဗြိတိန်သံအမတ်သည် ပြည်တွင်းဒေသများသို့ လစဉ်ခရီးသွားရောက်၍ ကျေးလက်ဒေသရှိ လူမှုဘဝများကို လေ့လာသွားရန် စီစဉ်ထားပြီး သတင်းသမားများလည်း လိုက်ပါနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။








NAING GROUP TOWER II
mixed use condominium
ရန်ကုန်မြို့ရဲ့ နှလုံးသားနေရာ
ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်မြို့လယ် အချက်အချာကျသည့် နေရာတွင် အိမ်ခန်းရှာဖွေနေသူများ၊ ရုံးခန်းဖွင့်လှစ်လိုသူများ အတွက် စိတ်ကျေနပ်မှု အပြည့်အဝရရှိစေမည့် သက်စုံသုံး mixed use အဆင့်မြင့်ကွန်ဒို ဖြစ်ပါသည်။
ရန်ကုန်မြို့၏ အထင်ကရ Traders Hotel, Sakura Tower, ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဆူးလေစေတီ၊ မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံ တို့နှင့် လက်တစ်ကမ်းအကွာတွင် တည်ရှိပါသည်။
မြေအောက်ကားပါကင် (၄၄ - စီး)၊ တယ်လီဖုန်းလိုင်း၊ အင်တာနက်လိုင်း၊ (၂၄) နာရီ ကိုယ်ပိုင်မီး စသည့် ပံ့ပိုးမှုများအပြင် gymnasium, food court, function hall, restaurant, beauty salon များလည်း ထည့်သွင်းပေးထားပါသည်။
တစ်လွှာ - (၁) ခန်း၊ ၁လွှာ - (၄) ခန်း၊ ၁လွှာ - (၈) ခန်း ပုံစံဖြင့် ဖွဲ့စည်းထားသောကြောင့် မိမိနှင့် ကိုက်ညီ သင့်တော်သည့် အခန်းများကို နေအိမ်၊ ရုံးခန်းဘက်စုံ သုံးရန်အတွက် စိတ်ကြိုက် ရွေးချယ် နိုင်ပါသည်။
NAING GROUP CAPITAL
NAING GROUP
Unique Stable Advanced
09 5112136,09 73066635,09 43109582, 09 425011444, 09 425011555.09 8303463.
No.(72), Corner of U Wisara Road & Chin Twin Road, Kamayut Township, Yangon.
No.(77), 78th Street (Between 36th & 37th st), Maha Aung Myay Township, Mandalay.

# မလေးရှားသို့ အမျိုးသမီးစေလွှတ်မှု ဝန်ကြီးဌာန ခေတ္တဆိုင်းငံ့ထား

**အေးမြတ်သူ**

**ရန်ကုန်၊ အောက်တိုဘာ-၂၁**

မလေးရှားနိုင်ငံသို့ မြန်မာအမျိုးသမီး အလုပ်သမားစေလွှတ်မှုကို ဝန်ကြီးဌာနက ခေတ္တဆိုင်းငံ့ထားကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်မှုကို ဒုတိယအကြိမ်အဖြစ် ယခုလ ၃ ရက်က ပြန်လည်ခွင့်ပြုပေးခဲ့ပြီးနောက် စမတ်ကတ်ထုတ်ပေးပြီး စေလွှတ်ခဲ့သည့် အလုပ်သမားအရေအတွက်စာရင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။ ယခုအခါ မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင် အမျိုးသားများကိုသာ ခွင့်ပြုလျက်ရှိပြီး အမျိုးသမီးအလုပ်သမားစေလွှတ်ခွင့်ကို ခေတ္တယာယီရပ်ဆိုင်းထားကြောင်း သတင်းရရှိသည်။

"အမျိုးသမီးကိုတော့ ဂျိုဟိုးမှာဖြစ်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး အလုပ်သမားစေလွှတ်မှုကို ပိတ်ထားတယ်။ အခြေအနေစောင့်ကြည့်ပြီးမှသာ ပြန်ခွင့်ပြုမှာပေါ့" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ထို့အပြင် မလေးရှားနိုင်ငံ သို့ အလုပ်သမား စေလွှတ်ရာတွင် မလေးရှားနိုင်ငံရှိ ဂျိုဟိုးပြည်နယ်ဘက်သို့ လုပ်သားစေလွှတ်မှုကို မြန်မာအစိုးရဘက်က ယာယီပိတ်ပင်ထားကြောင်း သိရသည်။ ယခုအခါ အလုပ်သမားစေလွှတ်မှုတွင် မြန်မာအစိုးရအနေဖြင့် အေဂျင်စီများထံတွင် မလေးရှားအလုပ်ရှင်တို့ဘက်က အလုပ်သမားများနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ခုဖြစ်ပွားပါက တာဝန်ယူဖြေရှင်းပေးရမည်ဟု သဘောတူစာချုပ်လက်မှတ်ပါရှိမှသာ ခွင့်ပြုလျက်ရှိသည်။



*ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသည့် မြန်မာလုပ်သားများ* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယခုအောက်တိုဘာလ ၃ ရက်က ဂျိုဟိုးပြည်နယ်ရှိ စီနိုင်မြို့အတွင်း TDK လျှပ်စစ်စက်ရုံတွင် အလုပ် လုပ်ကိုင်လျက်ရှိသော မြန်မာအမျိုးသမီးတစ်ဦးကို မလေးရှားနိုင်ငံသားသုံးဦးက အဓမ္မပြုကျင့်ခဲ့ပြီးနောက် ရိုက်နှက်ခဲ့ကာ သချိုင်းကုန်းအနီးတွင် ပစ်ထားခဲ့မှုဖြစ်ပွားခဲ့သည်။

မလေးရှားနိုင်ငံအတွင်း မေလကုန်ပိုင်းက မြန်မာအလုပ်သမားများ အကြမ်းဖက်ခံရသဖြင့် ဇွန်လ ၁၃ ရက်က ပထမအကြိမ် လုပ်သားစေလွှတ်မှု ရပ်ဆိုင်းခဲ့ပြီးနောက် ဇူလိုင်လ ၂၉ ရက်တွင် ပြန်လည်ခွင့်ပြုပေးခဲ့သည်။ ထို့နောက် မလေးရှားအစိုးရက အထူးစီမံချက်ဖြင့် တရားမဝင်နေထိုင်သော နိုင်ငံခြားသား အလုပ်သမားများကို လိုက်လံဖမ်းဆီးရာ မြန်မာအလုပ်သမား ခြောက်ရာနှင့်အထက် ပါဝင်ခဲ့သောကြောင့် လုပ်သားခေါ်ယူမှုကို စက်တင်ဘာ ၄ ရက် ထပ်မံ၍ ရပ်ဆိုင်းခဲ့သည်။

ယခုအခါ အလုပ်သမား ဝန်ကြီးဌာနမှ အေဂျင်စီများဖြင့် ချိတ်ဆက်၍ မလေးရှားနိုင်ငံသို့ အလုပ်သမား မစေလွှတ်မီ ဝန်ကြီးဌာနမှ သင်ကြားပို့ချသော ရက်တိုလုပ်ငန်းခွင် အကြိုသင်တန်းအား အလုပ်သမားများအနေဖြင့် တက်ရောက်ပြီးမှသာ ခွင့်ပြုလျက်ရှိရာ အလုပ်သမား ခုနစ်ထောင်ကျော် သင်တန်း တက်ရောက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

Receptionist (F-1 Post)၊ ဘွဲ့ရ၊ အသက် (၂၅)နှစ်အောက်၊ ရုပ်ရည်သန့်ပြန့်၍ လူမှုဆက်ဆံရေး ကောင်းမွန်သူဖြစ်ရမည်။ Basic English Speaking & Basic Computer တတ်ကျွမ်းရမည်။ စကားပြောသွက်လက်ချက်ချာသူဖြစ်ရမည်။

**D.P.S Co.Ltd. No.165, 35th Street, (Middle) Kyauktada Tsp, Yangon.**

Ph: 01-204020

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Staff (ကျား/မ- ၃ ဦး)၊ အသက် ၁၉-၃၀ နှစ်အတွင်းဖြစ်ရမည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် C.V Form, ဓာတ်ပုံ(၁)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ အခြားသင်တန်းဆင်းလက်မှတ်များနှင့်အတူ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**The Garden of Light Magazine**

ဖုန်း-၀၉-၂၅၀၀၆၃၀၃၃

---

**ဝန်ထမ်းအလိုရှိသည်**

1. Architect F (2) Posts
2. Site Enginee(civit) M (2) Posts
3. Office Staff F (1) Post

PH:09 8620844

---

**ဝန်ထမ်းအလိုရှိသည်**

၁။ အထည်ညှပ်သမား (၂)ဦး

၂။ ကလေးဝတ်အထည်ချုပ်ရုံ (သို့) တစ်ဦးချင်းယူချုပ်လိုသူများ

၃။ အရောင်းဝန်ထမ်း မ (၂)ဦး

ပ-၂၁၁၊ မင်္ဂလာဈေး။

ဖုန်း-၀၉ ၇၃၀၄၃၁၅၈

---

**ဝန်ထမ်းအလိုရှိသည်**

Air Con ကျွမ်းကျင် (၃)ဦး

Helper (၅)ဦး

အလုပ်သင်ဝန်ထမ်း (၅)ဦး

အမှတ်(၂၆/၃)၊ အခန်း (၀၀၄)၊ သုမင်္ဂလာအိမ်ရာ၊ လေးဒေါင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်။

ဖုန်း-၀၉ ၅၁၈၇၁၃၂

---

**အလိုရှိသည်**

အလုပ်သင်စာရင်းကိုင် အလိုရှိသည်။ လစာ+ဘောနပ်ခံစားခွင့်ရှိသည်။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၄၂၁၁၁၅၃၃၁

---

**ဝန်ထမ်းအလိုရှိသည်**

Medical Officer (2) Posts

Assistant Medical Officer (6) Posts

**ရွှေဗဟိုဆေးရုံ။**

ဖုန်း-၀၁ ၅၄၄၀၉၀

---

**MGM Hotel**

1. Recepition (3) Posts
2. Driver (2) Posts
3. Housekeeping (5) Posts
4. Accounting (2) Posts

PH:09 5505811

---

**အမြန်အလိုရှိသည်**

ယာဉ်မောင်းတစ်ဦးအမြန်အလိုရှိသည်။ သုဝဏ္ဏမှ လေဆိပ်သို့ ဖယ်ရီ မောင်းရန် ညှိနှိုင်းလစာ။

ဖုန်း-၀၉ ၄၄၈၀ ၂၅၆၁၅

---

**ဝန်ထမ်းအလိုရှိသည်**

1. Operation Manager M (1) Post
2. Sales Engineer /Sales Executive (Govenment Tender) M/F (1) post
3. Service Engineer(Electrical) M (2) Posts
4. Service Engineer (Mechanical) M (2) Posts

PH: 01 6555593-94

---

**အမြန်အလိုရှိသည်**

မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ပေးနိုင်သော အငြိမ်းစားဝန်ထမ်းအလိုရှိသည်။ ရုံးတက်စရာမလိုပါ။

ဖုန်း-၀၉ ၅၀၁၈၃၂၉

---

**ဝန်ထမ်းအလိုရှိသည်**

Cashier ကျား(၃)ဦး၊ Waiter ကျား(၁၀)ဦး သန့်ရှင်းရေး ကျား (၃) ဦး၊ ဂိတ်ကြေးကောက်စာရေး မ (၅) ဦး၊ အကင်ဆရာ ကျား (၂) ဦး၊ ဓားကိုင် ကျား (၂) ဦး၊ အကြော်ဆရာ ကျား (၃) ဦး

ဖုန်း-၀၉ ၅၀၉၃၈၇၀

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းစာရေး ကျား/မ (၅) ဦး

ယာဉ်မောင်း (၂) ဦး

ဖုန်း-၀၉ ၇၃၁၉၈၂၆၆

---

**ဝန်ထမ်းအလိုရှိသည်**

စက်အင်ဂျင်ကျွမ်းကျင်စွာတပ်ဆင်တက်သော အင်ဂျင်နီယာ (၁) ဦးအလိုရှိသည်။

ဖုန်း-၀၉ ၄၃၀ ၂၅၄၀၄

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Exective F/M (3) Posts

Marketing Staff F/M (5) Posts

Distribution M (3) Posts

Driver M (3) Posts

PH: 01 710623

---

**ဝန်ထမ်းအလိုရှိသည်**

ဘွဲ့ရ၊ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်သော ကျား (၁) ဦး၊ အသက် ၃၀-၄၀၊ နှစ်ပတ်အတွင်း ဆက်သွယ်ရန်။

ဖုန်း-၀၉ ၂၅၀၁၄၁၄၇၁

---

**ဝန်ထမ်းအလိုရှိသည်**

ဆံပင်ညှပ်ကျွမ်းကျင်သူ ကျား/မ (၅) ဦး

ခေါင်းလျှော်ကျွမ်းကျင်သူ (၁၀) ဦး

လက်သည်းခြေသည်းပန်းချီဆွဲ ကျွမ်းကျင်သူ (၅) ဦး

ဖုန်း-၀၉ ၄၃၀၃၇၃၄၂

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း/ရုံးဝန်ထမ်း

လစာ+ Bonus

ဖုန်း-၀၉ ၇၃၀၀၁၇၅၀

---

**ဝန်ထမ်းအလိုရှိသည်**

Marketing M/F (5) Posts

Marketing Manager M (1) Post

Marketing Exective M/F (3) Posts

အမှတ်(၂၃)၊ ခြောက်လွှာ၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်။

ဖုန်း-၀၉ ၄၃၀၈၁၇၂၀

---

**ကန်တော်လေးအထူးကုဆေးခန်း**

Pharmacist F (3) Posts

Pharmacy Sales F (5) Posts

Office-Staff F (2) Posts

Cashier F (2) Posts

Nurse-Aid F (10) Posts

ဖုန်း-၀၁ ၃၈၄၀၄၂

---

**ဝန်ထမ်းအလိုရှိသည်**

1. Engineer M (2) Posts

လုပ်ငန်းအတွေ့အကြုံ ငါးနှစ်။

2. Office Staff F (2) Posts

DTP ကျွမ်းကျင်

3. Driver M (2) Posts

PH:09 420043155

---

**စာရင်းစစ်လုပ်ငန်း**

Assistant Auditor M/F (5) Posts

Computer Operator M/F (1) Post

Admin Staff F (5) Posts

Admin Assitance F (3) Posts

ကျွမ်းကျင်ယာဉ်မောင်း M (3) Posts

ဖုန်း-၀၁ ၆၆၃၉၀၁

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing Manager M/F (1)

Chief Auditor M/F (1)

Service Manager M (1)

Service Engineer M (2)

PH:01 389523

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် မ (၃) ဦး

စီးကွမ်းစ်ကျွမ်းကျင်သူ မ(၁) ဦး

လက်ချုပ် မ (၁) ဦး

Mademoiselle Fashion

ဖုန်း-၀၉ ၅၁၅၄၉၈၅

---

**အမြန်အလိုရှိသည်**

ယာဉ်မောင်း ကျား (၁) ဦး

၁၀ တန်းအောင်၊ လုပ်ငန်းအတွေ့အကြုံသုံးနှစ်နှင့်အထက်၊ အသက် ၂၅-၄၀။

ဖုန်း-၀၁ ၅၄၂၆၇၉

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Staffs M/F (2) Posts

Media Buyer M/F (2) Posts

Media Co-ordinator M/F (2) Posts

Event Planner M/F (1) Post

Asst Event Planner M/F (1) Post

Female Driver (1) Post

General Worker (1) Post

PH:01 516148

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Sale and Marketing Supervisor M/F (1)

Pharmancy Promotion girl F (5)

MEDI POWER Co.,Ltd

PH:09 421029861

---

**ဝန်ထမ်းအလိုရှိသည်**

Driver M (2) Posts

အသက် ၂၂-၅၀၊ အခြေခံပညာ အထက်တန်းအဆင့်၊ ယာဉ်မောင်းသက်တမ်း ၂နှစ်၊ အသောက်အစားကင်း၍ အကျင့်စာရိတ္တကောင်းမွန်သူ။

ဖုန်း-၀၁ ၅၂၁၂၆၄

---

**ဝန်ထမ်းအလိုရှိသည်**

Designer M/F (2) Posts

Sales and Marketing M/F (2) Posts

Accountant F (1) Post

လှိုင်မြင့်မိုရ်အိမ်ရာ၊ သုဇိတာလမ်း၊ တိုက် (၂၈)၊ အခန်း (၁၀)။

ဖုန်း-၀၉ ၈၆၂၁၂၈၃

---

**ဝန်ထမ်းအလိုရှိသည်**

ကျား(၄)ဦး

မ (၆) ဦး

မ (၁) ဦး

Computer Microsoft Word, Excel ကျွမ်းကျင်ရမည်။ အမှတ်စဉ် ၃ အတွက် English 4Skill ကျွမ်းကျင်ရမည်။

ဖုန်း-၀၁ ၃၉၁၅၃၉

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းစာရေး ကျား/မ (၅) ဦး

ယာဉ်မောင်း (၂) ဦး

ဖုန်း-၀၉ ၇၃၁၉၈၂၆၆

---

**ဝန်ထမ်းအလိုရှိသည်**

စက်အင်ဂျင်ကျွမ်းကျင်စွာတပ်ဆင်တက်သော အင်ဂျင်နီယာ (၁) ဦးအလိုရှိသည်။ ဖုန်း-၀၉ ၄၃၀ ၂၅၄၀၄

---

**အလိုရှိသည်**

ထိုင်းဘာသာစကား 4 Skills (2) Posts

ပြင်သစ်ဘာသာစကား 4 Skills (2) Posts

ဂျာမန်ဘာသာစကား 4 Skills (2) Posts

အင်္ဂလိပ်ဘာသာစကား 4 Skills (2) Posts

စုံစမ်းရန်-ဖုန်း-၀၉ ၅၀၅၈၉၃၄

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းစာရေး ကျား/မ (၅) ဦး

ယာဉ်မောင်း (၂) ဦး

ဖုန်း-၀၉ ၇၃၁၉၈၂၆၆

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

**Thukha Dana Company Limited .**

**(No. 84, 12th Street, Lanmadaw Township, Yangon. Email:info@thukhadana.com.mm)**

THUKHA DANA

## Career Opportunities

We are one of fast-growing Marketing & Distribution Company looking for young, energetic, resultoriented candidates for the following positions to become future leaders of the continuously progressive organization.

***for Business Development Department***

**Marketing Manager (1 Post: Male/Female)**

- Should possess bachelor degree/post-graduate/ or master degree (preferably degree holders in business/marketing management or other related fields in MBA/BBA/DMA)
- Minimum 4 years of experience in Pharmaceutical/FMCG categories
- Age above 28 Years
- Should have good knowledge of Brand, Advertising, Activations, A&P, and Merchandising and ability to handle project planning, implementation, and analysis
- Understand the available media options and consumer behavior patterns
- Possess excellent skills in MS Office (reporting, analysis, presentation), and good command of English language
- Able to travel when necessary

**Marketing Representatives (10 Posts: Male/Female)**

- Any Graduate (degree/diploma holder in related field: BM/BBA/DMA preferable)
- Age 23 years and above
- Minimum 3 years experience (in Pharmaceutical/FMCG)
- Should possess good knowledge of Sales, and Customer Relationship
- Should possess good Leadership skills, Interpersonal skills, Result-oriented abilities, Active and Energetic personalities
- Proper skills in English and MS Office is essential
- Able to travel when necessary

**Promotion & Merchandising Supervisor (2 Posts: Male/Female)**

- Any graduate (preferably in related field: BM/BBA/DMA)
- Age above 24 Years
- Minimum 3 years of experience in related fields
- Able to lead, organize, implement the assigned projects/operations together with the team
- Should possess good communication skills, interpersonal skills, negotiation skills, organizing skills
- Should possess skills in MS Office and proper English skills is an advantage
- Able to travel when necessary

**Merchandisers (10 Posts: Males)**

- Undergraduate/Graduate
- Minimum ONE year of experience in related field
- Age above 18 Years
- Decent personalities, Young, Active, Energetic, and Result-Oriented Candidates are welcomed with career path progress for marketing
- Should possess good moral character and good interpersonal skills
- Able to travel when necessary

***for Sales Department***

**Sales Supervisor (2 Posts: Male/Female)**

- Any Graduate (degree/diploma holder in related field: BM/BBA/DMA preferable)
- Age 25 years and above
- Minimum 3 years of experience in related field (Pharmaceutical/FMCG)
- Should possess excellent Customer Relationship, Organizing and Team-Leadership Skills
- Must have good experiences in distribution and channel sales operations and coordination
- Should possess good MS office skills, Reporting and Analysis
- Proper skills in English is an advantage
- Able to travel when necessary

**Sales Representatives (10 Posts: Male/Female)**

- Any Graduate (degree/diploma holder in related field: BM/BBA/DMA preferable)
- Age 18 Years and above
- Minimum ONE year of experience in relating field (Pharmaceutical/FMCG)
- Should possess good knowledge of Sales, and Customer Relationship
- Should possess Good Interpersonal Skills, Result-Oriented Abilities, Active and Energetic Personalities
- Proper skills in English and MS Office is advantage (but not in priority)
- Able to travel when necessary

***for Administrative Department***

**HR Executive (2 Posts: Male/Female)**

- Any Graduate (degree/diploma in related field: MBA/BM/BBA/DMA preferable)
- Age 30 years and Above
- Minimum 3 years of experience in HR management is most preferable
- Should understand HR management concepts, practices, and tools
- Able to plan and manage/execute in multi-task and multiple dealing working environment
- Should possess result-oriented, organization, and leadership skills
- Possess good MS Office skills and good command of English
- Able to travel when necessary

***for Operation Department***

**Computer Operator (4 Posts : Male/Female)**

- Any Graduate (degree/diploma in related field is preferable)
- Age 18 years and Above
- Minimum ONE year of experience in related field
- Knowledge on computer operating systems, applications and networking is essential
- Should possess a pleasant personality, strong communication and cooperation skills
- A good command of written language in both English and Myanmar is preferable
- Able to travel when necessary

**Computer Technician (3 Posts: Male)**

- Any Graduate (degree/diploma in related field is preferable)
- Age 23 years and Above
- Minimum ONE year of experience in related field
- Knowledge and experience in maintaining and repairing computer operating systems (Microsoft/Macintosh), applications and networking is essential
- Should possess a pleasant personality, strong communication and cooperation skills
- A good command in English is preferable
- Able to travel when necessary

**Driver (10 Posts: Male)**

- Age 23 years and Above
- Minimum ONE year of experience in related post
- Good Knowledge of Yangon City is preferable
- Should possess a pleasant personality, good communication and cooperation skills
- Must be able to work overtime
- Able to travel when necessary

**Delivery/Dispatch (5 Posts: Male)**

- Undergraduate/Graduate
- Age 20 years and Above
- Should possess a pleasant personality, strong communication and cooperation skills
- Must be able to work overtime
- Able to travel when necessary

***for Finance Department***

**Cash Collector/Cashier (10 Posts: Male/Female)**

- Undergraduate/Graduate
- Age 18 years and Above
- Should possess a pleasant personality, strong moral character, strong communication and cooperation skills
- Must be able to work overtime
- Able to travel when necessary

**Financial Controller (1 Post: Male/Female)**

- Should possess a degree/diploma from CPA, ACCA
- Minimum 4 years of experience in related post
- Age 35 and above
- Should have a good knowledge in MySoft MIP System, SAP System or any other accounting applications
- Must be result-oriented and good with deadlines
- Should posses a strong moral character, good in organizing, communication, and cooperation skills
- A strong command in English is an advantage
- Able to travel when necessary

***for Logistics Department***

**Logistics Coordinator (2 Posts: Male/Female)**

- Age 25 years and Above
- Minimum 2 years of experience in related field
- Should have a good understanding on Importation Policies and Procedures adapted by the Ministry of Commerce and Trade and the Custom Department
- Should possess a pleasant personality, strong moral character, strong communication, negotiation and cooperation skills
- Must be able to work overtime and good with deadlines
- Proper English skills is an advantage
- Able to travel when necessary

Interested candidates shall submit your CV with a recent color photo, labor registration card, copy of NRC, and relevant supporting documents to the above address within 14 days from the date of this advertisement.

7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

စာမျက်နှာ(၂၅)မှ

## မြန်မာသတင်းစာဆရာကြီးများ၏ စိတ်ဓာတ်နှင့်ခံယူချက်

ဦးပုကလေးသည် မျိုးချစ်စိတ် လွန်စွာပြင်းပြသူတစ်ဦး ဖြစ်ပြီးနောင်အခါ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲသတင်းထောက်အဖြစ်ဆောင်ရွက်ခဲ့သည်။ ပညာအလင်းသတင်းစာမှနေ၍ ဗြိတိသျှအစိုးရကို အန်တုရေးလေသောအခါ သတင်းစာဒဏ်ငွေတပ်ရိုက်ခံရရုံမက ကိုယ်တိုင်လည်း ထောင်နန်းစံရရှာသည်။ ဝေလမင်းသား မြန်မာပြည်လာရောက်လည်ပတ်၍ ပြန်သောအခါ အလွမ်းသယ်နေကြသော မြန်မာများကိုကြည့်မရသဖြင့် 'ဝေလမင်းသားနှင့် ရတနာဒီပံဆေးဖယောင်းတိုင်'ဟူ၍ ဆောင်းပါးရေးသားခဲ့ရာ အာဏာပိုင်များက အိန္ဒိယရာဇသတ်ပုဒ်မ ၂၉၂(ကိုလေသာညစ်ညမ်းမှု)ဖြင့်တရားစွဲ၏။ အမှုတွင် သက်သေအတွက် ပါဠိဆရာဖေဆိုသည့် ပုဂ္ဂိုလ်အားမေးမြန်းရာတွင် "ရတနာဒီပံဖယောင်းတိုင်ဆိုတာ ယောက်ျားအင်္ဂါဇာတ်ကို ဆိုလိုတယ်မဟုတ်လား"ဟူ၍ပင် ထည့်သွင်းမေးမြန်းခံရသည်။ ထိုအမှုနှင့်ပင်ဦးပုကလေး ထောင်နှစ်လချမှတ်ခံရသည်။ ဦးပုကလေးသည် ထောင်မှထွက်သောအခါ ဝိုင်းဝန်းဂုဏ်ပြုခံရပြီး သတင်းစာအလုပ်ကိုဆက်လက်လုပ်ဆောင်ခဲ့သည်။ ဦးထွန်းဖေသည်ကား တစ်မူထူးခြားသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဖဆပလအစိုးရက သတင်းစာဆရာတစ်ဦးဦးကို ပြန်ကြားရေးဝန်ကြီးရာထူးခန့်အပ်ရန်အကြံရလေသောအခါဦးအောင်မြင်နှင့်ဦးထွန်းဖေကိုရွေးကြ၏။ ဦးအောင်မြင်က ရာထူးကို ငြင်းပယ်ခဲ့ပြီး ဦးထွန်းဖေက လက်ခံခဲ့သည်။ သတင်းစာအလုပ်ဆိုသည်မှာ လွတ်လပ်လေကောင်းလေဖြစ်၍ ပြန်ကြားရေးဝန်ကြီးဘဝ၌ ဦးထွန်းဖေမပျော်ပိုက်။ ဝန်ကြီးချုပ်ဦးနုနှင့် မကြာခဏနောင်ဂျိန်ချရ၏။ ဦးနုက ဦးထွန်းဖေကိုပြန်ကြားရေးဝန်ကြီးအဖြစ် ကြာကြာမထားလိုဘဲ ယဉ်ကျေးမှုသို့ပြောင်းရွှေ့ပြန်သောအခါ ရာထူးမှနုတ်ထွက်ပြီး **ထွန်းနေ့စဉ်** ပုဂ္ဂလိကသတင်းစာကို ထူထောင်၏။

သတင်းစာမှနေ၍ မတော်မတဲ့ဖြစ်နေသော အစိုးရ၏ လုပ်ရပ်တို့ကို ဝေဖန်၏။ ထောက်ပြ၏။ ချဲ၏။ **အစိုးရအဖွဲ့မှ ဘာကြောင့်ကျွန်တော်နုတ်ထွက်ရသလဲ**ဟု သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကာ စာတမ်းကို ဖတ်ကြားသည်။ ထို့နောက်ပထစအစိုးရခေတ်တွင် ဦးနုကနိုင်ငံတော်ဘာသာကိစ္စရွှေ့တန်းတင်သောအခါ ဦးထွန်းဖေသည် သတင်းစာမှနေ၍ပြင်းပြင်းထန်ထန်ဝေဖန်ရေးသားသည်။ ထိုသို့ ရဲရဲဝေဖန်ရေးသားဝံ့၍ ၁၉၆၁ ဒီဇင်ဘာ ၁ရက်တွင် ပုဒ်မ ၅ဖြင့်အဖမ်းခံရပြီး ရန်ကုန်ထောင်ကြီးထဲ ရောက်သွားသည်။ ဂုဏ်ကျက်သရေရှိသော သတင်းစာသမား၏ ခံယူချက်ဖြင့် ဝန်ကြီးတစ်ဖြစ်လဲဘဝမှသတင်းစာဆရာဘဝတွင် ထောင်ထဲ၌ နေခဲ့သည်။ ခံယူချက်တစ်ကြိမ်လွဲမှားပြီးဖြစ်၍ နောက်တစ်ကြိမ်အမှားအယွင်းမခံနိုင်၊ ဂုဏ်သိက္ခာအစွန်းထင်းမခံနိုင်၊ ဦးထွန်းဖေသည် ထောင်ထဲ၌ ၂နှစ် နှင့် ၂လတိတိ နေခဲ့ရသည်။

အခြားစံထားဖွယ်ရာပုဂ္ဂိုလ်များထဲတွင် မန္တလေးမှသူရိယဦးထွန်းရင်နှင့် တိုင်းချစ်ဦးသိန်းဖေတို့လည်းပါဝင်၏။ မန္တလေးသူရိယဦးထွန်းရင်၏ သတင်းစာအပေါ်ထားရှိသည့်စိတ်ဓာတ်ကားပြင်းလှသည်။ ၁၉၄၂ဧပြီ ၃ရက်တွင် ဂျပန်လေယာဉ်များ မန္တလေးမြို့ကို သိမ့်သိမ့်တုန်အောင်ဗုံးမိုးရွာရာ၌ မန္တလေးသူရိယသတင်းစာတိုက်ကြီး မီးဟုန်းဟုန်းလောင်ကျွမ်းခံရသော်လည်း နောက်တစ်နေ့တွင် **မန္တလေးမြို့ကိုမနေ့က ဗုံးကြဲခံရခြင်း** ခေါင်းကြီးနှင့် နောက်ဆုံးရစစ်ရေးအခြေအနေများကို စစ်ပြေးဒုက္ခသည်များ ဖတ်ရှုနိုင်အောင်သတင်းစာထွက်ရှိရေးကြိုးပမ်းခဲ့ခြင်း၊ ဖက်ဆစ်ဂျပန်ကင်ပေတိုင်တို့၏ ဖမ်းဆီးညှဉ်းပန်းမှုခံရကာ အကျဉ်းကျနေစဉ်အတွင်း သတင်းစာမရပ်နားရလေအောင် တွန်းအားပေးဆောင်ရွက်ခဲ့သော **တိုင်းချစ်ဦးသိန်းဖေ** တို့၏ သတင်းစာအပေါ် ထားရှိသည့် စိတ်ဓာတ်နှင့် လုပ်ရပ်မှာ စံပြုဖွယ်ရာပင်ဖြစ်၏။ ထို့ပြင်ခြောက်လလုံးလုံးသတင်းစာမအောင်မြင်သေးသရွေ့ လစာမယူခဲ့သော **ပြည်ထောင်စု** သတင်းစာအယ်ဒီတာချုပ်ဦးသန်းတင်(ခုဝံ)၊ လျှပ်စစ်မီးမရှိအောက်လင်းမီးကြီးထွန်းကာ ခနော်ခနဲ့တဲအိုပျက်ထဲမှ သတင်းစာမှန်မှန်ထွက်ရှိလေအောင် ကြိုးပမ်းခဲ့သော သတင်းစာဆရာ၊ စာရေးဆရာဗန်းမော်တင်အောင်တို့၏ သတင်းစာအပေါ် ထားရှိသည့် စိတ်ဓာတ်မှာ ရှာမှရှားပါသည်။

သတင်းစာဆရာမကြီး ဒေါ်ခင်မျိုးချစ်က သတင်းစာသမားတစ်ဦးထားရှိအပ်သောစိတ်ဓာတ်နှင့် ခံယူချက်ကို. . . **သတင်းစာအလုပ်ကို လုပ်လိုသူတို့သည် အပျော်အတွက်လည်းမဟုတ်၊ ကျော်စောမှု၊ ဥစ္စာပစ္စည်းရလိုမှုကိုလည်း မရည်ရွယ်ဘဲ ဤအလုပ် လုပ်ခြင်းအားဖြင့် မိမိ၏ပညာအရည်အချင်းကို တိုးတက်နိုင်သည်။ အလုပ်၌လည်းမွေ့လျော်သည်။ ကမ္ဘာကြီးရှိ လူတို့၏ကောင်းရာကောင်းကြောင်းကိုလည်း တစ်စိတ်တစ်ဒေသပါအောင် ဆောင်ရွက်နိုင်သည်ဟူသော စိတ်ဓာတ်ဖြင့်သာ လုပ်အပ်ပေသည်**ဟု ရှင်းလင်းရေးသားခဲ့ပါသည်။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,000 |
| Galaxy S Advance | 239,000 |
| Galaxy Express | 265,000 |
| Galaxy Grand(GSM) | 308,000 |
| Galaxy S3 | 415,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 580,000 |
| Galaxy Mega 5.8 | 375,000 |
| Galaxy Note II | 720,000 |
| Galaxy Tab3 7" | 337,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 820,000 |
| iPhone 5 (32 GB) | 785,000 |
| iPhone 5 (16 GB) | 680,000 |
| iPhone 5c(16 GB) | 670,000 |
| iPhone 5s (16 GB) | 980,000 |

### Sony

| Model | Price |
|---|---|
| Xperia Z | 480,000 |
| Xperia J | 175,000 |
| Xperia P | 230,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 990,000 |
| G 510 | 120,000 |
| C 8813D | 135,000 |
| G 520 | 125,000 |
| G 610s | 149,000 |
| G 700 | 225,000 |
| Ascend P6 | 350,000 |
| C 8813 (CDMA) | 115,000 |
| G 610c (CDMA) | 185,000 |
| Y 300c (CDMA) | 102,000 |

အောက်တိုဘာ(၁၉)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 445,000 |
| Panasonic(LCD) | 32SC4S | 285,000 |
| Sony (LED) | 32EX33 | 365,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Samsung | 19PTIX | 190,000 |
| Hitachi | 190W | 255,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 195,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 275,000 |
| Mitsubishi | 1.0HP(Heavy) | 235,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁၉)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၀၂၅ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁၉)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၉၀၀-၇၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁၁၀၀-၁၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

အောက်တိုဘာ(၁၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Oct (16) | 814 | 920 | 920 | 930 |
| Oct (17) | 814 | 920 | 920 | 930 |
| Oct(18) | 814 | 920 | 920 | 930 |
| Oct(19) | 814 | 920 | 920 | 930 |
| Oct(21) | 814 | 920 | 920 | 930 |
| Oct(21) | 814 | 920 | 920 | 930 |
| Oct(22) | 814 | 920 | 920 | 930 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500 HDD, 2GB VGA, 14" | 517,900 |
| Intel Core i51.7GHz,4GBDDR3,1TBSATA HDD,2GBVGA ,15.6" | 687,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 1 TB HDD, 15.6" | 833,000 |
| Intel Core i7 2.3 GHz, 8 GB DDR3, 1TB HDD,2GB VGA,15.6" | 988,000 |
| **HP** | |
| Intel Core i3 1.4 GHz, 2 GB DDR3, 500GB HDD, HD, 14" | 426,800 |
| Intel Core i5 1.7 GHz, 6 GB DDR3, 640 GB HDD, HD, 15.6" | 664,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 750 GB HHD, HD, 14" | 766,000 |
| Intel Core i7 2.4 GHz, 6 GB DDR3, 750 GB HDD ,15.6" | 1,018,000 |
| **Asus** | |
| Intel Core i3 1.8 GHz, 4GB DDR3, 500 GB, 14" | 484,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500 GB HDD, HD,14" | 600,400 |
| Intel Core i51.7 GHz,6GB DDR3,500GBHDD+24GSSD,HD,14" | 759,000 |
| Intel Core i7 2.0 GHz, 4GB DDR3, 750GB HDD,14" | 872,000 |

7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# “နောက်ထပ်ဝမ်းနည်းစရာအဖြစ်မျိုး မဖြစ်ရအောင် တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားပါမယ်”

## ဖဒိုမန်းငြိမ်းမောင်နှင့် တွေ့ဆုံခြင်း



**အောင်သူရ**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံ အနှံ့တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကာ ယင်းဖောက်ခွဲမှုတွင် အဓိကတာဝန်ရှိသူနေတိုး(ခ) စောရွှေတိုးမှာ KNU တပ်မဟာ (၅)နယ်မြေရှိ မြို့နယ်အဆင့် စီးပွားရေးတာဝန်ခံဖြစ်ကြောင်း KNU က အတည်ပြုလိုက်သည်။

ထို့ကြောင့်ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့် ကာကွယ်ရေးဝန်ကြီးအပါအဝင် ဗဟိုအလုပ်အမှုဆောင်များသည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊ ဦးစိုးသိန်းနှင့်တပ်မတော်မှ ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဗိုလ်ချုပ်ကျော်ဆွေတို့နှင့် လာရောက်တွေ့ဆုံခဲ့သည်။ ထို့အပြင် ဖမ်းဆီးခံရသူများနှင့် လေးနာရီနီးပါးကြာ တွေ့ခွင့်ရပြီးနောက် အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ဖမ်းဆီးရမိသူများနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သော ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင် ဖဒိုမန်းငြိမ်းမောင်အား ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ကရင်အမျိုးသားအစည်းအရုံး (KNU)က တာဝန်ရှိတဲ့လူတွေအနေနဲ့ ဗုံးပေါက်ကွဲမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဖမ်းဆီးခံထားရသူတွေနဲ့ တွေ့ဆုံမေးမြန်းခွင့် ရတယ်ဆိုတော့ သူတို့က ဘာများပြောကြားခဲ့ပါလဲ။**

သူလုပ်ခဲ့တဲ့အတိုင်း ရိုးရိုးသားသားဝန်ခံတယ်။ သူ့အလုပ်ရှင်ရဲ့ဩဇာကို မလွန်ဆန်နိုင်လို့ လုပ်တဲ့သဘောရှိတယ်လေ။ မြဖူးကုမ္ပဏီက အလုပ်သမားလေ။ မြဖူးကုမ္ပဏီက အလုပ်သမားဆိုတော့ အဲဒီအိမ်မှာလည်းနေတယ်။ ကိုယ့်အိမ်က အလုပ်သမားကို ကိုယ်ခိုင်းတဲ့သဘောပါ။ အိမ်က အလုပ်သမားကိုခိုင်းသလို ခိုင်းတာပါ။ လမ်းစရိတ်ပဲ ငွေငါးသိန်း(ကျပ်) ပေးတယ်လေ။ သူတို့ပြောတာတော့ စီးပွားရေးကိစ္စကို အကြောင်းပြတာပေါ့။ သူ့ကို ဒီလိုသင်ပေးလိုက်တာပေါ့။ ဒီလိုဗုံးခွဲမှ တရုတ်တွေဘာတွေ ရင်းနှီးမြှုပ်နှံမှုမဝင်ရဲမှာ။ ဒါကို ကျွန်တော်သုံးသပ်လိုက်တော့ ဒါကအပေါ်ယံကိစ္စပဲ။ ရည်ရွယ်ချက်ကိုတော့ ဒီကလေးနားလည်နိုင်တဲ့ အဆင့်မရှိဘူး။ နိုင်ငံရေးစကားတောင် မပြောတတ်ဘူး။

**ဒါဆိုရင်ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်လို့ ဖထီးတို့ သုံးသပ်ပါသလဲ။**

ကျွန်တော်တို့သုံးသပ်မှုက နောက်ကွယ်မှာ ရည်ရွယ်ချက်ရှိတယ်။ သူကတော့ သူလုပ်တဲ့ ဖြစ်စဉ်ပဲပြောပြတယ်။ အာနန္ဒာဘုရားတို့၊ ကောင်းမှုတော်ဘုရားတို့ သွားလေ့လာတာကို ပေါ်အောင် မေးကြည့်တော့ သူ့မှာအိတ်တစ်လုံးပါတယ်။ ဘယ်တော့မှမချဘူး။ ကားရပ်ရင်လည်း မဆင်းဘူး။ တော်တော်လေးကြာမှ သူကဆင်းတယ်။ သူအရေးကြီးတဲ့ ပြုမူလှုပ်ရှားမှုဆိုရင် သူ့ကို ကားမောင်းပို့တဲ့လူကို တစ်နေရာ သွားခိုင်းတယ်။ စစ်ကိုင်းတောင်ရိုးသွားတယ်။ ကောင်းမှုတော်တို့၊ ဆွမ်းဦးပုညရှင်တို့သွားတဲ့အချိန်လဲ ဒီအတိုင်းပဲ။ သူ့အမှုအရာက ပေါ်သွားပြီလေ။ ဒေသန္တရဗဟုသုတအတွက် သွားတာမဟုတ်ဘူး။ အခု သူသုံးမယ့် ဗုံးတွေက လေးနာရီခံတာရှိတယ်။ ခြောက်နာရီခံတာရှိတယ်။ ရှစ်နာရီ၊ ၂၄ နာရီ၊ ၄၈ နာရီ။ သူ့ပလတ်ထဲထိုးထည့်ရုံပဲ။ အရင်တုန်းကလိုမခက်ဘူး။ နည်းပညာကမြင့်တယ်လေ။ အခြေအနေပေးရင် ချိတ်ထားရုံပဲလေ။ ကျွန်တော်တို့ အဲဒီအစ ရကတည်းက ပေါ်အောင်မေးတယ်လေ။ သွားတဲ့လူက ဗုဒ္ဓဘာသာတစ်ယောက်မဟုတ်ဘူး။ တကယ်ကမ္ဘာလှည့်ခရီးသွားတွေများတဲ့ ပုဂံလိုနေရာမျိုးမှာ ခရီးသွားတွေလန့်သွားအောင်လုပ်မယ်၊ တိုင်းပြည်လန့်သွားအောင် လုပ်မယ်၊ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာထိခိုက်အောင်လုပ်မယ်ဆိုတော့နိုင်ငံရေးရည်ရွယ်ချက်က တော်တော်ကြီးကြီးမားမားရှိသွားပြီ။ ရည်ရွယ်ချက်နဲ့ ပြုမူလှုပ်ရှားတယ်ဆိုတာပေါ်တယ်။ အဲဒါကြောင့် ဒါကိုပြောရဲတာလေ။ အာနန္ဒာကျတော့ လိုဏ်ဘုရား။ အများကြီးလုပ်လို့ကောင်းတယ်။ တကယ်လို့သာကြီးမားတဲ့ ပေါက်ကွဲမှုဆိုရင် ဘုရားကြီးပြိုကျသွားမှာ။ ဘုရားပြိုကျသွားရင် ဗုဒ္ဓဘာသာတစ်ရပ်လုံးရင်ထုမနာဖြစ်ပြီလေ။ ဘာပဲဖြစ်ဖြစ် ဒါသထွက်ပြီးတော့ မွတ်ဆလင်ဘာသာဝင်တွေပဲတန်းမြင်မှာပဲ။ ကောင်လေးကို ရွှေတိဂုံဘုရားကို ခွဲခိုင်းတယ်လေ၊ လုပ်တဲ့သူကသူကိုယ်တိုင်လုပ်ရင်ခွဲဖြစ်မှာပေါ့။ ကောင်လေးက မလုပ်ရဲလို့။ အီဒ်နေ့ကို ပစ်မှတ်ထားတယ်လေ။ အရပ်သားစကားနဲ့ ပြောရင်တော့ ခဲတစ်လုံးထဲနဲ့ငှက်နှစ်ကောင်ကိုပစ်တာလေ။ မွတ်ဆလင်ဘာသာဝင်တွေကိုဗုဒ္ဓဘာသာဝင်တွေက မုန်းတီးပြီးသားဖြစ်သွားပြီလေ။ ဆီးဂိမ်းကလည်း မကြာခင်လာတော့မယ်လေ။ အာဆီယံဥက္ကဋ္ဌလည်းဖြစ်မယ်။ ဒီတိုင်းပြည်က တည်ငြိမ်မှုမရှိဘူး၊ လုံခြုံမှုမရှိဘူးကိုပြချင်တာ။ နိုင်ငံရေးရည်ရွယ်ချက်ဆိုတာဒါကိုဆိုလိုတာလေ။ နောက်တစ်ခုက ငြိမ်းချမ်းရေး ပျက်စီးအောင်၊ တိုင်းရင်းသားတွေနဲ့သံသယပိုကြီးထွားအောင်၊ ယုံကြည်မှုပျက်ပြားအောင် လုပ်တာ။

နောက်တစ်ခုကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်အောင်လုပ်တာပဲ။ မနေ့က ကျွန်တော် သတင်းစာ ရှင်းလင်းပွဲ လုပ်ပြီးပြီ။ KNU ပေါ်လစီမှာကိုက ကွန်ဂရက်မှာကိုက ငြိမ်းချမ်းရေး တည်ဆောက်မယ်၊ အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးဖြေရှင်းမှု။ ဒါက ကျွန်တော်တို့ ကွန်ဂရက်က ချထားတဲ့နိုင်ငံရေးသဘောထား။ ဒါကြောင့် ကျွန်တော် ရဲရဲကြီးပြောရဲတယ်။ KNU က ဒါမျိုးလုပ်ဖို့လုံးဝသဘောထားမရှိဘူး။ ဒါမျိုးဖြစ်မှာတောင် ကျွန်တော်တို့ စိုးရိမ်တယ်။ ကျွန်တော်တို့ပဲ အထင်ခံရမယ်လေ။ သမိုင်းအစဉ်အဆက် ထစ်ခနဲဆို ကျွန်တော်တို့ကို တံဆိပ်ကပ်ခဲ့တဲ့ အစဉ်အလာရှိတယ်လေ။ အစဉ်အလာရှိတော့ ဒီအချိန်မှာ ဒါမျိုးဖြစ်မှာ စိုးရိမ်နေတယ်။ လုပ်ဖို့သဘောထားကိုမပြောနဲ့ ပေါ်လစီကို ကစားပွဲပေါ်မှာ ဖြေရှင်းမယ်၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းမယ်၊ တွေ့ဆုံဆွေးနွေးရေး လုပ်ရမယ်၊ ငြိမ်းချမ်းရေး တည်ဆောက်မယ်။

**ဖမ်းဆီးရမိသူတွေနဲ့ လွတ်မြောက်နေတဲ့ နေတိုးတို့က KNU နဲ့ ဘယ်လိုပတ်သက်မှုရှိလဲ။**

ကျွန်တော်တို့နယ်ထဲမှာ စီးပွားရေး သွားလုပ်နေတဲ့သူတွေပေါ့။ ဉပမာ မြဖူးကုမ္ပဏီက မြဖူးနဲ့ တွေ့ခဲ့တယ်။ သူကတော့ စီးပွားရေးသမားပဲ။ လူရည်လည်တယ်။ နောက်ပြီးတော့ ကားမောင်းပို့တဲ့လူကတော့ သူဌေးကခိုင်းတော့ ကားမောင်းပို့ရတာပေါ့။ ကားမောင်းပို့တဲ့လူက ခေတ်ပညာတတ်။ သူကတော့ အရိုးခံပါ။ သူဘာမှမသိဘူး။ ပူးပေါင်းကြံစည်တဲ့အထဲမှာ သူမပါဘူး။ ရွှေဖူးကုမ္ပဏီက ရွှေလုပ်တာ အမြတ်မရှိဘူး။ ရှုံးနေတယ်။ သူလည်း စိတ်မဝင်စားဘူးလို့ပြောတယ်။ သူလုပ်တာ သုံးနှစ်လောက်ရှိပြီ။ တပ်မဟာ ၅ နယ်မြေမှာ သူ ရွှေတူးတယ်။ စောနေတိုးက ကျွန်တော်တို့ရဲ့ စီးပွားရေးတာဝန်ခံမဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ စီးပွားရေးတာဝန်ခံက ဗဟိုမှာဆိုရင် စောတာတိုမှူးလို့ ခေါ်တယ်။ စီးပွားရေးတာဝန်ခံ ဗဟိုအလုပ်အမှုဆောင်။ နေတိုးက အာဏာပိုင်တွေပြောမှသိတာ။ ကျွန်တော်တို့လည်း အရင်တုန်းက မသိဘူး။ ခရိုင်အဆင့်တောင် မဟုတ်ပါဘူး။ မြို့နယ်အဆင့်တောင် ပီပီပြင်ပြင်မရှိပါဘူး။ အောက်ခြေပေါ့ဗျာ။ အောက်ခြေအဆင့်အစိတ်အပိုင်း တစ်ခုပါပဲ။ တကယ်လုပ်တဲ့ ကလေးက ကုန်သည်ကြီးများ ဟိုတယ်မှာလုပ်တုန်းကခိုင်းတဲ့လူက ခုတင်အောက်မှာ ကပ်ခိုင်းတာ။ ခုတင်အောက်ကို ကပ်ခိုင်းတဲ့အခါကျတော့ သူက စဉ်းစားတယ်။ ခုတင်အောက်ကို ကပ်ရင် လူသေတော့မှာပဲဆိုပြီး ရေချိုးခန်းထဲက မျက်နှာသစ်တဲ့ခွက်အောက်မှာ သွားချိတ်ထားတာ။ ခုတင်အောက်ဆိုကျိန်းသေပေါက်လူသေတယ်။ ကောင်လေးက အသိတရားတော့ရှိတယ်။

**အစိုးရနဲ့ငြိမ်းချမ်းရေးဆောင်ရွက်တဲ့အခါ လက်ရှိ ဒုတိယစစ်ဦးစီးချုပ်ဖြစ်တဲ့ တပ်မဟာ ၅ ရဲ့ အကြီးအကဲက ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဗဟိုနဲ့ သဘောထားကွဲလဲမှု ရှိတယ်လို့ ငြိမ်းချမ်းရေး အကျိုးဆောင်တွေက သုံးသပ်ကြတာရှိတယ်။ နောက် ဒီဖြစ်စဉ်ကလည်း တပ်မဟာ (၅) နယ်မြေထဲက လူတွေဖြစ်နေတော့ ဒါနဲ့ပတ်သက်ပြီး ဖထီးတို့ ဘာများ ပြောချင်ပါသလဲ။**

တစ်စိတ်တစ်ပိုင်း ဟုတ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၂ ခုနှစ် လက်မှတ်ထိုးတုန်းက တပ်မဟာ (၅)က မထိုးဘူးလေ။ မထိုးဘူးဆိုတော့မယုံကြည်တဲ့အထဲမှာပါတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ပြောတာက အပြုသဘောနဲ့ ပြောတာပါ။ အဖွဲ့အစည်းဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လေ။ သူတို့ကို သဘောပေါက်အောင်၊ နားလည်အောင် စည်းရုံးဖို့ကျွန်တော်တို့မှာ တာဝန်ရှိတယ်လေ။ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေပဲ။ ရန်သူမှမဟုတ်တာ။

**အရင်တုန်းကတော့အခုလိုပေါက်ကွဲမှုတွေဖြစ်ရင် အစိုးရက KNU ကို လွှဲချတာများတယ်။ အခုကျတော့ အဲဒီလိုမဟုတ်ဘဲ KNU က ဖမ်းဆီးခံထားရတဲ့လူတွေနဲ့ လာတွေ့တယ်၊ နောက်ပြီး သတင်းစာရှင်းလင်းပွဲ လုပ်တယ်ဆိုတော့ ဒီပြောင်းလဲမှုအပေါ်ကိုလည်း ဖထီးသုံးသပ်ပေးပါဦး။**

ကျွန်တော်တို့က အရင်တုန်းက စစ်မြေပြင်မှာ စာရင်းရှင်းတာလေ။ စစ်မြေပြင်မှာ စာရင်းရှင်းတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် တွေ့ရင် ဦးတဲ့လူက ပစ်ရတဲ့အခြေအနေလေ။ အခုက စားပွဲဝိုင်းမှာ ရှင်းနေပြီ။ စားပွဲဝိုင်းမှာ ရှင်းနေပြီဆိုတော့ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်နေတဲ့ နိုင်ငံရေး။ အခုလိုဖြစ်ရင် ကျွန်တော်တို့က ချက်ချင်းတွေ့ရမယ်။ ချက်ချင်းဖြေရှင်းရမယ်။ တစ်ဦးနဲ့တစ်ဦး သံသယရှင်းအောင် လုပ်ရမယ်။ ယုံကြည်မှုတည်ဆောက်တဲ့ဖြစ်စဉ်ကိုဖြတ်နေတဲ့အချိန် ငြိမ်းချမ်းရေးတည်ဆောက်မှုကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနေတဲ့ အချိန်မှာ ဒါမျိုးအထိအခိုက်မခံဘူး။ ဒါကြောင့် အခုလိုမျိုး ချက်ချင်းရှင်းတာပေါ့။

**စာမျက်နှာ (၈)သို့**


ဗုဒ္ဓ ဓမ္မ သံဃ
နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၂) ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) - ၉ သိန်း (စရိတ်ငြိမ်း)
(၁၅) ရက်ခရီး-(သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယုးဒေလီ+တပ်ချ်မဟာ)-၁၀သိန်း (စရိတ်ငြိမ်း)
(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
ဗုဒ္ဓဂယာ တွင် ဘုရားဖူးများ မဟာဗောဓိစေတီသို့ အချိန်မရွေးသွားရောက်ဖူးမြော်နိုင်ရန်အတွက် ၂ မိနစ်ခန့် လမ်းလျှောက်လျှင်ရောက်သော Hotel တွင် တည်းခိုနိုင်ရန် စီစဉ်ထားရှိပါသည်။
ဘန်ကောက် +ကမ္ဘောဒီးယား (၆) ရက်ခရီး – ၉.၅ သိန်း၊ ဘန်ကောက် (၆) ရက်ခရီး – ၇ သိန်း
အောက်တိုဘာလမှမေလဆန်းအထိ ပို့ဆောင်ပေးနေပါသည်။
ရန်ကုန်ရုံးချုပ် အမှတ်–၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ဒုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉။
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃ ၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅၀

စိတ်ချ ဆေးဆက်
များများရောင်း. . . များများရ. . . အစီအစဉ်
၂၀၁၃ ခုနှစ် အောက်တိုဘာလ (၁၄) ရက်မှ နိုဝင်ဘာလ (၄) ရက်နေ့အထိ စိတ်ချ သားဆက်ခြားဆေးကဒ် (၁၄၀၀) ဝယ်ယူတိုင်း ဆေးကဒ် (၄၀) ကို အခမဲ့ ရယူနိုင်မှာ ဖြစ်ပါတယ် ..
အရေအတွက် ကန့်သတ်ထားတဲ့အတွက် အောက်ပါဖုန်းနံပါတ်တွေကို ဆက်သွယ်ပြီး ကြိုတင်စာရင်းပေးမှာကြားထားမှ စိတ်ချ...ရမှာပါ ..
ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကတော့ ..
၀၉-၅၆၈၀၂၇၀၊ ၀၉-၄၂၀၀၁၇၅၉၅၊ ၂၀၆၂၀၆ (လိုင်းခွဲ– ၁၀၇၈)
“စိတ်ချ” မှစိတ်ချရမယ်

Technology

7 DAY NEWS JOURNAL

Vol.12, No.33 • OCTOBER 23 , 2013

# မိုက်ကရိုဆော့ဖ်နောက်ဆုံးပေါ် OS Window 8.1 အသုံးပြုထားသည့် သင်ပုန်းကွန်ပျူတာ



**ဝါရှင်တန်၊**
**အောက်တိုဘာ-၁၈**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီမှ အောက်တိုဘာ ၁၈ ရက်တွင် ထွက်ရှိသော Window 8.1 operating system (OS) အသုံးပြုထားသည့် Iconia W4 သင်ပုန်းကွန်ပျူတာကို Acer ကုမ္ပဏီက ထုတ်ဖော်ပြသလိုက်သည်။

Iconia W4 သင်ပုန်းကွန်ပျူတာများကို အတွင်းပိုင်းမှတ်ဉာဏ် 32 GB နှင့် 64 GB နှစ်မျိုး ထုတ်လုပ်ထားပြီး အဆင့်တိုးမြှင့်နိုင်သော မှတ်ဉာဏ်များဖြစ်သည်။ ထပ်ဆောင်းမှတ်ဉာဏ်အဖြစ် အသေးစားမှတ်ဉာဏ်ကတ် (micro SD) အသုံးပြုနိုင်သည်။ 32 GB ရှိ Iconia W4 သင်ပုန်းကွန်ပျူတာဈေးနှုန်းမှာ ကန်ဒေါ်လာ ၃၂၉ ဒသမ ၉၉ ဖြစ်ပြီး 64 GB မှာ ကန်ဒေါ်လာ ၃၇၉ ဒသမ ၉၉ ဖြစ်သည်။

Iconia W4 တွင် ၈ လက်မအကျယ်မျက်နှာပြင် ပါရှိပြီးနောက်ဘက်ကင်မရာမှာ 5 MP ရှိကာ auto focus စနစ်ပါဝင်သည်။ ရှေ့ဘက်ကင်မရာမှာ 2MP ရှိပြီး ထပ်ဆောင်းမှတ်ဉာဏ် 32 GB အထိ တိုးမြှင့်အသုံးပြုနိုင်သည်။ ယင်းသင်ပုန်းကွန်ပျူတာတွင် keyboard ပါဝင်ပြီး keyboard ကို ခေါက်ထားကာ ထောင်၍ အသုံးပြုနိုင်သည်။

ယင်းသင်ပုန်းကွန်ပျူတာများကို အမေရိကန်နိုင်ငံတွင် ယခုလအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အလေးချိန်မှာ ၀ ဒသမ ၉၁ ပေါင်ရှိပြီး ၀ ဒသမ ၄၂ လက်မ အထူသာရှိကြောင်း သိရသည်။

မျက်နှာပြင်အကျယ် ၈ လက်မရှိ တိုရှီဘာထုတ် Encore သင်ပုန်းကွန်ပျူတာ၊ Lenovo ထုတ် Miix2 နှင့် Dell ကုမ္ပဏီထုတ် Venue 8 Pro စသော Window 8 သုံး သင်ပုန်းကွန်ပျူတာများ ထွက်ရှိလာစဉ်က ကုမ္ပဏီကလည်း Iconia W3 ကို ထုတ်လုပ်ခဲ့ပြီး ယခုနောက်ဆုံးထုတ်လုပ်ထားသည့် Iconia W4 ကိုတရားဝင်ထုတ်ဖော်ပြသခြင်း ဖြစ်သည်။

*—Ref: technologyguide*

# e Yangon ဝက်ဘ်ဆိုက်စမ်းသပ် ထုတ်လွှင့်

**ဆွေမွန်**
**အောက်တိုဘာ-၁၈**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အစိုးရဌာနများနှင့် အွန်လိုင်းမှ တစ်ဆင့် ဆက်သွယ်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ပြုလုပ်ထားသည့် e Yangon ဝက်ဘ်ဆိုက်ကို အောက်တိုဘာ ၁၈ ရက်က စတင်စမ်းသပ်လွှင့်တင်ထားကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၁၈ ရက်တွင် စတင်လွှင့်တင်လိုက်သည့် e Yangon ဝက်ဘ်ဆိုက်၌ အွန်လိုင်းမှ တစ်ဆင့် ဆက်သွယ်လျှောက်ထားနိုင်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အစိုးရဌာနဆိုင်ရာများကို ထည့်သွင်းပေးထားပြီး ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုများလည်း အဆိုပါဝက်ဘ်ဆိုက်စာမျက်နှာတွင်ပါဝင်သည်။

လက်ရှိ e Yangon ဝက်ဘ်ဆိုက်၌ဌာနဆိုင်ရာ ၂၀ ကျော်တွင် ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းစဉ်များကို ကြိုတင်ကြည့်ရှုနိုင်ရန် ဝက်ဘ်ဆိုက်စာမျက်နှာ၌ ဖော်ပြထားသည်။

e Yangon ဝက်ဘ်ဆိုက်ကို ကနဦးစတင်လွှင့်တင်ရာ၌သတင်းအချက်အလက်ပေးခြင်းနှင့် ကိုးကားအသုံးပြုနိုင်ရန် စတင်ခြင်းဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ဌာနဆိုင်ရာများနှင့် အပြန်အလှန်ဆက်သွယ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ တတိယအဆင့်အနေဖြင့် အွန်လိုင်းမှသာ ဆောင်ရွက်နိုင်သည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကာ e Yangon စီမံကိန်းမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ e Government စီမံကိန်းတစ်ခုဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၏ e Yangon Portal စမ်းသပ်ဖွင့်လှစ်ခြင်းအတွက် ပေးပို့သည့်သဝဏ်လွှာတွင်ပါရှိသည်။

လက်ရှိတွင် အဆိုပါ e Yangon စီမံကိန်းအတွက် ရန်ကုန်တိုင်းကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာပညာရှင်အသင်းက လုပ်ဆောင်ပေးနေပြီး စီမံကိန်းကာလပြီးဆုံးပါက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း စီမံကိန်းဦးတည်လုပ်ဆောင်ပေးသည့်ကော်မတီမှသိရသည်။ အဆိုပါ e Yangon စီမံကိန်း ဝက်ဘ်ဆိုက်ကို www.eyangon.gov.mm တွင် ယနေ့စတင်ကြည့်ရှုနိုင်ပြီဖြစ်သည်။




# Vienna Boy's Choir ဟာမိုနီသံပါသည့် LG G2 စမတ်ဖုန်းနိုဝင်ဘာလတွင် ရောင်းမည်

**ဆွေမွန်**
**အောက်တိုဘာ-၁၈**

ကမ္ဘာကျော် Vienna Boy's Choir အဖွဲ့၏ သံစဉ်များ သီးသန့်လုပ်ဆောင်မှုများပါဝင်ပြီး မြန်မာစာစနစ်ထည့်သွင်းပြီး ဖြစ်သည့် LG G2 စမတ်ဖုန်းများကို လာမည့် နိုဝင်ဘာတွင် တရားဝင်တင်သွင်းရောင်းချတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

LG G2 စမတ်ဖုန်းများတွင် ringtones၊ notification များနှင့် alarm များအတွက် Vienna Boy's Choir အဖွဲ့များနှင့် ပူးပေါင်း၍ သီးသန့်ပြုလုပ်ထားသည့် ဟာမိုနီအသံများပါဝင်မည်ဖြစ်ရာအောက်တိုဘာ ၂၃ ရက်တွင် မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း LG မြန်မာပြည်ရုံးခွဲမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"ဈေးနှုန်းအတိအကျကိုတော့ ဒီလ ၂၃ ရက်မှာ လုပ်မယ့်ပွဲကျမှပဲ အတိအကျသိရမယ်။ အခုကတော့ သေသေချာချာမသတ်မှတ်ရသေးဘူး" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

မြန်မာစာစနစ် တစ်ပါတည်း ပါဝင်မည်ဖြစ်ပြီး အသစ်ထွက်ရှိလာသည့် LG G2 တွင် အသံအတိုး၊ အကျယ် ပြုလုပ်သည့် ခလုတ်နှင့် ဖုန်းအဖွင့်အပိတ်ခလုတ်တို့မှာ ဖုန်း၏ ကျောဘက်တွင် ပါရှိကြောင်း LG ကုမ္ပဏီမှ သိရသည်။

ကမ္ဘာကျော် Vienna Boy's Choir အဖွဲ့၏ သံစဉ်များ သီးသန့်လုပ်ဆောင် ထည့်သွင်းခြင်းမှာလည်း LG G2 တွင်သာ စတင်အသုံးပြုနိုင်ရန် လုပ်ဆောင်ထားခြင်းဖြစ်ပြီး Vienna Boy's Choir အဖွဲ့မှာ အသက် ၁၀ နှစ်မှ ၁၄ နှစ်ကြားကလေး အယောက် ၁၀၀ နီးပါးဖြင့် ဖွဲ့စည်းထားသည့် လူမှုရေးအဖွဲ့အစည်းဂီတမိတ်အဖွဲ့တစ်ခုဖြစ်သည်။






# ဘားကမ့်ပခုက္ကူ လာမည့်နိုဝင်ဘာတွင် ကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

ပထမဆုံးအကြိမ် ကျင်းပပြုလုပ်မည့် ဘားကမ့်ပခုက္ကူကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘားကမ့်အသိပညာ၊ အတတ်ပညာ နှီးနှောဖလှယ်ပွဲကျင်းပပြုလုပ်မည့် ရှစ်မြို့မြောက်အဖြစ် ဘားကမ့်ပခုက္ကူကို ကျင်းပဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီမှ ဦးဇင်မင်းထွဏ်းကပြောသည်။

ဘားကမ့်ပခုက္ကူတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နည်းပညာပိုင်းဆိုင်ရာများကို နှီးနှောဖလှယ်ကြမည်ဖြစ်ပြီး ပညာရှင် ၃၀ ခန့်ဖိတ်ကြားထားရာအသိပညာများဖလှယ်နိုင်ရန် စီစဉ်ထားကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

ဘားကမ့်ပခုက္ကူကို အ. ထ. က (၁) ပခုက္ကူတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိကျင်းပပြုလုပ်မည်ဖြစ်သည်။

ဘားကမ့်ပခုက္ကူသို့ တက်ရောက်မည့်သူများသည် http:/barcamppakokku.com/ တွင် စာရင်းပေးသွင်းနိုင်ပြီဖြစ်သည်။ ဘားကမ့်ဆိုသည်မှာ သမားရိုးကျပြုလုပ်နေကျ နည်းပညာဟောပြောပွဲပုံစံမှခွဲထွက်ပြီး လူအများစုကျင်းပသော လွတ်လပ်သည့် အသိပညာမျှဝေနိုင်သောနည်းပညာဖလှယ်ပွဲတစ်ခုဖြစ်သည်။



# ဈေးဝယ်ရန်ဆုံးဖြတ်ရာတွင် စမတ်ဖုန်း Application များ အသုံးပြုသူပိုများလာ

**နယူးယောက်၊**

**အောက်တိုဘာ-၁၈**

အမေရိကန်နိုင်ငံတွင် စားသုံးသူလေးဦးလျှင် တစ်ဦးမှာ ဈေးဆိုင်များတွင် လက်တွေ့ဝယ်ယူမည့်အချိန်တွင် အကြံဉာဏ်များ၊ လမ်းညွှန်ချက်များရယူရန်အတွက် ၎င်းတို့၏ စမတ်ဖုန်း Application များကို မှီခိုနေကြကြောင်း လေ့လာရေးအဖွဲ့ Parks Associates ၏ စစ်တမ်းကောက်ယူမှုတစ်ရပ်အရ သိရသည်။

ဈေးဝယ်သူစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းကျော်မှာ စတိုးဆိုင်များမှ အီလက်ထရွန်နစ်ပစ္စည်းများဝယ်ယူမည့်အချိန်တွင် ယင်းပစ္စည်းများကို လေ့လာသိရှိနိုင်ရန်အတွက် ၎င်းတို့၏ စမတ်ဖုန်းများမှ Application များ အသုံးပြုကြကြောင်း သိရသည်။

Parks Associates အဖွဲ့၏ လေ့လာမှုအရ Target ဆိုင်မှ ဈေးဝယ်သူ ၅၄ ရာခိုင်နှုန်းနှင့် Walmart စတိုးမှ ဈေးဝယ်သူ ၃၈ ရာခိုင်နှုန်းမှာ အီလက်ထရွန်နစ်ပစ္စည်းများ ဝယ်ယူရာတွင် ၎င်းတို့၏ မိုဘိုင်းဖုန်းမှ ကုန်ပစ္စည်း Application ကို အနည်းဆုံးတစ်ကြိမ် အသုံးပြုကြကြောင်း သိရသည်။

စက်တင်ဘာလအတွင်းက အကောင်းဆုံး အီလက်ထရွန်နစ်ပစ္စည်းဆုရရှိထားသော အက်စတီမုတ်ဘေကွင်ဟုခေါ်သော ကိရိယာများမှာ စတိုးဆိုင်များမှ မီတာ ၄၀ ပတ်လည်ရှိစမတ်ဖုန်းများနှင့် သင်ပုန်းကွန်ပျူတာများသို့ ဆိုင်ရှိပစ္စည်းများ၏ အသေးစိတ်အချက်အလက်များ ပေးပို့နိုင်ပြီး ကုန်ပစ္စည်းစာရင်းများ၊ ကြိုတင်မှာယူမည့် ထုတ်ကုန်ပစ္စည်း၏ အရည်အသွေးတို့ကို ဖော်ပြပေးနိုင်ကြောင်းသိရသည်။ ယင်းပစ္စည်းကိရိယာများက ဈေးဝယ်သူများအတွက် အွန်လိုင်းမှ ငွေပေးချေခြင်းကိုလည်း ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

ထို့ကြောင့် အင်တာနက်၊ စမတ်ဖုန်းများနှင့် Application များမှာ ဈေးဝယ်သည့်ကိစ္စတွင် အရေးကြီးသော အစိတ်အပိုင်းများဖြစ်လာကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

*—Ref: AFP*


ကြိုတင်ကာကွယ်ပါ နှလုံးရောဂါ...
" 9 Healthy HEART Screening Package "
PRARAM 9 HOSPITAL
Heart
Heart Check-Up programs to protect you from risks that you can avoid.
Three packages to choose from
1 EST 5,900THB.
2 ECHO 6,900THB.
3 CAC 6,900THB.
Valid Until 31 December 2013
Call Center
YANGON - 09 731 46977, 09 731 46988, 09 51 36554
MANDALAY - 09 402533407, 02-35678, 02-31591(Ext-810)
သီတင်းကျွတ် အထူးအစီအစဉ်






7Day News ဂျာနယ်နှင့်ပတ်သက်၍ ဝေဖန်အကြံပြုချက်များကို လိုက်လှဲစွာကြိုဆိုနေပါသည်။
Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com , Hotline : 09 730 32006

7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013



# တတိယမြစ်ကျဉ်းအနီးက ပျူစောထီးရဲ့ ရွာကလေး

မောင်သာချို



(တစ်)

မြစ်ကြီးနားမြို့၏ အထက် ၂၈ မိုင်နှင့် ၄ ဖာလုံအကွာ တန်ဖရဲရွာကလေးအလွန်တွင် အင်မိုင်ခနှင့် မလိခမြစ်တို့ ပေါင်းဆုံမိကြရာက စတင်၍ စီးဆင်းခဲ့လေသော မြစ်ကြီး ဧရာဝတီက ခရီးမိုင်ပေါင်း ၁၃၄၈ မိုင် ရှည်လျားပါသည်။ မြန်မာနိုင်ငံတော် သမိုင်းနှင့်အတူ ဖဝါးခြေထပ် တစ်ဆက်တစ်စပ်တည်းဆိုသလို လိုက်ပါစီးဆင်းခဲ့လေသူ ဧရာဝတီက တစ်ခါတစ်ခါ မောပန်းနွမ်းလျလို့များ သွားလေရော့သလားမသိ။ သူ့ကိုယ်သူချုံ့ ပစ်လိုက်တတ်ပါသည်။ မြစ်ကျဉ်း. . . တဲ့။

မြစ်ကြီးနားနှင့်မန္တလေးကြားမှာ မြစ်ကြီးက သုံးခါတောင်မှ ကျဉ်းပါသည်။ ပထမဦးဆုံး သူကျဉ်းသည့် နေရာက ဆင်ဘို။ သည်နေရာမှာ မြစ်က ကိုက် ၅၀ နှင့် ၆၀ ကြားသာရှိပါတော့သည်။ ချောင်းကြီးကြီးလောက်ပင် မရှိတော့သည့်မြစ်ကျဉ်း။ ဒုတိယတစ်ခါ သူကျဉ်းပြန်သည်က ဗန်းမော်မြို့အနားမှာ။ သည်နေရာမှာတော့ မြစ်က ကိုက် ၁၀၀ လောက်ရှိပါသည်။ ထို့နောက် တကောင်းနှင့် သပိတ်ကျင်းကြားမှာက တတိယမြစ်ကျဉ်း။ သည့်နောက်တွင်ကား သရက်နှင့် ပြည်ကြားကိုရောက်တော့မှ စတုတ္ထမြစ်ကျဉ်းတဲ့။

မကြာသေးမီရက်တွေထဲ သီတင်းကျွတ်လမင်းကြီး ထိန်ထိန်သာနေသည့် လပြည့်ညမှာ တတိယမြစ်ကျဉ်း၏ တစ်နေရာကို ကျွန်တော်ရောက်နေခဲ့ရပြန်ပါလေသည်။

(နှစ်)

ရွာက စစ်ကိုင်းတိုင်းထဲက ရွာကလေးတစ်ရွာမျှသာ ဖြစ်ပါသည်။ သပိတ်ကျင်း၏ အထက် ခါးလွယ်ခုတ်သာသာနေရာ ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းပါးစပ်မှာ ရပ်နေသည့် ရွာကလေးပဲဖြစ်ပါသည်။ မလယ်ဟူ၍၊ မလည်ဟူ၍ သတ်ပုံအမျိုးမျိုးဖြင့် စာလုံးပေါင်းသည့် ရွာကလေး။ တတိယမြစ်ကျဉ်းအဝင်က ရွာကလေး။ ၂၀၁၂ ခုနှစ် မြေငလျင်မှာ သွက်သွက်ခါ သွားခဲ့ရသည့် ရွာကလေး။

ရန်ကုန်၊ မန္တလေးလေယာဉ်ခရီးစဉ်က တပင်တပန်းကြီးမဟုတ်သော်လည်း မန္တလေးကနေ မလည်သို့သွားရသည်က ခက်တော့်ခက်ခဲရှိလှပါသည်။ ပထမ စစ်ကိုင်းဘက်ကမ်းသို့ကူးကာ ရွှေဘိုဇီးကုန်းကန့်ဘလူလမ်းအတိုင်းသွားပြီး ဇီးကုန်းကနေ မလည်သို့အရောက်သွားရန် စိတ်ကူးခဲ့သော်လည်း နွေရာသီမှာပင်သွားဖို့လာဖို့ခက်ခဲလှသည့်ကန္တာရလမ်းပေမို့ ယင်းကို ကျွန်တော်တို့စွန့်လွှတ်ကြရပါသည်။

သည်တော့ မန္တလေးကနေ မြောက်သို့ဆန်ကြလေရုံပေါ့။ ခြေရာချင်းထပ်ခဲ့ရသည့် မန္တလေး၊ ဗန်းမော်လမ်းမကြီးအတိုင်း မတ္တရာတွေ၊ သပိတ်ကျင်းတွေ၊ မိုးကုတ်လမ်းခွဲတွေကို ကျော်ဖြတ်ကာ တွင်းငယ်မရောက်မီမှာ မူလကတ္တရာလမ်းမကြီးကနေဖဲ့လို့ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းစပ်ကို ဆင်းရပါသည်။ ငါးမိုင်ခရီးကိုနာရီဝက်လောက်မောင်းနှင်ရသည် ဖြစ်ရာ လမ်းကြမ်းပုံကို ခန့်မှန်း၍ ရနိုင်လောက်ပါသည်။ မိုးစပ်စပ်ရွာလျှင် သုံးမရတော့သည့် လမ်း။ စမွါယ်နဂိုရ်ရွာကလေးမှာ မော်တော်ကား အမောဆို့ရပ်ဆိုင်းသွားရသည့်လမ်း။ မော်တော်ကားသွားမရသည့်ရက်မျိုးတွေမှာ ဆိုင်ကယ် ကယ်ရီသမားကလေးတွေက ငွေသုံးထောင်ကျပ်နှင့် လူတစ်ယောက်ကို ပို့ပေးနေသည့်လမ်း။

“ငါးမိုင်ကို သုံးထောင် ဆိုပေမယ့် မန္တလေးသွားဖို့က သည်လမ်းကလေးပဲရှိတာ. . ပေးစီးကြရတာပါပဲဆရာရယ်”

အုံ့ဩဖွယ်ရာ ကျွမ်းကျင်လှသူ ကားဆရာကိုစိုးမြင့်ဦးက စာရေးဆရာတွေကို သူ့ကားပေါ်မှာ တင်ဆောင်ရင်း စမွါယ်နဂိုရ်မြစ်ဆိပ်သို့ဆင်းသည့် ငါးမိုင်အကြမ်းပတမ်းကြီးပေါ်မှာ သည်အတိုင်းပြောလာခဲ့ခြင်းဖြစ်ပါသည်။

ဟုတ်ပါသည်။ ဗန်းမော်၊ ကသာ၊ မန္တလေး၊ ဧရာဝတီပေါ်မှာရှုပ်ပြေးနေသည့် မော်တော်တွေက ဧရလမ်းခရီးစဉ်မို့ ခရီးက မှောင့်ပြီး ထောင့်ပါသည်။ သည်တော့ မလည်ကလူတွေ တတိယမြစ်ကျဉ်းအထက်ကနေ စမွါယ်နဂိုရ်ရှိရာဆီသို့ ဖြတ်ကူး၊ ငါးမိုင်အကြမ်းပတမ်းကနေ ဗန်းမော်၊ မန္တလေးကားလမ်းပေါ်သို့တက်၊ သည်နည်းဖြင့် မန္တလေးသို့သွားရာလမ်းကို သူတို့ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါသည်။

“ခရီးသည်ပါပါ မပါပါ. . ဒေသဖွံ့ဖြိုးရေးဆိုပြီး မောင်းမောင်းဆိုတော့ ကျွန်တော်တို့က မောင်းကြရတာပါပဲ။ ၂၀၁၂လျှင်တုန်းကမလည်ကိုလူကြီးတွေလာကြတာ. . သည်ငါးမိုင်လမ်းပေါ်မှာဘယ်နှခေါက်မှန်းကိုမသိဘူး. . ဒေသခံတွေ ဖွံ့ဖြိုးစေချင်ရင်. . ပြင်ပေါ့ဗျာ. . ငါးမိုင်တည်းပါ”

ကားဆရာ၏ ငါးမိုင်တည်းပါဆိုသော စကားက တတိယမြစ်ကျဉ်းအထက်မှာ ပဲ့တင်ရိုက်ခတ်၍ နေပါသည်။

စမွါယ်နဂိုရ်ကနေ မလည်ကိုအဖြတ် သီတင်းကျွတ်လပြည့်ည၏ လရောင်အောက်မှာ တတိယမြစ်ကျဉ်းကို လှမ်းကြည့်ရင်း ဧရာဝတီရဲ့ ကျေးဇူးကိုကျွန်တော်သတိရလိုက်တာ။ သည်သီတင်းကျွတ်မှာ မြစ်ကြီးကို ကျွန်တော်ကန်တော့လိုက်ပါရဲ့။

(သုံး)

မလည်သူ၊ မလည်သားတွေက သူတို့မလည်ကို ပျူစောထီးနှင့် ပတ်သက်၍ ဂုဏ်ယူလိုပုံရသည်။

ကာလနဂါးကြီး၌ သားတော်တစ်ပါးရှိရာ သူ၏အမည်က နဂါးကြောင်။ နဂါးကြောင်ကနေ သမီးတစ်ယောက်မွေးဖွားလာခဲ့ရာ ထိုနဂါးမ၏ အမည်က ဖုံသီး။ နဂါးမဖုံသီးက သီလဆောက်တည်လို၍ လူ့ပြည်သို့သွားခဲ့ရာ မလည်အရပ်သို့ ရောက်သည်ဟု ဆိုပါသည်။ မလည်မြစ်ဆိပ်သောင်ယံ၌ နဂါးမဖုံသီး နေနတ်သားနှင့် သံဝါသပြုမိရာက ကိုယ်ဝန်ရှိလာခဲ့ရာ နေနတ်သားကြားသော် ပတ္တမြားတစ်လုံးကို အဝတ်နှင့်ထုပ်လျက် နဂါးမထံ ကျီးဖြူငှက်အား ပေးခိုင်းလိုက်ပါသည်။ သို့ဖြင့် ကျီးဖြူပျံသန်းလာရင်း ကုန်သည်တစ်စု စွန့်ပစ်ထားသည့် စားကြွင်းတို့ကိုစားရန် ပတ္တမြားထုပ်ကို သစ်ပင်ခွကြား၌ထားရာ ကုန်သည်သူကြီးက သိသွားပြီး ပတ္တမြားထုပ်နှင့် လူ့မစင်ခြောက်ထုပ်ကို လဲထားလိုက်ပါသည်။ ကျီးဖြူစားသောက်ပြီးစီး၍ အထုပ်ကိုချီပြီး နဂါးမထံပျံသန်းလာခဲ့ရာ နဂါးမှာ ချေးခြောက်ကိုတွေ့သော် ကြေကွဲသွားပြီး တောင်စောင်းတစ်နေရာတွင် ဥဥကာ အဝေးသို့ ထွက်သွားပါသည်။

ထိုဥကိုသိကြားမင်းအလိုဖြင့် မုဆိုးတစ်ယောက်ကတွေ့ပြီး ယူဆောင်၍ မိုးသက်မုန်တိုင်းကြား၌ မိုးကုတ်ကြပ်ပြင်သို့ ပြေးရာကျကွဲပြီး ဥကြီးထဲမှ ဥဖြူတစ်လုံး၊ ဥညိုတစ်လုံးထွက်လာသည်။ ဥညိုက ရေစီးနှင့်အတူ တကောင်းသို့ မျောပါသွားပြီး တကောင်းဘုရင်၏ မိဖုရားဖြစ်သွားသည်။ ဥဖြူက ဧရာဝတီအတိုင်း မျောသွားကာ ညောင်ဦးမြစ်ဆိပ်၌ ပျူလင်မယားက ကောက်ယူထားရာက ပျူစောထီးဖြစ်လာသည် စသည်စသည်။ မူကွဲတစ်ခုကမူ ဥသုံးလုံးဟုဆိုပါ၏။ တစ်လုံးက ပျူစောထီး၊ တစ်လုံးက တရုတ်တွင် ဧကရာဇ်သွားဖြစ်၊ တစ်လုံးကကျကွဲကာမိုးကုတ်မြေတွင် ပတ္တမြားတွေ ဖြစ်သွား စသည်။ ထို့ကြောင့် ပျူစောထီးဆိုသည်မှာ မလည်သားပေါ့ဟူ၍ သူတို့ဂုဏ်ယူလိုပုံရပါသည်။

အခုတော့ အိမ်ခြေငါးရာဝန်းကျင်ရွာကလေး။ မွေးမြူရေးကြက်မရှိသည့် ရွာကလေး။ ရဲစခန်းနှင့် တိုက်နယ်ဆေးရုံနှင့် ရွာကလေး။ လျှပ်စစ်မီးမရှိသည့် ရွာကလေး။ ညဆိုပုဂ္ဂလိက မီးစက်ကလေးက ညနေ ၆ နာရီကနေ ၈ နာရီအထိ မီးပေးပါသည်။ မီးလခက တစ်ပြောင်းကို ငွေကျပ် ၁,၅၀၀။

မီးချောင်းကို သူတို့က မီးပြောင်းတဲ့။ အသံထွက်တော့ မီးဗြောင်း။ မလည်၌ အထက်တန်းကျောင်းကလေးလည်းရှိပါသည်။ ၂၀၁၂ ငလျင်မလှုပ်မီက တွဲဖက်။ အခုတော့ အ. ထ. က အစစ်။

(လေး)

၁၁. ၁၁. ၁၂ တုန်းက တတိယမြစ်ကျဉ်းတစ်ဝိုက်မှာ ငလျင်ကြီးလှုပ်ပါသည်။ ကျောက်မြောင်း၊ သပိတ်ကျင်း၊ မလည်တို့အထိ နာခဲ့ပါ၏။

၁၁ ရက်တွင် ၇း၄၃၊ ၁၂း၁၅၊ ၅း၂၀၊ ၉း၂၀။ ၁၂ ရက်ကို ကူးသွားတော့ ၀း၄၈၊ ၂း၀၅၊ ၃း၅၀ စသည်ဖြင့် လှုပ်နေရာ အိမ်ထဲမှာ မည်သူမှ မနေရဲကြတော့။ လမ်းတွေပေါ်မှာ၊ ကွင်းပြင်တွေထဲမှာ စားကြအိပ်ကြ။ ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်မုခ်ဦးက ခြင်္သေ့ကြီးတွေပင် ခေါင်းပြတ်ထွက်သွားခဲ့ရသည့် ငလျင်။ ယခုအထိ တချို့အိမ်တွေတုံးလုံး။ တချို့အိမ်တွေပက်လက်။ နာမည်ကျော် စစ်ကိုင်းပြတ်ရွှေ့ကြီးပေါ်က မလည်။


မလည်တွင် တစ်ညနေပြီး စမွါယ်နဂိုရ်ကို ပြန်ကူးတော့ မနက်လေးနာရီဝန်းကျင်။ မြစ်က မှောင်ရီဝိုးတစ်ဝါး။ ဟိုကသည်က ဝင်းခနဲ လင်းခနဲ ထွက်ပေါ်လာသည့် ဆလိုက်မီးက တစ်ခုခုကို ရှာဖွေနေခြင်းဖြစ်ကြောင်း သိသာပါသည်။

“အမှောင်ကို အားကိုးပြီး ခိုးခိုး မျှောကြရတဲ့ ဝါးဖောင်ကလေးတွေ သစ်ဖောင်ကလေးတွေကို မီးထိုးထိုးပြီးရှာတာ ဆရာရဲ့. . အဖွဲ့ကတော့ မျိုးစုံပါပဲ. . တစ်ညလုံး ထမင်းကို လိုက်တမ်းပြေးတမ်း ကစားရင်း ရှာစားကြရသည့် တတိယမြစ်ကျဉ်းဝန်းကျင်။

စမွါယ်နဂိုရ်ကတော့ ငလျင်ပြီးကတည်း အိမ်တိုင်းစေ့ဆိုလာမီးတွေနှင့်။ ဆရာတို့ ဆရာတို့ဟု ခေါ်ရင်း လမ်းမှာ စားသွားဖို့ မလည်သူတစ်ဦးလိုက်ပေးသည့် အကြော်တွေက စမွါယ်နဂိုရ်အတက်မှာ အေးစက်သွားပြီ။

ဒဏ္ဍာရီထဲက မြန်မာ့ ပထမဘုရင် ပျူစောထီးကို မွေးခဲ့ရာ မလည်ရေတံတားဦးအပြည့်ပြည့်ဆိုင်ရာလေဆိပ်ကိုအချိန်မီရောက်ဖို့ ကျွန်တော်တို့ကို အသေ့နှင် ခွင့်ပြုပါလေဦး။ ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013




# မင်းဒင်ရဲ့ သက်ခိုင် (၂)

မင်းဒင်

(ယခင်အပတ်မှ အဆက်)

အမှန်တော့ ကိုငွေစံရဲ့ ဝါသနာ ဟာ အနုပညာအလုပ်ဗျ။ ကိုငွေစံ ဟာ သီချင်းဆိုတာ၊ သီချင်းစပ်တာ တွေလည်း လုပ်ခဲ့သေးတယ်။ ခက် တာက သူဟာ ဘယ်တူရိယာကိုမှ ဖြစ်ဖြစ်မြောက်မြောက်တော့ မတီး တတ်ရှာဘူး။ ကျွန်တော်တို့ခေတ် ၁၉၇၆ ဝန်းကျင်မှာ ဟိုးလေးတ ကျော် နာမည်ကြီးခဲ့တဲ့ 'ဇေခုနစ် လီ'အရပ်စင်တင် ဇာတ်ပွဲဟာ ဒီ ခေတ်သီးလေးသီးထက်သာတယ် လို့ဆိုချင်တယ်။ အဲဒီအချိန်တုန်း က ရန်ကုန်မြို့ရဲ့ မြို့နယ်တချို့ မှာ တန်ဆောင်တိုင်ပွဲတော်ရက် ဆိုရင် အရပ်အငြိမ့်၊ အရပ်ထိုး ဇာတ်နဲ့ တေးသရုပ်ဖော် ဇာတ်စင် တွေ ခေတ်စားခဲ့တာပေ့ါ။ လှည်း တန်းနဲ့ ကြည့်မြင်တိုင်ဘက်က အ စည်ကားဆုံးဆိုရမယ်။

ဇေခုနစ်လီစင်က လှိုင်(၁) ရပ်ကွက်၊ ချစ်တီးဘုရားကန်ဘေး မှာ တိုင်ကီတွေပေါ် ပျဉ်ပြားတွေ ခင်းပြီး ဖြစ်ကတတ်ဆန်းထိုးတာ တဲ့။ အရပ်စင်မှာတောင် ပရိသတ် သောင်းချီ အားပေးကြတာကို ကြည့်ရင် ကိုငွေစံအနုပညာပါရမီ မြောက်တယ်ဆိုတာတွေ့နိုင်တယ် ဗျ။ အေးပေ့ါဗျာ။ မဆလခေတ် လို ခေတ်ပျက်ကြီးထဲမှာ သက် ဆိုင်ရာတာဝန်ရှိသူတွေရဲ့ ပရမ်း ပတာလုပ်ရပ်တွေကို သဘာဝကျ ကျ လှောင်ပြောင်သရော်နိုင်တာ ကြောင့် ပရိသတ်တွေဟာ တဝါး ဝါးတဟားဟားနဲ့ ပါးစပ်မပိတ်နိုင် အောင် ရယ်မောကြရင်း ဘဝ အမောကို ဖြေနိုင်ခဲ့ကြတယ်ထင် ပါရဲ့။ စင်နောက်ခံမှာ ရေးထားတဲ့ စာသားက 'ဇေခုနစ်လီရဲ့ ဟိချက် နဲ့ ကလိကွက်များ' တဲ့။ အဲဒီတစ် ခန်းရပ်ဟာသဇာတ်လမ်းတွေကို ကိုငွေစံ ဒိုင်ခံရေးခဲ့တာပဲဗျ။ ထူး ခြားတာက အဲဒီသဘာဝကျလှတဲ့ ပြက်လုံးတွေကို ကိုငွေစံဟာ စာ အုပ်တွေကနေဖတ်ခဲ့တာမဟုတ် ဘူး။ သူနေ့စဉ် သွားလာနေကျ၊ မြင်နေ၊ ကြားနေကျဖြစ်ရပ်တွေက နေ ထုတ်ယူဖန်တီးခဲ့တာပါပဲ။ ဇေ ခုနစ်လီမှာ ပါဝင်ခဲ့ကြသူတွေက ကိုငွေစံ၊ ကိုသံလုံး၊ ကိုခွေးသိုး၊ ကိုခင်မောင်ဝင်း၊ ကိုကျော်ဦး၊ ကို တင်ထွန်းတို့ဗျ။ အခုတော့ အား လုံးလိုလို အသက်ခြောက်ဆယ် ကျော်၊ ခုနစ်ဆယ်ဝန်းကျင်ဖြစ် ကုန်ပါပြီ။ သူတို့ပြက်လုံးတွေထဲ က 'ညီညွတ်ခြင်းသည် အင်အား' ဆိုတဲ့ ဟာသတစ်ခန်းရပ်ပြဇာတ် လေးကို အခုထက်ထိ သတိရနေ တုန်းဗျာ။ သမဝါယမခေတ်မှာ သမဝါယမလူကြီးတွေရဲ့ လုပ်ပုံ၊ ကိုင်ပုံတွေကို ကလိတဲ့ ပြဇာတ် လေးပေ့ါ။

တစ်ခါသားတော့ ရပ်ကွက် ထဲက စားသုံးသူတွေကို ခွဲဝေဖြန့် ဖြူးပေးရမယ့် ခွဲတမ်းပစ္စည်းစာ ရင်းမှာ ကက်ဆက်နှစ်လုံးပါလာ ပါရော။ အဲဒီခေတ်က ကက်ဆက် ဆိုတာ အထူးအဆန်းမို့ တစ်ရပ် ကွက်လုံးက စိတ်ဝင်စားကြသလို သမဝါယမ လူကြီးကတော်တွေ ကိုယ်တိုင်လည်း ကက်ဆက်အိပ် မက်မက်ကြတော့ပေ့ါ။ ဒီတော့ သူ တို့အိမ်ဦးနတ်အသီးသီးကို ဒီ တစ်ပတ်ခွဲတမ်းထဲက 'ကက်ဆက် တစ်လုံးတော့ ရအောင်ကြံခဲ့၊ ဖန်ခဲ့ ကြ။ ကက်ဆက်ရမလာရင် ရှင်နဲ့ သေခန်းပြတ်' ဆိုပြီး မှာလိုက်ကြ သတဲ့။

ဒီမှာတင် သမဝါယမဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အမှုဆောင်တစ် ဦး စုစုပေါင်း သုံးဦးသား ခွဲတမ်း အစည်းအဝေး ထိုင်ကြရောဆိုပါ တော့။ ပထမဆုံးတော့ ဆပ်ပြာ၊ မဥ္ဇူရေမွှေး၊ သကြားစတာတွေကို ထုံးစံအတိုင်း သူတို့ချည်း ခွဲဝေယူ လိုက်ကြတာ ဘာပြဿနာမှ မရှိ ပေမယ့်ကက်ဆက်ခေါင်းစဉ်လည်း ရောက်ရော သူလိုချင်၊ ကိုယ်လိုချင် နဲ့ စိတ်ဝမ်းကွဲကြရောဗျ။ အေးလေ။ ခွဲတမ်းစာရင်းမှာပါတာက နှစ်လုံး၊ တာဝန်ရှိသူက သုံးယောက်ဆို တော့ အဝေမတည့်ကြဘူးပေ့ါ။

အတွင်းရေးမှူးရော၊ အမှု ဆောင်ပါ အိမ်ကမိန်းမတွေ မှာ ကြားချက်ကို ကြားယောင်ပြီး ဥက္ကဋ္ဌကို ပြင်းပြင်းထန်ထန် ထိုး နှက်ကုန်ကြရော။ 'ဥက္ကဋ္ဌ ကျွန် တော်မပြောချင်လို့ ကြည့်နေတာ ကြာပြီ။ ဥက္ကဋ္ဌ သမခွဲတမ်းထဲက ရေနံဆီတွေထုတ်ရောင်းတာ ဘယ် နှကြိမ်ရှိနေပြီလဲ။ နောက်သကြား ဆိုလည်း ထုတ်ရောင်းခဲ့တာ အိတ် ပေါင်းမနည်းလှတော့ဘူး။ နို့ဆီနဲ့ ဆပ်ပြာဆိုလည်း တစ်ရပ်ကွက်လုံး စာ ဥက္ကဋ္ဌချည်းပဲထုတ်ရောင်းခဲ့ တာ။ ဒီလိုစားသုံးသူလုပ်သားပြည် သူတွေအပေါ် သစ္စာဖောက်တဲ့ လုပ်ရပ်ကို ကျွန်တော်တို့လက်မခံ ဘူး။ ဘာညာဆိုပြီး ပွက်လောရိုက် ကုန်တာပေ့ါ။ ဒီတော့မှ ဥက္ကဋ္ဌကြီး က စည်းလုံးခြင်းသည် အင်အား ဆိုတဲ့ ဆောင်ပုဒ်စကားလေးကို ပြောရင်း အတွင်းရေးမှူးနဲ့ အမှု ဆောင်ကို ကက်ဆက်တစ်လုံးစီနဲ့ ချွေးသိပ်လိုက်တော့ 'ဥက္ကဋ္ဌကြီးဟာ လူကောင်းပါ၊ ဥက္ကဋ္ဌကြီးကို ကျွန် တော်တို့ယုံပါတယ်'ဖြစ်ကုန်ကြ ရောတဲ့။ ဥက္ကဋ္ဌကြီးလည်း မိန်းမအ ဆူမခံရဘူးတဲ့ဗျ။ သူလည်း ကက် ဆက်ရသွားတယ်။ အေးလေ။ အဲ ဒီတစ်ပတ်ခွဲတမ်းထဲက ဈေးကောင်း တဲ့ပစ္စည်းတွေထုတ်ရောင်းပြီး ဥက္က ဋ္ဌကြီးအတွက်ကက်ဆက်ကိုအပြင် ဈေးနဲ့ဝယ်ပေးလိုက်ကြတာပေ့ါ။

အင်း. . ကိုငွေစံ့ကိုထူတယ်၊ တုံးတယ်ပြောတဲ့သူကိုလည်း အ ပြစ်ဆိုလို့မရပြန်ဘူးဗျ။ သောင်းချီ တဲ့ပရိသတ်ကြီးကို တဝါးဝါးပွဲကျ အောင် ထိန်းထားနိုင်ခဲ့တဲ့ ကိုငွေစံ ဟာ အလစ်သုတ်သမားလူလိမ် တစ်ယောက်ရဲ့ ရိုးစင်းလှတဲ့ လှည့် ကွက်ကိုတော့ မကျော်နိုင်ပြန်ဘူး။ ရန်ကုန်ဘူတာကြီးမှာ မှင်သေသေ လူလိမ်တစ်ယောက် လက်ထဲကို ခရီးဆောင်အိတ်ကြီး ပါသွားဖူး လေရဲ့။ ကိုငွေစံအိမ်ထောင်ကျပြီး ၂နှစ်လောက်ကြာတော့ မန္တလေး ကို ခရီးထွက်ဖို့ အကြောင်းတစ်ခု ပေါ်လာတာနဲ့ မိန်းမလုပ်သူ ပြင် ဆင်ပေးလိုက်တဲ့ အိတ်ကြီးတစ် လုံးနဲ့အတူ ရန်ကုန်ဘူတာကြီးကို ရောက်သွားတယ်။ အဲဒီခေတ်ထုံး စံအတိုင်း ရန်ကုန်၊ မန္တလေးမီးရ ထားလက်မှတ်ဟာ ညအိပ်တန်းစီ ရတဲ့အထိ ခက်ခက်ခဲခဲဝယ်ရတာ ကြောင့် ရန်ကုန် ဘူတာကြီးကို ကိုငွေစံရောက်ချိန်မှာ ရထားလက် မှတ်တန်းစီနေတဲ့ လူတန်းကြီးဟာ သူစီးမယ့် မီးရထားတွဲထက်ရှည် နေပြီတဲ့ဗျ။ ဒါနဲ့ ကိုငွေစံလည်း လက်မှတ်ရနိုင်မယ့်နည်းလမ်းကို ဉာဏ်နီဉာဏ်နက်လေးထုတ်နေ ရင်း တန်းစီးနေတဲ့ လူတွေထဲမှာ လူ ရည်ခပ်သန့်သန့်တစ်ယောက် ကိုလည်းတွေ့ရော၊ အနားကပ်ပြီး 'အစ်ကိုကြီးရာ ကျွန်တော့် တစ် ယောက်စာ လက်မှတ်တစ်စောင် အတွက် ကျွန်တော့်ကို အစ်ကို့ ဘေးမှာ နေရာလေးတစ်ခုပေးပါ။ ကျွန်တော်နဲ့ အစ်ကိုတစ်ဖွဲ့တည်း ပုံစံဖမ်းလိုက်ရင်အဆင်ပြေလောက် ပါတယ်' ဘာညာဆိုပြီး ဇာတ်စင် ပေါ်က တော်ကီမျိုးနဲ့ ချုပ်လိုက် တာ အဆင်ပြေသွားသတဲ့။

တကယ်တော့ လက်မှတ် တန်းစီတဲ့ လူတန်းကြီးကသာ တစ် မျှော်တစ်ခေါ်ဖြစ်နေတာ လက် မှတ်ရောင်းချိန်က အကြာကြီးလို နေသေးသတဲ့။ ဒီလိုနဲ့ ကိုငွေစံဟာ သူ့ကျေးဇူးရှင်နဲ့ နာရီဝက်လောက် စကားတွေဖောင်ဖွဲ့လည်းပြီးရော၊ ကျေးဇူးရှင်ဟာ ဗိုက်ဆာလှချည်ရဲ့ လို့ ညည်းညူရင်း သူ့ခရီးဆောင် အိတ်ကို ကိုငွေစံလက်ထဲအပ်ပြီး ထမင်းစားထွက်သွားရောတဲ့ဗျ။ ကိုငွေစံလည်း လူစိမ်းတစ်ယောက် က သူ့ကိုခရီးဆောင်အိတ်ကြီးတစ် လုံး ယုံယုံကြည်ကြည် အပ်သွား တာကို အတော်အံ့သြနေသပေ့ါ။ 'ဒီလူဟာငါ့ကိုတန်းစီဖို့နေရာလည်း ပေးတယ်။ သူ့အိတ်ကြီးတောင် ငါ့ အပ်သွားသေး'ဆိုပြီး ဒီလူရဲ့ရိုးပုံ၊ အပုံ၊ သဘောကောင်းပုံကို အကျေ နပ်ကြီး ကျေနပ်နေတာပေ့ါ။

သိပ်မကြာလှပါဘူး။ သွား ကြားထိုးတံလေး တစ်ချောင်းနဲ့ ကော့ကော့၊ ကော့ကော့ ပြန်လာ တဲ့ ကျေးဇူးရှင်ကိုလည်း မြင်ရော၊ ကိုငွေစံဟာ 'ဒီတစ်ခါ အစ်ကိုကြီး အလှည့်၊ ကျွန်တော့်အိတ်ကို အစ် ကိုကြီးလက်ထဲ အပ်ခဲ့ဦးမယ်။ ကျွန်တော်လည်း ဗိုက်ဆာလှပြီ' ဆိုပြီး ထမင်းဆိုင်ဘက် သုတ်ခြေ တင်တာပေ့ါ။ အမယ်၊ ကိုငွေစံဟာ ထမင်းစားနေရင်း 'ငါတစ်ခုခုမှား နေပြီထင်တယ်' လို့ ခံစားရတာ ကြောင့် ထမင်းပန်းကန်တစ်ဝက် လောက်နဲ့ လက်စဖြတ်ပြီး ရထား လက်မှတ်တန်းစီတဲ့နေရာလည်း ပြန်ပြေးရော ကျေးဇူးရှင်ကို အမြီး နဲ့ ဖုန်လုံးတောင် မမြင်ရတော့ဘူး တဲ့ဗျာ။ စိတ်ပျက်လက်ပျက်နဲ့ မန္တ လေးခရီးစဉ်ဖျက်ပြီး ခေါင်းငိုက် စိုက်ချ ပြန်လာတဲ့ ကိုငွေစံကို သူ့ မိန်းမက အိမ်ဝကဆီးကြိုရင်း၊ ဘာ ဖြစ်လာသတုံးမမေးဘဲ အိတ်ကြီး ဘယ်ကျန်ခဲ့သတုံး ဆက်တိုက်တ ရစပ်မေးနေလို့တောင် သူကဒေါ ကန်သေးသတဲ့။ သူတို့ပြန်ချက် ကတော့ သူ့လက်သုံးစကား နင့် အမေ၊ ခြောက်ကျပ်ပါပဲဗျာ။

တကယ်တော့ လှိုင်(၁)ရပ် ကွက်၊ ကမာရွတ် ဈေးကြီးဟာ ကျွန်တော့်ဘဝရဲ့ တက္ကသိုလ်ပါပဲ။ ကျားကျောင်းထဲမှာနေရာအနှံ့ စိုက်ထူထားတဲ့ 'မဲ့နေသူကို ပြုံး အောင်လုပ်ပါ၊' 'သူတစ်ပါးဒုက္ခကို သုခဖြင့် အစားထိုးပါ' ဆိုတဲ့ စာ သားတွေကို ကျွန်တော် အခုထက် ထိ မှတ်မိနေတုန်း။ လှိုင် အထက (၁)ရှေ့ ကုက္ကိုပင်ကြီးတွေအောက် မှာ ခြိမ့်ခြိမ့်သဲသဲ ဖြစ်ခဲ့ဖူးတဲ့ လူ လိမ်တွေရဲ့ ဖဲသုံးချပ်ဝိုင်းတွေမှာ ကျွန်တော်မလိမ်မိုး၊ မလိမ်မာရှိစု မဲ့စု အဖေ့ဆိုင်က ဘုန်းလာတဲ့ ငွေ စကြေးစလေးတွေနဲ့ ဘဝကိုစူးစမ်း ခဲ့တာတွေလည်း သတိရနေတုန်း။ ချစ်တီးဘုရားမီးနင်းကွင်းကြီးထဲ မှာ မီးနင်းရာသီရောက်တဲ့အချိန် ဒိုးဝိုင်းတစ်ဝိုင်းနဲ့ မီးခဲတရဲရဲကြား မှာ အစွမ်းထက်လှပါတယ်ဆိုတဲ့ သံပရာသီး မီးကျွမ်းတွေကို မီးနင်း တဲ့ မြေကျင်းရှည်တွေထဲကနေ ပူရ လောင်ရမှန်းမသိ လိုက်ကောက်ခဲ့ ဖူးတာ။ အိုဗျာ. . ပြောရရင် ကုန် နိုင်စရာမရှိဘူး။

သမိုင်း၊ ခဝဲခြံ၊ ကရင်ရပ်ကွက် က ကရင်လူမျိုးတော်တော်များ များလည်း ကမာရွတ်ဈေးကြီးမှာ ကုန်တင်ကုန်ချလာလုပ်ကြသေး တယ်ဗျ။ ဟိုတုန်းက အခေါ် ကူလီ ပေ့ါဗျာ။ အဲဒီကရင်ကူလီအုပ်စုနဲ့ ကျွန်တော် အရမ်းအဖွဲ့ကျတယ်။ သေချာမှတ်မိနေတာကတော့ 'ဗိုလ်တို' လို့ အများဝိုင်းခေါ်နေတဲ့ လက်နှစ်ဖက်လုံးမွေးရာပါမပါတဲ့ လူကြီးပဲဗျာ။ လူမစွမ်း နတ်မဆို တာ ဟုတ်များနေရော့သလား မ ဆိုနိုင်ဘူး။ ဗိုလ်တိုဟာ အုန်းသီး အစိမ်းကို ခြေထောက်နှစ်ချောင်း တည်းနဲ့ အခွံနွှာနိုင်သဗျ။ သူတို့ အုပ်စု အလုပ်နားချိန် နေ့လယ် ပိုင်းမှာ အလောင်းအစားထပ်ကြ ပြီး ဗိုလ်တိုခြေထောက်နဲ့ အုန်းသီး အခွံနွှာပြတာ ကျွန်တော်ကိုယ် တိုင်မြင်ဖူးတယ်။

စာမျက်နှာ(၃၂) သို့

7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# မြန်မာသတင်းစာဆရာကြီးများ၏ စိတ်ဓာတ်နှင့်ခံယူချက်

## (သတင်းစာသမိုင်း လေ့လာချက်)

**ချမ်းငြိမ်း**

သတင်းစာဖြန့်ချိသည့် စက်ဘီးတွေတစ်သုတ်ပြီးတစ်သုတ်စုရပ်မှ ထွက်သွားကြသည်။ သတင်းစာကိုယ်စားလှယ်တွေအချပ်ပိုညှပ်သူကညှပ်၊ အချို့က စက်ဘီးပေါ် ထုပ်ပိုးတင်ကြ၊ အပေါ်က အမိုးအကာတွေထပ်အုပ်လိုက်ကြ၊ ဗန်းတွေထဲမှာတစ်ပတ်တစ်ကြိမ်ထုတ် ဂျာနယ်များနှင့်နေ့စဉ်ထုတ် သတင်းစာတွေ အထပ်လိုက်အပုံလိုက်၊ ဂျာနယ်ဖတ်လိုသူက ဂျာနယ်မြည်းစမ်းလျက်၊ မြန်မာ့အလင်း၊ ကြေးမုံဝယ်သူကဝယ်၊ နေ့စဉ်ထုတ် ပုဂ္ဂလိက ဘယ်သတင်းစာဖတ်ရကောင်းနိုးနိုး ရွေးသူကရွေး၊ ဤသည်မှာယနေ့အချိန်တွင် မြို့ကြီးပြကြီးများ၌ နေ့စဉ်မြင်နေကျရှုခင်း၊ မနက်တိုင်းရဲ့မြင်ကွင်း။

တိုင်းပြည်၏ အရေးကြီးသော ကဏ္ဍပြန်လည်ထွန်းသစ်လာခြင်းဆိုလျှင်လည်းမှားမည်မဟုတ်။ ဤသို့သောအခြေအနေတွင် တစ်ချိန်က သတင်းစာဆရာကြီးများ၏ သတင်းစာအပေါ် ထားရှိသည့် စိတ်ဓာတ်၊ ခံယူချက်နှင့် လုပ်ဆောင်ချက်တို့ကို အနည်းငယ်ဖော်ပြသွားပါမည်။

### သူရိယဦးဘဘေနှင့် မစ္စတာမောင်မှိုင်း(ဆရာလွန်း)

ဗြိတိသျှကိုလိုနီဘဝတွင် သတင်းစာတစ်ခေတ်ဆန်းသစ်ခဲ့စေခဲ့သော **သူရိယ** သတင်းစာကြီးသည် ဗုဒ္ဓကလျာဏယုဝ(ဝိုင်အမ်ဘီအေ)အသင်းကြီးနှင့်အတူ မရှေးမနှောင်းပေါ် ထွက်ခဲ့သည်။ သူရိယ သတင်းစာကြီး မထွက်မီက မြန်မာပြည်တွင်မြန်မာသတင်းစာ စစ်စစ် မရှိသလောက်ရှားပါးခဲ့သည်။ နောင်တစ်ချိန်မြန်မာ့နိုင်ငံရေးနယ်ပယ်၌ ဘကြီးဘဘေဟူ၍ ထင်ရှားလာမည့်ပုဂ္ဂိုလ်တစ်ဦးနှင့် ဦးလှဖေ၊ ဦးဘကလေးနှင့် အယ်ဒီတာ ဆရာလွန်း(ဆရာကြီးသခင်ကိုယ်တော်မှိုင်း)တို့၏ တတ်သိပညာနှင့် လုံ့လဝီရိယတို့ကြောင့် သူရိယသည်နေတစ်ဆူ၊ လတစ်စင်းနှယ် ထွန်းလင်းတောက်ပလာသည်။ ဦးဘဘေသည် စာရေးရာ၌လက်သံပြောင်သလို သတင်းစာဆရာတစ်ဦးအနေဖြင့် သတ္တိဗျတ္တိအပြည့်ရှိသူဖြစ်သည်။ တစ်နေ့တွင် ရွှေတိဂုံစေတီပေါ် သို့ဗြိတိသျှလူမျိုးများဖိနပ်စီး၍ တက်သည့်ကိစ္စကို သူရိယမှဦးဘကလေး(ရွှေတလေး)က ကာတွန်းဖြင့်ကလိ၏။ သည့်အတွက်ပုလိပ်မင်းကြီးရုပ်တဲဝပ်သ်က ဦးဘဘေနှင့် ဦးလှဖေတို့အားဆင့်ခေါ် လိုက်ပြီး ၎င်းတို့ရောက်လာသောအခါ စားပွဲရှေ့၌ ခုံတစ်လုံးမျှချမထားဘဲ ဖျာတစ်ချပ်သာချထားရာ ရောက်ရောက်ချင်းဆောက်ဖြင့်ထွင်းသလို အဓိက အကြောင်းအရာများ မပြောဖြစ်ဘဲ ယင်းသို့ဖျာခင်းထားသည်နှင့်ပတ်သက်၍ စကားများတော့သည်။ ပုလိပ်မင်းကြီးက ဆဲဆို၍ အခန်းထဲမှ မောင်းထုတ်လေရာ ဦးဘဘေသည်မခံမရပ်နိုင်ဖြစ်ပြီး စားပွဲပေါ် ရှိမျဉ်းလုံးအားကောက်ကိုင်ကာ ရိုက်မည်ပြု၍ ဦးလှဖေက ဆွဲထားရသည်။သို့ဖြင့် အခြေအနေမှာ ဝရုန်းသုန်းကားဖြစ်သွားပြီး ဦးဘဘေလည်း တက်တခေါက်ခေါက်ဖြင့် သတင်းစာတိုက်သို့ပြန်လာခဲ့သည်။ ဤသည်ကား မဟုတ်လျှင်မခံသောသတင်းစာသမား၏ စိတ်ဓာတ်ကို ဦးဘဘေက ပြသခြင်းလည်းဖြစ်ခဲ့သည်။

ယင်းသို့ သတ္တိဗျတ္တိရှိသော ဦးဘဘေသည် သတင်းစာစောင်ရေမြင့်မားလာပြီးနောက် နိုင်ငံရေးနယ်ပယ်ထဲသို့ဝင်ရောက်ခဲ့ကာ ထိုစဉ်ကာလက ဂျီစီဘီအေအဖွဲ့ကြီး အကွဲအပြဲဖြစ်၍ ဟုမ္မရူးနှင့်ဒိုင်အာခီဖြစ်လေသောအခါ ဒိုင်အာခီဘက်၌ ဦးဘဘေ၊ ဦးပုခေါင်းဆောင်၍ ဟုမ္မရူးဘက်၌ ဦးစု၊ ဦးစိုးသိမ်းနှင့် ဆရာစံတို့ကျန်ခဲ့ကြသည်။ ရွေးကောက်ပွဲတွင် ၂၁ဦးပါတီနှင့်ပတ်သက်၍ သူရိယအယ်ဒီတာဆရာလွန်းက နောင်တစ်ချိန်ကျော်ကြားလာမည့်လေးချိုးတစ်ပုဒ်၌ **တောင်ကျရေနွှားနှစ်ကောင် မဝသလိုပ. . မောင်ဘဘေငါး ထောင်မရတာကြောင့်** ဟူ၍ စပ်ဆိုဖော်ပြခဲ့ရာ ဦးဘဘေသည် အရှိုက်ထိုးနှက်ခံရသည်ဖြစ်၍ ဆရာလွန်းထံချက်ချင်းရောက်လာပြီး ဆောင်းပါးရေးသူ(လေးချိုး စပ်ဆိုသူ)ကိုဖော်ထုတ်ခိုင်းလေသည်။ အယ်ဒီတာဆရာလွန်း က ဦးဘဘေသည် တိုက်ရှင်ပင်ဖြစ်ငြား အယ်ဒီတာလုပ်ပိုင်ခွင့်အရ **အယ်ဒီတာဆိုသည်မှာ တိုင်းပြည်ကိုကိုယ်စားပြုသူများဖြစ်ရာ ထိုသို့ရေးသားသော ဆောင်းပါးရှင်နှင့်ပတ်သက်၍ ၎င်း၏ လုံခြုံမှုနှင့်လွတ်လပ်ရေးအတွက် မပြောနိုင်** ဟု ပြန်ကြားရာ၌ ဦးဘဘေခမျာ အောင့်သက်သက်ဖြင့် ပြန်သွားရရှာသည်။ ထို့အတွက် ဆရာလွန်းသည် သူ့ကိုယ်သူတာဝန်ယူရန် ပြင်ဆင်ပြီးဖြစ်သော်လည်းမည်သို့မျှပြဿနာထပ်ဖြစ်မလာ၍ ဤမျှလောက်ဖြင့်ပြီးဆုံးခဲ့ရသည်။ ဆရာလွန်းသည် ဦးဘဘေလို ငွေကြေးပြည့်စုံ၍ ဩဇာတိက္ကမကြီးသည့် သတင်းစာတိုက်ရှင်ကို အန်တုဝံ့ခြင်းမှာ အယ်ဒီတာတစ်ဦး၏ ထားရှိအပ်သော အရည်အသွေးအပြည့်ရှိခဲ့၍ဖြစ်သည်။




*ပုဂ္ဂလိက မြန်မာ့အလင်းသတင်းစာခေတ်က မြင်တွေ့ရသော သတင်းစာနေ့စဉ်ပို့သူများ*

ဓာတ်ပုံ - နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ

### ဒီးဒုတ်ဦးဘချို

ကွယ်လွန်သူ အာဇာနည်ဒီးဒုတ်ဦးဘချိုကို သိကြပေလိမ့်မည်။ ဒီးဒုတ်ဂျာနယ်သည် ၁၉၂၅ဧပြီလမှစ၍ ထုတ်ဝေခဲ့ပြီး ယင်းသို့ထုတ်ဝေရခြင်းမှာ မြန်မာလူမျိုးများအသိအမြင်ပွင့်၍ အမျိုးဘာသာ သာသနာစောင့်ရှောက်ရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။ ဦးဘချိုသည်ဂျာနယ်မှနေ၍ကလောင်အမျိုးမျိုးဖြင့် စာပေ၊ ဂီတ၊ ဗေဒင်၊ လောကဓာတ်နှင့် ဆေးဝါးပါမကျန်တစ်မိုးလုံးဖျောက်ဆိပ်ရေးလေသည်။ ဂျာနယ်အောင်မြင်သလောက် စီးပွားရေးကျကျမလုပ်နိုင်ဘဲ ဂျာနယ်ကောင်းဖို့အရေးသာ အားစိုက်လုပ်ကိုင်နေသလို အကူအညီ လာရောက်တောင်းခံသော ထုတ်ဝေသူများကိုလည်း ကိုယ်ပိုင်စက်ဖြင့်အကြွေးခံကာ စာနယ်ဇင်းလောကဖွံ့ဖြိုးလာစေရန် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ခဲ့သည်။ စစ်မဖြစ်မီက လွန်စွာအောင်မြင်ခဲ့သည့် **ဆယ်သန်း** သတင်းစာမှာ ဦးဘချို၏ ကူညီမှုကြောင့် ပေါ်ထွက်နိုင်ခြင်းဖြစ်သလို တစ်ခါတစ်ရံဦးဘချိုသည် ကိုယ်တိုင်အလွန်အမင်းကျပ်တည်းသည့်အထိ ကူညီဆောင်ရွက်တတ်သူဖြစ်၏။ တစ်ကြိမ်တွင်မူ ငွေကြေးကျပ်တည်းလွန်း၍ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ရေးအတွက်ပတ်ထားသောနာရီအကောင်းစားကိုဖြုတ်၍သွားရောက်ပေါင်နှံကာ ဂျာနယ်ကိုရအောင်ထုတ်လေသည်။ ထိုနာရီမှာ အပေါင်ဆိုင်ရောက်ဖူးသည့်ထုံးစံအတိုင်း မကြာခဏ ပေါင်နှံခြင်းဘဝသို့ရောက်သော်လည်း ဦးဘချိုသည်ဂျာနယ်ကိုမရပ်ဆိုင်းရုံသာမက နေ့စဉ်ထုတ်သတင်းစာအဖြစ်သို့တိုင် တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ငွေကြေးအကျပ်အတည်းလည်း တဖြည်းဖြည်း ပြေလည်သွားပါ၏။

### ရန်ကုန်သတင်းစာပိုင်ရှင် ဦးအောင်မြင်(မြို့မမောင်)နှင့် ဦးယုမောင်

ဦးဘချိုအား မကြာခဏဒုက္ခသွားပေးသူများထဲတွင်ဦးအောင်မြင်(မြို့မမောင်) လည်း ပါဝင်သည်။ နောင်တစ်ချိန် **ဆယ်သန်း**နှင့် **ရန်ကုန်**သတင်းစာတို့ဖြင့် သတင်းစာလောက၌ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သော ဦးအောင်မြင်သည် သတင်းစာစထုတ်စဉ်ကဦးဘချိုအပေါ် များစွာမှီခိုအားထားခဲ့ရသည်။ ဆယ်သန်းသတင်းစာသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက လူထုသည်းခြေကြိုက်သတင်းစာအဖြစ် ဦးအောင်မြင်ပုံဖော်နိုင်ခဲ့ပြီး စစ်ကြီးပြီးသောအခါ **ရန်ကုန်** သတင်းစာဟူ၍ အမည်ပြောင်း ထုတ်ဝေခဲ့သည်။ ရန်ကုန် သတင်းစာသည်လည်း အောင်မြင်သော သတင်းစာအဖြစ်ရပ်တည်နိုင်ရုံမျှမက လုပ်ငန်းတိုးတက်ကြီးပွားလာ၍ ဗိုလ်ချုပ်လမ်း၌ **မြို့မ** ရုပ်ရှင်ရုံကိုပင်တည်ထောင်နိုင်ခဲ့သည်။ ဦးအောင်မြင်သည် ဤသို့ ကြီးပွားလာသော်လည်း မောက်မာဝံ့ကြွားခြင်းမရှိ။ သတင်းစာတိုက်မှ လုပ်ဖော်ကိုင်ဖက်များအား ချီးမြှောက်၏။ ကိုယ်တိုင်ကား အနေကျုံ့သူဖြစ်၏။ သတင်းစာရှင်းလင်းပွဲ၊ ညှော့ခံပွဲများတွင်မြင်ရလေ့မရှိ။ သို့ရာတွင် သတင်းစာမူဝါဒကို အတိအကျ ချမှတ်ကာကိုင်စွဲထားသည်။ရန်ကုန်သတင်းစာအောင်မြင်ရခြင်းတွင် ဦးအောင်မြင်လို အောက်သက်ကျေသည့်သတင်းစာဆရာဦးစီးရုံသာမက အယ်ဒီတာကောင်းတစ်ယောက်ဖြစ်သော **ဦးယုမောင်**၏ အခန်းကဏ္ဍ ကလည်းအရေးကြီးပေသည်။ ဦးအောင်မြင် ချမှတ်ထားသော မူဝါဒကို လက်တွေ့အကောင်အထည် ဖော်သူမှာ အယ်ဒီတာဦးယုမောင်ဖြစ်ပါသည်။ ဦးယုမောင်သည် လူချစ်လူခင်အလွန်ပေါကာ တစ်ဖက်တွင်လည်း သတင်းစာနှင့်ပတ်သက်လာလျှင် အလွန်ခေါင်းမာသူဖြစ်၏။ သတင်းစာ တိုက်ပွဲများတွင် တက်တက်ကြွကြွ ဦးဆောင်ပါဝင်လေ့ရှိ၏။ ထို့ကြောင့် ၁၉၆၂ စစ်တပ်အာဏာသိမ်းပြီးနောက် ဖိနှိပ်ခံရသော သတင်းစာ လောကအတွက် အရေးဆိုတိုက်ပွဲများတွင် ထောင်အကြိမ်ကြိမ်ကျလေသည်။ သို့သော် ဦးယုမောင်ကားမမှု။ စတုတ္ထမဏ္ဍိုင် မပြိုလဲရေးအတွက် ဆက်လက် တိုက်ပွဲဝင်ခဲ့သည်။ နောက်ဆုံး ထိုစိတ်ဖြင့်ပင် ဦးယုမောင်လုံးပါးပါးကာ ကွယ်လွန်ခဲ့ရှာသည်။ဦးယုမောင်သည်မြန်မာသတင်းစာသမိုင်းတွင် မှတ်တမ်းဝင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။

### တိုးတက်ရေးဦးစိန်(ဦးပဂျိုင်)

၁၉၃၈ခုနှစ် မေလ ၃ ရက်တွင် ထွက်ရှိခဲ့သော တိုးတက်ရေး (The Progress) သတင်းစာ၌ သတင်းစာတည်ထောင်သူ တိုးတက်ရေးဦးစိန်(ဦးပဂျိုင်)က သတင်းစာထုတ်ဝေရခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးခဲ့သည်။ **တိုးတက်ရေး သတင်းစာအတွက် သတိပေးလိုသည်မှာ သတင်းစာသည် စည်းမျဉ်း(Policy)ကို ကိုင်သောအခါ အဂတိတရားလေးပါး မလိုက်စားဘဲ အမျိုးနှင့်သာသနာတော်တိုးတက်မှုကိုသာ ရည်စူး၍ လုပ်ကိုင်ပါမည်။ သတင်းစာမှရရှိသော အမြတ်ငွေတို့ကိုလည်းတစ်ဦးတည်းပိုင် သဘောမထားပါ။ တိုက်သားအားလုံးပိုင်သည်ဟုသဘောထားပါလေ။ တစ်ဆင့်တက်၍ ပြောမည်ဆိုသော် တစ်မျိုးသားလုံးပိုင်ဟုသဘောထားပါလေ** ဟု ဖော်ပြခဲ့သည်။ ထိုမူဝါဒကို ကိုင်စွဲထုတ်ဝေသော တိုးတက်ရေးသတင်းစာသည် ထိုခေတ်ကာလက အအောင်မြင်ဆုံးသတင်းစာဖြစ်ခဲ့သည်။ ဦးပဂျိုင် သည် **စာနယ်ဇင်း** ဟူသောဝေါဟာရကို တီထွင်ခဲ့သူလည်းဖြစ်၏ ။

### ဦးပုကလေးနှင့် ဦးထွန်းဖေ

မြန်မာသတင်းစာ လောကတွင် ဦးပုကလေးနှင့်ဦးထွန်းဖေတို့သည် ရှေးအကျဆုံးသတင်းစာဆရာကြီးနှစ်ဦးဖြစ်ကြပြီး နှစ်ဦးစလုံးမှာ သူရိယသတင်းစာကြီးတွင်သတင်းထောက်အဖြစ်ဆောင်ရွက်ခဲ့သည်။ ဝါစဉ်အရ ဦးပုကလေးက ပိုကြီးသော်လည်းဦးထွန်းဖေသည် မြန်မာပြည်တွင် သတင်းထောက်အလုပ်ကို **ပထမဆုံး** တရားဝင်ခန့်အပ်ခံရသူဖြစ်သည်။

**စာမျက်နှာ(၁၉) သို့**

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL


| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ဉာဏ်၊ ငြိမ်းချမ်း၊ အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# အိမ်ရှင်တို့ရှိပါသလားခင်ဗျား

မြင့်မိုရ်ဆွေ




စာရေးသူသည် လွန်ခဲ့သော ၁၅ နှစ်ခန့်က ကရင်ပြည်နယ်ကော့ကရိတ်မြို့သို့ ပထမဦးဆုံးအကြိမ်ရောက်ရှိခဲ့ဖူးပါသည်။ မှောင်ခိုကယ်ရီခေတ် ကုန်ဆုံးခဲ့ပြီးနောက် ဈေးကွက်စီးပွားရေးစနစ်အရ တစ်ဖက်နိုင်ငံနှင့် ကုန်စည်ကူးသန်းမှုလမ်းကြောင်းသည် ကော့ကရိတ်နှင့် မြဝတီဒေသရှိ တိုင်းရင်းသားပြည်သူတို့၏ အဓိကအားထားရာဖြစ်လာခဲ့၏။ နယ်စပ်ကုန်သွယ်ရေးမှ ဖန်တီးပေးသော အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားမှု အခွင့်အလမ်းတွင် စီးမျောရှင်သန်ခွင့်ရရှိလာခဲ့ကြ၏။ ကော့ကရိတ်မြို့တွင် အသေအချာ မှတ်သားခဲ့မိသော စကားတစ်ခုလည်းရှိခဲ့၏။ "၁၂ လက်မ တစ်ပေသုံးပေတစ်ဂိတ်" ဟူသော စကားဖြစ်၏။ "ငယ်စဉ်က သင်္ချာသင်ရာမှာ သုံးပေတစ်ကိုက်သာကြားဖူးပါတယ်ဗျာ။ ဘာကြောင့် သုံးပေတစ်ဂိတ်ဖြစ်ရတာလဲ"ဟု ဒေသခံတို့အား မေးမြန်းခဲ့မိ၏။ ထိုအခါ "စစ်ဆေးတဲ့ဂိတ်တွေများတယ်၊ ဂိတ်တိုင်းမှာ ပေးရကမ်းရတယ်၊ ဂိတ်တွေကများလွန်းလို့ သုံးပေတစ်ဂိတ်လို့ပြောတာဗျ" ဟု ရှင်းပြခဲ့ကြပါသည်။ စာရေးသူတို့နိုင်ငံမှ တိုင်းရင်းသားများသည် နေ့စဉ်ဘဝတွင်ကြုံရသည့်ဒုက္ခကို ဟာသဉာဏ်သုံးပြီး ဖြေသိမ့်တတ်ကြသည့်ချစ်ဖွယ်ဓလေ့ရှိကြရာ၌ အလွန်တူညီကြ၏။

ထို့နောက် လွန်ခဲ့သော ခုနစ်နှစ်က ကရင်ပြည်နယ်သံလွင်မြစ်၏ အနောက်ဘက်ကမ်းရှိ "ဘားက" ရွာမဟာသတိပဋ္ဌာန်ကျောင်းသို့ အလှူကိစ္စဖြင့် ရောက်ရှိခဲ့၏။ ရွာသို့ရောက်ရှိသောနေ့ ညနေပိုင်းတွင် ဘုန်းကြီးကျောင်းမှ ရွာတွင်းသို့ အလည်ထွက်ခဲ့၏။ ရွာခံဓမ္မမိတ်ဆွေ (အငြိမ်းစားကျောင်းဆရာကြီး)၏ အိမ်သို့သွားရာ ရွာလမ်းမသည် တိတ်ဆိတ်ခြောက်သွေ့နေ၏။ ယောကျ်ားသားများကို မတွေ့ရ၊ နေအိမ်ခြံဝင်းများရှေ့၌ ဆော့ကစားနေသော ကလေးငယ်အချို့နှင့် သားသည်မိခင်များကိုသာမြင်တွေ့ရ၏။ မြင်ကွင်းက အလွန်ထူးဆန်းနေ၏။ အမျိုးသမီးငယ်တစ်ဦး ညွှန်ပြရာမိတ်ဆွေ၏ အိမ်အနီးဝန်းကျင်၌ တံခါးပိတ်ထားသော အိမ်အချို့ကိုတွေ့ရပြီး အိမ်မှားမည်စိုး၍ "အိမ်ရှင်တို့ရှိပါသလားခင်ဗျား"ဟု အသံပြုလိုက်ရ၏။ မည်သူမျှ ထွက်မလာကြသဖြင့် ထပ်မံ၍ အသံပြုလိုက်သောအခါ တစ်ခြံကျော်မှ စာရေးသူ၏ မိတ်ဆွေပြေးထွက်လာပြီးဝမ်းသာအားရကြိုဆိုနှုတ်ဆက်လေတော့၏။ ညဘက်တွင် ဘုန်းကြီးကျောင်း၌ မိတ်ဆွေနှင့် စကားလက်ဆုံကျပြီး ရွာ၏ လူမှုစီးပွားအခြေအနေကို လေ့လာကြည့်မိသောအခါ "ရွာမှာ အမျိုးသားတွေ အများစုက တစ်ဖက်နိုင်ငံမှာသွားပြီး အလုပ်လုပ်ကြတယ်။ ဒါကြောင့် ရွာထဲမှာ သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေနဲ့ ကလေးတွေပဲ အများဆုံးတွေ့နေရတာ။ ပြည်ပမှာ အလုပ်သွားလုပ်သူတွေက အိမ်ကိုမှန်မှန်ငွေပို့ပေးနေတော့ စီးပွားရေးပြေလည်ကြတယ်ဗျ"ဟု မိတ်ဆွေကရှင်းပြသည်ကို ခေါင်းတညိတ်ညိတ်နားထောင်နေခဲ့မိပါသည်။ အမှန်စင်စစ်နယ်စပ်ဒေသ ကုန်စည်ကူးသန်းမှုနယ်ပယ်အတွင်း ဝင်ဆံ့နိုင်ခြင်းမရှိသော ဆင်းရဲနွမ်းပါးသည့် တိုင်းရင်းသား အလုပ်လက်မဲ့ပြည်သူတို့သည် တစ်ဖက်နိုင်ငံတွင် မိမိတို့၏ လုပ်အားကို အရင်းပြုပြီး အလုပ်လက်မဲ့ပြဿနာဖြေရှင်းကြခြင်းဖြင့် အိုးပစ်အိမ်ပစ်ဘဝကို ရောက်ရှိကြရပြီဟု စာရေးသူက မှတ်ချက်ချလိုက်မိပါသည်။

နောင်နှစ် အနည်းငယ်အတွင်း ပြည်ပသို့လုပ်အားအရင်းပြု၍ ကူးသန်းမှုနယ်ပယ်သည် ကရင်ပြည်နယ်မှ မွန်ပြည်နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းသို့ ချဲ့ထွင်လာခဲ့၏။ နာဂစ်အလွန်ကာလတွင် ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်သို့ပါ ကျယ်ပြန့်လာခဲ့၏။ "ရွှေ့ပြောင်းလုပ်သား"ဟူသော အခေါ်အဝေါ်အောက်တွင် အိုးပစ်အိမ်ပစ် ပြည်သူတို့ သိန်းနှင့်ချီ၍ တိုးပွားလာကုန်၏။ အမျိုးသမီးများနှင့် တတိယမျိုးဆက်တို့သည် မြို့ရွာနယ်ပယ်အနှံ့၌ ကလေးထိန်းနှင့် အိမ်စောင့်တာဝန်ကိုယူလာခဲ့ကြကြောင်း တွေ့ရှိရ၏။

မန္တလေးမြို့၌ စာရေးသူ၏ ဖခင်ဘက်မှ ဆွေမျိုးအချို့ရှိ၏။ (၈၄)လမ်းပေါ်ရှိခြံဝင်းကျယ်တွင် ပျဉ်ထောင်အိမ်ကြီးနှင့်နေထိုင်ကြ၏။ စာရေးသူတက္ကသိုလ်ကျောင်းသားဘဝက မန္တလေးသို့ အလယ်အပတ်ရောက်၍ ဘုတာကြီးမှ မြင်းလှည်းစီးပြီး အထုပ်အပိုးများဖြင့် ဆွေမျိုးများအိမ်ရှေ့သို့ရောက်လျှင် "အိမ်ရှင်တို့ရှိလားဗျို့"ဟု အားရပါးရအော်ရသည်မှာ ပျော်စရာကောင်းလှ၏။ ယခုတော့ ထိုနေရာတွင် ကုမ္ပဏီ အရောင်းဆိုင်ကြီးဖြစ်နေ၏။ ဆွေမျိုးများမှာ မြို့သစ်ဘက်သို့ ရောက်ကုန်ကြလေပြီ။ အချို့က အိမ်ငှားဘဝသို့ပြောင်းလဲသွားကြလေ၏။ မြို့သစ်နှင့် အောင်ပင်လယ်မခံလျှင်သူတို့ခမျာ တောင်ပေါ်သို့ပင်ရောက်သွားနိုင်၏။ လူရွှင်တော်ကြီးဦးချစ်စရာ၏ ပြောင်မြောက်လှသော ပြက်လုံးကို သတိရမိပါသည်။ သူ၏ မိတ်ဆွေတရုတ်ကြီးတစ်ဦး မန္တလေးတွင် ကောင်းစားနေကြောင်း၊ သားသုံးယောက်ရှိပြီး အကြီးဆုံးကို "အိမ်ဝါး"ဟုခေါ်ကြောင်း၊ အလတ်ကို "မြေဝါး"ဟုခေါ်ကြောင်း၊ အားလုံးအိမ်ပိုင်၊ မြေပိုင်နှင့် ကြီးပွားနေကြောင်း၊ အငယ်ဆုံးမှာ "လူဝါး"ဟုခေါ်ပြီး ပို၍ ချမ်းသာနေကြောင်း ပြောသည်ကို ရတနာပုံအိမ်ရှင်တို့ ရယ်ကြ၏။ မျက်မှောက်ခေတ်၏ ပကတိအခြေအနေကို အလွန်ထိမိစွာ သရော်ထားသော ပြက်လုံးဖြစ်၏။ "လူဝါး"၏ လက်ထက်၌ အိမ်ရှင်မိသားစုများစွာ လူကုန်ကူးခြင်းခံနေကြရလေပြီ။ "အရှေ့ဆီ လျှောက်ပါလို့ အောက်ပြည်ကိုတဲ့မျှော်လိုက်ရင်" ဟု ဆိုသကဲ့သို့ လူကုန်ကူးမှုနယ်ပယ်က ကျယ်ပြန့်လှ၏။ အမှုအရေအတွက်တွင် အရှေ့ခြမ်းပြည်နယ်က ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးက တတိယနေရာယူထား၏။ မန္တလေးတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည် စသော အလွန်တရာထီးဆန်၊ နန်းဆန်၊ မဟာဆန်လှသည့် အမည်နာမရှင်မြို့နယ်များမှာ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုအများဆုံး ၄၁ မြို့နယ်တွင် ပါဝင်နေကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့လေ၏။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်အတွင်း လူကုန်ကူးမှု စုစုပေါင်း ၁၂၀ ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး တရုတ်နိုင်ငံသို့ ၈၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသို့ ၁၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံသို့ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရှိရ၏။ တရုတ်နိုင်ငံမှ တာဝန်ရှိသူအချို့က နယ်စပ်ဒေသရှိ တိုင်းရင်းသားများမှာ အလွန်ဆင်းရဲနွမ်းပါး၍ အဆိုပါအမှုများပေါ်ပေါက်လာရကြောင်း ကရုဏာသက်သလိုလိုနှင့် တစ်ဖက်သတ်အပြစ်ဖို့သံကို ကြားသိရ၍ အိမ်ရှင်မြန်မာမိသားစုတစ်ဦးအနေဖြင့် ခံပြင်းဒေါသဖြစ်ခဲ့ရ၏။ လူကုန်ကူးခြင်းခံရသူ ၈၀ ရာခိုင်နှုန်းမှာလည်း အမျိုးသမီးများဖြစ်ကြပေသည်။ ကြာလျှင် အိမ်ရှင်မျိုးဆက်တို့ ပျောက်သုဉ်းမှာပင် ရင်လေးမိ၏။ "အိမ်သုဉ်း၊ မြေသုဉ်း၊ လူသုဉ်းသုည၊ သုဉ်းသုံးဝ" ခေတ်သို့ ရောက်မှာကို စိုးရိမ်မိပါသည်။

မြန်မာပြည်မြောက်ပိုင်းဒေသမှ တိုင်းရင်းသားအိမ်ရှင်တို့၏ ဘဝကိုကြည့်ပါဦး။ စစ်ဘေးစစ်ဒဏ်သင့်၍ မိမိတို့နေအိမ်တည်ရှိရာမြို့ပြကျေးရွာများကို စွန့်ခွာပြီး တောကြားတောင်ကြားဒုက္ခသည်စခန်းများ၌ လူဦးရေစုစုပေါင်း ခုနစ်သောင်းခန့် ခိုလှုံနေထိုင်ကြရရှာ၏။ ငြိမ်းချမ်းရေးတည်ဆောက်မှုအရှိန်အဟုန်များမြင့်မားလာနေသည်ကို တွေ့မြင်ရ၍ အိမ်ရှင်တိုင်းရင်းသားတို့အတွက် အားတက်မိပါသည်။ သို့သော် "သာဓု"သုံးကြိမ်ပြည့်အောင်တော့ ခေါ်ဆိုနိုင်ခြင်းမရှိသေးပါ။

Business 7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013



BIZJOURNALS.COM

# အမေရိကန်အခြေစိုက် အသက်အာမခံကုမ္ပဏီ Metlife မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးဖွင့်မည်

**နယူးယောက်၊ အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် အမေရိကန်အခြေစိုက် အသက်အာမခံကုမ္ပဏီ Metlife သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီအုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားရေးမှူးရုံးမှ ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် Metlife ကုမ္ပဏီကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ခြင်းများနှင့်ကုမ္ပဏီမှတ်ပုံတင်ရေးလုပ်ငန်းစဉ်များ အပြီးသတ်နိုင်ရန် ယင်းကုမ္ပဏီက ဆောင်ရွက်တော့မည် ဖြစ်သည်။

ပေါ်ထွက်လာသည့် ဈေးကွက်များအတွင်း Metlife ကုမ္ပဏီ၏ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နေစဉ်တွင် မြန်မာနိုင်ငံ၌ ကိုယ်စားလှယ်ရုံးဖွင့်ခွင့်ရရှိခြင်းကို ဝမ်းမြောက်စွာ ကြေညာလိုက်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနေသော မြန်မာနိုင်ငံသည် Metlife ကုမ္ပဏီ၏ အရှေ့တောင်အာရှတွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန်အတွက်ဆွဲဆောင်မှုရှိသောဈေးကွက်တစ်ခုဖြစ်ကြောင်း Metlife ကုမ္ပဏီ၏အာရှတိုက်ဆိုင်ရာ ဈေးကွက်နှင့် ကျန်းမာရေးဌာနအကြီးအကဲ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနီမာလာ မန်နွန်က ပြောသည်။

စက်တင်ဘာလ အတွင်းကပင် Metlife ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံတွင် ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV)၊ ဗီယက်နမ်အာမခံကော်ပိုရေးရှင်း (BIC)တို့နှင့်အာမခံလုပ်ငန်းတစ်ခုပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

ဘဏ်အသုံးပြုသူ သန်း ၉၀ ရှိသော Metlife ကုမ္ပဏီသည် အာမခံလုပ်ငန်း၊ နှစ်စဉ်ထုတ်ယူနိုင်သော အာမခံလုပ်ငန်း၊ အလုပ်သမားအကျိုးအမြတ် အစီအစဉ်များကို လုပ်ကိုင်လျက်ရှိပြီး အမေရိကန်၊ ဂျပန်၊ လက်တင်အမေရိက၊ အာရှ၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းတွင် လက်ရှိလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

***Ref: insurancebusiness-review.com***

## မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စီးပွားရေး ကိုယ်စားလှယ်များနှင့် အိန္ဒိယလုပ်ငန်းရှင်များ တွေ့ဆုံ

**နယူးဒေလီ၊ အောက်တိုဘာ-၂၁**

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းရှာဖွေရန် ယင်းလေးနိုင်ငံမှ ကိုယ်စားလှယ်များနှင့် အိန္ဒိယလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို အိန္ဒိယစက်မှုလုပ်ငန်းရှင်များအဖွဲ့က စည်းရုံးလုပ်ဆောင်နေသည်။

အောက်တိုဘာ ၂၁၊ ၂၂ သီးခြားတွေ့ဆုံမှုတွင် အိန္ဒိယကုန်သွယ်ရေးဝန်ကြီး အာနန်ရှားမားက ဝန်ကြီးဌာနနှင့် စီးပွားရေးလုပ်ငန်းကိုယ်စားလှယ်များအား မိန့်ခွန်းပြောကြားသည်။

နှစ်ရက်ကြာ တွေ့ဆုံပွဲမှနေ၍ အာဆီယံအဖွဲ့၏ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများတွင် အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်

**စာမျက်နှာ ၂၈ ››**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၉ | ၉၇၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၈ | ၇၈၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၁၉ | ၁၃၃၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၅ | ၃၁. ၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆ | ကျပ် |

၂၀၁၃ အောက်တိုဘာ ၂၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၀၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၇. ၇၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၉၆၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၂၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၈၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၀. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၀၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၃၂၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၀၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၃၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၇၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၈၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၈၆၁၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၁၂. ၆၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၉၇ |
| ငွေ | အောင်စ | ၂၁. ၉၀ |
| ကြေးနီ | ပေါင် | ၃. ၂၈ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ အောက်တိုဘာ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကုမ္ပဏီငါးဆယ်လာရောက်မည်

**ပြည့်သိမ်း**

**ရန်ကုန်**- ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရန် ဥရောပသမဂ္ဂဝင်နိုင်ငံအသီးသီးရှိ ကုမ္ပဏီငါးဆယ်သည် မြန်မာလုပ်ငန်းရှင်များနှင့် စီးပွားရေးတွေ့ဆုံဆွေးနွေးရန် နိုဝင်ဘာ ၁၄ ရက်တွင် ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပမည်ဟု သတင်းရရှိသည်။

"ဒီတွေ့ဆုံ ဆွေးနွေးပွဲကို ဝန်ကြီးဦးစိုးသိန်းတို့၊ ဒေါ်အောင်ဆန်းစုကြည်တို့လည်း တက်မှာဆိုတော့ လုံခြုံရေးကို စနစ်တကျပြင်ဆင်နေတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။




*ဒေါ်အောင်ဆန်းစုကြည်၏ဥရောပခရီးစဉ်တွင် အီးယူဥက္ကဋ္ဌဂျို့စ်မန်နျူရယ်ဘာရော့ဆိုနှင့်အတူ မိန့်ခွန်းပြောကြားနေစဉ်* OLIVIER HOSLET/ EPA

အဆိုပါဆွေးနွေးပွဲတွင် ဥရောပနိုင်ငံများမှ လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ ခရီးသွား၊ လယ်ယာ၊ ကုန်ထုတ်လုပ်မှု၊ စွမ်းအင်၊ အဆောက်အအုံနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံရန် အဓိကထားဆွေးနွေးမည်ဟု သတင်းရရှိသည်။

ဆွေးနွေးပွဲတွင် ဥရောပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ စီးဝင်လာနိုင်ရန် မျှော်လင့်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ် အဖွဲ့ဝင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသည့် ဥရောပအဖွဲ့ဝင်နိုင်ငံများတွင် ဗြိတိန်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး လုပ်ငန်းပေါင်း ၆၀ နှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၃,၀၄၅ သန်းကျော်ရှိသည်။ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှာ ဗြိတိန်၊ ပြင်သစ်၊ နယ်သာလန်၊ ဩစတြီးယား၊ ဂျာမနီ၊ ဒိန်းမတ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ ဖြစ်သည်။

စာမျက်နှာ ၂၇ မှ

မှုလုပ်ငန်းကဏ္ဍ အထူးသဖြင့် သယံဇာတကဏ္ဍနှင့် အသိပညာနယ်ပယ်များတွင် အိန္ဒိယနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှိနေသည်ကို မီးမောင်းထိုးပြနေသည်ဟု အိန္ဒိယစက်မှုလုပ်ငန်းရှင်များအဖွဲ့(CII)က ပြောကြားသည်။

ထို့အပြင် CLMV ဟုခေါ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံ၏ လက်ရှိကုန်သွယ်မှုမှာ တန်ဖိုးအားဖြင့်ရော၊ စျေးကွက်ရှယ်ယာအားဖြင့်ပါ အလွန်နိမ့်ပါးနေကြောင်း CII ၏ ညွှန်ကြားရေးမှူးချုပ် ချန်ဒရာဂျစ်ဘာနာဂျီးက ပြောကြားသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အိန္ဒိယနှင့် အာဆီယံအဖွဲ့၏ ကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၇၆ ဒသမ ၇ ဘီလီယံသို့ ရောက်ရှိခဲ့သော်လည်း CLMV နိုင်ငံများနှင့် ကုန်သွယ်မှုတန်ဖိုးမှာ ကန်ဒေါ်လာ ၈ ဒသမ ၅၃ ဘီလီယံသာ ရှိသည်။ အချိုးချကြည့်လျှင် အိန္ဒိယနိုင်ငံမှ ယင်းလေးနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှု ကန်ဒေါ်လာ ၄ ဒသမ ၆၅ ဘီလီယံရှိပြီး တင်သွင်းမှု တန်ဖိုးကန်ဒေါ်လာ ၃ ဒသမ ၈၈ ဘီလီယံရှိကြောင်း သိရသည်။

-IANS



7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# သူတို့အလုပ်ပြန်ဆင်းကြလေပြီ

ကြည်နေဝင်းမင်း

အမေရိကန်အစိုးရကြွေးမြီကန့်သတ်ချက် သက်တမ်းတိုးရေးနှင့် ၁၆ ရက်ကြာ အစိုးရ ယန္တရား ရပ်ဆိုင်းမှု အဆုံးသတ်ပေးလိုက်သော ဥပဒေကို သမ္မတအိုဘားမားက လက်မှတ်ရေးထိုးအတည်ပြုလိုက်ပြီးနောက် အမေရိကန်အစိုးရ အလုပ်သမား ထောင်ပေါင်းများစွာ အလုပ်ပြန်ဆင်းနေကြပြီဖြစ်သည်။

အမေရိကန်အစိုးရက ပေးချေစရာများပေးချေရန် ငွေပြတ်လပ်မှု အန္တရာယ်မကြုံမီ နာရီအနည်းငယ်အလို ဒီမိုကရက်နှင့် ရီပက်ဘလေကန်ပါတီနှစ်ရပ် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ “ဒီပွဲမှာ အနိုင်ရတဲ့သူ မရှိပါဘူး” ဟု အမေရိကန် သမ္မတ အိုဘားမားက ပြောကြားသည်။

ဘတ်ဂျက်ကို လွှတ်တော်က သဘောမတူနိုင်ဖြစ်ခဲ့ချိန်က စတင်ခဲ့သော အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းမှု ၁၆ ရက်ကြာမြင့်ပြီးနောက် ယခု သဘောတူညီချက် ရရှိခြင်းဖြစ်သည်။ အစိုးရကြွေးမြီကန့်သတ်ချက် ကန်ဒေါ်လာ ၁၆ ဒသမ ၇ ထရီလီယံ တိုးမြှင့်ပေးရေး နောက်ဆုံးအချိန်သတ်မှတ်ချက်နာရီအနည်းငယ် အလိုကျမှပင် လွှတ်တော်က မဲခွဲအတည်ပြုလိုက်ခြင်း ဖြစ်သည်။

လွှတ်တော်က အတည်ပြုပေးလိုက်သော ဥပဒေမှာ အစိုးရကို ဇန်နဝါရီ ၁၅ ရက်အထိ ငွေကြေးဆက်လက်ထောက်ပံ့ရေးခွင့်ပြုချက်နှင့် ကန်အစိုးရဘဏ္ဍာရေးဌာနက ဖေဖော်ဝါရီ ၇ ရက်အထိ ငွေချေးငှားခွင့် သက်တမ်းတိုးရေးတို့ ပါဝင်သည်။

သို့သော်လည်းယခုသဘောတူညီချက်က ရီပက်ဘလေကန်များနှင့် ဒီမိုကရက်များကို နှစ်ခြမ်းကွဲစေခဲ့သော ဘတ်ဂျက်ကိစ္စများကို ပြေလည်မှု မရရှိစေခဲ့။ ယင်းအစား ကာလရှည် ဘတ်ဂျက်အစီအစဉ်တစ်ရပ် ပေါ်ထွက်ရေး ပါတီနှစ်ရပ်လုံးမှ ဥပဒေပြုအမတ် များပါဝင်သော ကော်မတီကို တာဝန်ပေးခြင်းနှင့် အဖွဲ့က ဒီဇင်ဘာလလယ်တွင် လွှတ်တော်သို့တင်ပြရေးသာ လုပ်ဆောင်ခဲ့သည်။

ရီပက်ဘလေကန် များအနက်မှ သဘောထားတင်းမာသော Tea Party လှုပ်ရှားမှုအဖွဲ့က သမ္မတအိုဘားမား၏ ကျန်းမာရေး ပြုပြင်ပြောင်းလဲမှု ဥပဒေကို ဖြတ်တောက်ရေး နည်းလမ်းတစ်ရပ်အဖြစ် ထိပ်တိုက်ရင်ဆိုင်ရေးဆီ တွန်းပို့ခဲ့ကြသည်။

သို့သော်လည်း သမ္မတအိုဘားမားနှင့် ဒီမိုကရက်များက ညှိနှိုင်းမှုလုပ်ရန် ငြင်းဆန်ခဲ့ပြီး လူအများကြား Obamacare ဟုခေါ်သော ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေမှာ အထိအခိုက်မရှိခဲ့။

အောက်တိုဘာ ၁၇ ရက်တွင် သမ္မတအိုဘားမားက အစိုးရယန္တရားရပ်ဆိုင်းမှု အဆုံးသတ်ခြင်းနှင့် ကြွေးမြီကန့်သတ်ချက် တိုးမြှင့်ပေးရေး ပါဝင်ကူညီပေးခဲ့၍ ကျေးဇူးတင်ရှိကြောင်း လွှတ်တော်ခေါင်းဆောင်များအား ပြောကြားသည်။ သို့သော် ယင်းဖြစ်ရပ်နှစ်ခုစလုံးက နိုင်ငံ့စီးပွားရေးအပေါ် မလိုလားအပ်သော ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်စေခဲ့သည်ဟု ပြောကြားသည်။ (ခန့်မှန်းချက်တစ်ခုအရ ယခု သီတင်းသုံးပတ်အတွင်း အမေရိကန်နိုင်ငံ၏ စီးပွားရေးထိခိုက်မှု ကန်ဒေါ်လာ ၂၅ ဘီလီယံခန့် ရှိသည်ဟုဆိုသည်။)

လွန်ခဲ့သော သုံးနှစ်အတွင်း မိမိတို့ကိုယ်တိုင် ဖန်တီးသော အကျပ်အတည်းကဲ့သို့ နိုင်ငံ့စီးပွားရေးအပေါ် ထိခိုက်စေသော အခြားအကြောင်းအရာ မရှိကြောင်း အိုဘားမားက ပြောသည်။



ထို့အပြင် နိုင်ငံရေးသမားများအနေဖြင့် ‘လေကြီးမိုးကြီး’ ပြောသူများနှင့် ပဋိပက္ခကြောင့် အမြတ်ထွက်နေသူများ၏ စကားကို နားထောင်ခြင်းရပ်တန့်၍ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် တာဝန်ခံနိုင်သောဘတ်ဂျက်တစ်ရပ်ပေါ်ထွက်ရေး အာရုံ စိုက်သင့်သည်ဟု ပြောကြားသည်။

အမေရိကန်၏ နိုင်ငံရေးအကျပ်အတည်းမှာပြပွဲတစ်ခုဖြစ်နေပြီး ယင်းအတွက် ကမ္ဘာပေါ်တွင် အမေရိကန်၏ဂုဏ်သမာဓိကို ထိခိုက်သည်ဟု ဆိုသည်။ ထို့အပြင် နိုင်ငံရေးလိုက်လျောမှုများ ညှိထုတ်ရေး ထိပ်တိုက်ရင်ဆိုင်မှုကို နည်းလမ်းတစ်ရပ်အဖြစ် အသုံးချသော ကွန်ဆာဗေးတစ်ရီပက်ဘလေကန်များကိုလည်း သမ္မတအိုဘားမားက “ရွေးကောက်ပွဲတစ်ပွဲအနိုင်ရအောင်လုပ်ပါ” ဟု ပြောကြားလိုက်သည်။

အမေရိကန်အစိုးရ ကြွေးမြီကန့်သတ်ချက် တိုးမြှင့်ရေး သဘောတူညီချက်မရရှိခဲ့ပါက ကမ္ဘာ့စီးပွားရေးကပြောင်းကပြန်ဖြစ်သွားနိုင်သည်ဟု နိုင်ငံရေးသမားများ၊ ဘဏ်သမားများ၊ စီးပွားရေးပညာရှင်များအားလုံးက သတိပေးခဲ့ကြသည်။

သဘောတူညီချက် သတင်းများကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ခရစ်စတင်းလားဂတ်က အပြုသဘောကြိုဆိုခဲ့သော်လည်း မရေရာမှုများကို လျှော့ချရေး တာရှည်ခံသော ဘတ်ဂျက်မူဝါဒတစ်ရပ် လိုအပ်ကြောင်း သတိပေးပြောကြားလိုက်သည်။

အစိုးရယန္တရားတစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းမှုက အမေရိကန်နိုင်ငံသားများနှင့် အမေရိကန်နိုင်ငံသို့အလည်အပတ်လာသူများကို ဘက်ပေါင်းစုံမှ ထိခိုက်ခဲ့သည်။ အမျိုးသားပန်းခြံအများစုကို ပိတ်ထားခဲ့သည်။ ဆေးသုတေသနလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ သာမန်စာရွက်စာတမ်းကိစ္စများ တန်းလန်းဖြစ်ကာ ဗီဇာလျှောက်ထားမှုများ၊ စီးပွားရေးပါမစ်များ၊ လုံခြုံရေးစစ်ဆေးမှုများ နောက်ဆုတ်သွားသည်။

အစိုးရယန္တရားရပ်ဆိုင်းမှုကာလအတွင်း ထောင်နှင့်သောင်းနှင့်ချီသော အစိုးရလုပ်သားများကို လစာမဲ့ခွင့်ပေးထားခဲ့သည်။ ယင်းအတွက် လုပ်သားအများအပြားမှာ ပုံမှန်ပေးစရာရှိသော ဘီလ်များနှင့် ဝယ်ယူမှုများကို ရွှေ့ဆိုင်းခဲ့ရသည်။ အစိုးရယန္တရား ရပ်ဆိုင်းပြီး ရက်အနည်းငယ်ကြာမှသာ အလုပ်သမားများကို နောက်ပြန်လစာပြန်ပေးရေးဥပဒေကို လွှတ်တော်က အတည်ပြုပေးခဲ့သည်။

ဝါရှင်တန်မှ ထွက်ပေါ်လာသော သဘောတူညီမှုမှာ ယာယီဖြေရှင်းမှုသာ ဖြစ်သော်လည်း လူအများအပြား သက်ပြင်းချခဲ့ကြသည်။ နယူးယောက်မြို့တွင် ဘဏ္ဍာရေးဈေးကွက်များ တည်ရှိရာ ဝေါလ်စထရိလမ်းမကြီးပေါ်တွင် ဘဏ္ဍာရေးသမားများက မတ်တတ်ရပ်ဂုဏ်ပြုမှုများ ရှိခဲ့သည်။ လူတိုင်း လူတိုင်းက အစိုးရ ရပ်ဆိုင်းမှု ထိပ်တိုက်တွေ့ခြင်းအကြောင်း ပြောခဲ့ကြသည် မဟုတ်လား။

‘သမိုင်းဝင်သဘောတူညီမှု’ ဟု အမေရိကန်အထက်လွှတ်တော် ဒီမိုကရက်တစ် လူများစုခေါင်းဆောင် ဟယ်ရီရိဒ်က ကင်ပွန်းတပ်သော အခြင်းအရာအပေါ် နိုင်ငံရေးလေ့လာသုံးသပ်သူများကြား လွှမ်းမိုးနေသော ထင်မြင်ချက်မှာ ယခုကဲ့သို့ နောက်ဆုံးအချိန်ထိ ရောက်လာစရာအကြောင်းမရှိဟူ၍ပင်ဖြစ်သည်။

ကြွေးမြီပျက်ကွက်နိုင်ခြေ၊ မလုံခြုံသောခံစားမှု သီတင်းပတ်များက အမေရိကန်စီးပွားရေးနှင့် ဒေါ်လာကို ကမ္ဘာ့သုံးငွေအဖြစ် လက်ခံထားသော လူများ၏ ယုံကြည်စိတ်ချမှုကို ကိုင်လှုပ်ခဲ့ကြောင်း ‘အမေရိကန်တိုးတက်ရေး စင်တာ’ ပညာရှင်များအဖွဲ့မှ သုတေသီမိုက်ကယ်ဝဲ့ဒ်က ပြောပါသည်။ “ဒါမျိုးတစ်ကြိမ်ဖြစ်တယ်ဆိုရင် ခွင့်လွှတ်လို့ရတယ်။ ဒါပေမဲ့ ဒီ ၂၄ လအတွင်းမှာ ရီပက်ဘလေကန် သဘောထားတင်းမာသူတွေက ကျွန်တော်တို့ကို ဒီလိုအခြေအနေမျိုးဆိုက်အောင်လုပ်တာ နှစ်ကြိမ်ရှိပြီ။ ဒါဟာ တဖြည်းဖြည်းနဲ့ နမူနာဖြစ်လာနေတယ်။ ဒီအတွက် အမေရိကန်ဟာ နိုင်ငံရေးနဲ့ စီးပွားရေးမှာ ကမ္ဘာ့ခေါင်းဆောင်ဆိုတဲ့ ယုံကြည်စိတ်ချမှုကို ကိုင်လှုပ်ပစ်လိုက်တယ်” ဟု မိုက်ကယ်ဝဲ့ဒ်က ပြောသည်။

အမေရိကန်အိမ်ဖြူတော်သို့ အလုပ်ပြန်လာဆင်းသော လုပ်သားများကို သမ္မတအိုဘားမားက နိုင်ငံတော်ညစာစားပွဲ ခန်းမတွင် ကြိုဆိုမိန့်ခွန်းပြောကြားပါသည်။ ဝါရှင်တန်ဒီစီရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီရုံးသို့ပြန်လာသော ဖက်ဒရယ်အလုပ်သမားများကို ဒုတိယသမ္မတဂျိုးဘစ်ဒန်က ကြိုဆိုခဲ့သည်။

သို့သော် အစိုးရယန္တရား ရပ်ဆိုင်းမှု အဆုံးသတ်ရေးနှင့် ဘတ်ဂျက်ကန့်သတ်ချက် တိုးမြှင့်ရေး ဒီမိုကရက်များနှင့် ရီပက်ဘလေကန်များကြား ရရှိခဲ့သော သဘောတူညီချက်မှာ ကြားဖြတ်အပေါက်ဖာခြင်းသာဖြစ်ရာ ရှေ့လာမည့် နှစ်ဆန်းပိုင်း၌ ပါတီနှစ်ရပ်ကြား တစ်ချီတစ်မောင်း ထပ်နွှဲပြီး ဖက်ဒရယ်လုပ်သားများ အိမ်ပြန်ကြရသော အမေရိကန်အော်ပရာဇာတ်လမ်း ထပ်မံမြင်တွေ့ရဦးမည်လားဆိုတာ. . . ။

*—Ref: BBC/DW-DE*






7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

## 7DAY BOOK REVIEW




## အောင်ဆန်းစိတ်ဓာတ် အောင်ဆန်းသွေး
(သိန်းအေး)

မြန်မာနိုင်ငံသားများအတွက် မည်သည့်အခါမျှ မရိုးနိုင်သောအကြောင်းအရာကို ပြောပါဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းသာဖြစ်ပါလိမ့်မည်။ ညအိပ်ရာဝင်ပုံပြင်များမှသည် သမိုင်းလေ့လာသူများ၊ နိုင်ငံရေးရာစိတ်ဝင်စားသူများထိ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို တသသပြောဆိုရသည်သာဖြစ်သည်။ စာရေးသူသိန်းအေးက 'အောင်ဆန်းစိတ်ဓာတ်၊ အောင်ဆန်းသွေး' အမည်ဖြင့် စာအုပ်ကိုရေးသားထုတ်ဝေလိုက်သည်။ စာရေးသူက ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းအရာတို့ကို အခန်း ၂၆ ခန်း ခွဲခြားကာ ရေးသားထားသည်။

"အင်္ကျီဝတ်၊ ဘောင်းဘီစွပ်၊ ဓားကိုချိတ်၊ ဖိနပ်ကိုစီး၍ ဗိုလ်မင်းခေါင်နှင့်တွဲကာ အစည်းအဝေးသို့လာသောအခါ လမ်းတစ်လျှောက်တွင် ဗိုလ်အောင်ဆန်း၏ ဓားသည် တစ်လမ်းလုံးတလျှောလျှောနှင့် ဒရွတ်တိုက်နေလေသည်။ ဗိုလ်မင်းခေါင်က ငုံ့ကြည့်မှ 'ဟာ အစ်ကိုကြီး၊ ဓားချိတ်ပုံ မဟန်သေးပါဘူး။ ပြင်ချိတ်ပါဦး' ဟုပြောပြီးပြင်ချိတ်ပေးရ၏။ တစ်ဖန်ဗိုလ်မင်းခေါင်က အင်္ကျီကိုကြည့်လိုက်မိရာ အင်္ကျီကြယ်သီး ပြောင်းပြန်တပ်ထားသည်နှင့် ပြင်ဆင်တပ်ပေးရပြန်၏။ သို့နှင့်ခရီး အတန်ရောက်သောအခါဗိုလ်အောင်ဆန်းက -

'ညီလေးရာ ငါ့ဖိနပ်ကျပ်နေတယ်။ ဘာပြုလို့လဲ ဟုမေးလေသည်။ ဗိုလ်မင်းခေါင်က ဖိနပ်ကို ငုံ့ကြည့်သောအခါ ဗိုလ်အောင်ဆန်းစီးထားသော ဖိနပ်သည် ဘယ်နှင့်ညာလွဲနေသည်ကို တွေ့ရသည်နှင့် ပြန်ချွတ်၍ ပြန်ဝတ်ပေးလိုက်ရလေသည်ဟူ၍ ဖြစ်ပါ၏' ဟု စာအုပ်တစ်နေရာတွင် ဖော်ပြထားသကဲ့သို့ ဗိုလ်ချုပ်၏ ရှားပါးလှသော ဖြစ်ရပ်များကို စာဖတ်သူများ သိရှိနိုင်ရန် ရှာဖွေတင်ပြထားသည်။ စာအုပ်ကို ဇေတဝန်စာအုပ်တိုက်က ထုတ်ဝေပြီး တန်ဖိုးကျပ် ၂,၀၀၀ ဖြင့် ဖြန့်ချိသည်။



## အရိုးပြောမယ် ၂၀၀၈ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အကြောင်းကွယ်
(မမဦး)

စာရေးသူ မမဦး၏ 'အရိုးပြောမယ် ၂၀၀၈ ခု ဖွဲ့စည်းအုပ်ချုပ်ပုံအကြောင်းကွယ်' စာအုပ်မှာ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်ပေါ်တွင် စာရေးသူ ရေးသားခဲ့သောအကြောင်းအရာများကိုပြန်လည်စုစည်းဖော်ပြထားခြင်းဖြစ်ရာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်းကိုအရိုးက တူ၊ တူမလေးများအားပြောပြဟန်ဖြင့် ရေးသားထား၍ စိတ်ဝင်စားဖွယ်ကောင်းပြီး ဥပဒေများနှင့် မနီးစပ်သော လူများပင် ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကိုသိရှိနားလည်စေနိုင်သည်။

"၂၀၀၈ ဖွဲ့စည်းပုံအရ အမှန်တကယ် နိုင်ငံအကြီးအကဲစစ်စစ် က မည်သူမှလည်း တပ်အပ်သေချာမပြောနိုင်ဘူး။

နိုင်ငံတော်သမ္မတလား။

ကာကွယ်ရေးဦးစီးချုပ်လား။

လက်ရှိမှာဆိုရင် သမ္မတဦးသိန်းစိန်လား။

ကာ/ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လား။

ဒါကြောင့်. . .

အခန်း(၁) ပုဒ်မ(၄၇)။ ဤ အခန်းပါ အခြေခံမူများနှင့် အခန်း(၈)။ နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်ဝတ္တရားအခန်းတွင်ပါရှိသော (နိုင်ငံတော်)ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း၊ ကျင့်သုံးသောအဖွဲ့အစည်း(သို့) လူပုဂ္ဂိုလ်ကို ဆိုလိုသည်။ . . ထဲက (လူပုဂ္ဂိုလ်)ဆို တာ ဘယ်သူ့ကို ပြောနေတာလဲ" ဟု စာအုပ်၌ရေးသားထားသည်။

ပေါ့ပါးသွက်လက်သော ရေးဟန်ဖြင့် ရေးသားထားသောစာရေးသူမမဦး၏ ယင်းစာအုပ်ကို Eastem Nobel မှ ထုတ်ဝေသည်။ တန်ဖိုးကျပ် ၁,၅၀၀ ဖြစ်သည်။


## Knowledge ဗဟုသုတ

### ခေါက်ထိုင်ခုံတွေ ဘယ်အချိန်က တီထွင်ခဲ့သလဲ

ခေါက်သိမ်းထားနိုင်သည့် ခေါက်ထိုင်ခုံ (Folding Chair)ကို ၁၉၁၁ခုနှစ် ဇူလိုင် ၇ ရက်တွင် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် လင့်ချ်ဘာ့ဂ်မှ နသန်နီယယ်အလက်ဇန္ဒားဆိုသည့် လူမည်းတီထွင်သူပညာရှင်က တီထွင်ပြီး မူပိုင်ခွင့်တင်ထားခဲ့သည်။ အလက်ဇန္ဒားသည် ထိုင်ခုံကို စာသင်ကျောင်းများ၊ ဘုရားကျောင်းများနှင့် ဇာတ်ရုံများတွင်သုံးသည့် ပရိသတ်ထိုင်ခုံများအဖြစ်သုံးရန် တီထွင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတီထွင်ခဲ့သော ခေါက်ထိုင်ခုံမှာ ဘုရားကျောင်းများတွင် စာသင်ကြားရေးနှင့် ဓမ္မတေးများ သီဆိုရာ၌ အသုံးပြုရလွယ်အောင် စာအုပ်တင်သည့် တန်းငယ်လေးတစ်ခုပါ ထည့်သွင်းထားသည်။

—*Ref: About.com*



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အပြောင်းအလဲရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ အလုပ်အကြံအောင်မြင်မည်။ ဘဝတိုးတက်မည်။ ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကိုအသုံးချ၍ တက်လမ်းရရှိအောင် ဆောင်ရွက်နိုင်မည်။ မိသားစုတွင် ခြံ၊ ကား၊ အခန်းကိစ္စများပြောဆိုဆောင်ရွက်ရမည်။ ပြောစကားအောင်မြင်မည်။ အလှူအတန်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ ခရီးကိစ္စလူမျိုးကွဲနှင့် တိုက်ရိုက်ဆက်ဆံရသော လုပ်ငန်းများလုပ်ရန် အထူးကောင်းသည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

သဘောထားစရိုက်မတူသူများနှင့် ပူးတွဲပြီးထူးခြားသော တက်လမ်းများရမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ လွန်ခဲ့သောကာလမှ စတင်လုပ်ဆောင်ရပြီး အပြီးမသတ်သေးသော ကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်သော အနေအထားရှိပါသည်။ သူတစ်ပါးကြောင့် မိမိတွင် စိတ်သောကရောက်ရတတ်ပါသည်။ သူတစ်ပါးမနိုင်နင်းသော ကိစ္စများဝင်ရောက်ဖြေရှင်းပေးရတတ်ပါသည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ဆွေကောင်းအကူအညီရမည်။ ကံတက်လမ်းပွင့်မည်။ အကြံဉာဏ်သစ်ဖြင့်လည်းကောင်း၊ ဆောင်ရွက်မှုပုံစံသစ်ဖြင့်လည်းကောင်း လုပ်ကိုင်လိုက်သည်များမှ ထူးထူးခြားခြားအောင်မြင်မှုများဖြစ်ပေါ်မည်။ ရုတ်တရက်ပေါ်လာသည့် အခွင့်အလမ်းများ လက်တွေ့အသုံးချ၍ အောင်မြင်မှုရမည်။ နေရာအပြောင်းအလဲများကြုံက လက်ခံပါ။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အခွင့်အရေးသစ်ပေါ်မည်။ ကံတက်လမ်းရှိမည်။ စိတ်ကူးသစ်များဦးခေါင်းတွင် ဝင်ရောက်နေရာယူမည်။ လက်တွေ့လုပ်ဆောင်မှုပိုင်းမှ တိုးတက်မှုရရှိမည်။ အကုန်အကျများမည်။ ငွေကြေးတစ်မျိုးပြီးတစ်မျိုးကုန်ပြီး အသေးသုံးစရိတ်များလွန်း၍ စုထားသောငွေပွန်းပဲ့သွားတတ်သည်။ အိုးအိမ်၊ ခြံမြေကိစ္စ၊ နေရာထိုင်ခင်းကိစ္စများ အဆင်ပြေမည်။ ပြောရေးဆိုရေးအောင်မည်။ ငွေကြေးလက်လွန်မှုကို အစဉ်အမြဲဂရုစိုက်ပါ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်ချမ်းသာမည်။ လိုရာပြည့်စုံမည်။ အကြံအောင်မည်။ ကံမြင့်မားမည်။ အကြံသစ်များ စတင်ဆောင်ရွက်နိုင်မည်။ စိတ်ကူးထားသည်မှာ ကြာပြီဖြစ်လင့်ကစား လက်တွေ့လုပ်ဆောင်ရန် မဝံ့မရဲဖြစ်နေသည်များအား ရှေ့တိုးလုပ်ဆောင်၍ အောင်မြင်ခြင်းကြုံမည်။ မိဘ၊ မိသားစုအကြီးအကဲများ၏ ပြဿနာများကို လိုက်လံဖြေရှင်းပေးရတတ်သည်။ မမျှော်လင့်ဘဲ ခရီးသွားရတတ်သည်။ အရာရာသတိနှင့်ဆောင်ရွက်ပါ။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

တွေ့ကြုံသမျှ ကိစ္စမှန်သမျှသည် အသစ်အဆန်းများဖြစ်နေမည်။ လုပ်နေသမျှသော အလုပ်မှန်သမျှသည် ရုတ်တရက်လုပ်ရသော ကိန်းကြုံမည်။ စီမံစီစဉ်ထားသည်ကတစ်မျိုး လက်တွေ့လုပ်ရသည်ကတစ်မျိုးကြုံမည့်ကာလဖြစ်သည်။ ပြဿနာများ ထိပ်တိုက်ကြုံပြီးမှ လိုရာရမည်။ ပြောင်းလဲမှုနှင့် တိုးတက်ခြင်းပူးတွဲဖြစ်ပေါ်မည်။ ခရီးကိစ္စအဆင်ပြေမည်။ လူမျိုးကွဲကောင်းကျိုးပေးသော အနေအထားရှိပါသည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရုတ်တရက်ပေါ်လာသော အခွင့်အရေးကို အသုံးပြုပြီး တိုးတက်မှုများရမည်။ ငွေလက်လွန်တတ်သည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများရမည်။ အိမ်တွင်လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ တိုးတက်မည်။ ကျန်းမာရေးကို ဂရုစိုက်ရမည်။ သွားနှင့်ပတ်သက်သော ဆေးကုသမှုခံယူရမည်။ ခက်ခဲသော ပြဿနာများ တွေ့တတ်သည်။ ရန်များမည်။ ရည်ရွယ်ချက်များ အောင်မြင်မည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဘက်စုံကောင်းသည်။ ရည်မှန်းချက်အောင်မြင်မည်။ ပေါ်လာသည့်စိတ်ကူးများ လက်တွေ့အသုံးချရန် အခါကျရောက်သည်။ မိမိအပေါ် အမြင်ကြည်လင်စွာဖြင့် ဆက်ဆံသူများ၊ လိုက်လျောညီထွေလုပ်ဆောင်သူများနှင့် ထိတွေ့ဆက်ဆံ၍ လုပ်ငန်းအောင်မြင်မှုများရရှိမည်။ အိမ်တွင်း၌ အလုပ်စီးပွားတိုးတက်ခြင်းရှိမည်။ စီးပွားရေးတွင် ထူးခြားသော တိုးတက်မှုများကြုံမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ရန်များတတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလုပ်တိုးတက်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ မိသားစုနှင့်ပတ်သက်သည့် ကောင်းသတင်း၊ ထူးခြားသည့် ကောင်းသတင်းစကားများ ကြားသိရမည်။ စိတ်ကူးမထားဘဲ ရုတ်တရက် သူတစ်ပါးနှင့် ပူးတွဲလက်တွဲသောကိစ္စမှ အထူးအောင်မြင်မည်။ ကျန်းမာရေးအနည်းငယ်အားပျော့မည်။ အလုပ်အကြံ၊ ရည်မှန်းချက်များအောင်မြင်ခြင်းများရရှိမည်။ မိတ်ဆွေအကြီးအကဲအကူအညီရတတ်သည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ထူးခြားစွာတိုးတက်မည်။ ရည်မှန်းချက်အောင်မြင်မည်။ ကာလအတန်ကြာ တငွေ့ငွေ့ဖြစ်နေမည့်ပြဿနာများ၊ စိတ်အနှောင့်အယှက်များ အပြီးသတ်အေးချမ်းသွားမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်များ မမျှော်လင့်ဘဲ ထုတ်ဖော်ဆောင်ရွက်နိုင်မည်။ မူလစီစဉ်ထားသည့်နှင့်မတူ ခြားနားသောပုံစံနှင့် ဆောင်ရွက်ထားသည်များ ထူးခြားသော အဆင်ပြေခြင်း၊ တိုးတက်ခြင်းကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လိုရာပြည့်မည်။ ကံမြင့်မားမည်။ ဆောင်ရွက်သမျှ အလုံးစုံထိရောက်မည်။ ပေါ်လာသည့်အခြေအနေပေါ် သုံးသပ်၍ လိုရာလုပ်ဆောင်နိုင်သည်။ သူတစ်ပါးအပေါ် ခွင့်လွှတ်မှု သည်းခံမှုလွန်ကဲ၍ စိတ်အနှောင့်အယှက်ရှိမည်။ အခါတိုင်းထက်ပို၍ အသုံးစရိတ်မြင့်မားမည်။ ပညာရှာသူများ အထူးအောင်မြင်မည်။ အလိုပြည့်မည်။ ပျိုရွယ်သူများ အလွန်စန်းပွင့်မည်။ ပညာလုပ်ငန်းတွဲဖက်၍ တိုးတက်မှုရှိမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မနာလို မလိုမုန်းထားရှိသူများကြားမှ တိုးတက်မှုကိုရှာဖွေရမည့်ကာလဖြစ်သည်။ လွယ်မယောင်နှင့် အခက်အခဲများ တွေ့ရတတ်သည်။ အဆင်ပြေမည်ဟု ကျကျနနကတိပေးစီစဉ်ထားသည့်ကိစ္စများ တလွဲတချော်ဖြစ်တတ်သည်။ ယှဉ်ပြိုင်မှုအောင်မြင်မည်။ အလုပ်တိုးတက်မည်။ ပြဿနာဖြေရှင်း၍ အောင်မြင်ခြင်း၊ အခက်အခဲများကျော်လွှား၍ ဘဝတိုးတက်ခြင်း၊ လိုလားချက်များအကောင်အထည်ဖော်၍ ကောင်းခြင်းများရရှိမည်။


# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၅၆)

## အလျားလိုက်

၁။ မြေဝယ်စုသူများ ဝယ်ယူကြသောအရာများ
၅။ ရန်ကုန်တွင် ဗုံးပေါက်ကွဲသော နေရာတစ်ခု
၇။ ရန်ကုန်တွင် ပထမဆုံးနှစ်ပတ်လည်လုပ်သော လေကြောင်း
၉။ အင်္ဂလန်နာမည်ကျော် ဂိုးသမားတစ်ဦး
၁၀။ မလေးရှားမှ ပြန်လာသူများ ကိုင်ဆောင်လာတတ်သည့်အရာ
၁၁။ ပြင်မည်၊ သစ်မည်ဟု ပြောနေကြသောအရာ

## ဒေါင်လိုက်

၂။ မန်ယူကို မသွားဘူးဟု ပြောသူ
၃။ ပြည်တွင်းဈေးကွက်သို့ ရောက်လာတော့မည်ဆိုသောအရာ
၄။ တောထုတ်ခံရသည်ဆိုသောအရာများ
၆။ "အဖြေရှာခြင်း"ကို စိတ်မဝင်စားသည့်ဒေသ
၈။ မြန်မာနာမည်ကျော်ကာတွန်းဆရာတစ်ဦး
၉။ အာဆီယံဉက္ကဋ္ဌရာထူး စိတ်မဝင်စားသူများ



အမည် .................................... မှတ်ပုံတင်အမှတ် ....................................
နေရပ်လိပ်စာ ....................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၅-၁၀-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။


### Smart Dictionary ကံထူးသူ

၁။ ရှိန်းဖြိုးနိုင်၊ ၁၂/ဒလန(နိုင်)၀၅၆၈၂၂ တိုက်(၆၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတား။

### ကျန်အဖြေမှန်သူများ

၂။ မဒွေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁
၃။ နိုင်မွန်ရည်၊ ၁၂/ကတတ(နိုင်)၀၃၂၂၂၇
၄။ သန်းအောင်၊ ၁၂/လမန(နိုင်)၁၂၆၄၁၉
၅။ မိုးအောင်ထွန်း၊ ၁၂/ဒဂမ(နိုင်)၀၃၀၄၄၅
၆။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀

### ပဟေဠိ အမှတ်စဉ်(၂၅၅)အဖြေမှန်




**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**Japanese Language**

ဂျပန်ဘာသာကို အခြေခံမှစ၍ JLPT Exam များအတွက် သီးသန့်တန်းခွဲများ စီစဉ်ပေးပါသည်။

ဖုန်း-၀၉-၄၉၈၇၃၂၄၉

**သင်တန်း**

- Software Development House မှ ကွန်ပျူတာသင်တန်းများကို လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ သင်ကြားပေးပါသည်။ Computer For Kids, Basic, Graphic Design, DTP, Multimedia.

ဖုန်း-၀၉-၂၅၀၁၂၈၉၃၂

**တိုက်ခန်းရောင်းမည်**

ရန်ကင်း၊ ဝါဝါဝင်းအိမ်ရာ၊ (၈၇၅) စတုရန်းပေ၊ ဒုတိယထပ်၊ အိပ်ခန်း(၂)ခန်း၊ ကျွန်းလျှာထိုး ကြွေပြားခင်း၊ အဲကွန်း(၁)၊ ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး၊ (သိန်း-၇၅၀)။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**Home Visit Teaching**

LCCI Level I, II & III, MYOB.

Teacher-Ma Ei

PH: 09 5200974

**E-Teacher Eindray(UMBC/UFL)**

English for Lower Secondary, English for Upper Secondary, IGCSE Preparation, University Foundation.

Ph: 09-43028789

**သင်ကြားပေးသည်**

မူလတန်း၊ အလယ်တန်း၊ ( သင်၊ Guide) Teacher D (B.Sc(Phys:)(Q))-

PH: 01-542397

**Saya Oung**

-Business English
-Grammar & Essay Writing
-International School English

PH: 09-421057920

**သင်ကြားပေးသည်**

ဆယ်တန်းနှင့် International School ကလေးများအတွက် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အခြားဘာသာများကို အိမ်တိုင်ရာရောက်သင်ကြားပေးနေပါသည်။

**ဆရာစိုးလင်း** B.E(EP),MIT-

ဖုန်း-၀၉-၄၂၀၁၈၅၈၂၃

**အိမ်အရောက်သင်ကြားပေးသည်**

၅ တန်းမှ ၉ တန်းအထိ ဘာသာစုံ၊ တစ်ဘာသာချင်း သင်ကြားပေးသည်။ အင်္ဂလိပ်၊ သင်္ချာ အထူး Study Guide လုပ်ပေးသည်။

ဖုန်း-၀၉-၄၂၁၁၅၇၇၃၀

**English Language Course**

**(2 months)**

အင်္ဂလိပ်စကားပြောသင်တန်း အခြေခံမှစ၍ သင်ကြားပေးသည်။ One to One, Special Class (10 ဦး)& Home Visit.

PH: 09-400494397

**ပညာဒါန**

မာတိကာနှင့်အညီ Grade 1 မှ 9 အထိ ဘာသာစုံ၊ အင်္ဂလိပ်ကျောင်းသား/သူများအတွက် မြန်မာစာသီးသန့်၊ အခြေခံတရုတ်စာ၊ အင်္ဂလိပ်စာ ပညာဒါနသင်ပေးမည်။

ဖုန်း-၀၁-၅၄၈၉၀၆

**SSA(Teaching Guide)**

၁၀ တန်းသီးသန့် (သင်္ချာ၊ ဓာတု၊ ရူပ)၊ Math-Trigo & Calculus, Chemistry-Titration & Organic, Physics- Electric စသည့်ဂုဏ်ထူးမှတ်လွန် Portion များကို ပုံမှန်သင်ရိုးနှင့်တွဲဖက်၍ သင်ကြားပေးမည်။ (၂၀၀၀၀/-)

ဖုန်း-၀၉-၃၁၀၂၃၇၆၄

**သင်္ချာ-အင်္ဂလိပ်စာတော်လာဖို့**

Subject Idea များရရှိလာပြီး တစ်လအတွင်းမှာပင် ထူးခြားစွာ တိုးတက်လာအောင် စေတနာနှင့် တတ်ကျွမ်းမှုကို အခြေပြု၍ အမှန်တကယ် သင်ကြားပေးနိုင်ပါသည်။

ဖုန်း-၀၉-၅၀၁၅၉၇၉

**Saya Dennis**

Special HomeVisit Teaching English For-General English (Intro, Advance).

Kyawnaing.latt@gmail. com

PH: 09-401604365

**ငှားမည်**

လမ်း ၃၀၊ အထက်လမ်း၊ မြေညီထပ် ပေ(၁၅×၄၀)၊ ဟောင်ကောင်ထပ်ခိုးပါ။ ရေမီးစုံ၊ တစ်လလေးသိန်းခွဲ။

ဖုန်း-၀၁ ၃၈၅၈၄၀

**ရောင်းမည်**

ပြင်ဦးလွင်ခြံ လေးကေခန့်၊ အမှတ်(၃)၊ နယ်မြေ၊ မြေပုံကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်ခရိုင်လမ်းမကြီး အနီး၊ တန်ဖိုး-၁၂၀၀ သိန်း(ညှိနှိုင်း)

ဖုန်း-၀၉ ၄၂၀၂၆၇၅၅၅

**ရောင်းမည်**

တ/ဥ၊ ဝေဇယန္တလမ်း ပေ (၂၀×၆၀)၊ 2RC၊ဂရန်၊ ရောင်းဈေး-5500L

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**အိမ်အရောက်သင်ကြားသည်**

Internet & Email သင်တန်းများ။ အသက်အရွယ်လိုက် သင်ရိုးညွှန်းတမ်းများ သတ်မှတ်ပေးသည်။

ဖုန်း-၀၉-၇၃၀၃၉၃၀၃

**Formula One ကားမောင်းသင်တန်း**

ဆရာကိုယ်တိုင် အိမ်တိုင်ရာရောက် သင်ပေးသည်။ ဖုန်း-၀၉-၄၂၀၈၃၅၁၆

**သင်တန်း**

ကွန်ပျူတာကို အခြေခံမှစ၍ စနစ်တကျ သင်ပေးသည်။ Basic, DTP, Graphic, Advance Excel, Child Course, Access, Video Editing, Web Application, PHP, MYOB, Peachtree Accounting 2010.

ဖုန်း-၀၉-၄၂၀၀၈၄၆၇၉

**DREAM FUTURE**

Window and Software Installation, Virus Cleaning,Game Installation, Server Installation(DHCP,AD, ISA, Handy Cafe, CPE & Router Configuration. PH: 09 420110247

**News Translation**

Grammar & Spoken, English Classes.

PH: 09-73008846

**သင်ကြားဒါန**

ကိုယ်ပိုင်ရွှေဆိုင်၊ အပေါင်ဆိုင်ဖွင့်လိုသူများအတွက် "ရွှေ"အကြောင်းကို အခြေခံမှစ၍ အသေးစိတ်သင်ကြားဒါနပြုပါမည်။

ဖုန်း- ၀၉၄၂၀၂၅၂၇၇၀

**ရောင်းမည်**

ချောင်းသာ၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာမှ မိနစ် ၂၀ သာကားမောင်းရသည်။ အကျယ်ပင်လယ်မျက်နှာစာ ပေ (၂၈၀×၁၀၀)။

ဖုန်း-၀၉ ၅၄၀၉၂၉၀

**ရောင်းမည်**

Samsung Galaxy Ace (GT-S 5830i), Colour-Black,Price-75000

PH:09 423749719

**Tropical Zone Healthy Eating**

အလွန်နူးညံ့ပျော့ပျောင်းသည့် Brown Bread ဖြင့် ပြုလုပ်သော Sandwiches များကို ကုမ္ပဏီအဖွဲ့အစည်းများ၏ Meetings, Kid's Parties၊ အလှူပွဲ၊ မင်္ဂလာဆောင်ပွဲများအတွက် အထူးအော်ဒါမှာယူနိုင်ပါသည်။

ဖုန်း-၀၉-၄၃၂၀၈၃၁၀

**သင်ကြားပေးသည်**

သူငယ်တန်းမှ လေးတန်းအထိ (ဘာသာစုံ)နှင့် ၅ တန်းမှ ၈တန်းအထိကျက်စာ ဘာသာကို အဓိကထား၍ သင်ကြားပေးသည်။

ဖုန်း- ၀၁ ၃၇၁၅၀၈

**ဆရာမခင်အေးအေးခိုင်**

၉၊ ၁၀တန်း English Text,Grammar ၁၀ တန်းအောင် ဘွဲ့ရ၊ ဘွဲ့ကြိုနှင့် လုပ်ငန်းခွင်ဝင်လိုသူများအတွက် English 4 Skills ကိုအိမ်အရောက်အထူးသင်ကြားသည်။

ဖုန်း- ၀၉ ၄၂၀၀၄၆၉၅၂

**သင်ကြားပေးသည်**

Special IGCSE,IELTS.

ဆရာ Solomon

ဖုန်း-၀၉ ၅၄၇၇၈၁

**HOME Tution**

English-4 skills

U Nyan Tun (B.A)English,YU

PH: 09 450040328

**အင်္ဂလိပ်စာအိမ်လိုက်သင်သည်**

၈၊ ၉၊ ၁၀တန်း Grammar & Text ဒေါ်ခင်နှင်းယု (B.A)English,YU

ဖုန်း- ၀၉ ၄၅၀၀၄၀၃၂၈

**PROMISE**

အင်္ဂလိပ်စာသင်ကြားရေးနှင့် ဘာသာပြန်ဝန်ဆောင်မှု။

ဖုန်း- ၀၉ ၄၀၁၅၄၀၄၅၂

**ရောင်းမည်**

အနီးစခန်း၊ အောင်ချမ်းသာ(အင်သာ) မြေ (၆၀×၅၅) ပေ။ ရေမီးလွယ်ကူ။ သိန်း (၁၂၅)။ ညှိနှိုင်း

ဖုန်း-၀၉ ၃၃၂၉၆၂၂၉

**ဝယ်လိုသည်**

တောင်ဒဂုံ၊ လေးထောင့်ကန် စိုက်/မွေး ရှိမြေကွက်ဝယ်လိုပါသည်။

ဖုန်း- ၀၉ ၂၅၀၂၈၉၆၀၂

**ဆရာဦးမင်းသူရ**

ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး သင်တန်းပို့ချသည်။

ဖုန်း-၀၉ ၇၃၂၃၄၆၂၄

စာမျက်နှာ(၁၄)မှ

## ပျောက်ဆုံးဖို့ အန္တရာယ်ကြုံတွေ့လာနိုင်တဲ့ နိုင်ငံတော်ရဲ့ သဘာဝအမွေတစ်ခု

အဲဒီမှာ ပုပ္ပား Resort ကို ဆောက်တော့ ပါဝင်ခဲ့တဲ့မိတ်ဆွေ အင်ဂျင်နီယာတစ်ဦးက "ဟာ အစ်ကိုကြီး ပုပ္ပားမှာ ဆောက်လုပ်ရေးလုပ်တော့ မြေကြီးကိုကျင်းတူးရင် တူးရွင်းကိုမတိုးဘူးဆရာရေ။ နောက်မှဒေသခံတွေက ကျင်းတူးချင်ရင် မြေကိုအရင်မီးဖိုပြီးမီးနဲ့ အရင်ဖုတ်ရတယ်။ နောက်မှရေလောင်းချပြီးမှ တူးရမယ်လို့ပြောတော့မှ အဲဒီအတိုင်းလုပ်မှကျွန်တော်တို့ ကျင်းတူးလို့ရတော့တယ် အစ်ကိုကြီးရဲ့" လို့ပြောပါတယ်။ ဒါ မီးတောင်မြေရဲ့သဘာဝတစ်ခုပါလားလို့ မှတ်သားမိတယ်။ ၁၉၉၇-၁၉၉၈-၁၉၉၉ နွေတွေဟာအလွန်ပူခဲ့တယ်။ ဒီအပူဒဏ်ကိုခံစားခဲ့ရတော့ ပုပ္ပားတောင်ခြေရဲ့မြေသားဟာ မီးနဲ့ဖုတ်ခံရသလိုဖြစ်သွားစေပါတယ်။ အဲဒီမှာ မိုလေးလည်းရေများများနဲ့ရွာချလိုက်ရော ပုပ္ပားမြေဟာ ခံနိုင်ရည်လျော့ကျပြီး ပဲ့ကျ(ကျုံ့ကျ)သွားခဲ့ရတာဖြစ်ပါတယ်။ တွင်းတောင်ကလည်း မီးတောင်မြေဖြစ်လေတော့ ဒီသဘောပတ်သက်မှုရှိမရှိကို ဆန်းစစ်သင့်တယ်လို့ထင်ပါတယ်။

**တွင်းတောင်အနီးတစ်ဝိုက် မိုးရွာသွန်းပုံ**

နောက်တစ်ချက်က မုံရွာခရိုင်ရဲ့ မိုးရွာသွန်းပုံ။ ကျောက်ဆည်တက္ကသိုလ်ပထဝီဝင်ဌာနမှာပါရဂူဘွဲ့အတွက် စာတမ်းလုပ်နေတဲ့ ညီမတစ်ဝမ်းကွဲတစ်ဦးရှိပါတယ်။ သူ့ရဲ့လေ့လာမှုအရ ချင်းတွင်းမြစ်အရှေ့ဘက်မှာရှိကြတဲ့ မုံရွာ၊ ချောင်းဦး၊ အရာတော်၊ ဘုတလင်မြို့တွေနဲ့ ချင်းတွင်းမြစ်အနောက်ဘက်မှာရှိကြတဲ့ ကနီ၊ ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲမြို့တွေရဲ့မိုးရွာသွန်းပုံတွေကို လေ့လာတဲ့အခါမှာ မိုးအများဆုံးက ချောင်းဦး၊ ဒုတိယအများဆုံးက ပုလဲ၊ မိုးအနည်းဆုံးက မုံရွာလို့တွေ့ရပါတယ်။ (၁၉၉၀မှ ၂၀၁၀ကာလအထိ မှတ်တမ်း) တွင်းတောင်နဲ့ နီးတဲ့ ကနီမြို့ရဲ့ အခြေအနေကို လေ့လာတဲ့အခါမှာ ကနီမြို့ဟာ အဲဒီလေ့လာတဲ့မြို့ ရှစ်မြို့နယ်ထဲမှာ PCI(Precipitati-on Concentration Index) 26.99 နဲ့အများဆုံးဆိုတာကိုတွေ့ရပါတယ်။ PCI>20 ရှိခဲ့ရင် Substantial Monthly Variability မိုးအားပြင်းထန်တယ်။ လအလိုက်မိုးရွာသွန်းပုံ အပြောင်းအလဲများတယ်လို့ သတ်မှတ်ပါတယ်။

ဒီတော့တွင်းတောင်ပတ်ဝန်းကျင်ဒေသဟာ ရာသီဥတုအပြောင်းအလဲဒဏ်ကို ထိရှလွယ်တဲ့ မြေသားရှိတယ်။ ရာသီဥတုသဘောအရလည်း လအလိုက်ရာသီဥတုအပြောင်းအလဲအများဆုံးဖြစ်တဲ့ ဒေသဖြစ်နေတယ်ဆိုတာကို တွေ့ရပါတယ်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြီ**

အခုလိုဖြစ်လာရခြင်းမှာ ပြဿနာ နှစ်ရပ်ရှိလာပါတယ်။ ပထမပြဿနာကတော့ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာပေးနေတဲ့ လုပ်ငန်းတစ်ရပ်အတွက်ထိခိုက်မှုရှိလာပြီး ဝင်ငွေတွေကျဆင်းသွားနိုင်မှုပဲဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ နိုင်ငံတော်ရဲ့ သဘာဝသယံဇာတအဖိုးတန်ရတနာတစ်ပါး ဆုံးရှုံးပျောက်ကွယ်သွားနိုင်တဲ့အန္တရာယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်လောကပြုလုပ်ခဲ့ကြတဲ့ အလုပ်ရုံဆွေးနွေးပွဲအတိုင်းပြောရရင်တော့ ပျောက်ကွယ်တော့မယ့်အမွေ (Vanisghi-ng Treasure) တစ်ခုဖြစ်လာနိုင်တာမို့ စိုးရိမ်စရာတစ်ခုဖြစ်လာရပါပြီ။

လက်ရှိအခြေအနေမှာတော့ ဘာကြောင့်ဖြစ်ရတယ်ဆိုတာကို သေသေချာချာအဖြေကိုရှာရဦးမှာဖြစ်ပါတယ်။ ဒီတော့ ဒီပြဿနာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေအားလုံးဝိုင်းဝန်းအဖြေရှာကြရတော့မယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့တော့ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဆောင်ကြရာမှာ EIA,SIAတွေဘယ်လောက်အရေးကြီးတယ်ဆိုတာကို ပြသနေတဲ့သင်ခန်းစာတစ်ရပ်လို့သာဆိုလိုက်ချင်ပါတော့တယ်။

*Ref:_www.junepharmaceticals.com*

စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့သက်ခိုင်(၂)

နောက်ပိုင်းကရင်နှစ်သစ်ကူးနေ့တွေမှာ ကရင်ခြံထဲ ရောက်တော့မှလား. . လား၊ ကမာရွတ်ဈေးကြီးမှာ ကူလီထမ်းနေတဲ့ ကရင်အားလုံးလိုလိုဟာ နာမည်ကျော်လက်ဝှေ့သမားတွေဖြစ်နေသဗျာ။ ဟုတ်တယ်။ ညောင်ခါးရှည်တို့၊ မြင့်အောင်တို့ဆိုတာ အဲဒီခေတ်က တကယ့်ကရင်နာမည်ကျော်လက်ဝှေ့သမားတွေပဲလေ။

ဘာတဲ့. . တစ်ခါသားတော့ ကမာရွတ်ဈေးဘေးက ချစ်တီးဘုရားကန်ထဲမှာ နဂါးပေါ်တယ်ဆိုပဲ။ အဲဒီချစ်တီးဘုရားကန်ဟာ ချစ်တီးဘုရားပွဲကာလ ကုလားနတ်ဝင်တဲ့အခါ ကုလားနတ်တွေ ရေချိုးဆင်းတဲ့ ကုလားဘုရားကို ရေချတဲ့ကန်ဗျ။ နဂါးပေါ်တဲ့ သတင်းကြောင့် လာပြီးစပ်စုလိုက်တဲ့ ပရိသတ်ကရေကန်ပတ်ပတ်လည်မှာ လူတွေနဲ့ ပြည့်နေရောဗျ။ ကျွန်တော်လည်း ဘာသားနဲ့ထုထားတာမှတ်လို့ဝင်ငေးတာပေါ့။ ကန်ရေပြင်ကျယ်ထဲမှာ အရွယ်အစား သိပ်မကြီးလှတဲ့ မြွေလိုလို ဘာလိုလို သတ္တဝါတစ်ကောင် ဟိုးနားပေါ်လိုက်၊ ဒီနားပေါ်လိုက်တွေ့မိတာတော့ အမှန်ပဲဗျာ။ ခက်တာက ကျွန်တော်မြင်ဖူးတဲ့ ဘုရားစောင်းတန်းကနဂါး၊ တရုတ်နဂါး၊ ကာတွန်းထဲကနဂါး၊ ပန်းချီထဲကနဂါးတွေလို လည်ပင်းမှာ ကနုတ်ပန်းတွေလိုအရစ်တွေနဲ့ ထင်ထင်ရှားရှား မြင်ရတာမဟုတ်လေတော့ ကျွန်တော်လည်း တစ်နေကုန်ငေးတာပေါ့။ ပရိသတ်ထဲက လူတချို့ကလည်း ဟုတ်တယ်။ ဟုတ်တယ်။ နဂါးသေချာတယ်။ နဂါးမှ နဂါးအစစ်။ နောက်ဆုံးတော့ ခပ်ရွတ်ရွတ် အမူးသမားနှစ်ယောက်က ဒီလောက်ဖြစ်လှတဲ့ နဂါးအမိဖမ်းမယ်ဆိုပြီး ကန်ထဲကိုလှေတစ်စီးသယ်ချလာပြီး ပိုက်ကွန်တစ်လုံးနဲ့ နဂါးပေါ်ရာနေရာတွေကို ကွန်လိုက်ပစ်ပြီး နဂါးဖမ်းပွဲလုပ်ပြန်တော့ ကန်ပတ်လည်မှာပွဲဈေးတောင် ဖြစ်လို့။

ဘယ်မိမလဲဗျာ။ ဒီလောက်ကန်အကျယ်ကြီးထဲမှာ လက်ဖျံလောက်ရှိတဲ့ ကိုရွှေနဂါးက လွယ်လွယ်ကူကူပဲ ရှောင်နိုင်တိမ်းနိုင်တယ်ထင်ပါရဲ့။ တဖြည်းဖြည်းရက်ညောင်းလာတော့ လူတွေလည်း သိပ်စိတ်မဝင်စားကြတော့ပါဘူး။ ဒီဖြစ်ရပ်နဲ့ မရှေးမနှောင်းမှာပဲ ကမာရွတ်ဈေးကြီး မီးအကြီးအကျယ်လောင်ပါတော့တယ်။ ချစ်တီးဘုရားမြွေကြီးကိုရိုက်သတ်လိုက်လို့ ကာလီမန်မယ်တော်ကျိန်စာတိုက်တယ်ဆိုပဲ။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကစပြီး ကမာရွတ်ဈေးကြီးတစ်ဝိုက်မှာကျင်လည်ခဲ့တဲ့ ကျွန်တော့်ဘဝလည်း တစ်စခန်းရပ်သွားတယ်ဆိုရမယ်။ ကျွန်တော်ဆရာအတတ်သင်ရောက်သွားခဲ့ပြီ။

ဘဝဆိုတာ ဒီလိုပဲထင်ပါရဲ့ဗျာ။ မျှော်လင့်မထားတာတွေဖြစ်လာတတ်တာမဆန်းလှပါဘူး။ ကိုလှမောင်ရွှေတစ်ယောက် သမ္မတအကြံပေး ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်မမျှော်လင့်ခဲ့သလို ကျွန်တော့်အကြောင်းတွေကို ခင်ဗျားက ရေးကြီးခွင်ကျယ်လုပ်ရေးနေတဲ့ အခြေအနေမျိုးကိုလည်းသူ မျှော်လင့်ခဲ့မှာမဟုတ်ပါဘူး။ ကဲ၊ နားကြဦးစို့ဗျာ။ ခင်ဗျားစိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တိုင်းပြည်အပြင်ဘက်ထွက်လာတော့ ကြုံရကြားရတဲ့ဇာတ်ရှုပ်တွေတစ်ပုံကြီးရှိသေးတယ်ဗျ။ အခွင့်သင့်ရင်ပြောပြရသေးတာပေါ့။ လောလောဆယ်တော့ ခင်ဗျားစာအုပ်စင်ပေါ်က သင့်လူရဲ့ ဝေးလွင့်ကင်းကွာ နှစ်တစ်ရာဆိုတဲ့ စာအုပ်လေး မြည်းစမ်းကြည့်တာ သဘောကျလွန်းလို့ ထမင်းလုံးစီရင်း နှပ်လိုက်ပါရစေဦး'

ကိုသက်ခိုင်ကားစကားလမ်းကြောင်းတည့်ပြီဆိုလျှင် နတ်ဝင်သည်တစ်ယောက်လို တောင်စဉ်ရေမရလျှောက်ပြောနေရင်း သူရပ်ချင်သည့်နေရာတွင် တုံးတိတိကြီးရပ်ပစ်လိုက်သည့် စရိုက်အတိုင်း ကောက်ကာငင်ကာ သူထအသွား ကျွန်တော်ကစားသောက်ပြီးသည့်ပန်းကန်ခွက်ယောက်များကို ဆေးကြောရန် အောက်ထပ်သို့ ကျွန်တော်ဆင်းလာချိန်တွင်ကောင်းကင်မှာ အုံ့မှိုင်းလျက်ရှိသည်။ အိမ်အနောက်ဘက်က တောအုပ်ငယ်မှာ လေပြင်းကြောင့် ယိမ်းထိုးလှုပ်ရှားနေလေ၏။

ဆက်လက်ဖော်ပြပါမည်။




# JAPAN FESTIVAL 2014 Announcement

Japan External Trade Organization, JETRO Yangon မှကြီးမှူး၍ ဂျပန်ကုန်စည်ပြပွဲ ၂၀၁၄ ကိုအောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ သည်။ ပါဝင်ပြသလိုသည့် Japan Brand တင်သွင်းရောင်းချသော မြန်မာ ကုမ္ပဏီများအနေဖြင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Dates: February 7th(Fri) – 10th(Mon)
Time: 9:00-18:00
Venue: Tatmadaw Hall
Participation Fee : FOC
Please Inquire to
JETRO Yangon Office ( Mr. Mizutani / Ms. Myat Mu) **by 28th October 2013**
Tel : + 95-1-544051 ~ 53 Fax : + 95-1-544048
Mail : toshihiro.mizutani@gmail.com ms.myatmu@gmail.com

# Environment

7DAY NEWS JOURNAL

Vol.12, No.33 • OCTOBER 23 , 2013


## စိမ်းပြာရေညှိအထွက်နှုန်းလျော့ကျမှု တရုတ်သိပ္ပံပညာရှင်အဖွဲ့သုတေသနပြု

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၁၆**

စိမ်းပြာရေညှိ စပီရူလိုင်းနား အထွက်နှုန်း လျော့ကျမှုနှင့် ပတ်သက်ပြီး China Academy of Science (CHS) အဖွဲ့မှ သိပ္ပံပညာရှင်များက စိမ်းပြာရေညှိတွင်ပါဝင်သော Diatom အမည်ရှိအဏုဇီဝကောင်နှင့် ဝတ်မှုန်များကို ဓာတ်ခွဲခန်းတွင် သုတေသန ပြုလုပ်နေကြောင်း သတင်းရရှိသည်။

စိမ်းပြာရေညှိတွင် ရှင်သန်နေထိုင်သော အဆိုပါ အဏုဇီဝကောင်သည် မည်သည့်ရာသီဥတုတွင် ရှင်သန်နိုင်သည်၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် မျိုးပွားနှုန်းကျဆင်းခြင်းရှိ၊ မရှိ စသည်များကို တရုတ်နိုင်ငံသို့ယူကာ ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်နေပြီး ရလဒ်အဖြေကို ခြောက်လအတွင်း သိရှိရမည်ဖြစ်ကြောင်း ယင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ဘူမိသိပ္ပံ အသင်း၊ ဒုတိယဥက္ကဋ္ဌဦးကြိုင်စိန်ကပြောကြားသည်။

"စိမ်းပြာရေညှိထဲမှာ အဓိကရှင်သန်တဲ့အဏုဇီဝကောင်ရဲ့ ဂေဟစနစ်ကို လေ့လာမှာပါ။ လေ့လာချက်ထွက်လာရင်တော့ သူနဲ့ဆက်စပ်လို့ ဒီဒေသရဲ့ရာသီဥတုပြောင်းလဲခြင်းကိုပါ သိရမှာဖြစ်ပါတယ်"ဟု အဆိုပါပုဂ္ဂိုလ်က ပြောကြားသည်။

စိမ်းပြာရေညှိအထွက်နှုန်း လျော့ကျလာခြင်းနှင့်ပတ်သက်ပြီး



*စိမ်းပြာရေညှိအဓိကထွက်ရှိရာတစ်နေရာဖြစ်သော တွင်းတောင်* ဓာတ်ပုံ - မျိုးမင်းဦး

ရေခါးစံနှုန်း ထိန်းသိမ်းနိုင်ခြင်း မရှိခြင်း၊ မြစ်ရေတင် စီမံကိန်းကြောင့်ဖြစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ခြင်း စသည်ဖြင့် ကျွမ်းကျင်သူအချို့က ပြည်တွင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးခန့်မှန်းကြသည်။

တွင်းတောင် ဒေသတွင် စိမ်းပြာရေညှိ ထုတ်လုပ်မှုသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ထွက်နှုန်းများ စတင်လျော့ကျလာကာ ယခင်ကဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် မက်ထရစ်တန် ၁၄၀ ထုတ်လုပ်ရာမှ ယခုအခါမက်ထရစ်တန် ၇၈ အထိ လျော့ကျသွားခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စိမ်းပြာရေညှိထုတ်လုပ်နိုင်သည့် နိုင်ငံ သုံးနိုင်ငံသာရှိပြီး မြန်မာနိုင်ငံမှထွက်ရှိသည့်စိမ်းပြာရေညှိသည် အရည်အသွေးကောင်းသည်ဟုဆိုသည်။

စိမ်းပြာရေညှိ ထွက်နှုန်းလျော့ကျရသည့် အကြောင်းရင်းကိုလေ့လာသည့် CAS အဖွဲ့သည် တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် ရုံးစိုက်ပြီး သချာ်၊ ရူပ၊ ဓာတု၊ လူမှုဘဝရှင်သန်မှု၊ မြေကြီး၊ သဘာဝသိပ္ပံ၊ နည်းပညာနှင့် သတင်းအချက်အလက်ပေးခြင်းတို့နှင့်ပတ်သက်၍ အဓိကထားလေ့လာသည့် သိပ္ပံပညာရှင်များအဖွဲ့ဖြစ်သည်။ လေ့လာသုတေသနပြုမှုကိုအောက်တိုဘာ ၅ ရက်က စတင်ပြုလုပ်ခဲ့ပြီး တစ်ပတ်ခန့်ကြာမြင့်ခဲ့သည်။

## ငှက်ကြည့်သင်တန်းဖွင့်ပေးရန် ကမ်းလှမ်းပါက အခမဲ့ကူညီမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

ငှက်ကြည့်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းများကို မည့်သည်အဖွဲ့အစည်းက မဆိုဖွင့်လှစ်ပေးရန် ကမ်းလှမ်းပါက အခမဲ့ ကူညီဖွင့်လှစ်ပေးသွားမည်ဟု မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ သတင်းရရှိသည်။

"ငှက်ကြည့်သင်တန်းကို အရင်ကအသင်းကပဲ ကိုယ်ပိုင် ဖွင့်တာ။ အခု တခြားအဖွဲ့တွေ၊ ခရီးသွား ကုမ္ပဏီတွေက ဖွင့်မယ်ဆိုရင် ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် အသင်းက ပံ့ပိုးကူညီပေးမယ်လို့ ဆုံးဖြတ်ထားတယ်။ အနည်းဆုံးတော့ သင်တန်းသား ၃၀ ရှိရမယ်"ဟု ဦးကျော်နိုင်ကပြောသည်။

ယခုနှစ်တွင် ငှက်ကြည့်ခရီးသွားများပြားသော်လည်း မြန်မာနိုင်ငံတွင် ငှက်ကြည့်ကျွမ်းကျင်နည်းပါးနေသည့်အတွက် အချို့ခရီးစဉ်များကို ဖျက်သိမ်းလိုက်ရကြောင်း ယင်းအသင်းအလုပ်အမှုဆောင်နှင့် ဧည့်လမ်းညွှန်ဖြစ်သူ ဦးလေး ကိုကိုကပြောသည်။

"မြန်မာနိုင်ငံမှာ ငှက်ကြည့်ဖို့ကိုတော်တော်စိတ်ဝင်စားတယ်။ ဒါပေမဲ့ ငှက်ကြည့်ဧည့်လမ်းညွှန်တွေကနည်းတဲ့အတွက် တချို့ဧည့်သည်တွေဆို Cancel လုပ်ရတာတွေရှိတယ်"ဟု ဦးလေးကိုကိုက ပြောသည်။

မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှလည်း ငှက်ကြည့်အခြေခံသင်တန်းကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် ဇီဝမျိုးကွဲများ၊ မြန်မာနိုင်ငံရှိ ငှက်မျိုးစိတ်များနှင့် ငှက်အမျိုးအစား ခွဲခြားနည်း၊ ရာသီပြောင်းဆောင်းခိုငှက်များနှင့် ရှားပါးငှက်မျိုးစိတ်များ၊ ငှက်ကြည့်မှန်ပြောင်း အသုံးပြုနည်း၊ ငှက်ကြည့်လေ့လာရာတွင် ဆောင်ရန်၊ ရှောင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတို့ကိုသင်ကြားသွားမည်ဟုသတင်းရရှိသည်။

## သံလွင်မြစ်ပေါ်မှ ထိုင်းရေအားလျှပ်စစ်စီမံကိန်းနှစ်ခု ရပ်ပေးရန် ထိုင်းလူထုများ ဆုံရပ်တွင်တိုင်းရင်းသားအဖွဲ့များ တောင်းဆိုမည်

**အိဖြူမွန်**

**ရန်ကုန်၊အောက်တိုဘာ-၁၈**

သံလွင်မြစ်ပေါ်တွင် ထိုင်းအစိုးရကတည်ဆောက်ရန်စီစဉ်နေသော ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုကို ရပ်တန့်ပေးရန် ဘန်ကောက်မြို့တွင်ကျင်းပသည့်ထိုင်းလူထုများဆုံရပ်၌ တိုင်းရင်းသားလူထုအဖွဲ့များက အဆိုတင်သွင်းမည်ဖြစ်ကြောင်း သံလွင်လူထု အဖွဲ့မှ သတင်းရရှိသည်။ ထိုင်းလူထုများ ဆုံရပ်ပွဲကို ဘန်ကောက်မြို့ရှိ ချူလာလောင်ကွမ်းတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာများကို ဆွေးနွေးကြမည်ဖြစ်သည်။

"သဘာဝအရင်းအမြစ် ခွဲဝေသုံးစွဲခြင်းကြောင့် မြန်မာနိုင်ငံမှာ တိုင်းရင်းသားအချင်းချင်း ပဋိပက္ခတွေဖြစ်ပွားနေပါတယ်။ ဒီသဘာဝအရင်းအမြစ်ခွဲဝေသုံးစွဲခြင်းကို အဖြေမရှာရသေးခင် ထိုင်းအစိုးရက မြစ်ကြောင်းတွေမှာ ရေအားလျှပ်စစ်ထုတ်ယူဖို့ကြိုးစားနေတာဟာ စစ်ပွဲဖြစ်ပေးဖို့ အရှိန်မြှင့်ပေးတာနဲ့ အတူတူပဲ"ဟု အဆိုပါပွဲသို့ တက်ရောက်မည် သံလွင်ချစ်သူမှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်နန်းခမ်းလှိုင်က ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသအတွင်းရှိ မိုင်းတုံရေအား လျှပ်စစ်စီမံကိန်း အကောင်ထည်ဖော်မှု ဆောလျှင်စွာပြီးစီးရေးအတွက် ထိုင်းစွမ်းအင်ဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်စဉ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအားတိုက်တွန်းခဲ့သည်။ သံလွင်မြစ်တွင် ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခုတည်ဆောက်ရန် လျာထားပြီး ယခင်တာဆန်းမှ အမည်ပြောင်းထားသည့် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းနှင့် ကရင်ပြည်နယ်အတွင်းရှိ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းတို့ကို ထိုင်းနိုင်ငံက ရေအားလျှပ်စစ်ထုတ်ယူရန် ညှိနှိုင်းမှုများပြုလုပ်နေပြီး ကျန်ရေအား လျှပ်စစ်စီမံကိန်းလေးခုကို တရုတ်နိုင်ငံက ထုတ်ယူရန် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်နေသည်။

သံလွင်လူထုအဖွဲ့တွင် ရှမ်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့၊ သံလွင်ချစ်သူအဖွဲ့ (ကယားပြည်နယ်)၊ ကရင်နီ လူမှုအဖွဲ့အစည်းများ ကွန်ရက်၊ ကရင်မြစ်ချောင်းများ စောင့်ကြည့်ရေးနှင့် တိုးတက်သော မွန်လူငယ်များအဖွဲ့တို့ ပါဝင်သည်။




# Tourism

7DAY NEWS JOURNAL

Vol.12, No.33 • OCTOBER 23 , 2013




*သတင်းကျွတ်လပြည့်ညက ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြသူများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# သီတင်းကျွတ်ကာလ ပြည်ပသို့ သွားရောက်လည်ပတ်သူ ထက်ဝက်ခန့်လျော့

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

သီတင်းကျွတ်အားလပ်ရက်ကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်သူ ထက်ဝက်ခန့်လျော့နည်းသွားကြောင်း ခရီးသွားကုမ္ပဏီများမှသတင်းရရှိသည်။

“ဒီနှစ်Tourက၃၊၄ခုလောက်ပဲရှိတယ်။ မနှစ်ကထက် ထက်ဝက်လောက်လျော့သွားတယ်။ Sun Far ဆိုလူမပြည့်လို့ ခရီးစဉ်တွေဖျက်လိုက်တယ်ကြားတယ်”ဟုဂွန်ဝင်ရွှေပုဂံခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဒေါ်မြစန္ဒာအောင်ကပြောသည်။

ထို့အပြင်ယခုနှစ်တွင်လည်း ဗုဒ္ဓဂယာသို့သွားရောက်သူသိသိသာသာလျော့နည်းသွားကြောင်း ဒေါ်မြစန္ဒာအောင်ကဆိုသည်။

ယခုနှစ်သီတင်းကျွတ်ရုံးပိတ်ရက်ကာလတွင်အထူးသဖြင့်ထိုင်းနှင့် မလေးရှားနိုင်ငံသို့ သွားရောက်လည်ပတ်သူသိသိသာသာလျော့နည်းသွားကြောင်း Tour De Mynamar ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာမဒါလီကဆိုသည်။

“မလေးရှားဆို မသွားကြတော့ဘူး။ စီးပွားရေးမကောင်းကြတာလည်းပါမယ်။ မနှစ်ကသင်္ကြန်ပြီးကတည်းက တဖြည်းဖြည်းကျလာတာ”ဟုမဒါလီကပြောသည်။

သို့သော် ယခုနှစ်အတွင်း သဘော်ခရီးစဉ်များမှာမူ ကိုရီးယားနှင့်ဂျပန်ခရီးစဉ်များကိုမူသွားရောက်သူများရှိနေသေးကြောင်း ခရီးသွားကုမ္ပဏီများထံမှ သတင်းရရှိသည်။

# ပြင်ဦးလွင်တွင် လုံခြုံရေးတိုးမြှင့်

ခန့်ထက်

**ရန်ကုန်၊ အောက်တိုဘာ-၁၉**

နိုင်ငံခြားခရီးသည် သွားရောက်မှုများပြီး ယခုနှစ်တွင် ပေါက်ကွဲမှုတစ်ကြိမ်ဖြစ်ခဲ့ဖူးသော ပြင်ဦးလွင်မြို့တွင် ဗုံးပေါက်ကွဲမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းအုန်းကျော်က သတိပေးပြောကြားထားကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၁၁ ရက်တွင် တောင်ငူမြို့၊ ချမ်းမြေ့တည်းခိုခန်းတွင် ဗုံးပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့ပြီးနောက် ရန်ကုန်မြို့လယ်ရှိ ကုန်သည်ကြီးများဟိုတယ်အပါအဝင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်းပြည်နယ်တို့တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

“မသမာသူတွေကြောင့် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွေ ဖြစ်ပွားရပြီး ပြင်ဦးလွင်မြို့ဟာ နိုင်ငံခြားသားညှေ့သည်လာရောက်မှုများတာကြောင့် လုံခြုံရေးအထူးဂရုပြုရန် လိုအပ်ပါတယ်။ ဒါတွေဟာ မကြာမီကျင်းပတော့မယ့် ဆီးဂိမ်းနဲ့ အာဆီယံဥက္ကဋ္ဌနေရာရရှိတဲ့အပေါ် နှောင့်ယှက်မှုဖြစ်တယ်”ဟု ဦးစိုင်းအုန်းကျော်က ပြင်ဦးလွင်မြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောသည်။

ပြင်ဦးလွင်မြို့တွင် ပြီးခဲ့သည့် ဇွန် ၃၀ ရက်က မန္တလေး-လားရှိုးလမ်းမကြီးဘေး အမှတ်(၁)ရပ်ကွက်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး လူသုံးဦးဒဏ်ရာရရှိခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မန္တလေးနှင့် ပြင်ဦးလွင်မြို့များရှိ ဟိုတယ်၊ ခရီးသွားလုပ်ငန်းအဆောက်အအုံများတွင် စီစီတီဗီကင်မရာများမရှိသေးပါက တပ်ဆင်ထားရန် တိုက်တွန်းထားကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရီးသွားရာသီအစဖြစ်သောကြောင့် ပြင်ဦးလွင်မြို့သို့ သွားရောက်လည်ပတ်သူများမှာ နိုင်ငံခြားသားခရီးသည်များသာမက ပြည်တွင်းမှလည်ပတ်သူများပါရှိနေသောကြောင့် လုံခြုံရေးပိုမိုတင်းကျပ်ရန် လိုအပ်ကြောင်း ပြည်တွင်းဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းကြောင့် အောက်တိုဘာ ၂၁ ရက်မှစ၍ မြို့အသီးသီးရှိ ဟိုတယ်ဝန်ထမ်းများအား လုံခြုံရေးသင်တန်းများ ပို့ချပေးရန် ညွှန်ကြားထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ သတင်းရရှိသည်။

လက်ရှိတွင် ယခုနှစ် မြန်မာနိုင်ငံသို့နိုင်ငံခြားသားညှေ့သည်ဝင်ရောက်မှုမှာ ဝင်ပေါက်အသီးသီးမှ ဝင်ရောက်သည့် ဦးရေ ကိုးသိန်းကျော်ရှိနေပြီး နှစ်ကုန်တွင် နှစ်သန်းနီးပါးဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားသည်။




7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# Cartoon



























7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013



# “အီးယူမှာ ၂၈ နိုင်ငံ ပေါင်းထားတာဟာ ဆုံးဖြတ်ချက်ချမှတ်ရင် တညီတညွတ်တည်းဖြစ်လိမ့်မယ်လို့ မျှော်လင့်တာကတော့ လက်တွေ့မဆန်တာဘဲ”

## ဥရောပကော်မရှင်ဥက္ကဋ္ဌဟောင်း ရိုမာနိုပရိုဒီနှင့်တွေ့ဆုံခြင်း

**ကျော်မျိုး**

ဥရောပကော်မရှင်ဥက္ကဋ္ဌဟောင်းဖြစ်သလို အီတလီဝန်ကြီးချုပ်ဟောင်းလည်းဖြစ်တဲ့ ရိုမာနိုပရိုဒီဟာမကြာသေးမီကပဲ အီးယူအနေနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုအကျပ်အတည်းတွေအကြောင်း အစည်းအဝေးတစ်ရပ်မှာ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ယူရိုသတင်းဟာ ၎င်းနဲ့ တွေ့ဆုံခဲ့ပြီး အရှေ့ဥရောပနိုင်ငံတွေအားလုံးကြားမှာ ပိုခိုင်မာတဲ့ မဟာမိတ်တည်ဆောက်ရေး အပါအဝင် အခြားအရေးပါတဲ့ ကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့ပါတယ်။ မေးမြန်းသူက ယူရိုသတင်းမှ ဂျီယိုဗန်နီမာဂီဖြစ်ပါတယ်။

**အီးယူဟာ ပိုပြီးထိရောက်မှုရှိဖို့ နိုင်ငံရေးအရ ပေါင်းစည်းထားတဲ့ သမဂ္ဂတစ်ခု ဖြစ်ရပါမယ်။ ဒါဟာ လူကြီးမင်းအမြင်မှာ လက်တွေ့ကျတဲ့ လမ်းကြောင်း ဖြစ်ပါသလား။**

ရေရှည်အတိုင်းအတာအားဖြင့်တော့ ဒါဟာ ကျွန်တော်တို့ ရှင်သန်ရေးအတွက် လိုအပ်ပါတယ်။ ရေတိုအနေနဲ့ကတော့ နိုင်ငံရေးအရ ညီညွတ်မှုက ရဖို့ခက်ခဲပါတယ်။ ဖိအားနဲ့ တင်းမာမှုတွေ များလာပြီဆိုရင်တော့ ယူရိုရှိသင့်လား၊ မရှိသင့်ဘူးလားဆိုတဲ့ ငြင်းခုံဆွေးနွေးမှုရှိလာမှာပါ။

ဥရောပတိုက်ဟာ လတ်တလောမှာ ကျယ်ကျယ်ပြန့်ပြန့်ကို ကွဲပြားနေပါတယ်။ ဒါ. . ဘာမှအသစ်အဆန်းမဟုတ်ပါဘူး။ သည်းခံမှုနဲ့ နားလည်မှုတွေ အများကြီးလိုအပ်နေပါတယ်။ ဘယ်ဥရောပနိုင်ငံကမှ ဂျာမနီလိုနိုင်ငံမျိုးကတောင် ကမ္ဘာ့အဆင့်မှာ တစ်ဦးတည်းယှဉ်ပြိုင်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဥရောပနိုင်ငံတွေကြား ညီညွတ်စုစည်းမှုက အလွန်အရေးကြီးပါတယ်။

**နိုင်ငံတော်တော်များများမှာတော့ ကျွန်တော်တို့ဟာ အီးယူကို ဦးတည်နေတဲ့အပြင် တစ်ခုတည်းသောငွေကြေး ယူရိုကိုလည်း ဦးတည်နေတဲ့ ဥရောပသံသယအမြင်ကို တွေ့လာနေရပါတယ်။ ဒါဟာ မကြာမီကဖြစ်တဲ့ စီးပွားရေးအကျပ်အတည်းကြောင့်လား။ ဒါမှမဟုတ် အဲဒီထက်ပိုပါသလား။**

ဒီကိစ္စက မကြာမီကဖြစ်ခဲ့တဲ့ စီးပွားရေးအကျပ်အတည်းက ဖော်ပြခဲ့တဲ့ အကျိုးဆက်ပါ။ ကျွန်တော်တို့ ယူရိုငွေကို ဖန်တီးခဲ့တော့ သီးခြားကာကွယ်ရေးအစီအစဉ်တွေလည်း ထည့်သွင်းခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုတွေမှာ ရှင်းလင်းလှပါတယ်။ ဒီနောက်ပိုင်းမှာတော့ ဥရောပတစ်လွှားမှာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကို ကြောက်ကြတာပေါ်လာပါတယ်။ တရုတ်ကို ကြောက်ကြတာပေါ်လာတယ်။ ဥရောပကိုယ်တိုင်ထဲမှာလည်း ပိုလန်နိုင်ငံကို ကြောက်ကြတာပေါ်လာပါတယ်။ ဒါက ကျွန်တော်တို့ကို အားနည်းသွားစေပါတယ်။ အကျပ်အတည်းက ဒီအားနည်းချက်တွေကို ဖော်ပြတာပါ။

**လူကြီးမင်းရဲ့ အမြင်မှာရော စီးပွားရေးအကျပ်အတည်းကို သင့်လျော်သလို စီမံခန့်ခွဲနိုင်ခဲ့ပါပြီလား။**

“သင့်လျော်သလို”တဲ့လား။ အိပ်ပျော်ရင်း ရေတွက်နေရင်တော့ သင့်လျော်သလိုဖြစ်မှာပေါ့။ ဘာကြောင့်လဲဆိုတော့ ကောင်းမွန်စွာအလုပ်လုပ်နေတဲ့ ဥရောပဗဟိုဘဏ်ကလွဲလို့ ကျွန်တော်တို့တွေ အိပ်ပျော်နေကြတယ်။ အဆုံးမရှိတဲ့ နည်းနာပိုင်းငြင်းခုံမှုတွေထဲ ကျွန်တော်တို့ ဆုံးရှုံးလာနေကြတယ်။ ဥရောပရဲ့ စိတ်ဓာတ်ပိုင်းမှာ ဘာဖြစ်နေလဲဆိုတာကိုလည်း လုံးဝမဖြေရှင်းဘဲ ကိုယ်တွေကမ္ဘာမှာ ဘာလုပ်နေသလဲဆိုတဲ့ တကယ့်ပြဿနာကိုလည်း မကိုင်တွယ်ဘဲ ဆုံးရှုံးနေကြပါတယ်။

ဒါကြောင့် ဥရောပမူဝါဒဟာ မလုံလောက်ပါဘူး။ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းပုံနည်းနာပိုင်းနဲ့ ပတ်သက်ရင်လည်း မလုံလောက်ပါဘူး။ ဥပမာပြရရင် အကျပ်အတည်းဖြစ်ပြီး အမေရိကန်ကို ထိခိုက်လာတော့ အိုဘားမားဟာဒေါ်လာဘီလီယံ၈၀၀ကိုကျွန်တော်တို့ကို ထုတ်ချေးခဲ့တယ်။ တရုတ်နိုင်ငံကလည်း ဒေါ်လာဘီလီယံ၅၈၅ထုတ်ပေးတယ်။ ဥရောပကတော့ နှစ်များစွာအတွင်း ယူရိုဒေါ်လာ ဘီလီယံဆယ်ဂဏန်းလောက်ပဲ ထုတ်ပေးခဲ့တယ်။ ချုပ်ပြောရရင်တော့ ဒါက လွန်ကိုလွန်မြောက်နိုင်ရမယ့် နိုင်ငံရေးအကျပ်အတည်းအားလုံးကို ရှောင်ပြန်ဟပ်နေပါတယ်။ ပြီးတော့လည်း ဒီကိစ္စက ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်က ကျွန်တော်တို့ကို အသက်ရှူကျပ်အောင် လုပ်လာတယ်လို့ ခံစားမိတဲ့အချိန်ကျမှသာ လွတ်မြောက်ပါတော့မယ်။ အဲဒီလိုနောက်ဆုံးအချိန်ကျမှ ကျွန်တော်တို့ဟာ ကိုယ်တွေတော့ အပယ်ခံလိုက်ရပြီလို့ နားလည်နိုင်လာပါလိမ့်မယ်။

**အီးယူထဲမှာ နိုင်ငံသားတွေရဲ့ ယုံကြည်မှုကိုပြန်လည်တည်ဆောက်နိုင်ဖို့ ကျွန်တော်တို့ ဘယ်လိုအကောင်းဆုံးလုပ်နိုင်မလဲ။ အီးယူကို ပိုပြီးလူကြိုက်များအောင် ဘယ်လိုလုပ်မလဲ။ ပြောင်းလဲစရာတွေရော ရှိနေသေးလား။**

အရင်ဆုံးအနေနဲ့ ပိုပြီးလူကြိုက်များတဲ့ အီးယူအဖွဲ့ကိုရနိုင်ဖို့ ကျွန်တော်တို့မှာ အနည်းဆုံးညီညွတ်မှုစိတ်ဓာတ်အခံလေး လိုအပ်ပါတယ်။ ကျွန်တော်က လှူဒါန်းမှုတွေလုပ်ဖို့ပြောနေတာမဟုတ်ဘူးနော်။ ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့ အသိဉာဏ်ရှိတဲ့ညီညွတ်မှုအကြောင်းပြောနေတာပါ။ ဥပမာပြရရင် ကျွန်တော်ယုံတာကတော့ ခြိုးခြံချွေတာရေးမူဝါဒဆိုတာက မကြာမီကဖြစ်ခဲ့တဲ့ ရေတိုအမြင်ရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ ဂျာမနီအတွက်တော့ ဘာအကူအညီမှမရခဲ့ပါဘူး။ ကျွန်တော်ကတော့ ရနိုင်သမျှ တွက်ချက်မှုအားလုံးကို လုပ်ခဲ့ပြီးပါပြီ။ ပြီးတော့ တွေ့မိတာကလည်း ခြိုးခြံချွေတာရေးလုပ်လိုက်တာဟာ အရမ်းကို အားကောင်းနေတဲ့ကာလမှာဆိုရင် ဂျာမနီရဲ့တိုးတက်မှုနှုန်းကို နည်းနည်းတောင် နှေးသွားစေပါတယ်။

ဒါပေမဲ့ အီးယူမှာ ၂၈ နိုင်ငံပေါင်းထားတာဟာ ဆုံးဖြတ်ချက်ချမှတ်ရင် တညီတညွတ်တည်းဖြစ်လိမ့်မယ်လို့ မျှော်လင့်တာကတော့ လက်တွေ့မဆန်တာဘဲဆိုတာပါ။ ဥရောပနိုင်ငံသားတွေရဲ့ ယုံကြည်မှုကို ပြန်ရနိုင်ဖို့ဆိုရင် ကျွန်တော်တို့ဟာ ကိုယ်ဆုံးဖြတ်လုပ်ကိုင်နိုင်တဲ့ အာဘော်ကို မြှင့်တင်ရပါမယ်။ ပြဿနာတစ်ရပ်ပေါ်လာတိုင်း ဆုံးဖြတ်ချက်ကို နှောင့်နှေးစေမယ့် ကွဲပြားမှုလေးတွေကို ခွင့်မပြုသင့်ဘူးပေါ့။ နိဂုံးချုပ်ပြောရရင်တော့ ဥရောပမှာ အခြေတကျတည်ဆောက်ထားတဲ့ အစိုးရစနစ်ဆိုတာက ဥရောပတိုက်ကို ပိုပြီးအားကောင်းလာအောင် လုပ်နိုင်စွမ်းမရှိပါဘူး။

*—Ref: Romano Prodi: EU 'sleepwalking' through crisis. Euronews: 4th October.*

# အစားအစာပြတ်ပြီး ပိတ်မိနေသည့် အရပ်သားများထံ အကူအညီပေးမည့်အဖွဲ့များ ဆီးရီးယားဝင်ခွင့်ပြုရမည်ဟု အမေရိကန်ပြောကြား

**ဝါရှင်တန်၊အောက်တိုဘာ-၁၉**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်စ်မြို့ သူပုန်များသိမ်းပိုက်ထားသည့် ဆင်ခြေဖုံးအရပ်များတွင် ပိတ်မိကာ အစားအစာပြတ်လပ်နေသော အရပ်သားများထံသို့ အကူအညီပေးရေးအဖွဲ့များ ချက်ချင်းဝင်ခွင့်ပြုရန် ကန်အစိုးရက ဆီးရီးယားအစိုးရကို တိုက်တွန်းလိုက်သည်။

ဆီးရီးယားစစ်တပ်၏ ကာလကြာရှည်စွာ တိုက်ခိုက်မှုကြောင့် လူပေါင်းများစွာမှာ အစားအစာများ၊ ရေနှင့် ဆေးဝါးများ အလွန်လိုအပ်နေကြောင်း အမေရိကန်အစိုးရကပြောသည်။ သူပုန်များသိမ်းပိုက်ထားသော ဒေသများ လက်နက်ချရမည်(သို့မဟုတ်)အစာငတ်ခံရလိမ့်မည်ဟု ဆီးရီးယားစစ်တပ်က သတိပေးထားသည်။

ဒမတ်စကတ်စ်မြို့ ဆင်ခြေဖုံးအရပ်များအနက် ယာမောက်၊ ဂျီဟိုတာအရှေ့ပိုင်းနှင့် မိုဒါမီယာဒေသ စသောအနည်းဆုံးဒေသသုံးခုကို အစိုးရတပ်ဖွဲ့များက လပေါင်းများစွာကြာအောင် ထိန်းချုပ်ထားခဲ့သည်။

အခြေအနေဆိုးရွားလွန်းသဖြင့် လူများ အသက်ရှင်နိုင်စေရန် ကြောင်သား၊ ခွေးသား၊ မြည်းသားများ စားသောက်ခွင့်ပြုကြောင်း မွတ်ဆလင်ဘာသာရေးခေါင်းဆောင်များက ယခုသီတင်းပတ်အစောပိုင်းတွင် ဘာသာရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းတိရစ္ဆာန်အသားများကို အစ္စလာမ်ဘာသာတွင် လူများစားသုံးရန်မသင့်ဟု မှတ်ယူထားသည်။

“ဒီအခြေအနေကိုကျွန်တော်တို့ ငြီးငွေ့လာပြီ။ တကယ်လို့ စစ်သားတွေက ကျွန်တော်တို့ကို ဓာတုလက်နက်တွေနဲ့ တိုက်ခိုက်ချင်တယ်ဆိုရင် တိုက်လိုက်ပါတော့။ ဒါပေမဲ့ ကျွန်တော်တို့ ပျော်ပျော်လေးသေနိုင်အောင်လို့ သူတို့အဲဒီလက်နက်တွေမှာ ပေါင်မုန့်အနံ့လေးများ ထည့်ပေးလို့ရမလား”ဟု သူငယ်ချင်းအမြောက်အမြားသေဆုံးသွားသည်ကို မြင်တွေ့ပြီးဖြစ်သည့် ယင်းဆင်ခြေဖုံးအရပ်ရှိ အသက်(၁၁)နှစ်အရွယ် ယောက်ျားလေးတစ်ဦးက ပြောသည်။

အဟာရချို့တဲ့မှုကြောင့်ဖြစ်သော သေဆုံးမှုများကို ပထမဆုံးအနေဖြင့် ယခုစတင်မှတ်တမ်းတင်နေပြီဖြစ်ကြောင်း ဆီးရီးယားတက်ကြွလှုပ်ရှားသူများကပြောသည်။ မိုဒါမီယာဒေသတွင် အခြေခံလိုအပ်သည့် အရေးတကြီးအသုံးအဆောင်များမရှိဘဲ လူများနေလာကြသည်မှာ တစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်းနှင့် ထောင်ပေါင်းများစွာသော အရပ်သားများထံသို့ အသက်ကယ် လူသားချင်းစာနာထောက်ထားရေး အကူအညီများ ပေးအပ်ခြင်းကို အစိုးရက တားဆီးနေသည်မှာ လွန်ကဲကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး ဂျန်ပက်စကီးက ပြောသည်။

*—Ref: BBC*



Leader's Profile

# ကမ္ဘာ့ အချမ်းသာဆုံး အမျိုးသမီး လီလီယန် ဘက်တင်ကောက်

ရဲမင်း

လီလီယန်ဘက်တင်ကောက်သည် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်၊ ဖခင်၏ အမွေဆက်ခံသူ၊ လူမှုဝန်းကျင်တွင် ထင်ရှားသူနှင့် ရက်ရောစွာပေးကမ်းလှူဒါန်းသူ ပြင်သစ်အမျိုးသမီးကြီးဖြစ်သည်။ လီလီယန်သည် ပြင်သစ်နိုင်ငံမှ L'Oreal အလှကုန်ပစ္စည်း ကုမ္ပဏီ၏ အဓိက ရှယ်ယာရှင်တစ်ဦးဖြစ်ပြီး ၂၀၁၃ ခုနှစ်မတ်လတွင် ပိုင်ဆိုင်မှုပေါင်း ကန်ဒေါ်လာ ၃၀ ဘီလီယံဖြင့် ကမ္ဘာ့အချမ်းသာဆုံး အမျိုးသမီးအဖြစ် သတ်မှတ်ခံထားရသူ ဖြစ်သည်။

လီလီယန်ကို ၁၉၂၂ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်က ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ မွေးဖွားခဲ့သည်။ ၎င်း၏ဖခင်ဖြစ်သူ ယူဂျင်းရှုရူးလာမှာ ကမ္ဘာ့အကြီးဆုံး အလှကုန်နှင့် အလှအပပစ္စည်းကုမ္ပဏီဖြစ်သော L'Oreal ကို တည်ထောင်ခဲ့သူဖြစ်သည်။ တစ်ဦးတည်းသောသမီး လီလီယန်သည် အသက် (၁၅) နှစ်အရွယ်မှာပင် ဖခင်၏ ကုမ္ပဏီတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အလှကုန်ပစ္စည်းများ ရောစပ်ပုံကို လေ့လာခဲ့သည်။ ယင်းအတွက် လီလီယန်မှာ ငယ်စဉ်ကပင် အလှကုန်စီးပွားရေးလုပ်ငန်းနှင့် အကျွမ်းတဝင်ရှိလာခဲ့သည်။

လီလီယန်သည် ၁၉၅၀ ပြည့်နှစ်တွင် ပြင်သစ်အစိုးရဝန်ကြီး အဖွဲ့ဝင် အင်ဒရေးဘက်တင်ကောက်နှင့် လက်ဆက်ခဲ့ပြီး အင်ဒရေးမှာ နောက်ပိုင်းတွင် L'Oreal ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ၎င်းတို့ကုမ္ပဏီကို အများပိုင်အဖြစ် ပြောင်းလဲချိန်တွင်လည်း ရှယ်ယာအများစုကို လီလီယန်ဘက်တင်ကောက်ကပင် ရယူထားခဲ့သည်။

၁၉၇၄ ခုနှစ်တွင်ပြင်သစ်နိုင်ငံရေးအခြေအနေများ လှုပ်လှုပ်ရှားရှားဖြစ်နေခဲ့ရာ ၎င်းတို့၏ အလှကုန်ကုမ္ပဏီကို အများပိုင်ပြုလုပ်မည်စိုးရိမ်၍ လီလီယန်ဘက်တင်ကောက်က ကုမ္ပဏီမှ ၎င်း၏ ရှယ်ယာထက်ဝက်ခန့်ကို အစားအသောက်များ အဓိကထုတ်လုပ်သော Nestle ကုမ္ပဏီရှယ်ယာ သုံးရာခိုင်နှုန်းဖြင့် အလဲအထပ်ပြုလုပ်ခဲ့သည်။

မစ္စစ်ဘက်တင်ကောက်နှင့် ခင်ပွန်းဖြစ်သူတို့သည် ၁၉၈၇ ခု နှစ်တွင် 'ရှုရူးလာ-ဘက်တင်ကောက်ဖောင်ဒေးရှင်း' ကို ထူထောင်ခဲ့ပြီး ယဉ်ကျေးမှု၊ ဆေးပညာနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအား ထောက်ပံ့ခဲ့သည်။ ယူရိုသန်း ၁၅၀ ပိုင်ဆိုင်မှုအကျိုးအမြတ်များနှင့် နှစ်စဉ်ဘတ်ဂျက်၁၅သန်းရရှိသော ဖောင်ဒေးရှင်းသည် သိပ္ပံပညာဆိုင်ရာ ပညာရေးနှင့် သုတေသနအတွက် ၅၅ ရာခိုင်နှုန်း၊ လူသားချင်းစာနာထောက်ထားမှု ၃၃ ရာခိုင်နှုန်း၊ ယဉ်ကျေးမှုအနုပညာ ၁၂ ရာခိုင်နှုန်း ထောက်ပံ့ပြီး မစ္စစ်ဘက်တင်ကောက်၏ အကြီးမားဆုံး အောင်မြင်မှုတစ်ခုဖြစ်သည်။

မစ္စစ်ဘက်တင်ကောက်သည် ၎င်းကိုယ်တိုင်က လူထုမြင်ကွင်းမထွက်ဘဲ မီဒီယာအာရုံစိုက်မှု မလိုလားသော်လည်း မကြာခဏ ကျော်မကောင်း ကြားမကောင်းကိစ္စရပ်များတွင် ပါဝင်လာလေ့ရှိသည်။ ပြင်သစ်နိုင်ငံသား အနုပညာရှင်၊ ဓာတ်ပုံဆရာ ဖရန်ဆွာနှင့် ပတ်သက်ခဲ့ပြီး မစ္စစ်ဘက်တင်ကောက်၏သမီးဖြစ်သူက ဖရန်ဆွာသည် မိခင်အပေါ် အသုံးချနေသည်ဟု တိုင်တန်းခဲ့သည်။ နောက်ပိုင်းတွင် မစ္စစ်ဘက်တင်ကောက်သည် ဖရန်ဆွာကို ၎င်း၏ အမွေဆက်ခံသူအဖြစ် သေတမ်းစာတွင် ရေးသားထားကြောင်း တွေ့ရှိခဲ့ပြီး သမီးဖြစ်သူနှင့် ပြန်လည်သင့်မြတ်သွားပြီးနောက် ဖရန်ဆွာကို သေတမ်းစာအမွေစာရင်းမှ ဖယ်ရှားခဲ့သည်။ မစ္စစ်ဘက်တင်ကောက်သည် ခင်ပွန်းဖြစ်သူနှင့် အဆိုပါ သမီးတစ်ဦးသာထွန်းကားလိုက်သည်။

—Ref: Wikipedia

# တိုင်တန်းနစ်သင်္ဘောနစ်မြုပ်ချိန်တွင် ဖြေသိမ့်တေးထိုးခဲ့သည့်တယော လေလံတင်မည်

**လန်ဒန်၊အောက်တိုဘာ-၁၉**

တိုင်တန်းနစ်သင်္ဘော နစ်မြုပ်တော့မည့်အချိန်တွင် ထွက်မပြေးဘဲ ခရီးသည်များကို နှစ်သိမ့်ရန် တယောထိုးဖျော်ဖြေခဲ့သည့် တီးဝိုင်းခေါင်းဆောင်နှင့်အတူ နစ်မြုပ်သွားသည့်တယောကို အောက်တိုဘာ ၁၉ ရက်တွင် လေလံတင်ရောင်းချကြောင်းသိရသည်။

၁၉၁၂ခုနှစ်အတွင်းက မနစ်မြုပ်နိုင်ဟု ယူဆခဲ့ကြသည့် တိုင်တန်းနစ်သင်္ဘောစီး ခရီးသည် ၁,၅၀၀ ခန့်နှင့် နစ်မြုပ် သွားသော တီးဝိုင်းခေါင်းဆောင် ဝဲလ်လက်စ်ဟာတလေ၏ အလောင်းနှင့်အတူ ယင်းတယောကို ရှာဖွေတွေ့ရှိခဲ့သည်။

ပျောက်ဆုံးသွားပြီဟု ဆယ်စုနှစ်များစွာ ယုံကြည်ထားခဲ့သည့် ယင်းတယောကို ၂၀၀၆ ခုနှစ်က ယောက်ရှိုင်းယားရှိနေအိမ်ခေါင်မိုး ထပ်ခိုးတွင် တွေ့ရှိခဲ့ပြီးနောက် ယခုအခါ ဝဲလ်ရှိုင်းယားရှိ ဒီဗိုင်းဇ်အရပ်တွင် လေလံတင်ရောင်းချမည်ဖြစ်သည်။

ယင်းတယောကိုလေလံတင်ရောင်းချမည့် ဟန်နရီအယ်လ်ဒရီဂီနှင့် သားဖြစ်သူက ပေါင်သုံးသိန်းရရှိနိုင်ဟု မျှော်လင့်ထားသည်။ ဟာတလေနှင့်၎င်း၏တီးဝိုင်းအဖွဲ့ဝင် ခုနစ်ဦးတို့သည် တိုင်တန်းနစ်သင်္ဘောနစ်မြုပ်တော့မည့်အချိန်တွင် ခရီးသည်များ စိတ်သက်သာရာရစေရန် "ဘုရားသခင် သင့်ထံသို့နီးလာပြီ"ဟုအမည်ရသောဘာသာရေးသီချင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေရန် ဆုံးဖြတ်ခဲ့ကြကြောင်း သင်္ဘောနစ်မြုပ်ရာတွင် အသက်ရှင်ကျန်သူအချို့၏ ပြောကြားချက်အရ သိရသည်။

ယင်းတယောတွင် ဟာတလေနှင့်၎င်း၏သတို့သမီးလောင်း မာရီယာရော်ဘင်ဆင်တို့၏ ၁၉၁၀ စေ့စပ်ပွဲအထိမ်းအမှတ်စာသားများ ထွင်းထုထားသည်။ ယင်းစာသားမှာ "ကျွန်မတို့ စေ့စပ်ပွဲမှာ ဝဲလ်လက်စ်အတွက် အမှတ်တရ မာရီယာ"ဟု ရေးသားထားသည်။



AFP

မစ္စစ်မာရီယာရော်ဘင်ဆင်မှာ လုံးဝအိမ်ထောင်ပြုခဲ့ခြင်းမရှိဘဲ ၁၉၁၉ ခုနှစ်အတွင်း ၎င်းကွယ်လွန်ချိန်၌ ၎င်း၏ညီမဖြစ်သူက ယင်းတယောကို 'ကယ်တင်ရေးတပ်'တီးဝိုင်းသို့ လှူဒါန်းခဲ့သည်။ ယင်းမှတစ်ဆင့် ပိုင်ရှင်အသီးသီးလက်ဝယ်သို့ ရောက်ရှိကာ ဂီတဆရာတစ်ဦးထံ ရောက်ရှိခဲ့ပြီး ပိုင်ရှင်အမည်မသိရသော အိမ်တစ်အိမ်ထဲတွင် ရှာတွေ့ခဲ့သည်။

ယင်းတယောကို အမျိုးမျိုးစမ်းသပ်စစ်ဆေးခဲ့ပြီးနောက် အစစ်အမှန်ဖြစ်ကြောင်း သုတေသီများက ယခုနှစ်မတ်လအတွင်း အတည်ပြုပြောကြားခဲ့သည်။

—Ref: AFP

# အာဖဂန်နစ္စတန်စစ်ပွဲအတွင်းကန်လေကြောင်း ထောက်ပံ့ပစ္စည်းများကို ကာဂျစ်စတန်မှ ရိုမေးနီးယားသို့ ရွှေ့ပြောင်း

**ဝါရှင်တန်၊အောက်တိုဘာ-၁၉**

အာဖဂန်နစ္စတန်စစ်ပွဲအတွက် လိုအပ်သော လေကြောင်းထောက်ပံ့ပစ္စည်းများကို ရိုမေးနီးယားနိုင်ငံ အခြေစိုက်စခန်းတစ်ခုသို့ စတင်ပြောင်းရွှေ့နေပြီဖြစ်ကြောင်း ကန်စစ်ဌာနချုပ် ပင်တဂွန်က ပြောကြားသည်။ ကာဂျစ်စတန်မာနတ်စ်ကြားခံစခန်း ငှားရမ်းမှုကန်ထရိုက် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ကုန်ဆုံးချိန်၌ ပစ္စည်းများ အပြီးပြောင်းရွှေ့မည်ဖြစ်သည်။

ရိုမေးနီးယားကာကွယ်ရေးဝန်ကြီးမာစီယာဒူဆာအမေရိကန်ပင်တဂွန်ဌာနချုပ်သို့ လာရောက်ခဲ့ပြီးနောက်ပိုင်း ရိုမေးနီးယားနိုင်ငံအရှေ့ပိုင်း မီဟေးလ်ကိုဂါနီစီနူးလေယာဉ်ကုန်စည်စခန်းသို့ ကန်လုပ်ငန်းများ ပြောင်းရွှေ့ရေး ဆုံးဖြတ်ချက်ထွက် ပေါ်လာခြင်းဖြစ်သည်။ ပင်လယ်နက်ဒေသတွင်ရှိသော အဆိုပါစခန်းကိုအမေရိကန်က ၁၉၉၉ ခုနှစ်မှစတင်အသုံးပြုခွင့်ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အမေရိကန်နှင့် ရိုမေးနီးယားအစိုးရတို့ကြား သဘောတူညီမှုတစ်ရပ်ရရှိခဲ့ပြီးနောက် အမေရိကန်က အခြေစိုက်စခန်းအများအပြား အသုံးပြုခွင့်ရရှိခဲ့သည်။ ယင်းတွင် ကိုဂါနီစီနူးစခန်း၌ တပ်ဖွဲ့ဝင်များ ချထားခွင့်၊ လေ့ကျင့်ခွင့်၊ ပစ္စည်းသိုလှောင်ခွင့်များလည်း ပါဝင်သည်။

မာနတ်စ်လေဆိပ်ကို ၁၂ နှစ်ကြာ အသုံးပြုပြီးနောက် ကာဂျစ်စတန်အစိုးရက ကန်ထရိုက်သက်တမ်း တိုးတော့မည်မဟုတ်ကြောင်းနှင့် စခန်းကို ရွှေ့ပြောင်းရန် တောင်းဆိုခဲ့သည်။ ယင်းအတွက် ကန်စစ်ဌာနချုပ် ပင်တဂွန်က ကြေညာချက်ထုတ်ပြန်ရာတွင် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များအတွက် ကာဂျစ်စတန်ပြည်သူများက ပါဝင်ထောက်ပံ့ပေးခဲ့ခြင်းကို တန်ဖိုးထားပါကြောင်းနှင့် မာနတ်စ်လေတပ်စခန်းကို ၁၂ နှစ်ကြာ အသုံးပြုခွင့်ပေးခဲ့ပြီး ဆက်လက်အသုံးပြုခွင့်မပေးရေး အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် လေးစားပါကြောင်း ဖော်ပြခဲ့သည်။

—Ref: Reuters

# အာရှ – ပစိဖိတ်ဒေသများရှိ အမှုဆောင်အရာရှိများ ကမ္ဘာတွင် အခြေခံလစာ အများဆုံးရရှိ

**စင်ကာပူ၊အောက်တိုဘာ-၁၉**

အာရှ-ပစိဖိတ်ဒေသရှိ ကုမ္ပဏီထိပ်တန်းပုဂ္ဂိုလ်များဖြစ်သော အမှုဆောင်အရာရှိများသည် ကမ္ဘာတွင် အခြေခံလစာအများဆုံးရသော အမှုဆောင်များဖြစ်ကြောင်း ယင်းလုပ်ငန်းဆိုင်ရာ အကြံပေးအဖွဲ့တစ်ခုဖြစ်သည့်(Association of Executive Search Consultants) က ပြုစုခဲ့သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုသို့ဒေသတွင်းအမှုဆောင်များ လစာနှုန်းထားမြင့်မားရခြင်းတွင် တရုတ်နိုင်ငံ၌ အမှုဆောင်ရာထူး လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်သူများ ရှားပါးလာ၍ လစာကောင်းကောင်းပေးကာ ခေါ်ယူရမှုများပိုများလာခြင်းကြောင့်လည်း ဖြစ်သည်။ ကမ္ဘာတစ်ဝန်းနိုင်ငံများစွာမှအမှုဆောင်အရာရှိ၇၇၈ဦးကို လေ့လာခဲ့ပြီးနောက် စစ်တမ်းက ထိုသို့ဖော်ပြလိုက်ခြင်းဖြစ်သည်။ စစ်တမ်းက ဒေသတွင်း၌ ဝါရင့်ထိပ်တန်းအမှုဆောင်အရာရှိများ၏ အခြေခံတစ်နှစ်လစာမှာ ယခုနှစ်စက်တင်ဘာ ၃၀ ရက် ကာလတွင် ၂၄၃,၆၄၂ ကန်ဒေါ်လာဖြစ်ကြောင်းဖော်ပြသည်။ အမေရိကန်နိုင်ငံတွင် အမှုဆောင်အရာရှိများ၏ အခြေခံလစာမှာ တစ်နှစ်လျှင် ၂၂၉,၂၆၂ ဒေါ်လာဖြစ်သည်။ ထွန်းသစ်စစီးပွားရေးဈေးကွက်များဖြစ်သော ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများတွင် တစ်နှစ်အခြေခံလစာမှာ ၂၁၂,၀၆၆ ဒေါ်လာဖြစ်သည်။

ထို့အပြင် အာရှ-ပစိဖိတ်ဒေသတွင် အမှုဆောင်အရာရှိအများစုမှာ အများအားဖြင့် တစ်နှစ်လျှင် လစာ ၂၀၁,၀၀၀ ဒေါ်လာမှသည် ၂၅၀,၀၀၀ အထိရရှိကြောင်း စစ်တမ်းကဆိုသည်။ အမေရိကတိုက်တွင်မူ အမှုဆောင်အများစုမှာ လစာနှုန်းထား တူညီလေ့ရှိကြပြီး အမြင့်ဆုံးနှုန်းထားမှာ ဒေါ်လာ ၁၅၁,၀၀၀ မှ ၂၀၀,၀၀၀ အထိရှိကြောင်းဆိုသည်။

အာရှ-ပစိဖိတ်ဒေသအတွင်း အမှုဆောင်အရာရှိများ လုပ်ခများရခြင်းနှင့်ပတ်သက်၍ "အရည်အသွေးရှိတဲ့သူတွေ နည်းတဲ့နေရာမှာ အပိုကြေးတွေပေးပြီး ဆွဲဆောင်တာဟာ သင့်လျော်တဲ့လူကောင်းတစ်ဦးရရှိဖို့ဖြစ်ပါတယ်"ဟု နယူးယောက်အခြေစိုက် အဆိုပါအကြံပေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်မြှင့်တင်ရေးဒါရိုက်တာ ဂျိုးချတ်ပယ်က ချိုင်းနားဒေးလ်လီးသတင်းအား ပြောသည်။ စီမံခန့်ခွဲမှုဆိုင်ရာ ရာထူးနေရာများတွင် ထိုသို့အလုပ်နေရာများ ပြတ်လပ်မှုမှာ ဒေသတွင်းစီးပွားရေးလျင်မြန်စွာတိုးတက်လာခြင်းနှင့် ငွေဖောင်းပွမှုများကြောင့်ဖြစ်သည်။

—Ref: ANN

7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# ဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရရေး ဝေဖန်လှေ့ရှိသူ ပီကင်းတက္ကသိုလ်ပါမောက္ခ ရာထူးမှထုတ်ပယ်ခံရ

**ဘေဂျင်း၊အောက်တိုဘာ-၁၉**

တရုတ်ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သော ပီကင်းတက္ကသိုလ်၏ ဘောဂဗေဒကျောင်းသည်ကျောင်းမှ ဌာနေကိုယ်စားလှယ်အဖွဲ့ဝင် ၃၃ဦးပါကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် နိုင်ငံတွင်းတရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာပြောဆိုခွင့်ရရေးတို့ကိုဝေဖန်လှေ့ရှိသူပါမောက္ခတစ်ဦးအား အလုပ်မှထုတ်ပယ်ခဲ့သည်။

တက္ကသိုလ်ဌာနေကော်မတီမှ အဖွဲ့ဝင် ၃၃ ဦးသည် တံခါးပိတ်အစည်းအဝေးပြုလုပ်ကာ မဲအများစု ၃၀ ဖြင့် ဘောဂဗေဒပါမောက္ခ ရှားယီလျှန်းအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း အေပီသတင်းကဖော်ပြခဲ့ကာ တက္ကသိုလ်သို့ ထိုအကြောင်းနှင့်ပတ်သက်၍ ဖုန်းဆက်မေးမြန်းရာ ဖုန်းမကိုင်ကြောင်း ဆိုသည်။ တက္ကသိုလ်တွင် လာမည့်ဇန်နဝါရီ ၃၁ ရက်အထိ အလုပ်လုပ်ရန် စာချုပ်သက်တမ်းကျန်နေသေးသည့် ပါမောက္ခရှားက ၎င်းအလုပ်ထုတ်ခံရခြင်းနှင့်ပတ်သက်၍ "ကျွန်တော့်စိတ်ထဲမှာတော့ တော်တော်ဒေါသထွက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် တည်ငြိမ်စွာနဲ့ ရင်ဆိုင်သွားမှာပါ"ဟု ဆိုသည်။

ပါမောက္ခရှားသည် ၎င်း၏ ရေးသားပြောဆိုမှုများကြောင့် ရာထူးမှထုတ်ပယ်ခံရနိုင်ကြောင်း တရုတ်ပညာရှင်များအသိုင်းအဝိုင်းနှင့် လူမှုကွန်ရက်များတွင် ပြီးခဲ့သည့်လများကပင် သတင်းပြန့်နေခဲ့ပြီးနောက် ယခုအမှန်တကယ်ထုတ်ပယ်ခံလိုက်ရခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် နိုင်ငံကို အုပ်စိုးထားသည့် ကွန်မြူနစ်ပါတီသည် အချို့သောကောလိပ်ကျောင်းများအား စာသင်ခန်းဆွေးနွေးပွဲများ၌ အချို့သော အကြောင်းအရာများဖြစ်သည့် စာနယ်ဇင်းလွတ်လပ်ခွင့်၊ တရားရေးမဏ္ဍိုင် အမှီအခိုကင်းမှု၊ အရပ်ဘက်လူ့အဖွဲ့အစည်းစသည်တို့ကို မပြောရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ဖူးကြောင်း သတင်းများထွက်ပေါ်ခဲ့ဖူးသည်။

ပါမောက္ခရှားသည် ၂၀၀၈ ခုနှစ်တွင် ထင်ရှားသော ဒီမိုကရေစီလိုလားသည့် အတိုက်အခံလှုပ်ရှားသူ လျူရှားပိုနှင့်ပူးတွဲကာ ချာတာ-၀၈ ဟုခေါ်သည့် တရုတ်နိုင်ငံတွင် ကွန်မြူနစ်ပါတီတစ်ခုတည်းက အာဏာစွဲကိုင်ထားသည့်နိုင်ငံရေးစနစ်ကို ဖျက်သိမ်းရန် စာတမ်းကို ပူးပေါင်းရေးဆွဲခဲ့ဖူးပြီး ၂၀၀၉ တွင်လည်း ကွန်မြူနစ်ပါတီဗဟိုဝါဒဖြန့်ချိရေးအကြီးအကဲ ကိုလျူယန်ရှန်းထံ လွတ်လပ်စွာဖော်ထုတ်ပြောဆိုပိုင်ခွင့်ကို နိုင်ငံတော်က ထိန်းချုပ်ထားခြင်းနှင့်ပတ်သက်၍ အိတ်ဖွင့်ပေးစာ ရေးသားတင်ပြခဲ့ဖူးသည်။

၎င်းကို အလုပ်ထုတ်ပယ်ခဲ့ခြင်းတွင် ထိုအချက်မှာလည်း အဓိကအချက်ဖြစ်နိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

*—Ref: BBC*

# တောင်ကိုရီးယားတိုက်လေယာဉ်များ ဖိလစ်ပိုင်ဝယ်ယူရန် ဆွေးနွေး

**ဆိုးလ်၊အောက်တိုဘာ-၁၉**

ဖိလစ်ပိုင်အစိုးရသည် တောင်ကိုရီးယားနိုင်ငံပိုင် လေယာဉ်ကုမ္ပဏီ (KAI)မှ ဒေါ်လာ ၄၃၈ သန်းတန်ဖိုးရှိ တိုက်ခိုက်ရေးလေယာဉ်သစ် ၁၂စီးကို ဝယ်ယူရန် ဆွေးနွေးနေသည်။

ဖိလစ်ပိုင်သမ္မတအကွီနိုသည် ထိုလေယာဉ်များ ဝယ်ယူရေးကို တောင်ကိုရီးယားသမ္မတ ပတ်ဂျွန်ဟေးနှင့် တွေ့ဆုံစဉ် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ သမ္မတအကွီနိုက လေယာဉ်များဝယ်ယူခြင်းသည် နှစ်နိုင်ငံ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းနှင့် အစိုးရချင်းဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဆိုသည်။

ဖိလစ်ပိုင်အစိုးရက ဝယ်ယူရန်ရှိနေသည့် လေယာဉ်များမှာ (FA-50)တိုက်ခိုက်ရေးလေယာဉ်များဖြစ်ကာ လက်နက်ခဲယမ်း ၄.၅ တန်ခန့်တင်ဆောင်နိုင်ပြီး ဝေဟင်ပစ်ဒုံးကျည်များ၊ ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များ၊ စက်သေနတ်များ၊ ကြဲချရန်ဗုံးများ တင်ဆောင်နိုင်သည်။ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဗော်လ်တဲယားဂက်ဇမင်ကလည်း ထိုလေယာဉ်များသည် အခြားနိုင်ငံများမှ လေယာဉ်များထက် ဈေးနှုန်းချိုသာကာ ပြင်ဆင်ထိန်းသိမ်းရလွယ်ကူကြောင်း၊ လေယာဉ်များ ဝယ်ယူရေးတွင် ဖိလစ်ပိုင်လေယာဉ်မှူးများအား လေ့ကျင့်ပေးရေးအတွက် အပိုငွေပေးချေရန်များလည်းပါဝင်ကြောင်း ဆိုသည်။

*—Ref: Koreantimes*






7Day News Journal

# Entertainment

Vol.12, No.33 • OCTOBER 23 , 2013



*စိုင်းစိုင်းမွေးနေ့တွင်သီဆိုခဲ့စဉ်က* ဓာတ်ပုံ-သက်မွန်မြင့်ဖန်ပေ့ချ်

## အကူအညီတောင်းရင် ဆိုဖြစ်ပေမယ့် စီးရီးထုတ်ဖို့ အစီအစဉ်မရှိတဲ့ သက်မွန်မြင့်

**ဖွဲ့ညက်**

**ရန်ကုန်**- အဆိုဝါသနာပါသောကြောင့် အနုပညာမောင်နှမများက အကူအညီတောင်းလျှင် အမှတ်တရအဖြစ် သီချင်းဆိုဖြစ်သော်လည်း စီးရီးထုတ်ရန် အစီအစဉ်မရှိကြောင်း သက်မွန်မြင့်ကပြောသည်။

"သီချင်းဆိုတာတော့ ဝါသနာပါတယ်။ ဒါပေမဲ့စီးရီးထုတ်ဖို့တော့ သတ္တိမရှိဘူး။ ကိုယ်ကျွမ်းကျင်တဲ့ အလုပ်မဟုတ်ဘူးဆိုတော့"ဟု ၎င်းကဆိုသည်။

ရိုက်ကူးထားသည့် ဇာတ်ကားများတွင် ဇာတ်ဝင်သီချင်းမဆိုဖြစ်သော်လည်း ဟဲလေး၏ ဗီစီဒီတွင်မူ ဟဲလေး၏ တောင်းဆိုမှုကြောင့် ကိုယ်တိုင်သီဆိုကာ သရုပ်ဆောင်ထားကြောင်း သက်မွန်မြင့်ကပြောသည်။

"တကယ်တော့ ဗီစီဒီရိုက်ဖို့ကိုဟဲလေးက သက်မွန်က ဗီစီဒီတွေမှာ သရုပ်ဆောင်နေကျဆိုတော့ ကိုယ်တိုင်ဆို ကိုယ်တိုင်သရုပ်ဆောင်အဲဒီလိုမျိုးဘောနပ်စ်အနေနဲ့ထည့်ချင်တယ်ဆိုလို့ ကိုယ်ကလည်း သီချင်းဆိုဝါသနာပါတယ်။ နောက်ပြီး ကိုယ့်ရဲ့ အနုပညာမောင်နှမချင်းသူဖြစ်ချင်တာကို ဖြစ်စေတဲ့သဘောပါ" ဟု ၎င်းကပြောသည်။

ဟဲလေး၏ အခွေတွင်ပထမ သီဆိုခဲ့ပြီး ပြေလကပြုလုပ်သော စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ဖျော်ဖြေပွဲတွင်လည်း သီဆိုပေးခဲ့ရာ ပရိသတ်များအားပေးခဲ့သည်။ ထို့အပြင် ရန်ပုံငွေပွဲများတွင်လည်း သီဆိုဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယခုရက်အတွင်းဒါရိုက်တာကိုဇော်(အရုဏ်ဦး)ရိုက်ကူးသည့် "ရည်းစားလာဂါထာရွတ်တဲ့ကောင်မလေး"ဇာတ်ကားတွင် နေမင်းနှင့်အတူ သရုပ်ဆောင်နေကြောင်း သက်မွန်မြင့်ကပြောသည်။

"အိမ်ကပေးစားတဲ့ ကောင်လေးကို သဘောကျပြီး ကိုယ့်ကိုသဘောကျအောင် လိုက်ကြိုးစားတဲ့ကောင်မလေးပါ"ဟု ၎င်းပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ရုပ်ကိုပြောသည်။

# "တကယ့်ပရိသတ်အစစ်ရဲ့ ကောင်းသောဝေဖန်ခြင်းမျိုးကို ကြိုဆိုပါတယ်။ မလိုလို့ပြောတဲ့အရာတွေကိုတော့ ဝိုင်းစု မကြိုဆိုဘူး"

### ဝိုင်းစုခိုင်သိန်းနှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

အနုပညာမှာ ပါရမီပါတယ်လို့ဆိုရအောင် သရုပ်ဆောင်၊ အဆိုတော်နှစ်ဖက်လုံးမှာအတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိနေသူတစ်ဦးကတော့ ဝိုင်းစုခိုင်သိန်းပါ။ "မက်လောက်စရာ"နှင့် "မျက်လှည့်"စီးရီးနှစ်ခွေထွက်ရှိထားပြီး "အာဘွား"စီးရီးသစ်ကို မကြာမီပရိသတ်လက်ထဲအရောက် ပို့တော့မည့်သူတစ်ဦးလည်းဖြစ်ပါတယ်။ ယခုနောက်ပိုင်းပြည်ပဖျော် ဖြေရေးတွေသွားရုံသာမက ချစ်သူနဲ့အတူဖျော်ဖြေပွဲတွေစီစဉ်ခဲ့တာလည်း အောင်မြင်မှုရခဲ့ပါတယ်။ လတ်တလောလှုပ်ရှားမှုတွေအနေနဲ့ သရုပ်ဆောင်အလုပ်ထက် အဆိုဘက်ကိုဦးစားပေးနေပြီး ပွင့်လင်းရာသီရောက်လာတာနဲ့ အမျှ ဖျော်ဖြေပွဲတွေဆက်တိုက်သီဆိုဖို့ရှိတယ်ဆိုတဲ့ ဝိုင်းစုခိုင်သိန်းကို ဆက်လက်လှုပ်ရှားမယ့်အနုပညာလှုပ်ရှားမှုတွေအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်။



ဓာတ်ပုံ-နစ်ကီ

**လတ်တလောထွက်ရှိတော့မယ့် ဝိုင်းစုရဲ့ တတိယမြောက်တစ်ကိုယ်တော်ခွေအကြောင်းကိုပြောပြပေးပါလား။**

'အာဘွား'ခွေက ၂၇ရက်နေ့ထွက်မှာပါ၊ ရန်ကုန်မှာ အဲဒီနေ့ ပရိုမိုးရှင်းပွဲတွေလုပ်မယ်၊ ပြီးရင် မန္တလေးနဲ့မြင်းခြံမှာလည်း လက်မှတ်ထိုးမယ်။


**'အာဘွား'အခွေမှာရောရှေ့ကထွက်ထားတဲ့အခွေတွေနဲ့ မတူအောင် ဘာတွေလုပ်ထားလဲ။ အရင်အခွေတွေက ပရိသတ်အားပေးမှုရပြီး အောင်မြင်ထားတော့ ဒီအခွေအပေါ်မှာရော စိုးရိမ်စိတ်ဖြစ်လား။**

ထူးထူးခြားခြားကြီးတော့ ဝိုင်းစု အရမ်းမပြောင်းထားဘူး။ နည်းနည်းပါးပါးလေးပဲ။ ကျန်တာကတော့ပုံစံအတူတူပါပဲ။ ဝိုင်းစုဘက်ကတော့ တတ်နိုင်သမျှ အကောင်းဆုံးလုပ်ထားတယ်၊ အောင်မြင်မှုရဖို့က ပရိသတ်အားပေးမှုပေါ်မှာပဲမူတည်မှာပါ။ ကိုယ့်ဘက်ကတတ်နိုင်သမျှ အကောင်းဆုံးလုပ်နိုင်ဖို့ပဲအရေးကြီးပါတယ်။

စာမျက်နှာ ၄၁ »



7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013



# မင်းသမီးဖြစ်ချင်တဲ့ မော်ဒယ် မီရန်ဒါကား

**လော့စ်အန်ဂျလိစ်၊ အောက်တိုဘာ-၁၉**

ဩစတြေးလျစူပါမော်ဒယ်မီရန်ဒါကားသည် ဖက်ရှင်လုပ်ငန်းများ ယာယီရပ်ဆိုင်း၍ ခင်ပွန်းဖြစ်သူ သရုပ်ဆောင်မင်းသား အော်လန်ဒိုဘလွန်း၏ ခြေရာကို နင်းရန် စိတ်အားထက်သန်လျက်ရှိသည်။

Victoria Secret မော်ဒယ်ဟောင်းတစ်ဦးဖြစ်သော မီရန်ဒါက ၎င်းသည် သရုပ်ဆောင်လုပ်ငန်း ကိုယ်စားလှယ်များနှင့် ဆွေးနွေးနေသည်ဟု Stuart Weitz-man ပါတီပွဲ၌ ပြောကြားခဲ့ကြောင်း New York Post သတင်းစာက ဖော်ပြသည်။ မီရန်ဒါကားသည် Victoria Secret မော်ဒယ်အဖြစ်မှ အနားယူခဲ့ပြီး ၎င်းကိုယ်ပိုင် ကုန်အမှတ်တံဆိပ် KORA Organics အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

အမျိုးသမီးအတွင်းခံ ကြော်ငြာမော်ဒယ်တစ်ဦးအဖြစ် နာမည်ကျော်ကြားသော မီရန်ဒါကားသည် 'Pirates of the Carri-bean' ဇာတ်ကားဖြင့် အောင်မြင်ကျော်ကြားသော ခင်ပွန်းဖြစ်သူ အော်လန်ဒိုဘလွန်း၏ သရုပ်ဆောင်မှုများကိုကြည့်၍ သရုပ်ဆောင်လုပ်ငန်းဘက်သို့စိတ်ယိုင်လာခြင်းဖြစ်သည်ဟု ခန့်မှန်းကြသည်။

၂၀၁၀ ခုနှစ်က လက်ထပ်ခဲ့သော မီရန်ဒါကားတို့ စုံတွဲသည် ၂ နှစ်အရွယ်သားကလေးကို ပျိုးထောင်လျက်ရှိပြီး ၎င်းတို့၏ လုပ်ငန်းများကို အိမ်သို့မသယ်လာဘဲ အလုပ်၌သာ ထားလေ့ရှိသည်ဟု သိရသည်။

*—Ref: Hollywood Buzz*



## KBS အစီအစဉ်မှူးဖြစ်လာမယ့် Sistar ဘိုရာနဲ့ ပတ်ဆောဂျွန်း

**ဆိုးလ်၊ အောက်တိုဘာ-၁၉**


တောင်ကိုရီးယား ပေါ့ပ်အဆိုရှင်များအဖွဲ့ Sistar မှ အဖွဲ့ဝင် ဘိုရာနှင့် လူသစ်သရုပ်ဆောင်မင်းသား ပတ်ဆောဂျွန်းတို့သည် တောင်ကိုရီးယား(KBS)ရုပ်သံလိုင်း၏ အပတ်စဉ်တေးဂီတဖျော်ဖြေပွဲ 'Music Bank' ၌ အစီအစဉ်မှူးများအဖြစ် ဆောင်ရွက်မည်ဟု ယင်းရုပ်သံလိုင်းကပြောသည်။

ဘိုရာနှင့် ပတ်ဆောဂျွန်းတို့နှစ်ဦးသည် အောက်တိုဘာ ၂၅ ရက်မှစ၍ 'Music Bank' အစီအစဉ်မှူးအသစ်များအဖြစ် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ပြေိလကတည်းက အစီအစဉ်မှူးများအဖြစ် ဆောင်ရွက်ခဲ့သော 2AM အဖွဲ့သား ဂျင်ဝန်းနှင့် သရုပ်ဆောင်မင်းသမီး ပတ်စီယန်းတို့သည် အောက်တိုဘာ ၁၈ ရက်တွင် အစီအစဉ်မှူးများအဖြစ် နောက်ဆုံးဆောင်ရွက်ခဲ့ပြီး အစီအစဉ်မှ ထွက်ခွာသွားပြီဖြစ်ကြောင်း ရုပ်သံလိုင်းက ပြောကြားသည်။

Sistar အဖွဲ့ဝင် ဘိုရာက ယခင်က ၎င်းပါဝင်ဖျော်ဖြေသော အစီအစဉ်၌ အစီအစဉ်မှူးအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် တစ်မူထူးခြားသည်ဟု ခံစားရကြောင်း ပြောကြားခဲ့သည်။ ပတ်ဆောဂျွန်းက Music Bank အစီအစဉ်ကို စတင်ကြည့်ဖူးချိန်၌ Sistar အဖွဲ့ ဖျော်ဖြေနေချိန်ဖြစ်သောကြောင့် Sistar အဖွဲ့၊ Music Bank နှင့် ၎င်းမှာ ဆုံတွေ့ရန် ကံပါသည်ဟု ပြောကြားခဲ့သည်။

*—Ref: Ten Asia*



7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

စာ(၃၉)မှ

# ဝိုင်းစုခိုင်သိန်းနှင့်တွေ့ဆုံခြင်း

အရင်အခွေတွေလည်း အကောင်းဆုံးကြိုးစားခဲ့တယ်။ ဒီအခွေကိုလည်း အကောင်းဆုံးကြိုးစားထားတယ်ဆိုတော့ ပရိသတ်ကိုပဲ အားကိုးရမှာပါ။

**ရှေ့ကထွက်ထားတဲ့ တစ်ကိုယ်တော်ခွေတွေမှာ ပေါက်သီချင်းတွေရှိခဲ့သလို 'အာဘွား'မှာရော ဘယ်သီချင်းတွေက ပရိတ်သတ်အားပေးမှုရမယ်လို့ထင်သလဲ။ တေးရေးတွေအနေနဲ့ရောဘယ်သူတွေပါလဲ။**

ခုလောလောဆယ်ကြိုက်ကြတာက 'အာဘွား' လည်းကြိုက်ကြတယ်။ နောက်ဆုံးအချစ်ရယ်၊ Sweet Sixteen နဲ့မိသားစုသီချင်းလေးကိုလည်း ကြိုက်ကြတယ်။ တေးရေးတွေက ရွှေဂျော်ဂျော်၊ ဆောင်းဦးလှိုင်၊ ဇဝါ၊ စံပီး၊ ဖိုးကာ၊ မိုးမိုးနဲ့ ဘန်နီဖြိုး။

**အရင်ခွေတွေမှာပါတဲ့ Rဇာနည်နဲ့ ဆိုထားတဲ့ လိုက်ဖက်တဲ့ဘဝ သီချင်းဆိုရင်ပရိတ်သတ်တွေကြိုက်ကြတော့ ဒီအခွေမှာ စုံတွဲအနေနဲ့ ဆိုထားတဲ့ သီချင်းတွေရောပါလား။**

ဝိုင်းစု ဒီအခွေထဲမှာ Duet မထည့်ထားဘူး။ Duet ကတစ်လပိုင်းမှ သက်သက်တစ်ခွေထပ်ထုတ်မယ်။ ပထမက ၂၀၁၃ ချစ်သူများနေ့အတွက် စီစဉ်ရင်းနဲ့ဒီကြားထဲမှာအတွဲခွေအနေနဲ့ ထုတ်မယ်ဆိုပြီး 'အာဘွား'ကို အရင်ထုတ်ဖြစ်သွားတာ။ နောက်နှစ် ချစ်သူများနေ့ အမီ တစ်လပိုင်းမှာတော့ ထုတ်ဖို့ ကြိုးစားနေတယ်၊

**Duet ခွေမှာရော အမျိုးသားအဆိုရှင် ဘယ်နှစ်ယောက် လောက်ပါမလဲ။**

အဲဒီအခွေအတွက် သီချင်းပုဒ်ရေဆယ်ပုဒ်၊ ဒါမှမဟုတ်ဆယ့်နှစ်ပုဒ်ပေါ့။ အဲဒီလောက်တော့ လုပ်မယ်။ သေချာတော့ မပြောတတ်သေးဘူး။

**ဝိုင်းစုအနေနဲ့အခုနောက်ပိုင်းမှာ သရုပ်ဆောင် အလုပ်ရော၊ အဆိုတော်ရောလုပ်ဖြစ်နေတော့အချိန်ကို ဘယ်လို သတ်မှတ်ပြီးလုပ်ဖြစ်လဲ။**

လောလောဆယ်ကတော့ ဖျော်ဖြေပွဲတွေလည်း များတယ်၊ ဝိုင်းစု လုပ်စရာ နှစ်ခွေရှိတော့ ကားရိုက်က အများဆုံးရိုက်ဖြစ်ရင် တောင်တစ်လတစ်ကားလောက်ပဲ ရိုက်ဖြစ်မယ်။ အဓိကက ဒီလပိုင်းက ပွဲတော်ရာသီဖြစ်တော့ ရှိုးပွဲပိုဆိုဖြစ်တာများလိမ့်မယ်။

**သရုပ်ဆောင်ဘက်မှာတစ်လကို တစ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်ဖို့ဇာတ်ရုပ်ကို ဘယ်လိုရွေးချယ်ပြီး ရိုက်ကူးဖို့ စီစဉ်ထားလဲ။ ကိုယ်တိုင်ရိုက် ချင်တဲ့ဇာတ်ရုပ်မျိုးရောရှိလား။**

ဝိုင်းစုကိုရိုက်ဖို့ လာငှားတဲ့ ဇာတ်ကားရိုက်မယ့်ရက် အဆင်ပြေမယ်၊ နောက်ပြီး ဇာတ်လမ်းလည်းကြိုက်တယ်ဆိုရင် ရိုက်ဖြစ်မှာပါ။ ကိုယ်တိုင်ရိုက်ချင်တဲ့ ဇာတ်ဆိုပြီး သီးသီးသန့်သန့်တော့မရှိပါဘူး။ တစ်ခါတလေတော့ ရိုက်ချင်တဲ့ ဇာတ်လေးတွေရှိတယ်၊ ကိုယ့်ကိုလာပြတဲ့ ဇာတ်တွေထဲမှာလည်း ကောင်းတာတွေရှိပါတယ်။

**အခုနောက်ပိုင်းမှာ ပြည်ပမှာလုပ်တဲ့ ဖျော်ဖြေပွဲတွေလည်းသွားတယ်။ ကိုယ်တိုင်လည်း ပြည်ပဖျော်ဖြေပွဲတွေ စီစဉ်နေတော့ ဘယ်လို အတွေ့အကြုံမျိုးတွေရလဲ။ ကိုယ်တိုင်စီစဉ်တဲ့ပွဲနဲ့ ဖျော်ဖြေရေးသီးသန့်သွားရတဲ့ပွဲတွေမှာ ဘာတွေ ကွာခြားမှုရှိလဲ။**

အတွေ့အကြုံကတော့ဒီလိုပါပဲ။ သွားတယ်၊ လာတယ်။ ကိုယ်တိုင်စီစဉ်တဲ့ပွဲက ခုမှစလုပ်တာဆိုတော့ အခက်အခဲနည်းနည်းတော့ရှိတာပေါ့။ ဒါပေမဲ့ အဆင်ပြေပါတယ်။ တခြားပွဲတွေလည်း သွားနေရတာဆိုတော့ ပုံမှန်ဖြစ်နေပါပြီ။ အရမ်းကြီးထွေထွေထူးထူးတော့ မရှိပါဘူး။ ကိုယ်တိုင်စီစဉ်တဲ့ပွဲကတော့ တာဝန်လည်းကြီးတယ်။ အဆိုတော်ရွေးရတာကအစ တီးဝိုင်းပါမယ်ဆိုရင် ဘယ်အဆိုတော်တွေခေါ်မလဲ။ ဟိုကပရိသတ်ကြိုက်မယ့် အဆိုတော်တွေကိုရွေးရတာပေါ့။ နောက်နှစ်လည်း ဝိုင်းစုတို့ ပွဲလုပ်ဖြစ်မယ်ဆိုရင်ဘယ်အဆိုတော်တွေနဲ့ လုပ်မလဲ။ ဟစ်ဟော့ပ်ဆိုရင်လည်း ဟစ်ဟော့ပ်၊ တီးဝိုင်းနဲ့ဆိုရင်လည်း တီးဝိုင်းပေါ့။ အဓိကက အဆိုတော်တွေအတွဲညီဖို့အရေးကြီးတယ်။ အဲဒါက ပရိသတ်အတွက်လည်း ပိုကောင်းတယ်။

**ပြည်ပဖျော်ဖြေပွဲတွေစီစဉ်တဲ့ အခါမှာတစ်ပွဲတည်း စီစဉ်တာနဲ့ပွဲတွေ အများကြီးစီစဉ်တာ ဘယ်ဟာက အဆင်ပြေလဲ။**

အဲဒါကျတော့သွားရတဲ့နေရာအပေါ်မှာမူတည်တယ်။ နီးတဲ့ပွဲကတော့ ပြဿနာမရှိဘူး။ ဘန်ကောက်တို့၊ စင်ကာပူတို့ကတော့ တစ်ပွဲတည်း လုပ်တာပိုကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဦးရေအရေအတွက်လည်း အရမ်းမများဘူး။ အမေရိကားမှာကျတော့ တစ်မြို့နဲ့တစ်မြို့ကလည်းအဝေးကြီးပဲ။ မြို့တိုင်းမြို့တိုင်းမှာလည်း ပွဲလုပ်လို့ရတယ်။ လူဦးရေကလည်း သူ့ဟာနဲ့သူများတဲ့မြို့ရှိသလို နည်းတဲ့မြို့လည်း ရှိတယ်။ နောက်ပြီးလေယာဉ်စရိတ်လည်းကာမိအောင် ပွဲကများများလုပ်ရတယ်။ နီးတဲ့ပွဲတွေကတော့ လေယာဉ်စရိတ်လည်း အရမ်းမကုန်ဘူးလေ။ ဟိုမှာက လေယာဉ်စရိတ်ပဲ တစ်ယောက်ကို ဒေါ်လာ ၁,၇၀၀၊ ၁,၈၀၀ ကုန်တာဆိုတော့ တီးဝိုင်းပါမယ်ဆိုရင်ပဲ အဲဒီမှာလေးယောက်၊ အဆိုတော်က ငါးယောက်ဆိုရင်ပဲ အများကြီးဖြစ်သွားပြီဆိုတော့ ဒါကိုကျေအောင်ပြန်လုပ်ရတာပေါ့။

**ဖျော်ဖြေပွဲတွေမှာပရိသတ်တွေက ဘယ်သီချင်းတွေကို အများဆုံးတောင်းလဲ၊ခုထွက်မယ့် အာဘွားခွေထဲကသီချင်းတွေရောဖျော်ဖြေဖြစ်လား။**

ပရိသတ်တွေက အရင်သီချင်းတွေရော မျက်လှည့်ထဲက သီချင်းတွေရော အားပေးကြပါတယ်၊ လမ်းမကြီးရဲ့ဘေး၊ ချစ်ရိပ်ညနေ၊ ဆည်းလည်းသံ၊ ရုပ်ဆိုးမ အဲဒီသီချင်းတွေကတော့ အများဆုံးတောင်းကြတယ်၊ 'အာဘွား'ခွေထဲက သီချင်းတွေတော့မဆိုဖြစ်ဘူး။ မထွက်သေးတဲ့သီချင်းတွေကိုဝိုင်းစုဆိုလေ့မရှိပါဘူး။

**ဖျော်ဖြေပွဲတွေများလာတာနဲ့ အမျှ ပရိသတ်တွေကြည့်ရတာ ထပ်မသွားအောင် ဘယ်လိုကြိုးစားလဲ။**

ထပ်မသွားအောင် အဓိကက ပွဲအကြီးတွေမှာတော့ ပါဖော့မန့်ထည့်တာပေါ့။ ဝေးတဲ့နယ်တွေဆိုရင်တော့ပါဖော့မန့် အရမ်းထည့်လို့မရဘူး။ တတ်နိုင်သမျှကတော့ကိုယ်အဆိုပိုင်းကိုပဲကိုယ့်ဟာကိုယ် အကောင်းဆုံးမုဒ်ထည့်ပြီးဆိုတာပဲ များပါတယ်။ ဒီပွဲမှာဘာလုပ်မယ်ဆိုပြီး အရမ်းကြီးစီစဉ်လို့လဲမရဘူး။ ကိုယ့်သီချင်းကလည်းဒါပဲဆိုတော့ ဒီထက်လည်း ပိုလုပ်လို့မရဘူး။

**ချစ်သူရှိတယ်ဆိုတာ ပရိသတ်ကိုလည်းအသိပေးထားတယ်။ ဟိုတစ်ခါက ဖေ့စ်ဘွတ်ခ်မှာ အိမ်တက်ဆွမ်းကျွေးကိုမင်္ဂလာဆောင်လို့ ပရိသတ်တွေကထင်ကြတယ်။ ခု ဝါလည်းကျွတ်ပြီဆိုတော့ ဝိုင်းစုရဲ့မင်္ဂလာသတင်းကြားရတော့မှာလား။**

မင်္ဂလာသတင်းက ဝိုင်းစုလုပ်ပြီဆိုတာနဲ့ ပရိသတ်ကြီးကို ပြောပြမှာပါ။ ဘယ်အရာမှမကျိန်းသေဘူးလေ။ ကျိန်းသေတဲ့ အရာမဟုတ်တော့ ကြိုမပြောချင်ဘူး။ သေချာပြီ၊ ရက်အတိအကျသိပြီဆိုတာနဲ့ ပြောပြမှာပါ။

**မင်းသမီးတစ်ယောက်အနေနဲ့ ကောလာဟလတွေ ကြုံလာရင်ရော ဘယ်လိုဖြေရှင်းဖြစ်လဲ။**

ကောလာဟလကတော့မင်းသမီးမှမဟုတ်ပါဘူး။ အပြင်လူလည်းရှိတာပါပဲ။ မင်းသမီး၊ မင်းသား Celebrityဖြစ်တဲ့ အတွက်ပိုပြောကြတာပဲရှိတယ်။ ကောလာဟလဆိုတော့ မှန်ရင်မှန်တဲ့ အတိုင်း၊ မှားရင်မှားတဲ့အတိုင်းဖြစ်မှာပဲ။ အဓိကကကိုယ့်ကိုဝေဖန်တယ်၊ အကြံပေးတယ်ဆို ကောင်းသောဝေဖန်ခြင်းမျိုး၊ တကယ့်ပရိသတ်အစစ်က ဝေဖန်ခြင်းမျိုးကို လက်ခံကြိုဆိုပါတယ်။ မဟုတ်ဘဲနဲ့ မလိုလို့ပြောတဲ့ အရာတွေကိုတော့ ဝိုင်းစုမကြိုဆိုဘူး။

**ဝိုင်းစုကိုအားပေးနေတဲ့ ပရိသတ်ကြီးအတွက်လက်ဆောင် စကားလေးပြောပေးပါဦး။**

အောက်တိုဘာ ၂၇ရက်မှာထွက်မယ့်အာဘွားခွေလေးကို အရင်ခွေတွေလိုပဲအားပေးကြပါဦး။ ဝိုင်းစုဘက်ကတတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ဝိုင်းစုကို အားပေးခဲ့တဲ့ပရိသတ်ကြီးရော၊ လက်ရှိအားပေးနေတဲ့ပရိသတ်ကြီးကိုကျေးဇူးတင်ပါတယ်။ ॥



## မူလီ တစ်လုံးကြောင့် Structure တစ်ခုလုံး အပျက်စီး မခံပါနဲ့

ထိုင်းနိုင်ငံ၏ နံပါတ် (၁) ရောင်းအားအကောင်းဆုံး နှင့် အကြီးဆုံး မူလီလုပ်ငန်း

Quality ကို အလွန်တန်ဖိုးထားသော USA, UK, Germany နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၂၀) ကျော်သို့ တင်ပို့နေပါသည်။ ထိုနိုင်ငံများသို့ တင်ပို့သည့် အရည်အသွေးအတိုင်းသာ မြန်မာနိုင်ငံသို့လည်း တင်ပို့ပါသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်များ

BFC Reg.No. 1270/2013
KEF Reg.No. 1271/2013
VEEBUS Reg.No. 1272/2013
ZIMMER Reg.No. 1273/2013



High Strength Structural Bolt

**BFC မူလီများ၏ အားသာချက်များ**

(၁) ISO 9001:2008 / ISO 14001:2004 / Thailand's Brand / CE
(၂) American (ANSI), British (BSW), German (DIN) နှင့် Japan (JIS) Standards များအားလုံး ထုတ်လုပ်နိုင်ခြင်း
(၃) Special Product များ ထုတ်လုပ်ပေးခြင်း
(၄) Quality Control အဖြစ် သံသားအတွင်းအပြင်အမာ စမ်းခြင်း၊ ဆွဲဆန့်ခံနိုင်အားစမ်းခြင်း နှင့် ဆွဲလိမ်အားခံနိုင်မှု စမ်းသပ်ခြင်း
(၅) Tensile Grade ➔ (4.8) (8.8) (10.9) (12.9)
(၆) မီလီမီတာ နှင့် လက်မ (UNC / UNF) အတိုင်းအတာများ

**BFC အမှတ်တံဆိပ် အတုအပ အလွန်များပြားနေပါသဖြင့် သတိပြုကြပါရန်။**

**BFC မူလီများသည် အောက်ပါ အားနည်းချက်များ လုံးဝမရှိပါ**

(၁) သံရိုင်းကုန်ကြမ်း Quality အဆင့်လျှော့သုံးခြင်း
(၂) ထုတ်လုပ်မှု Process စံသတ်မှတ်ချက် လျှော့၍ ထုတ်ခြင်း
(၃) မူလီတိုင် နှင့် မူလီခေါင်းများ ထုထည် အပြည့်အဝမရှိခြင်း
(၄) မူလီတိုင် နှင့် နတ်ခေါင်းများ အံဝင်ဂွင်ကျမရှိခြင်း
(၅) အရစ်ပြုန်းလွယ်ခြင်း
(၆) အားနှင့်ကြပ်သောအခါ မူလီခေါင်းများပြုတ်ထွက်ခြင်း
(၇) (8.8) Grade မရှိသော မူလီကို 8.8 ဟု တံဆိပ်ညာရိုက်နှိပ်ခြင်း

BFC တံဆိပ်အစစ်ရနိုင်သော မူလီဆိုင်ကြီးများစာရင်းကို ကြေငြာပေးပါမည်။
Construction နှင့် Machinery များအတွက်လည်း သီးသန့်မှာယူနိုင်ပါသည်။

| | |
|---|---|
| မြန်မာပြည် ဈေးကွက်ကိုယ်စားလှယ်<br>ဦးအောင်ဒီး (Ph: 09 44800 7142)<br>awngdi@bfcthai.com | Bangkok Fastening Co., Ltd.<br>99/4 Moo 7, Bangna-Trad Road, Bangchalong,<br>Bangplee, Samutprakarn 10540, Thailand<br>Tel : (02) 312-6159-65 , www.bfcthai.com |

Vol.12, No.33 • OCTOBER 23 , 2013



# ဆီးဂိမ်းတွင် ရွှေတံဆိပ်အနည်းဆုံး၇၀ ရရန် မြန်မာမျှော်မှန်းထားဟုဆို

*ဆီးဂိမ်းအတွက်လေ့ကျင့်နေသည့် ရိုးရာလှေလှော်အဖွဲ့*

ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း၊ ချစ်ဝိုင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) တွင် အိမ်ရှင်မြန်မာ အားကစားအဖွဲ့အနေဖြင့် အနည်းဆုံးရွှေတံဆိပ် ၇၀ မှ အများဆုံး ၁၂၉ ခုအထိ မျှော်မှန်းထားကြောင်း သတင်းရရှိသည်။

လာမည့်ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် ၄၆၀၊ ငွေတံဆိပ် ၄၆၀၊ ကြေးတံဆိပ် ၆၃၇ ခု (စုစုပေါင်း ဆုတံဆိပ် ၁၅၅၇ ခု ) ချီးမြှင့်မည်ဖြစ်သည်။

"လေ့ကျင့်မှုအနေအထား၊ တိုးတက်မှုအနေအထား၊ အခြားပြိုင်ပွဲဝင်နိုင်ငံတွေနဲ့ ချိန်ထိုးမှု၊ ပြီးခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲတွေနဲ့ နှိုင်းယှဉ်မှု အဓိကအချက်လေးချက်နဲ့ ဆုတံဆိပ်မျှော်မှန်းချက်ကို တွက်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၃ ဆီးဂိမ်းမှာမြန်မာအားကစားအဖွဲ့အနေနဲ့ အနည်းဆုံး ရွှေတံဆိပ် ၇၀ ကနေ အများဆုံး ၁၂၉ ခုအထိ မျှော်မှန်းထားပါတယ်" ဟု မြန်မာအားကစားအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ခံ (ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေး) ဦးကျော်ဇင်မိုးက ပြောသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ပြေးခုန်ပစ်အားကစားနည်းတွင် ရွှေတံဆိပ် ၄၆ ခုနှင့် ရွှေတံဆိပ် ၄၁ ခု ချီးမြှင့်မည့် ရေကူးအားကစားနည်းများမှ ရွှေတံဆိပ်အများဆုံး ချီးမြှင့်မည်ဖြစ်သော်လည်း အိမ်ရှင်မြန်မာ အားကစားအဖွဲ့များအနေဖြင့် အဆိုပါ အားကစားနည်းနှစ်ရပ်တွင် ရွှေတံဆိပ်မျှော်မှန်းချက် အားနည်းနေပြီး အခြားအားကစားနည်းများမှ ရွှေတံဆိပ်ရရှိရန် ရည်ရွယ်ထားကြောင်း ဦးကျော်ဇင်မိုးက ဆိုသည်။

"မြန်မာအားကစားအဖွဲ့အနေနဲ့ လက်ရှိအနေအထားအရ ပြေးခုန်ပစ်နဲ့ ရေကူးအားကစားနည်းတွေမှာ ရွှေတံဆိပ်မျှော်လင့်ချက် အားနည်းနေတဲ့အတွက် ဒီအားကစားနည်းနှစ်ရပ်က လွတ်သွားမယ့် ရွှေဆုအရေအတွက်အစား အခြားအားကစားနည်းတွေကနေ ပြန်လည်ရယူသွားဖို့ မျှော်မှန်းထားပါတယ်" ဟု ဦးကျော်ဇင်မိုးက ပြောသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ရိုးရာလှေလှော်၊ စစ်တုရင်၊ ရိုးရာခြင်းလုံးအားကစားနည်းအပါအဝင် အားကစားနည်း အရေအတွက် ၂၀ ကျော်မှ ရွှေတံဆိပ်မျှော်မှန်းထားကြောင်း သတင်းရရှိသည်။

၂၀၁၃ ဆီးဂိမ်းတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် လက်ရှိအခြေအနေတွင် ရွှေတံဆိပ်ရရှိရန် အခွင့်အရေးအလွန်နည်းသည့် အားကစားနည်းအချို့မှာ ရေကူး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ ဖူဆယ်၊ အမျိုးသမီးဘော်လီဘော စသည့် အားကစားနည်းတို့ဖြစ်ကြောင်း အားကစားပညာရှင်များနှင့် လေ့လာသူများက သုံးသပ်သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်(၂၆) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၇ ခု၊ ကြေးတံဆိပ် ၃၇ ခု ရရှိခဲ့ပြီး ရိုးရာလှေ၊ မြားပစ်၊ ဂျူဒို၊ ဝူရှူး၊ အပြည်ပြည်ဆိုင်ရာ လှေနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့မှ ရွှေတံဆိပ်ဆုများ ရယူခဲ့ခြင်းဖြစ်သည်။

## ရွှေတံဆိပ်တစ်ခုလျှင် ကျပ်သိန်း ၁၀၀ ဝန်းကျင် ချီးမြှင့်ရန် စီစဉ်ထား

**ဗိုလ်ဗိုလ်ဝင်း၊ ချစ်ဝိုင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၁**

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မြန်မာအားကစားသမားတစ်ဦး (အသင်းလိုက်) အား ဆုကြေးငွေ ကျပ်သိန်းတစ်ရာဝန်းကျင် ချီးမြှင့်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

"အားကစားဝန်ကြီးဌာနအနေနဲ့ ရွှေတံဆိပ်ရရှိတဲ့မြန်မာအားကစားသမားတစ်ဦး (အသင်းလိုက်) ကို ဆုကြေးငွေ ကျပ်သိန်းတစ်ရာဝန်းကျင် ချီးမြှင့်သွားဖို့ စီစဉ်ထားပါတယ်။ ရွှေဆုရတဲ့ မြန်မာအားကစားသမားတွေအနေနဲ့ နိုင်ငံတော်က ချီးမြှင့်မယ့် ဆုကြေးအပြင် အဖွဲ့ချုပ်၊ စပွန်ဆာတွေကလည်း ချီးမြှင့်မှာဖြစ်တဲ့အတွက် အနည်းဆုံးဆုကြေးငွေ ကျပ်သိန်းတစ်ရာအထက်မှာပဲ ရှိမှာပါ" ဟု အားကစားဝန်ကြီးဌာန တာဝန်ရှိသူက ပြောသည်။

ဆီးဂိမ်းတွင် ရွှေတံဆိပ်ရရှိမည့် မြန်မာအားကစား အဖွဲ့များကိုလည်း သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များက ဆုကြေးငွေချီးမြှင့်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ မြန်မာနိုင်ငံမြားပစ်အားကစားအဖွဲ့ချုပ်အနေဖြင့် လာမည့် ဆီးဂိမ်းတွင် ရွှေတံဆိပ်ရရှိသည့် အားကစားသမားတစ်ဦး (အသင်းလိုက်) အား ဆုကြေးငွေ ကျပ်သိန်းနှစ်ရာ ချီးမြှင့်မည်ဖြစ်ကြောင်းလည်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောကြားထားသည်။

အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)၏ အားကစားပြိုင်ပွဲများကို လာမည့် ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့၌ ကျင်းပသွားမည်ဖြစ်ပြီး ရွှေတံဆိပ် ၄၆၀ အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၁၅၅၇ ခု ချီးမြှင့်မည်ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ အားကစားအဖွဲ့မှ အားကစားသမားအရေအတွက် စုစုပေါင်း ကိုးရာဝန်းကျင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။





Panasonic
CS-S10PKH (1.0 HP)
CS-S13PKH (1.5 HP)
CS-S18PKH (2.0 HP)
HUMAN ACTIVITY SENSOR
သင်ရှိရာသို့သာ လေအေးစီးဆင်းမှု ဖြစ်ပေါ်စေ...
LIGHTING SENSOR
မီးပိတ်လိုက်သည်နှင့်
စွမ်းအင်ချွေတာရေး စနစ် ဆောင်ရွက်နိုင်...
LOAD SENSOR
အဝတ်အထည်ပမာဏအရ သုံးစွဲရမည့်ရေကို ချိန်ညှိပေးနိုင်...
NR-BY552X (551 L)
NR-BY602X (602 L)
NA-148VG3 (8 kg)
NA-140VG3 (10 kg)
နေ့စဉ်ဘဝအတွက် နေထိုင်မှု ပုံစံသစ်
INTELLIGENT ECO SENSORS
ECONAVI
Infinity Investment Co., Ltd. (အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများအရောင်းပြခန်း)
Pyae Sone Win Naing Co., Ltd. (လေအေးပေးစက်အရောင်းပြခန်း)
ပန်နာဆိုးနစ်သီးသန့်ကောင်တာများ – Capital (သာကေတ)၊ စိန်ဂေဟာ (ပြည်လမ်း)၊ ဂမုန်းပွင့် (ဘုရင့်နောင်)
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# အဓိကတိုက်စစ်တွင် ရော်နယ်ဒိုနှင့် ဂါရတ်ဘေးလ် တွဲကစားနိုင်ကြောင်း ရီးရဲလ်နည်းပြပြော


KIKO HUESCA/ EPA

**မက်ဒရစ်၊အောက်တိုဘာ-၂၀**

ရီးရဲလ်မက်ဒရစ်နည်းပြ ကားလို့စ် အန်ဆယ်လော့တီက ၎င်း၏ပွဲထွက်ပထမ ၁၁ ဦးလူစာရင်းတွင် ရော်နယ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ နှစ်ဦးကို တွဲဖက်ကစားနိုင်ကြောင်း ပြောကြားလိုက်သည်။

ရီးရဲလ်သည် ဘေးလ်ရောက်လာပြီးနောက် ဒဏ်ရာကြောင့်၎င်းကို ပွဲချိန်အပြည့်မသုံးနိုင်သေးဘဲ အစ္စကိုနှင့် ဒီမာရီယာတို့ကလည်း ခြေစွမ်းပြလာနေ၍ ဘေးလ်နှင့် ရော်နယ်ဒိုတို့ကို တစ်ပွဲတည်း တွဲကစားစေရန်မှာ မဖြစ်နိုင်တော့ကြောင်း အချို့ကခန့်မှန်းကြသည်။ သို့သော် "ကျွန်တော်က ဘေးလ်ကိုဘယ်ခြမ်းမှာထားပြီး ရော်နယ်ဒိုကို ရှေ့တန်းတိုက်စစ်မှာ ထားမှာပါ။ ဒီမာရီယာကိုလည်း ကွင်းထဲမှာထားနေဦးမှာပါ။ ဒါဟာ ပွဲတိုင်းကို ကျွန်တော် ရည်ရွယ်ထားတဲ့ပုံစံမျိုးတော့ မဟုတ်ဘူးပေါ့။ ရော်နယ်ဒိုက သူ့ပုံစံမပြောင်းနိုင်တဲ့အတွက်ကြောင့် ဘေးလ်က တစ်ခါတလေ ဘယ်ခြမ်းမှာ ဒီနေ့ကစားသလို ကစားရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒါဟာပုံစံအသေတော့မဟုတ်ပါဘူး" ဟုအန်ဆယ်လော့တီကပြောသည်။ ရီးရဲလ်သည် ချန်ပီယံလိဂ်တွင် ဂျူဗင်တပ်၊ပြည်တွင်းလိဂ်တွင် ဘာစီလိုနာတို့နှင့် တွေ့ဆုံရမည့်ပွဲများရှိနေပြီး စနေနေ့က ဂါရတ်ဘေးလ်ကို ထည့်သွင်းကစားခဲ့သည့်ပွဲတွင် ဒီမာရီယာ၊ ရော်နယ်ဒိုတို့၏ သွင်းဂိုးများဖြင့် အိမ်ကွင်းနိုင်ပွဲရခဲ့သည်။

*—Ref: Goal*

# လာမည့်ပွဲစဉ်များတွင် တိုက်စစ်အသားပေး ကစားမည်ဟု မန်စီးတီးနည်းပြပြော

**မန်ချက်စတာ၊
အောက်တိုဘာ-၂၀**

မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ၎င်း၏အသင်းသည် လာမည့်သီတင်းပတ်အတွင်းကစားရမည့်စီအက်စ်အေကေမော်စကိုအသင်းနှင့် ချယ်လ်ဆီးတို့ပွဲများတွင် တိုက်စစ်နည်းဗျူဟာဖြင့် သာဆက်လက်ကစားသွားမည်ဟု ပြောကြားလိုက်သည်။

မန်စီးတီးသည် စနေနေ့က ဝက်စ်ဟမ်းနှင့်ပွဲတွင် ၃-၁ ဂိုးဖြင့်နိုင်ခဲ့ကာ ရာသီသစ်၏ ပထမဆုံး အဝေးကွင်းနိုင်ပွဲ ရရှိခဲ့သည်။ မန်စီးတီးသည် ရာသီအစပိုင်းက ကာဒစ်ဖ်၊ ဗီလာတို့နှင့် အဝေးကွင်းပွဲများတွင် ၃-၂ ဂိုးစီဖြင့် ရှုံးနိမ့်ခဲ့ရာ နည်းပြပယ်လီဂရီနီ၏ အဝေးကွင်းနည်းဗျူဟာကို မေးခွန်းထုတ်မှုများ ရှိလာသည်။ သို့သော် မန်စီးတီးသည် ပြိုင်ပွဲအားလုံး၌ အဝေးကွင်း၄ပွဲကစားရာတွင် စုစုပေါင်း ၁၀ဂိုးသွင်းယူထား၍ တိုက်စစ်ပိုင်းအားနည်းသည်ဟု မပြောနိုင်ကြောင်း ပြောသည်။

ပယ်လီဂရီနီက ဗုဒ္ဓဟူးနေ့တွင်ကစားမည့် စီအက်စ်အေကေမော်စကိုနှင့်အဝေးကွင်းပွဲနှင့် လာမည့် တနင်္ဂနွေနေ့တွင်ကစားမည့် ချယ်လ်ဆီးနှင့် အဝေးကွင်းပွဲများတွင်လည်း ဝက်စ်ဟမ်းနှင့်ပွဲကဲ့သို့ပင် အနိုင်ကစားသွားမည်ဖြစ်ကြောင်းဆိုသည်။

*—Ref: Goal*








သင့်မိသားစုနှင့်အတူ ဒီသီတင်းကျွတ်မှာ
အရသာရှိပြီး လန်းဆန်းစေတဲ့
Coca-Cola နဲ့
ဂါရဝပြုရအောင်
Coca-Cola
1.25 L
၇၀၀ ကျပ်
COCA-COLA is a registered trademark of The Coca-Cola Company. ©2013 The COCA-COLA company.

7 DAY NEWS JOURNAL
Vol.12, No.33 • OCTOBER 23 , 2013

# တရုတ်သိပ္ပံပညာရှင်များကို တားမြစ်သည့် ဆုံးဖြတ်ချက် နာဆာအဖွဲ့ ပြန်လည်ပြင်ဆင်

**ဘေဂျင်း၊အောက်တိုဘာ-၂၁**

အာကာသညီလာခံသို့တရုတ်သိပ္ပံပညာရှင်များ တက်ရောက်ခွင့်ကို အမေရိကန်အာကာသအေဂျင်စီ (နာဆာ)က ပိတ်ပင်ခဲ့သောကြောင့် ယင်းညီလာခံကို ကန့်ကွက်ဗေဒပညာရှင်များက သပိတ်မှောက်မည်ဟု ကြွေးကြော်လိုက်ပြီးနောက် နာဆာက ယင်းဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် ပြောကြားခဲ့သည်ဟု တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ကြေညာသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် နိုဝင်ဘာလအစောပိုင်းက နေစကြဝဠာအပြင်ဘက် ဂြိုဟ်များနှင့်ပတ်သက်၍ ကျင်းပမည့်အာကာသညီလာခံသို့ တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များ တက်ရောက်ခွင့်ကို အမေရိကန်နိုင်ငံ အာကာသအေဂျင်စီ(နာဆာ) က တားမြစ်ခဲ့ပြီး ၎င်းတို့သည် တရုတ်နိုင်ငံသားများဖြစ်သည့်အတွက် ယင်းသို့တားမြစ်ရန် နာဆာတွင် တာဝန်ရှိသည်ဟု ပြောကြားခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်လိုက်ကြောင်း နာဆာက တရုတ်သိပ္ပံပညာရှင်ခြောက်ဦးထံသို့စာပို့ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ယင်းဆုံးဖြတ်ချက်ကို နာဆာက ပြင်ဆင်ဆုံးဖြတ်လိုက်ကြောင်းနှင့် ယင်းသိပ္ပံပညာရှင်များ၏ စာရွက်စာတမ်းများကို ခွင့်ပြုရန်အတွက် သုံးသပ်နေပြီး ညီလာခံသို့ တက်ရောက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း နာဆာကပေးပို့သည့်စာကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တရုတ်သိပ္ပံပညာရှင်ခြောက်ဦးကို ညီလာခံသို့တက်ရောက်ခွင့် ပိတ်ပင်ခဲ့ပြီးနောက် ယေးလ်တက္ကသိုလ်မှ ဒီဘရာဖစ်ရှာ အပါအဝင် ကန့်ကွက်ဗေဒ ပညာရှင်အချို့က ညီလာခံကို သပိတ်မှောက်ရန် အစီအစဉ်များ ကြေညာခဲ့သည်။

တရုတ်သိပ္ပံပညာရှင်များကို နာဆာ၏တားမြစ်ပိတ်ပင်မှုမှာ ခွဲခြားဆက်ဆံခြင်းဖြစ်ကြောင်း၊ ယင်းညီလာခံများတွင် နိုင်ငံရေးမပါဝင်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ညီလာခံကော်မတီ၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်သွားမည်ဟု နာဆာမှ စီမံခန့်ခွဲရေးအရာရှိ ချားလိစ်ဘိုလ်ဒန်က ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။ ကန်လွှတ်တော်က ဘဏ္ဍာငွေ အချိန်မီပေးအပ်ရန် ပျက်ကွက်ခဲ့ပြီးနောက် ယခုလအတွင်း ကန်အစိုးရယန္တရားရပ်ဆိုင်းမှုကြောင့် နာဆာမှဝန်ထမ်းများ၏ ၉၇ ရာခိုင်နှုန်းသည် လစာမရဘဲ အိမ်သို့ပြန်လွှတ်ခံခဲ့ရသည်။ *—Ref: AFP*

# ဆက်ဆံရေးပြန်လည်နွေးထွေးလာ၍ ပါကစ္စတန်သို့ အကူအညီများ အမေရိကန် ပြန်လည်ပေးအပ်

**ဝါရှင်တန်၊အောက်တိုဘာ-၂၁**

၂၀၁၁ ခုနှစ်က အမေရိကန်ရေတပ်အထူးကွန်မန်ဒိုများကပါကစ္စတန်နိုင်ငံအတွင်း စီးနင်းမှုလုပ်၍ အယ်လ်ကိုင်ဒါ ခေါင်းဆောင် အိုစမာဘင်လာဒင်ကို သတ်ဖြတ်ခဲ့ချိန်နောက်ပိုင်း ဆက်ဆံရေးယိုယွင်းနေစဉ်ကာလအတွင်း ရပ်ဆိုင်းထားခဲ့သော ပါကစ္စတန်နိုင်ငံသို့ လုံခြုံရေးအကူအညီပေးအပ်ခြင်းကို အမေရိကန်အစိုးရအနေဖြင့် တိတ်တိတ်ဆိတ်ဆိတ် ပြန်လည်ပေးအပ်နေကြောင်း ကန်အရာရှိများက ပြောသည်။

အကူအညီပြန်လည်ပေးအပ်နေသည်မှာ လပေါင်းများစွာရှိပြီဖြစ်သော်လည်း ကန်သမ္မတဘားရက်အိုဘားမားက အိမ်ဖြူတော်တွင်ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖြင့် တွေ့ဆုံရန် ပြင်ဆင်နေချိန်ကျမှ ယင်းကိစ္စ လူသိရှင်ကြားဖြစ်လာခြင်းဖြစ်သည်။

သို့သော် နှစ်နိုင်ငံဆက်ဆံရေးမှာ အဓိကအကြောင်းအရာများနှင့် ပတ်သက်၍ တင်းမာနေဆဲဖြစ်သည်။ ယင်းတွင်အမေရိကန်မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်မှုကို ပါကစ္စတန်အစိုးရက ဆန့်ကျင်ခြင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ စစ်သွေးကြွအုပ်စုများနှင့် ပါကစ္စတန် ထောက်လှမ်းရေး အဆက်အသွယ်ရှိခြင်းကိုကန်အစိုးရက တိုင်ကြားမှုတို့ပါဝင်သည်။ပါကစ္စတန်ဝန်ကြီးချုပ်သည် ယခုသီတင်းပတ်အတွင်း ဝါရှင်တန်မြို့၌ရှိစဉ် ကန်လွှတ်တော်အမတ်များနှင့် တွေ့ဆုံရန် စီစဉ်ထားပြီး အကူအညီပေးရေးမှာ အဓိကအကြောင်းအရာတစ်ခုဖြစ်သည်ဟု လွှတ်တော်ဝန်ထမ်းတစ်ဦးက ပြောသည်။ သမ္မတအိုဘားမားကလည်း ၂၀၁၄ အောက်တိုဘာ ၁ ရက်တွင် စတင်သော ဘဏ္ဍာနှစ်၌ ပါကစ္စတန်နိုင်ငံသို့ ကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ အကူအညီပေးရေး တောင်းဆိုထားသည်။

*—Ref: Reuters*

**နောက်ကျောဖုံးမှ**

# ဘရာဇီးရေနံမြေ လေလံပွဲမတိုင်မီ စစ်သားတစ်ထောင်ကျော် ဖြန့်ကြက်ချထား

ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်က လုံခြုံရေးတင်းတင်းကျပ်ကျပ် ချထားရန် အမိန့်ပေးခဲ့ ခြင်းဖြစ်သည်။ အစိုးရဆန့်ကျင်ဆန္ဒပြသူများကလည်း လစ်ဘရာ ကမ်းလွန်ရေနံရှာဖွေခွင့် လေလံပွဲသို့ ချီတက်ဆန္ဒပြမည်ဟု ခြိမ်းခြောက်ထားသည်။

ရီယိုဒီဂျနေးရိုးမြို့၏ ပင်လယ်ကမ်းခြေမှ ၁၄၀ မိုင်အကွာတွင် တည်ရှိသော လစ်ဘရာကမ်းလွန်ရေနံ ရှာဖွေခွင့်လေလံပွဲနှင့် ပတ်သက်၍လည်း အစိုးရနှင့်ပြည်သူများအကြား တင်းမာမှုများရှိနေသည်။နိုင်ငံတကာရေနံကုမ္ပဏီ ၁၁ ခုက ရေနံမြေကိုစိတ်ဝင်စားလျက်ရှိသော်လည်း လစ်ဘရာရေနံရှာဖွေခွင့်သည် ဘရာဇီးနိုင်ငံ၌ အငြင်းပွားဖွယ်ကိစ္စဖြစ်နေသည်ဟု သိရသည်။

ဘရာဇီးအစိုးရသည် နိုင်ငံပိုင်ရေနံအရင်းအမြစ်များ တစ်ဦးတည်းရှာဖွေခွင့်ကို ကာကွယ်ထားသင့်သည်ဟု အချို့သော ဝေဖန်ရေးသမားများက ပြောကြားသည်။ သို့ရာတွင် လစ်ဘရာကမ်းလွန်ရေနံရှာဖွေခွင့်အတွက် လေလံခေါ်ယူခြင်းသည် နိုင်ငံပိုင်အရင်းအမြစ်များကိုပုဂ္ဂလိကလက်သို့လွှဲပြောင်းပေးနေခြင်း မဟုတ်ဟု ဘရာဇီးအစိုးရက ပြန်လည်ချေပခဲ့သည်။ လစ်ဘရာရေနံတွင်းမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၄ သန်းအထိ ထွက်ရှိမည်ဟု အစိုးရက ခန့်မှန်းထားသည်။

*—Ref: BBC*

**နောက်ကျောဖုံးမှ**

# သမ္မတဟောင်းမူဘာရက်အမှု တံခါးပိတ်ကြားနာစစ်ဆေးခြင်းဖြင့် ပြန်လည်စတင်

အီဂျစ်နိုင်ငံတွင် ပြီးခဲ့သော ဇူလိုင်လက အစ္စလာမ်မစ်သမ္မတ မိုဟာမက်မော်စီ ဖြုတ်ချခဲ့ပြီးနောက်တွင်စစ်တပ်ကျောထောက်နောက်ခံပြုထားသော အစိုးရက အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ပြီး မူဘာရက်ကိုနေအိမ်အကျယ်ချုပ်ထားရှိခဲ့သည်။

*—Ref: Reuters*









# သက်တော်ရှည် နာဇီစစ်ရာဇဝတ်ကောင် အဲရစ်ပရိုက်ကီကို အီတလီနိုင်ငံတွင် မြှုပ်နှံမည်

**ရောမ၊အောက်တိုဘာ-၂၀**

ဟစ်တလာ၏ အထူးရဲတပ်ဖွဲ့အရာရှိဟောင်းတစ်ဦးဖြစ်သူ နာဇီစစ်ရာဇဝတ်ကောင် အဲရစ်ပရိုက်ကီသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ရောမမြို့တွင် သေဆုံးသွားပြီးနောက် ၎င်းကို မြှုပ်နှံမည့်နေရာကိစ္စနှင့်ပတ်သက်၍ ကြာမြင့်စွာ အငြင်းပွားခဲ့ရပြီး အီတလီနိုင်ငံအတွင်း လျှို့ဝှက်နေရာတစ်ခု၌ မြှုပ်နှံသွားမည်ဖြစ်ကြောင်း ၎င်း၏ရှေ့နေက အောက်တိုဘာ ၁၉ ရက်တွင် ပြောသည်။



*ဖက်ဆစ်ဝါဒဆန့်ကျင်ရေးဆန္ဒပြသူများက နာဇီရာဇဝတ်ကောင် အဲရစ်ပရိုက်ကီ၏အခေါင်းအား သယ်ဆောင်လာသော နိဗ္ဗာန်ယာဉ်ကို အောင်ဟစ်ဆန္ဒပြနေကြစဉ်* YARA NARDI/REUTERS

အဆိုပါ စစ်ရာဇဝတ်ကောင်ကို အီတလီနိုင်ငံတွင် မြှုပ်နှံမည်လားဟု အေအက်ဖ်ပီသတင်းဌာနက မေးမြန်းရာ ၎င်း၏ရှေ့နေ ပေါ်လိုဂျီယာချီနီက မြှုပ်နှံသွားမည်ဟု ဖြေကြားသည်။ အီတလီသတင်းဌာန (ANSA)က ၎င်းကို အီတလီ (သို့မဟုတ်) ဂျာမနီနိုင်ငံတွင် မြှုပ်နှံသွားမည်ဟု ဖော်ပြသည်။ ပရိုက်ကီ၏ရှေ့နေထံမှ မိမိတို့သံရုံးသို့ ဆက်သွယ်ခြင်း၊ ပရိုက်ကီကိုမြှုပ်နှံရန် တောင်းဆိုခြင်းမရှိဟု ရောမမြို့ရှိ ဂျာမနီသံရုံးသတင်းရင်းမြစ်များကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

မြှုပ်နှံမည့်နေရာကိုလူသိရှင်ကြားဖြစ်သွားပါက ယင်းနေရာသည်နာဇီများအပေါ် သံယောဇဉ်ရှိသူများ လာရောက်ဂါရဝပြုရာနေရာဖြစ်လာမည်ကိုအီတလီအာဏာပိုင်များက စိုးရိမ်နေကြသည်။

ပရိုက်ကီ အသက်(၁၀၀)နှစ်သည် ၁၉၄၄ ခုနှစ်အတွင်း ရောမမြို့တွင် အားလုံးနီးပါးအရပ်သားများဖြစ်သည့် လူပေါင်း ၃၃၅ ဦးကို သတ်ဖြတ်မှု၌ ပါဝင်ခဲ့သဖြင့် နေအိမ်အကျယ်ချုပ် ကျခံနေရစဉ် သေဆုံးသွားခြင်းဖြစ်သည်။

ယင်းအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှာ ဂျာမန် ၃၃ ဦးသတ်ဖြတ်ခံရမှုအတွက် လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်ရေးသမားများ၏ အပြစ်ဖြစ်ကြောင်း ယခုသီတင်းပတ်အတွင်းရှေ့နေဂျီယာချီနီ ထုတ်ဖော်ပြသခဲ့သည့်ဗီဒီယိုဖိုင်တစ်ခုတွင် ပါဝင်သည်။

ပရိုက်ကီ၏ရုပ်အလောင်းကို အယ်လ်ဘာနိုလာဇီယာလီမြို့ရှိ(S+PiusX)အဖွဲ့၏ သုသာန်တွင် မြှုပ်နှံရန် ရှေ့နေက အောက်တိုဘာ ၁၅ ရက်တွင် ကြိုးစားခဲ့သော်လည်း ဆန္ဒပြမှုများနှင့် ပဋိပက္ခများကြား ရဲတပ်ဖွဲ့က တားမြစ်ခဲ့သည်။

ဒေသခံ ရာပေါင်းများစွာရှိနေသောသုသာန်အတွင်းသို့အသုဘကားမောင်းဝင်လာခဲ့ချိန်တွင် လက်ဝဲစွန်းဆန္ဒပြသူများက ကားကိုထုရိုက်ခဲ့ကြကြောင်း သိရသည်။

*—Ref: AFP*

# သူပုန်များနှင့် ဆွေးနွေးမှု မျှော်မှန်းသည်ထက် နှေးကွေးဟု ကိုလံဘီယာသမ္မတပြော

**ပနားမားစီးတီး၊ အောက်တိုဘာ-၂၀**

လက်ဝဲယိမ်း ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့ (FARC)နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ခဲ့သည်မှာ တစ်နှစ်နီးပါးရှိလာပြီဖြစ်သော်လည်း ညှိနှိုင်းမှုများမှာ ၎င်းမျှော်လင့်ထားသလောက်မြန်မြန်ဆန်ဆန်တိုးတက်မှုမရှိကြောင်း ကိုလံဘီယာသမ္မတ ဟွမ်မယ်နျူရယ်ဆန်းတို့စ်က ပြောကြားသည်။

လူပေါင်း ၂၀၀,၀၀၀ ခန့်သေဆုံးခဲ့ပြီး သန်းနှင့်ချီသော လူများရွှေ့ပြောင်းရမှုများ ဖြစ်ပေါ်ခဲ့သော နှစ်ပေါင်း ၅၀ စစ်ပွဲအဆုံးသတ်ရေးကိုလံဘီယာအစိုးရက (FARC) အဖွဲ့နှင့် ဆွေးနွေးပွဲများပြုလုပ်နေသည်။



ပြီးခဲ့သည့်သီတင်းပတ်က သီတင်းနှစ်ပတ်ကြား (၁၅) ကြိမ်မြောက်ဆွေးနွေးပွဲကို ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ပြီးဆုံးခဲ့သည်။ ယင်းတွင် တိုးတက်မှုနှေးကွေးခြင်းအတွက် တစ်ဖက်နှင့်တစ်ဖက် ပြစ်တင်ပြောဆိုခဲ့ကြပြီး ဆွေးနွေးပွဲများ စတင်ချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ရရှိလာသော တိုးတက်မှုအပေါ် ထုတ်ပြန်ချက်မကြေညာနိုင်ခဲ့ပေ။

"ဆွေးနွေးမှုတွေဟာ တိုးတက်မှုတော့ ရှိလာပါတယ်။ ကျွန်တော်တို့ဖြစ်စေချင်တဲ့နှုန်းနဲ့တော့ မဟုတ်ဘူး။ တစ်နှစ်လောက်ဆိုရင် နှစ်ဖက် သဘောတူခဲ့တဲ့အချက်တွေအပေါ် ညှိနှိုင်းမှုပြီးမယ်လို့ ကျွန်တော် ထင်ထားခဲ့တယ်။ ဒါပေမဲ့ ဖြစ်မလာဘူး"ဟု ပနားမားစီးတီးတွင်ပြုလုပ်သော (၂၃)ကြိမ်မြောက် (Ibero-American) ထိပ်သီးဆွေးနွေးပွဲ ကိုလံဘီယာသမ္မတက ပြောကြားသည်။

ဆင်းရဲသော လယ်သမားများအတွက် မြေယာချပေးရေးနှင့် ကျေးလက်ဆင်းရဲမွဲတေမှုမူဝါဒများချမှတ်ရေး စသော (FARC)က တောင်းဆိုသည့်အချက်တစ်စိတ်တစ်ပိုင်းသာ သဘောတူညီမှုရရှိထားသည်။

*—Ref: Reuters*

# ကန်ထောက်လှမ်းရေးသတင်းများ ဖော်ပြခဲ့သည့် ဂါးဒီးယန်းသတင်းဌာန အွန်လိုင်းသတင်းဆုများရရှိ

**လန်ဒန်၊ အောက်တိုဘာ-၂၀**

အမေရိကန်ထောက်လှမ်းရေးဝန်ထမ်းဟောင်း အက်ဒဝပ်စနိုးဒန်ဖော်ထုတ်ခဲ့သည့် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (NSA)၏ လျှို့ဝှက်ချက်များကို ဖော်ပြခဲ့သော ဂါးဒီးယန်းသတင်းဌာနက အောက်တိုဘာ ၁၉ ရက်တွင် အွန်လိုင်းသတင်းဆုနှစ်ဆုရရှိခဲ့သည်။

(NSA)၏အွန်လိုင်းမှထောက်လှမ်းမှုများကို ဗြိတိန်နိုင်ငံမှ ယင်းသတင်းဌာနက ဖော်ပြခဲ့သည့်အတွက် ဆန်းသစ်သော သတင်းစုံစမ်းထောက်လှမ်းမှုဆုနှင့် သတင်းစောင့်ကြည့်ရေးဆုကို Online News Association (ONA)က ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အွန်လိုင်း သတင်းဆုရရှိသည့် အခြားသောသတင်းဌာနများမှာ The New York Times သတင်းဌာနနှင့် The Boston Globe တို့ဖြစ်ပြီး ယင်းသတင်းဌာနနှစ်ခုလုံး ဆုများစွာရရှိခဲ့သည်။

အွန်လိုင်းသတင်းတွင် NY Times.com သတင်းဌာနက အထွေထွေအကောင်းဆုံးဆု ရရှိခဲ့ပြီး Snow fall ဟု အမည်ရသော မီဒီယာပုံစံ ပေါင်းစုံတင်ဆက်မှုအတွက်လည်း ဆုချီးမြှင့်ခံခဲ့ရသည်။

BostonGlobe.com သတင်းဌာနနှင့် ယင်းသတင်းဌာနခွဲ Boston.com သတင်းဌာနတို့က ဘော်စတွန်မြို့ မာရသွန်ပြေးပွဲ ဗုံးခွဲမှုသတင်းများကို ဖော်ပြခဲ့သည့်အတွက် ဆုရရှိခဲ့သည်။

68 Blocks ဟုခေါ်သော အစီအစဉ်တစ်ရပ်ကြောင့် ဒုက္ခရောက်ခဲ့ကြသော ဘော်စတွန်မြို့ ရပ်ကွက်တစ်ခုသတင်းကို ဖော်ပြမှုအတွက် Bostom Globe သတင်းဌာနက အများပြည်သူဝန်ဆောင်မှုဆုကိုလည်း ရရှိခဲ့သည်။

The Online News Association အဖွဲ့ကို ၁၉၉၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ အဖွဲ့ဝင်ပေါင်း ၂,၀၀၀ ကျော် ပါဝင်သည်။

*—Ref: AFP*



*ဟားမားဂါဇာအစိုးရအဖွဲ့ဝန်ကြီးချုပ် အစ္စမေးလ် ဟန်နီယာကို ဂါဇာမြို့၌ မိန့်ခွန်းပြောကြားနေစဉ်တွေ့ရပုံ* MOHAMMED SALEM/REUTERS

# အစ္စရေးကို ဆန့်ကျင်အုံကြွမှုများ ထပ်မံလုပ်ဆောင်ကြရန် ဂါဇာဟားမားစ်အကြီးအကဲတိုက်တွန်း

**ဂါဇာစီးတီး၊အောက်တိုဘာ-၂၀**

အစ္စရေးနိုင်ငံအား ဆန့်ကျင်၍ အကြမ်းဖက်အုံကြွမှုများ အသစ်တစ်ဖန်စတင်ကြရန်ဂါဇာဒေသမှဟားမားစ်အဖွဲ့အကြီးအကဲက တိုက်တွန်းပြောကြားလိုက်သည်။

မကြာသေးမီက ပြန်လည်စတင်ခဲ့သော အစ္စရေးနှင့်ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဆန့်ကျင်ရန်နှင့် လက်နက်ကိုင်ခုခံမှုလုပ်ဆောင်ကြရန် ပါလက်စတိုင်းဂိုဏ်းကွဲများ အားလုံးကို ဟားမားစ်ဝန်ကြီးချုပ် အစ္စမေးဟာနီယက်က လှုံ့ဆော်လိုက်သည်။

အစ္စရေးနိုင်ငံက သမ္မတမာမွတ်အဘတ်စ်၏ အနောက်ဘက်ကမ်းခြေအစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နေသည်။ ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ်နေသော ဟားမားစ်စစ်သွေးကြွအုပ်စုသည် အစ္စရေးနိုင်ငံကို အသိအမှတ်မပြုဘဲ ဖျက်ဆီးပစ်ရေးပြောလေ့ရှိသည်။ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း အစ္စရေးကိုဆန့်ကျင်တိုက်ခိုက်မှုများနှင့် အသေခံတိုက်ခိုက်မှုအများအပြားကိုလည်း ယင်းအဖွဲ့ကလုပ်ဆောင်ခဲ့သည်။

မကြာသေးမီကပင် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးသို့ တူးထားသော လိုဏ်ခေါင်းများကို အစ္စရေးအစိုးရက တွေ့ရှိခဲ့ပြီး ယင်းလိုဏ်ခေါင်းများမှာ ၎င်းတို့ကို တိုက်ခိုက်ရန်ရည်ရွယ်၍ တူးခဲ့ခြင်းဖြစ်သည်ဟု ပြောသည်။

လွန်ခဲ့သော ၂နှစ်က အစ္စရေးတပ်သား ဂီလက်ရှာလစ်နှင့် ပါလက်စတိုင်းအကျဉ်းသားတစ်ထောင်ကျော် လဲလှယ်ခဲ့သော ဒုတိယနှစ်ပတ်လည်အခမ်းအနားတွင် ဟားမားစ်ခေါင်းဆောင်က အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

*—Ref: AP*

7 DAY NEWS JOURNAL
# International
Vol.12, No.33 • OCTOBER 23 , 2013



SERGIO MORAES/REUTERS

*ရီယိုဒီဂျနေးရိုးမြို့ လိုင်ဘရာကမ်းလွန်ရေနံလုပ်ကွက်အတွက် လေလံတင်သည့် ဝင်ဆာဟိုတယ်အနီး Barra da Tijuca ကမ်းခြေတွင် ဘရာဇီးအမျိုးသားတပ်ဖွဲ့ များနှင့် တိုက်ခိုက်မှုများအတွင်း ကန့်ကွက်ဆန္ဒပြသူများ၏ တုန့်ပြန်မှုကို အောက်တိုဘာ ၂၁ ရက်က တွေ့ရစဉ်*

## ဘရာဇီးရေနံမြေ လေလံပွဲမတိုင်မီ စစ်သားတစ်ထောင်ကျော် ဖြန့်ကြက်ချထား

**ရီယိုဒီဂျနေးရိုး၊ အောက်တိုဘာ-၂၁**

ဘရာဇီးအစိုးရသည် အောက်တိုဘာ ၂၈ ရက်တွင် ပြုလုပ်မည့် ရေနံရှာဖွေခွင့် လေလံတင်ပွဲမတိုင်မီ ရီယိုဒီဂျနေးရိုးမြို့ရှိ လမ်းများ၌ စစ်သား ၁,၁၀၀ တပ်ဖြန့်ထားသည်။

ဘရာဇီးနိုင်ငံ၏ လစ်ဘရာကမ်းလွန်ရေနံရှာဖွေခွင့် လေလံတင်ပွဲကျင်းပမည့် ရီယိုဒီဂျနေးရိုးမြို့ရှိ(Windsor)ဟိုတယ်အနီးတစ်ဝိုက်တွင် စစ်သားတစ်ထောင်ကျော် တပ်ဖြန့်နေရာချထားသည်ဟု ဘရာဇီးစစ်တပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ပြီးခဲ့သော သီတင်းပတ်က ဘရာဇီးမြို့တော် ရီယိုဒီဂျနေးရိုး၌ အကြမ်းဖက်ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် **စာမျက်နှာ ၄၆ ››**

## နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရေး ဗြိတိန်ဆက်လက်ဆောင်ရွက်

**လန်ဒန်၊အောက်တိုဘာ-၂၁**

မျိုးဆက်တစ်ခုအတွင်း ဗြိတိန်နိုင်ငံ၏ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံသစ်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် အစိုးရကစီစဉ်လျက်ရှိသည်။


တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ပါဝင်မည့် ဆမ်မားဆက်မြို့ဟင်ကလေစီအရပ်ရှိနျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကို ပြင်သစ်နိုင်ငံ၏ (EDF) စွမ်းအင်ကုမ္ပဏီက ဦးဆောင်မည်ဖြစ်သည်။

ယင်းစက်ရုံတည်ဆောက်ရန် သဘောတူညီမှုကြောင့်ဗြိတိန်နိုင်ငံသည်အနာဂတ်တွင်စွမ်းအင်ထုတ်လုပ်မှုကုန်ကျစရိတ် ပိုနည်းပြီး ကာဗွန်ထုတ်လွှတ်မှုနည်းသော လျှပ်စစ်စွမ်းအင်ရရှိစေမည်ဟု ဗြိတိန်ဝန်ကြီးများကပြောသည်။

လျှပ်စစ်သုံးစွဲမှုဈေးနှုန်းကို ယခုထက် နှစ်ဆပိုရစေမည်ဟု ယင်းကုမ္ပဏီများအဖွဲ့ကို အာမခံထားခြင်းကြောင့် လျှပ်စစ်သုံးစွဲခမြင့်တက်လာမည်ဟုဝေဖန်သူများကပြောသည်။

ယခုရာစုနှစ်၏ ဒုတိယထက်ဝက်ခန့်အထိ စွမ်းအင်ပေးနိုင်မည့် ဟင်ကလေအရပ်တွင် တည်ဆောက်ရန် လျာထားသော နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ခုသည် ဗြိတိန်နိုင်ငံကို ရုပ်ကြွင်းလောင်စာများ သုံးစွဲနေရာမှ ကာဗွန်ထုတ်လွှတ်မှုနည်းသည့် စွမ်းအင်ရရှိရေး ဆောင်ရွက်ချက်များ၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခန့်မှန်းခြေဆောက်လုပ်ရေးကုန်ကျစရိတ် စတာလင်ပေါင် ၁၄ ဘီလီယံကုန်ကျမည့်စက်ရုံမှထုတ်



လုပ်သော လျှပ်စစ်ဓာတ်အားအတွက် အဆိုပါကုမ္ပဏီများသို့ပေးမည့် အနိမ့်ဆုံးအဖိုးအခနှင့်ပတ်သက်၍ ဗြိတိန်ဝန်ကြီးများနှင့် (EDF)ကုမ္ပဏီတို့ ဆွေးနွေးခဲ့ကြသည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဟင်ကလေစီစက်ရုံမှ တစ်နာရီအတွင်း ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်တိုင်းကိုတန်ဖိုးသတ်မှတ်ရန် နှစ်ဖက်လုံးက ယခုအခါသဘောတူထားပြီဖြစ်သည်။

ယင်းနျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရာတွင် တရုတ်ကုမ္ပဏီများ ပါဝင်ခွင့်ပြုမည်ဟု ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး အော့စ်ဘွန်းက ပြီးခဲ့သည့် သီတင်းပတ်တွင်ကြေညာခဲ့သည်။ဟင်ကလေဒေသတွင် ရှိနှင့်ပြီးစက်ရုံမှဗြိတိန်နိုင်ငံ၏စုစုပေါင်းစွမ်းအင်၏ တစ်ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်လျက်ရှိပြီး ၂၀၂၃ ခုနှစ်တိုးချဲ့ဆောက်လုပ်မှု ပြီးစီးချိန်တွင် ခုနစ်ရာခိုင်နှုန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

*—Ref: BBC*

## သမ္မတဟောင်းမူဘာရက် အမှု တံခါးပိတ်ကြားနာစစ်ဆေးခြင်းဖြင့် ပြန်လည်စတင်

**ကိုင်ရို၊အောက်တိုဘာ-၂၀**

အီဂျစ်သမ္မတဟောင်း ဟို့စ်နီမူဘာရက်အပေါ် ပြန်လည်ကြားနာစစ်ဆေးမှုတွင် အီဂျစ်လုံခြုံရေးထိပ်တန်းအရာရှိနှစ်ဦး သက်သေထွက်ဆိုခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင်မီဒီယာကပြောကြားသည်။

၂၀၁၁ ခုနှစ်က ဆန့်ကျင်ဆန္ဒပြသူ ၉၀၀ ခန့် သေဆုံးမှုဖြင့် ပတ်သက်ဆက်နွှယ်၍ တရားစွဲဆိုခံရပြီး ၂၀၁၂ ခုနှစ်တွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံခဲ့ရသော သမ္မတဟောင်းမူဘာရက်အား ထောင်မှ ပြန်လွှတ်ပေးခဲ့သော်လည်း ကိုင်ရိုမြို့ဆင်ခြေဖုံးရှိ စစ်ဆေးရုံတစ်ခုတွင် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထားဆဲဖြစ်သည်။

ယခင် ထောက်လှမ်းရေးအကြီးအကဲ မော်ရက်မိုဝါဖီနှင့် နိုင်ငံလုံခြုံရေးအကြီးအကဲ ဗိုလ်ချုပ်မိုစတာဖာအက်ဒယ်နက်ဘီတို့သည် အောက်တိုဘာ ၁၉ ရက် တံခါးပိတ်ကြားနာစစ်ဆေးမှုတွင် သက်သေထွက်ဆိုခဲ့ကြသည်ဟု နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

အမျိုးသားလုံခြုံရေး အကြောင်းပြချက်များဖြင့် ကြားနာစစ်ဆေးမှုများတွင် ပြည်သူများနှင့်မီဒီယာများကိုပါဝင်ခွင့်မပြုဘဲ တံခါးပိတ်ကြားနာစစ်ဆေးသွားမည်ဟု သဘာပတိတရားသူကြီးက ပြီးခဲ့သောလတွင် ပြောကြားခဲ့သည်။

သမ္မတဟောင်းမူဘာရက်အပြင် ထိပ်တန်းရဲအရာရှိကြီးခြောက်ဦးနှင့် ပြည်ထဲရေးဝန်ကြီးဟောင်းတို့သည်လည်း အမှုရင်ဆိုင်ရလျက်ရှိသည်။

**စာမျက်နှာ ၄၆ ››**





ခြံထွက်အသီးအရွက်စုံများ ခင်းကျင်းရောင်းချနေသည့် ဈေးသည်တစ်ဦး

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

# စိတ်ချစွာစားသုံးလိုပါသည်

ဝတ်ရည်အောင်၊ နိုင်နိုင်စိုး၊ အိမွန်ကျော်

ရန်ကုန်မြို့အချက်အချာကျသည့် နေရာတွင်ရှိပြီး သန့်ရှင်းသပ်ရပ်သော ဂျပန်စတိုင်စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် အဖြူရောင်စာရွက်ဖြင့် “ဤဆိုင်တွင် အထူးသီးသန့်စာချုပ် ချုပ်ထားသည့် ကြက်ခြံများမှ ကြက်များ၊ သဘာဝမြေဩဇာဖြင့် စိုက်ထားသည့် အသီးအရွက်များဖြင့် စီမံချက်ပြုတ်ထားသည်”ဆိုသည့်စာတန်းကို ချိတ်ဆွဲထားသည်။

အစားအသောက်လုံခြုံစိတ်ချရမှုမရှိသည့် မြန်မာနိုင်ငံ၏ မြို့တော် ရန်ကုန်မြို့တွင် အဆင့်မြင့်စားသောက်ဆိုင်များ၌ အော်ဂဲနစ်အသီးအရွက်များကိုသာ အသုံးပြုသည်ဆိုသည့် စာတန်းများက စားသုံးသူကိုဆွဲဆောင်သည့် ဝန်ဆောင်မှုပုံစံတစ်မျိုး ဖြစ်လာသည်။ နိုင်ငံခြားသားဧည့်သည်များနှင့် ပိုးသတ်ဆေးအန္တရာယ်ကို ကြောက်ရွံ့သည့် ပြည်တွင်းမှသူများ နိုင်ငံအတွင်းရက်ရှည်နေထိုင်သည့်နိုင်ငံခြားသားဦးရေ တိုးပွားလာခြင်းကလည်း လုံခြုံစိတ်ချရသည့် အသီးအရွက်များ စားသုံးနိုင်ရန် အာမခံပေးမည့် စိုက်ပျိုးရေးခြံနှင့် လုပ်ငန်းများ ကျယ်ပြန့်လာခြင်းဖြစ်သည်။

ယခင်က နိုင်ငံခြားသားများနှင့် ငွေကြေးတတ်နိုင်သူများကိုသာ အဓိကဦးတည်သည့်ဟိုတယ်ကြီးများတွင်သာ အော်ဂဲနစ်ခြံများနှင့် သီးသန့်မွေးမြူရေးခြံများ၊ စိုက်ပျိုးရေးခြံများနှင့် ချိတ်ဆက်ဝယ်ယူသည့် အသီးအရွက်များကိုသာ ရောင်းချကြရာမှ ယခုနောက်ပိုင်းတွင် စားသောက်ဆိုင်များ၊ အချို့သော အဆင့်မြင့် ထမင်းဆိုင်များတွင်ပါ နိုင်ငံခြားသားများအား ဦးတည့်လာသည့် အစားအသောက်စီမံမှုပုံစံများ ပြောင်းလဲလာသည်။

ရန်ကုန်မြို့ရှိ စားသောက်ဆိုင်ပေါင်း ၂၀၀၀ ကျော်ထဲမှ ဆိုင်အချို့၏ ပြောင်းလဲမှုပုံစံဖြစ်ပြီး ပြည်တွင်းပြည်ပရှိ ဧည့်သည်များအတွက် သန့်ရှင်းမှုများအပြင် ပိုးသတ်ဆေးများအသုံးပြုမှုနည်းသည့် အစားအသောက်များကို အားပြုလာခြင်းကြောင့်နိုင်ငံတွင်းမှ စီးပွားရေးသမားများ မျက်စိကျလာခြင်းဖြစ်သည်။

နိုင်ငံခြားသားဝင်ရောက်မှုများပြားလာသည့် အချိန်နှင့် ပိုးသတ်ဆေးအန္တရာယ်ထိတ်လန့်နေသည့် ပြည့်တွင်းစားသုံးသူများအတွက် ထိုကဲ့သို့သော စားသောက်ဆိုင်များ၏ ဈေးကွက်က ပိုမိုနေရာယူလာသည်။

အသီးအနှံများ၊ အသားငါးများ ဈေးများမှ ဝယ်ယူသည့်အခါ အများဆုံးပါလာသည့်ဓာတုပစ္စည်းများ ပိုးသတ်ဆေးအန္တရာယ်များကြောင့် နိုင်ငံတကာဧည့်သည်များအား ရည်ရွယ်သည့်ဆိုင်များသည် အော်ဂဲနစ်အသီးအနှံများ ရွေးချယ်ခြင်း ဖြစ်ကြောင်းသိရသည်။

“အော်ဂဲနစ်နဲ့ဆိုရင် လူတွေကပိုသဘောကျကြတယ်။ ကုန်ကျစရိတ်များပေမယ့် နိုင်ငံခြားသားတွေအပြင် ပြည်တွင်းက လူတွေလည်းသဘောကျကြတယ်”ဟု iZUMI ဂျပန်စားသောက်ဆိုင် မန်နေဂျာ ဦးမြင့်စိုးကပြောသည်။

မြန်မာနိုင်ငံလာရောက်မည့် နိုင်ငံခြားသားများက သက်ဆိုင်ရာနိုင်ငံများသံရုံးက ထုတ်ပြန်သည့် လမ်းညွှန်မှုများတွင် မြန်မာနိုင်ငံ၌ သတိပြုရမည့် အစားအသောက်များကို သတိပေးမှုများလည်းပါဝင်သည်။

နိုင်ငံခြားသားများ၏ စားသောက်မှုပုံစံ အကြိုက်နှင့် နီးစပ်သည့် စားသောက်ဆိုင်များမှ သန့်ရှင်းမှုရှိသည့် စားသောက်ဆိုင်များ၊ ထမင်းဆိုင်များကို ရွေးချယ်နေခြင်းမှ ယခုထိုကဲ့သို့ ဓာတုဗေဒနည်းပါးသည့် အသီး အနှံများဖြင့်စွဲဆောင်သည့်စားသောက်ဆိုင်များက နိုင်ငံတွင်း ကာလရှည်ကြာနေထိုင်သူနိုင်ငံခြားသားများအတွက် ပိုမိုအဆင်ပြေလာကြောင်း သိရသည်။

“ဆိုင်သိပ်တော့ မရွေးဘူး။ အဆင်ပြေမယ့် ဆိုင်မှာ စားတာများတယ်။ ဒါပေမဲ့အဲလိုစိတ်ချရတဲ့ ဆိုင်တွေအနီးအနားမှာ ရှိရင် ပိုအဆင်ပြေတယ်”ဟု အမေရိကန်စင်တာမှ အမေရိကန်နိုင်ငံသူတစ်ဦးကပြောသည်။

တကယ်တမ်း ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အော်ဂဲနစ်လုံးဝပြည့်မီသည့် အသီးအရွယ်များရရှိရန် ခက်ခဲနေခြင်းကြောင့် အစားအသောက်အမှားအယွင်းဖြစ်မည်စိုး၍ နိုင်ငံခြားသားဧည့်သည်များအားရောက်နေကျဆိုင်များတွင်သာ လမ်းညွှန်ရဲကြောင်း ဧည့်လမ်းညွှန်များက ပြောသည်။

“အချို့ဆိုင်တွေဆို သန့်ရှင်းမှုဘယ်လောက်လုပ်ထားတယ်။ ဘာတွေသုံးထားတယ်ဆိုပေမယ့် အခန့်မသင့်ရင် ဝမ်းလျှောတာမျိုးတွေကြုံလေ့ရှိတယ်။ အဲဒါကြောင့် စားနေကျပဲ လွှတ်ရဲတယ်”ဟု ဧည့်လမ်းညွှန် ကိုဟန်ထက်အောင်ကပြောသည်။

အော်ဂဲနစ်သီးနှံများ၊ ဓာတုဆေးသုံးစွဲခြင်းမရှိသည့် သီးနှံများသည် ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များတွင် ပြည်တွင်းစားသုံးမှုပါ မြင့်လာသော်လည်း စိုက်ပျိုးသူများဘက်က လုံလောက်အောင် ထုတ်မပေးနိုင်သည့် ပြဿနာလည်း ရှိနေသည်။

“ဟိုတယ်တွေက ခြံတွေနဲ့ တိုက်ရိုက် ချိတ်ထားတာတွေရှိပေမယ့် လုံလုံလောက်လောက် မရတဲ့အခါ စင်တာတွေကနေလည်း ဝယ်ကြရတယ်။ အဲဒီမှာလည်း အော်ဂဲနစ်လို့ပြောပေမယ့် အစစ်မဟုတ်တဲ့ဟာတွေဆို သိသာတယ်”ဟုလက်ရှိတော်ဝင်စင်တာတွင် ရှိသော စားသောက်ဆိုင်တစ်ခု၌ လုပ်ကိုင်နေသည့် စားဖိုမှူးတစ်ဦးကပြောသည်။

အချို့သောဟိုတယ်များ အဆင့်မြင့်စားအသောက်များတွင် အသီးအနှံအဆင့်တွင်ပင် ရေစင်အောင်ဆေးခြင်း၊ ပိုးသတ်ခြင်းနှင့် သတ်မှတ်ထားသည့် အပူချိန်တွင် စနစ်တကျထားရှိခြင်းတို့ဖြင့် အစားအသောက်အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ကြသည်။

စိုက်ပျိုးမြေအများစုသည် ဓာတ်မြေဩဇာမကင်းစင်သည့်အခါသန့်စင်သည့် အော်ဂဲနစ်ရရှိရန်မလွယ်သေးကြောင်း စိုက်ပျိုးရေးပညာရှင်များက သုံးသပ်ပြောဆိုကြသည်။

“အဓိကကတော့ ဆလတ်ရွက်စိုက်တာများတယ်။ ငရုတ်သီးနဲ့ကြက်သွန်လည်းစိုက်တယ်။ ဟိုတယ်လေးခုနဲ့စားသောက်ဆိုင်ဆယ်ခုလောက်နဲ့ နယ်ကိုပို့ရတယ်” ဟု အော်ဂဲနစ်ခြံပိုင်ရှင် ဒေါ်ခင်မမကပြောသည်။

စားသုံးသူများက ပိုမိုစိတ်ချရမည့် အော်ဂဲနစ်အသီးအနှံများအပေါ် စိတ်ဝင်စားမှုများပြားလာသည့်အခါ ပြည်တွင်းစားသုံးသူများသည့် စားသောက်ဆိုင်များပါ အော်ဂဲနစ်အသီးအနှံများ ပြောင်းလဲစားသုံးရန် စီစဉ်လာကြခြင်းဖြစ်သည်။

“အော်ဂဲနစ်က သိပ်လည်းမရတော့ အနည်းအကျဉ်းပဲနိုင်တယ်။ ဧည့်သည်တွေကလည်း အော်ဂဲနစ်သီးသန့်ရှိလားဆိုပြီး မေးကြတာတွေလည်းရှိတယ်” ဟုပဒုမ္မာစားသောက်ဆိုင် မန်နေဂျာကိုထွန်းထွန်းကပြောသည်။

အော်ဂဲနစ်အသီးအနှံများကို ကိုယ်ပိုင်စိုက်ပျိုးရေးခြံများ စီစဉ်ရန် နာမည်ကြီးစားသောက်ဆိုင်အုပ်စုကြီးအချို့က ပြင်ဆင်နေခြင်းများရှိကြောင်း အဆိုပါဆိုင်များနှင့် တွေ့ဆုံမေးမြန်းချက်အရ သိရသည်။

ပြည်တွင်းရှိ ပိုးသတ်ဆေးများ အလွန်အမင်းအသုံးပြုထားသည့်အစားအစာများ၊ ဆိုးဆေးများအသုံးပြုထားသည့် အသီးအရွက်များအစား အော်ဂဲနစ်အသီးအရွက်များက စားသုံးလိုသူများအား ပိုမိုဆွဲဆောင်လာနိုင်ပြီး စိတ်ချစွာ စားသုံးနိုင်မည့် အစားအသောက်များချက်ပြုတ်ရောင်းချသည့်ဝန်ဆောင်မှုရေစီးလည်း ပြောင်းလဲလာတော့မည်ဖြစ်သည်။ ။

# ဗုံးစီးရီးတွေက သံသယများ လျော့ကျသွားသလား

နိုင်ထွန်း၊ မင်းဟိန်းကျော်

တိုက်ဆိတ်နေသည့် ရန်ကုန်မြို့လယ်ညချမ်းသည်ကုန်သည်ကြီးများ ဟိုတယ်၏ အခန်းအမှတ် ၉၂၁ မှ စတင်၍လှုပ်လှုပ်ရွရွဖြစ်သွားခဲ့ရသည်။

အခန်းအမှတ်၉၂၁ဗုံးပေါက်ကွဲမှုမှ ဆူးလေဘုရားလမ်းပေါ်တစ်စဆီကြွေလွင့်လာသည့်မှန်စများ၊ နည်းတူဆက်တိုက်ဖြစ်ပေါ်နေခဲ့သည့် ဗုံးပေါက်ကွဲမှုများကြောင့် မြန်မာနိုင်ငံ၏ ထွန်းသစ်စ အကူးအပြောင်းကာလသည်လည်း မှန်စများလို တစ်စဆီကြွေကျမလားဆိုသည့် မေးခွန်းများ တသီတတန်းကြီးထွက်ပေါ်လာသည်။

ပေါက်ကွဲမှုများကလည်း တိုင်းပြည်၏ နိုင်ငံရေးရေချိန်မြင့်နေချိန်နှင့် တိုက်ဆိုင်နေခဲ့သည်။ နိုင်ငံရေးပါတီများက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကြိုးစားနေချိန်၊ ရခိုင်ပြည်နယ်တွင် ပဋိပက္ခများဖြစ်ပွားနေချိန်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရန် ညှိနှိုင်းနေသည့်အချိန်များနှင့် ချိန်သားကိုက်ဖြစ်ပွားခဲ့သည့်ပေါက်ကွဲမှုများကလူများ၏ သံသယစိတ်ကိုပိုမိုသက်ဝင်စေခဲ့သည်။

"ကျွန်တော်တို့ကတော့ဇာတ်ညွှန်းတစ်ခုရေးပြီးကပြန်ပြီ။ ဖွဲ့စည်းပုံပြင်ဖို့ကိစ္စကို အာရုံလွှဲပြန်ပြီလို့ တွက်လိုက်မိတယ်"ဟု တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အတွင်းရေးမှူးဦးစောဝင်းထွန်းက ပြောသည်။

ဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်ပြီး ယခင်က အစိုးရစွပ်စွဲလေ့ရှိသည့် မြေအောက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အတော်များများသည်လည်း အစိုးရနှင့် ဆက်ဆံရေးကောင်းရရှိထားခဲ့ပြီဖြစ်သောကြောင့် ဖောက်ခွဲမှုများနှင့် ပတ်သက်၍ ယခုတစ်ခေါက်တွင်အစိုးရက မည်သူ့ကို လက်ညှိုးထိုးမည်နည်းဆိုသည်မှာလည်း လူအများစိတ်ဝင်စားသည့်မေးခွန်းဖြစ်ခဲ့ရသည်။

သို့သော်လည်း ယခုတစ်ခေါက်တွင် ယခင်အတိတ်နှင့် မတူခြင်းမှာပေါက်ကွဲမှုပြီးနောက်လက်သည်ကိုဖော်ထုတ်သည့်အပိုင်းတွင် လူအများအံ့အားသင့်စရာပင်ဖြစ်ခဲ့ရသည်။ ယခင်ကပေါက်ကွဲမှုဖြစ်တိုင်းတစ်ဖက်နှင့်တစ်ဖက်အပြစ်ဖို့ကြသည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းနှစ်ခုသည် ယခုတစ်ခေါက်တွင်မူ အပြန်အလှန်နားလည်မှုတည်ဆောက်နိုင်ခဲ့ကြသည်။




*ဗုံးဖောက်ခွဲမှု တရားခံများ အသုံးပြုခဲ့သည့် လက်ပစ်ဗုံးများကို သတင်းစာရှင်းလင်းပွဲတွင် ပြသထားစဉ်။* ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ဆန့်ကျင်ဘက်အဖွဲ့အစည်းအဖြစ် နှစ်ပေါင်းခြောက်ဆယ်ကျော်ရပ်တည်ခဲ့သည့် အဖွဲ့အစည်းနှစ်ခုအကြား ပူးပေါင်းဖြေရှင်းကာ ကျော်လွှားနိုင်ခဲ့သည့် ယခုပြဿနာသည် တိုင်းပြည်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စံနမူနာကောင်းတစ်ခုဖြစ်လာလေမလား ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေတော့သည်။

"အစိုးရ၊ ဒါမှမဟုတ် MPC က ရှင်းရင်တောင် ကျွန်တော်တို့ဒီလောက်ယုံမှာမဟုတ်ပါဘူး။ ဒါက ကျွန်တော်တို့ တိုင်းပြည်အတွက် နိုင်ငံရေးအရ အလားအလာကောင်းတဲ့ကိစ္စလို့မြင်တယ်"ဟု အစိုးရနှင့် KIAအကြား ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်စွာပြုလုပ်ကြရန် အမြဲတစေတိုက်တွန်းနေသည့်တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီအတွင်းရေးမှူး ဦးစောဝင်းထွန်း က ပြောသည်။

အတိတ်ကာလများကယခုကဲ့သို့ ဆက်တိုက်ဗုံးကွဲမှုများမှာ မကြာခဏဆိုသလိုဖြစ်ခဲ့သည်။ အထင်ရှားဆုံးအဖြစ် ၂၀၀၅ခုနှစ်ကုန်တိုက် များဗုံးခွဲတိုက်ခိုက်ခံရမှု၊ ၂၀၁၀ သင်္ကြန်တွင်း $X_2O$ မဏ္ဍပ်ဗုံးဖောက်မှုနှင့် ၂၀၁၁ မန္တလေး၊ ပြင်ဦးလွင်ဗုံးပေါက်မှုများပင်ဖြစ်သည်။ ယင်းပေါက်ကွဲမှုများဖြစ်ပွားတိုင်း အစိုးရနှင့် အတိုက်အခံတို့အကြားအပြန်အလှန်ပြစ်တင်မြဲဖြစ်သည်။

"အခြေအနေတွေပြောင်းသွားပြီလို့မြင်တယ်။ အစိုးရက နိုင်ငံရေးလိုအပ်ချက်အရ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ချင်တယ်။ နှစ်ဖက်အကြားမှာငြိမ်းချမ်းရေးရဖို့လည်း တော်တော်လေးနီးစပ်လာပြီ။ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးလည်းဖြစ်လာနိုင်တဲ့ အနေအထားရှိနေတယ်။ ဒီလိုအမှားမခံတဲ့ ကာလမျိုးမှာဖြစ်တဲ့ ဖောက်ခွဲမှုကို နှစ်ဖက်အကြား နားလည်မှုနဲ့ဖြေရှင်းတာကို ကျွန်တော်တို့က ကြိုဆိုတယ်"ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းညွန့်လွင်ကပြောသည်။

ပေါက်ကွဲမှုတစ်ခုဖြစ်တိုင်း နိုင်ငံရေးသမားများအိမ်ရှေ့တွင် စောင့်ကြည့်တတ်သည့် ထောက်လှမ်းရေးများ ယခုတစ်ခေါက်တွင် ရောက်မလာခဲ့ခြင်းကလည်း ကောင်းမွန်သည့် တိုးတက်မှုဟု သူကရှုမြင်သည်။

ယခင်ကပေါက်ကွဲမှုများဖြစ်တိုင်းတစ်ဖွဲ့နှင့် တစ်ဖွဲ့အပြန်အလှန်အပြစ်ဖို့လေ့ရှိသည့်အစိုးရနှင့် KNUတို့သည်ယခုတစ်ခေါက်တွင် တစ်ဖက်နှင့်တစ်ဖက် ကာကွယ်ပြောဆိုမှုများပင်ရှိခဲ့သည်။

"KNU အဖွဲ့အစည်းအနေနဲ့ ဒီကိစ္စမှာ လုံးဝပတ်သက်ခြင်းမရှိဘူးလို့ ယုံကြည်ပါတယ်"ဟု အောက်တိုဘာ၁၈ရက်ကရန်ကုန်မြို့၌ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ထည့်သွင်းပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး အစိုးရကပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင်အစိုးရအရာရှိတစ်ဦးကယင်းကဲ့သို့ပြောကြားသည်မှာ အထူးအဆန်းတစ်ခုလိုပင် ဖြစ်သည်။

ယခင်တုန်းက ဗုံးပေါက်ကွဲမှု တစ်ခုဖြစ်ပါက သတင်းစာရှင်းလင်းပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်များ၊ အတိုက်အခံနိုင်ငံရေး အဖွဲ့အစည်းများကို ပြင်းပြင်းထန်ထန်ပြစ်တင်လေ့ရှိခဲ့သည်။

"အရင်ကတော့ ပြေလည်မှုတွေ မရှိသေးတော့ တစ်ခုခုဖြစ်ရင်တိုင်းရင်းသားလက်နက်ကိုင်နဲ့ တခြားအဖွဲ့အစည်းတွေကို ပုံချတာတွေရှိတာပေ့ါ။ စွပ်စွဲတာတွေရှိတာပေ့ါ။ အခုကတော့ငြိမ်းချမ်းရေးဆွေးနွေးနေတဲ့ ကာလဖြစ်တယ်။ KNU အနေနဲ့ ဒီကိစ္စမှာပူးပေါင်းဆောင်ရွက်တာကို လိုက်လှဲဝမ်းသာပါတယ်"ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဒွဲဘူကပြောသည်။

ဒေါ်ဒွဲဘူပြောသလိုပင် ယခင်ကဖြစ်ပွားခဲ့သည့် ပြဿနာများတွင် လက်သည်တရားခံအားရှာဖွေခြင်းအပြင် နိုင်ငံရေးအရအသုံးချမှုများ၊ အမှန်တကယ်မကျူးလွန်သူများကိုပါ အမှုအတွင်းထည့်သွင်းလေ့ရှိကြောင်း အစိုးရအား မကြာခဏဝေဖန်ခဲ့ကြသည်။

အထင်ရှားဆုံးအဖြစ်အပျက်များအနက် တစ်ခုအဖြစ် ၁၉၈၉ သန်လျင်ရေနံချက်စက်ရုံနှင့် ရန်ကုန်မြို့တော်ခန်းမဗုံးပေါက်ကွဲမှုဖြင့်သာ ဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုညီညီကို ဖမ်းဆီးခဲ့ပြီးသေဒဏ်ချမှတ်ခဲ့ခြင်းပင်ဖြစ်သည်။ ၂၃နှစ်ကြာထိန်းသိမ်းခံခဲ့ရပြီးအစိုးရသစ်တက်လာချိန်တွင်ပြန်လည်လွတ်မြောက်လာသည့်ကိုညီညီကယင်းဖြစ်စဉ်ကို ကျူးလွန်ခြင်းမရှိဘဲ ကျူးလွန်ကြောင်းလည်း ဝန်ခံခဲ့သည့် KNU မှ ဗိုလ်မှူးကိုဖမ်းမိခဲ့သော်လည်း သူ့အားဆက်လက်ထိန်းသိမ်းခဲ့ကြောင်း ပြန်လည်လွတ်မြောက်လာသည့်အချိန်က ဧရာဝတီသတင်းဌာနနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

လူသိများသည့် ၂၀၀၅ခုနှစ်ဈေးဝယ်စင်တာများဗုံးခွဲတိုက်ခိုက်ခံရမှုများသည် KNU အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် အတိုက်အခံနိုင်ငံရေးသမားများလက်ချက်ဟု အစိုးရက တစ်ဖက်သတ်သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ အဆိုပါဖြစ်ရပ်အပြီး ရှစ်နှစ်အကြာယခုတစ်ကြိမ်ပေါက်ကွဲမှုများတွင်အခြေအနေများပြောင်းသွားခဲ့သည်။ သံသယရှိခံရသူများနှင့် ပတ်သက်သည့် အဖွဲ့အစည်းပါရှင်းပြခွင့်ရခဲ့သည်။

"ကျွန်တော်တို့KNUကလည်း ဒီလိုသတင်းစာရှင်းလင်းပွဲလုပ်ချင်တာကြာလှပြီ။ အခွင့်အရေးမပေါ်လို့၊ ကျွန်တော်တို့ဒီလိုမြို့ပေါ်တက်ပြီးစကားပြောရတယ်ဆိုတာနည်းတဲ့ အခွင့် အရေးမှမဟုတ်တာ။ ဒါ. . . ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေပဲလေ"ဟုဖောက်ခွဲမှုများသည် ၎င်းတို့လက်ချက်မဟုတ်ကြောင်း KNU က အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ KNU ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဖဒိုမန်းငြိမ်းမောင်က ဖြေကြားခဲ့သည်။

ယခုကဲ့သို့ဗုံးပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပေါ်ပါက ခရီးသွားလုပ်ငန်း၊ဟိုတယ်လုပ်ငန်းအပါအဝင်တိုင်းပြည်စီးပွားရေးလုပ်ငန်းများ အကြီးအကျယ်ထိခိုက်မည်ကိုစိုးရိမ်ကြောင်းဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာစိုင်းကျော်အုန်းကဆိုသည်။ သို့သော်လည်း အဆိုးထဲက အကောင်းအဖြစ် ပြဿနာကိုဖြေရှင်းရာတွင် အစိုးရနှင့် KNU အကြားပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

သူစိုးရိမ်သလိုပင် ဗုံးပေါက်ကွဲမှုများက နိုင်ငံ၏ခရီးသွားများ အဓိကသွားလာရာနေရာအချို့ကို ဦးတည်နေသည်။

နှစ်ပေါင်းလေးဆယ်ကျော်အကြာတွင်ဒေသတွင်းအကောင်းဆုံး အားကစားသမားများပြန်လည်စုဝေးမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပမည့်မြို့ကြီးများတွင်ဖြစ်ပွားသည့် အဆိုပါပေါက်ကွဲမှုများကြောင့် ပြိုင်ပွဲအတွက် စိုးရိမ်ကြောင်းနိုင်ငံအချို့က ဆိုလာသည်။

ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် အဓိကနေရာဖြစ်သည့်မြို့တော်သစ်နေပြည်တော်မှ မိုင် ၇၀ ခန့်သာကွာသည့်တောင်ငူတွင် အောက်တိုဘာ ၁၁ ရက်က စတင်သည့်ပေါက်ကွဲမှုပြီး နောက်ပိုင်းတွင် ဆက်တိုက်ဆိုသလိုပြိုင်ပွဲကျင်းပမည့် အခြားမြို့များဆီသို့လည်း ကူးစက်သွားသည်။

တောင်ငူပေါက်ကွဲမှုအပြီး နောက်နှစ်ရက်အကြာတွင် နိုင်ငံ၏ အဓိကလေကြောင်းဝင်ထွက်ပေါက်ဖြစ်သည့်ရန်ကုန်လေဆိပ်နှင့် ငါးမိနစ်ခန့်ခရီးအကွာအဝေးတွင်ရှိသည့် စော်ဘွားကြီးကုန်းကားမှတ်တိုင်တွင်လည်းဗုံးပေါက်ခဲ့ပြန်သည်။

နောက်တစ်ရက်အကြာ အောက်တိုဘာ၁၄ရက်တွင်လည်း ဆီးဂိမ်းကျင်းပမည့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးမြို့တွင်လည်း ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြန်သည်။ ယင်းနေ့တွင်ပင် ရန်ကုန်ရှိအကောင်းဆုံးဟိုတယ်နှင့်စားသောက်ဆိုင်စာရင်းဝင်ကုန်သည်ကြီးများဟိုတယ်၊ WesternPark Ruby 2 စသည့်နေရာများကိုဦးတည်၍ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ရပ်များသည်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုင်းပြည်တွင်း မလာရောက်စေရန် ရည်ရွယ်သည်ဟု အစိုးရဘက်ကဆိုသည်။ KNU ဘက်ကတော့ရည်ရွယ်ချက်ကယခုထက်ပိုသည်ဟုဆိုသည်။ အစိုးရနှင့် KNU ကြားငြိမ်းချမ်းရေးပျက်ပြားရန်နှင့် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ ပြန်လည်ဖြစ်ပွားအောင်ရည်ရွယ်ကြောင်း ဖဒိုမန်းငြိမ်းမောင်ကဆိုသည်။

အဆိုပါ ဖြစ်ရပ်များ၏ နောက်ကွယ်မှလက်သည်တရားခံမှာမည်သူမည်ဝါဖြစ်ကြောင်းယခုအချိန်အထိမဖော်ထုတ်နိုင်သေး။

သို့သော်လည်း ယခုတစ်ခေါက်ဗုံးကွဲပြီးနောက်တွင်အစိုးရက အတိုက်အခံများအိမ်ရှေ့ လူလွှတ်၍လည်း စောင့်မနေတော့။ သတင်းထုတ်ပြန်သည့် အပိုင်းတွင်လည်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် သတင်းဌာနများကိုပါ ပြန်လည်တောင်းဆိုလာခဲ့သည်။ ထို့အပြင်တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပထမဆုံးအကြိမ်ပူးပေါင်းဆောင်ရွက်မှုလည်းလုပ်နိုင်ခဲ့သည်။

"ဒီအချိန်မှာငြိမ်းချမ်းရေးမတည်ဆောက်နိုင်ရင်တိုင်းပြည်ကမလွယ်တော့ဘူး။ အပစ်အခတ်ရပ်စဲရေးအတွက်အလားအလာတွေရှိတယ်။ဒီလိုအချိန်မှာတောင်ဒါမျိုးတွေဖြစ်တယ်။ ဒါတောင်နိုင်ငံရေးဆွေးနွေးပွဲတွေမလာသေးဘူး။ နောင်ဖြစ်လာမယ့် ပြဿနာတွေအတွက်လည်း ဒီလိုပူးပေါင်းဆောင်ရွက်မှုဟာစံနမူနာကောင်းလို့ထင်တယ်" ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းညွန့်လွင်ကပြောသည်။ ॥